www.burmeseclassic.com

# လရောင်ကျေးရှင်

တော်ဝင်ခရေ




Modern Digital Art : Wai Yan (2008)

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ-အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

ရွှေသမင်

*စာပေမှ စီစဉ်တင်ဆက်သည်။*

# လရောင်ကျူးရင့် တော်ဝင်ခရေ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၄၇၂၀၉၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၃၆၃၁၀၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြဲ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




## အခန်း (၁)

"စာပေကျမ်းဂန်တွေကျတော့ ကိုယ်သင်ထားတဲ့ပညာ၊ ကိုယ့်ဝါသနာတဲ့၊ အားတဲ့အချိန်တွေကျတော့ ဝတ္ထုစာအုပ်တွေနဲ့ မျက်နှာ ခွာတယ်မရှိဘူး။ သားကို မေမေ နားမလည်ရင်းကနေ စိတ်တိုင်းမကျနိုင်ဘူးဖြစ်လာပြီ တကယ်ပြောတာ"

ထမင်းစားပွဲထိုင်လိုက်သည်နှင့် ဒေါ်ကြည်ဖြူက စကားစသည်။ သားအဖနှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ထိုင်လိုက်ကြပြီး ဦးဘစိုးက သားမျက်နှာကို ကြည့်ကာ..

"ငါတို့သားက အဲဒီလို စာကို ချစ်လို့ လူယဉ်ကျေး လူလိမ္မာလေး ဖြစ်နေတာပေါ့"

ဟု ပြော၍ ဒေါ်ကြည်ဖြူဘက် ပြန်လှည့်၍..

"ကဲ သား ကောင်းကောင်းစားပါကွာ၊ မင်းကလဲ သူ့ ဝါသနာပါတာကိုက စာပေပဲမှဟုတ်ဘူးလား"

တိမ်ဦးလေသည် ငယ်စဉ်ကတည်းက မျက်နှာကတည်တည်၊ မျက်ခုံးကထူထူလေးတွေ တွန့်ကုတ်လျက် အပြုံးအရယ် အလွန်နည်းသည့်ကလေး အဖြစ် လူတွေ စိတ်ဝင်စားသည့် ရုပ်ဝန်းတစ်ခုကနေ ကြီးပြင်းခဲ့သူဖြစ်သည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာအနည်းငယ်ရှည်ချင်သလိုလိုရှိသည်။ ထူပြည့်သည့်နှုတ်ခမ်းသားတို့က ပြာတာမဟုတ်ပေမယ့် နီညိုညစ်ညစ်နှင့် ဖြူဝင်းသည့်အသားပေါ်မှာ ထင်းနေသည်။

နှုတ်ပေါ်သည်။ မျက်လုံး၊ မျက်တောင် အားလုံးက ပြောလောက်စရာ ဘာမှမရှိပါ။ နဖူးပြင်ကျယ်ပြီး ကကြီးပုံ မကျတကျမို့ ဆံပင်ကို ခပ်တိုတိုသိမ်းလုန်ပြီးထားသော်လည်း အလယ်ခွဲထားသလိုဖြစ်ကာ ခပ်နွဲ့နွဲ့ပြုဆင်းနေတတ်သေးသည်။

တိမ်ဦးလေးသည် တည်ကြည်သောမျက်နှာနှင့် သူ့ပုံစံကြောင့် ရင့်ရော်သလိုထင်ရသည်။ ဒါပေမယ့် မချောပါဘူးလို့ မပြောနိုင်ပါ။

ဘာပဲဖြစ်ဖြစ် ဒေါ်ကြည်ဖြူကတော့ သူ့သားပဲ ယောကျ်ားပီသသည်၊ သူ့သားပဲ အချောဆုံးဟု ဂုဏ်ယူပြောတတ်သည်သာ။ သားငယ်ငယ်ကတော့ ဘယ်မိန်းကလေးဖြစ်ဖြစ် ကိုယ့်သားကို တွတန်တယ်လို့ သိပ်မထင်။

"သားနော် ချစ်တဲ့သူတွေ့ရင် မေမေ့ကိုပြော၊ လူကြီးဆိုတာ ငယ်ရာက ကြီးလာတာ၊ သားတို့ထက် အများကြီးပိုသိတယ်"ဟု ခဏခဏ သတိပေးနေရ၏။

နှစ်ဆယ်ကျော်အစိတ်ဖြစ်လာတော့ သားလေး တည်ငြိမ်တာကို အထင်ကြီးလာသည်။ အရပ်ကြီးမြင့်မြင့်၊ လမ်းလျှောက်ပုံက စမတ်ကျကျ ကိုယ့်သားကို မိန်းကလေးတွေက သဘောကျ၊ သမီးရှင်တချို့က စကားစကြ။

ဒေါ်ကြည်ဖြူတို့ သဘောကျမဆုံး၊ ဂုဏ်ယူမဆုံး။

သုံးဆယ်နားကပ်လာတော့ ရင်ပူစပြုလာ၏။ ကိုယ့်သား ဣန္ဒြေကြီးနေတာ နည်းနည်းတော့ လွန်လာပြီဟု တွေးမိလာခြင်းဖြစ်သည်။

ထမင်းစားတုန်း မပြောပါနဲ့ဆိုလို့ ပါးစပ်ပိတ်နေရပေမယ့် ပြောမလို့





စလိုက်ပြီးကတည်းက ဖြေချင်စိတ်တွေ အများအပြားဖြစ်နေတာကို ဘယ်လိုမှ ကြာကြာ မျိုသိပ်မထားချင်တော့ပေ။

သားအဖနှစ်ယောက် အားလို့ အရင်ပြီးသွားသည်။

"မိနိုင် ဒါတွေ ပြန်မသိမ်းနဲ့တော့၊ ရေခဲသေတ္တာထဲမှာ နံတယ်သိလား"

"ဟုတ်"

"နင့်အစ်ကိုလေး ညာလယ်စာအတွက် ဒီနေ့ ဘာမှလုပ်မထားနဲ့နော်၊ မြင်းခွာရွက်လေးပဲ ရေဆေးပြီး စည်းကားလိုက်"

"ဟုတ်ကဲ့ အန်တီဖြူ"

မှာစရာရှိတာမှာပြီး ရှေ့ကိုလိုက်ထွက်ခဲ့မိသည်။ သားအဖနှစ်ယောက်က ညှော်ခန်းမှာ သေချာစိတ်ပြီး လှလှပပပြင်ပေးထားသည့် သရက်သီးမှည့်ကိုစားလျက်…

"မင်း သိလား သား။ မင်းအမေက မင်းကို အိမ်ထောင်ချပေးဖို့ စိတ်ကူးရှိနေတာကွ"

"ဟုတ်တယ် အဲဒီလိုပြောမလို့ ပတ်ပျိုးနေတာ"

ခြေလှမ်းကိုပိုသွက်လိုက်ပြီး နှစ်ယောက်စလုံး၏ရှေ့မှာ ဝင်ထိုင်လိုက်မိသည်။ ခက်ရင်းလေးနဲ့ကောက်ယူပြီး သရက်သီးတစ်စိတ်ကို ပါးစပ်ထဲထည့်ရင်း တိမ်ဦးက ပြုံးသည်။

စိတ်ပျက်ငြင်းဆန်မည့်ပုံမရှိသည့်မျက်နှာကို လှမ်းမြင်ကာ ဒေါ်ကြည်ဖြူက အားတက်သရောနှင့်…

"သမီးကညာ အခါမလင့် ဆိုတဲ့စကားကို သားရှင်က သုံးလို့မရပေမယ့် ယောကျ်ားလေးလဲ အချိန်အခါအရွယ်ဆိုတာ ရှိတာပဲ သားရယ်၊ သားကို မေမေ ခုနကပြောနေတာ အဲဒါပဲ၊ စီးပွားရေးလဲ မိဘက ကုမ္ပဏီလုပ်ငန်းရှိတယ်၊ ဆောက်လုပ်ရေး၊ အိမ်စံပို့အင်ပို့ ဘာဖြစ်ဖြစ် လုပ်နိုင်နေသားနဲ့ ကိုယ်နဲ့ လုံးဝမနီးစပ်ခဲ့တဲ့စာအုပ်ထုတ်ဝေရေးအလုပ်ကိုပဲ သား



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တယ်”

“မနီးစပ်ခဲ့ပေမယ့် ကျွန်တော်လုပ်ခဲ့တာ အဆင်ပြေနေတာပဲ မေမေ”

‘ဒီလောက်ငွေတွေထည့်ပြီး ဒီလောက်ပြန်ရတာ ဘာလုပ်ရမှာလဲ’ ဆိုသည့်စကားက လျှာပေါ်မှာ ချက်ချင်း ပလုံစီလာပေမယ့် မပြောဖြစ်။

ထိုပြင် သားဖြစ်သူ၏စိတ်ကို သူမ မသိဘဲနေမလား၊ စီးပွားရေး လုပ်နေပေမယ့် ဘယ်လောက်ရင်းလိုက်ရင် ဘယ်လောက်ပြန်မြတ်မလဲဆိုပြီး တွက်ချက်တာမျိုးမဟုတ်။

သူ့စိတ်ကူး၊ သူ့ခံယူချက်နှင့် ထင်သလိုလုပ်နေတာမျိုးဖြစ်သည်။ ဒါကိုပြောတော့ ဖအေဖြစ်တဲ့သူက အပြုံးမပျက်…

“လုပ်ပါစေကွာ ဒီပြင် သားယောက်ျားလေးတွေလို အလကား သုံးဖြုန်းပစ်နေတာမှမဟုတ်တာ၊ ကိုယ့်သား စည်းကမ်းရှိတာ ကိုယ်တို့ သိတာပဲ၊ သူလုပ်နေတာ အကျိုးအမြတ် နည်းပေမယ့် အရှုံးလဲမရှိသေးပါဘူး။ ရှုံးခဲ့ရင်တောင်မှ သူ ဝါသနာပါလို့ ဇောက်ချလုပ်နေတာကို နေပါစေကွာ၊ သားက တစ်ဦးတည်းသောသား၊ နှစ်ဖက်ဘိုးဘွားအမွေတွေနဲ့ အသုံးအစွဲများတာလောက်နဲ့ မွဲမသွားနိုင်ပါဘူး။ ဖြုန်းပစ်တာမှမဟုတ်တာ၊ အသုံးနဲ့အဖြုန်းကို သားက နားလည်ပါတယ်ကွ”

သားအဖနှစ်ယောက် နားလည်မှုတွေရှိနေလိုက်တာ ဘယ်ကမှ ဝင်ပြောထောက်ပြလို့မရ။ ခုလည်း အဓိက ပြောချင်တာ ဒီကိစ္စမဟုတ်ပါ။

မိဘတို့ဝတ္တရားအတိုင်း စီစဉ်ပေးသင့်တာကို စီစဉ်ဖို့မှာ ကိုယ့်သားက လူပျိုဖြန်းက သားအရွယ်မဟုတ်တော့ ဆရာလုပ်ရတာလည်း ခက်နေသည်။ ထို့ကြောင့် ပြောရခက်နေဆဲ…

“ကျွန်တော်လဲ ကလေးမှမဟုတ်တော့တာ မေမေ၊ တစ်နေ့နေ့မှာ အိမ်ထောင်ပြုကြရမှာပဲဆိုတာကိုသိပေမယ့် ကိုယ် သဘောကျမြတ်နိုးတာကို တကယ်တွေ့မှပဲ…”





“ဖြစ်ရလေ သားရယ် ကလေးမဟုတ်လို့ ပူနေရတာပေါ့၊ သွား သဘောကျ မြတ်နိုးတာကို တွေ့ဖို့ဆိုတာ ဒီစာအုပ်တွေနဲ့ မျက်နှာကပ်နေတာနဲ့ တွေ့လာမှာမှမဟုတ်တာ။ အချိုရှာသကာတွေ၊ အပျိုရှာ ကညာတွေတဲ့၊ သားက အချိုရှာမယ့်သူလဲမဟုတ်ဘူး၊ ကညာတွေ့ဖို့လဲ မကြိုးစားဘူး၊ ဘာမှမှ တွေ့လာဖို့မရှိတာ”

သရက်သီး နောက်တစ်စိတ်ကို ပါးဝပ်ထဲသွင်းလိုက်ပြီး တိမ်ဦးက မျက်နှာတစ်ဖက်လှည့်၍ ဝါးနေသည်။ ဦးဘစိုးကတော့ အစားမပျက်၊ အပြုံးမပျက်ဘဲ ဘာမှလည်း မပြောသေးပေ။

ဒေါ်ကြည်ဖြူက ဦးဘစိုးနေစိမ့်တာကို တစ်ချက်တော့ လှမ်းကြည့်၏။ သူ့မှာကျတော့ တိုက်တွန်းဖို့ နားချဖို့ ဝတ္တရားမရှိတဲ့အတိုင်း။

ဦးဘစိုးကလည်း ဒေါ်ကြည်ဖြူ့အကြည့်ကို နားလည်နေသလို မျက်လုံးချင်းမဆုံစေဘဲ မသိသလိုနေလေသည်။

“အဲဒီတော့ သားရယ် သားရဲ့အိမ်ထောင်ရေးကိုတော့ မေမေ စီမံပါရစေ၊ အိမ်ထောင်ရေးမှာ အမှားတွေ့မယ်ဆိုတာ အသက်အရွယ်နဲ့မဆိုင်ဘူး သား၊ ဒါမျိုးက မျက်လုံးနဲ့ကြည့်ပြီး ဆုံးဖြတ်ရင် မှန်ဖို့ခဲယဉ်းတယ်”

“အဲဒါကြောင့် ကျွန်တော်ကိုယ်တိုင် လိုလားလက်ခံတာကိုပဲ လက်ထပ်ချင်တာ မေမေ”

“နှလုံးသားတစ်ခုတည်းနဲ့လဲ မှန်ဖို့ခက်တယ် သား၊ ဖွဲ့လမ်းတာ၊ တပ်မက်တာ၊ ရူးသွပ်ကြတာ အားလုံးကို လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် ရှောင်နိုင်ဖို့ခက်တယ်။ ကိလေသာမီးဆိုတာ အသက်အရွယ်အလိုက် လောင်တာမျိုးမဟုတ်ဘူး၊ ဒါကြောင့် မေမေရှာပေးမယ်၊ မိဘကတော့ သင့်တော်မယ်ထင်တာကို ရှာမှာပဲ၊ ဒါပေမယ့် သားကို ဒါပဲယူရမယ်လို့ ဖွတ်မပြောပါဘူး။ သားလဲ လေ့လာ၊ သဘောကျမှ မေမေက စီစဉ်ပေးမှာ”

တိမ်ဦး မျက်နှာမှာ အပြုံးရိပ်တို့ ပျောက်ကွယ်သွားခဲ့၏။ နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေ စေ့ပိတ်လျက် မျက်ခုံးထူထူနှစ်ဖက်က ကစ်ဆစ်ချိုးလုလု ဖြစ်လာသည်။

"ဒီလိုထိပြောလာပြီဆိုတော့ မင်းက သားအတွက် တွေ့ထားပြီလား"

ဦးဘစိုးက မေးလာ၏။ 'ခုမှမေးရသလား' ဆိုသည့်အကြည့်စူးစူးနှင့် မျက်လုံးဝင့်ကြည့်ပြီး ဒေါ်ကြည်ဖြူက ခေါင်းညိတ်၏။

"တွေ့ထားတယ်၊ ကျွန်မက ရှင့်လိုမနေနိုင်ဘူးလေ၊ မအေဆိုတော့ ပိုပြီးပူတယ်"

"ဟာ ဟော့ အဲဒီလို အမှတ်မယူနဲ့လေ၊ မင်း ပူသလို ငါ မပူတာတော့ တစ်ခုပဲရှိတယ်၊ ငါလဲ အဖေပဲကွ"

"ဟွန်း..."

ဒေါ်ကြည်ဖြူက မဲ့ချင်ချင်မျက်နှာနှင့် မျက်ဝန်းတွေရွှေ့ပစ်သည်။ သူကတော့ သားကို သူငယ်ချင်းပေါင်းပေါင်းပြီး တိုင်ပင်လိုက်၊ လိုက်လျောလိုက်။

ကိုယ်ကတော့ မှန်စေချင်လို့ပူရ၊ မှားမှာစိုးလို့ပူရ၊ ထပ်ပြောလိုက်ရလျှင် နောက်ထပ်ပူလို့ရတာတွေ ရှိသေးသည်။

"ဒီမှာ ဖြူ ယောကျ်ားကောင်း မောင်းမတစ်ထောင် တဲ့"

"ဘာ..."

"စကားအဖြစ်ပြောတာ၊ ရုပ်ရည်အသင့်အတင့်နဲ့ ငွေကြေးဥစ္စာ၊ ပညာ အရည်အချင်းသာရှိရင် မိန်းမဆိုတာ..."

"ပြော... ဆက်ပြော မိန်းမဆိုတာ ဘာဖြစ်လဲ"

ပွဲက ကြမ်းလာသည်။ ဒေါ်ကြည်ဖြူက ယောကျ်ားဖြစ်သူကို ချစ်သည်၊ လေးစားသည်၊ ဒါပေမယ့် မှန်တယ်ထင်လျှင် ဘယ်တော့မှ အလျှော့ပေးခဲ့တာမရှိ။

"ဒီမှာ မိန်းမဆိုပြီး ဟိုလိုလို ဒီလိုလို ဝေ့မပြောနဲ့၊ ယောကျ်ား တစ်





ယောက်ကို စည်းစိမ်ဥစ္စာနဲ့ကိုင်းပြီးရွေးတဲ့မိန်းမမျိုး ကျွန်မသား ရမှာစိုးလို့ ပြောနေတာ၊ ချမ်းသာမှန်းသိလို့ ယူတဲ့မိန်းမက ဒီယောကျ်ားထက် ပိုချမ်းသာတဲ့ယောကျ်ားတွေ့ရင် ဖောက်ပြန်မှာပဲ၊ ဘယ်လိုလူဖြစ်ဖြစ် ချောနေ၊ ခန့်နေရုံနဲ့ ရင်ခုန်ပြီး ကိလေသာစိတ်တစ်ခုတည်းနဲ့ ယူကဲ့မိန်းမကော ကိုယ့်ဘေးမှာ ဘယ်လောက်ကြာကြာရှိနေမလဲ၊ အဲဒီမျက်လုံးက ပိုချောတာ၊ ပိုခန့်တာပဲ လိုက်ကြည့်နေမှာလေ"

"ပြောပါဦး ဘယ်လိုမိန်းမမျိုး ကျွန်သေးသလဲ"

အတည်လိုလို ခနဲ့သလိုလိုနဲ့ ဦးဘစိုး မေးတာကို ဒေါ်ကြည်ဖြူက လည်း ရှဲ့ပြီး ခေါင်းညိတ်၏။

"ကျွန်မလိုမိန်းမမျိုးပဲ"

"သြော်..."

"ရှင့်မျက်နှာ ပြည်တည်တည်ကြီးကို ပြုပြင်ပြီး နားထောင်စမ်းပါ၊ ကျွန်မက စကားကို တရားလွတ်ပြောနေတာမဟုတ်ဘူး"

"ဘာလဲ ကိုယ့်ဟာကိုယ် ပြုံးပြုံး မဲ့မဲ့ မင်းနဲ့ စာချုပ်ထားဘာမှ မဟုတ်တာ"

မိဘနှစ်ပါးကြားမှ တိမ်ဦး ငေးကြည့်၍ မျက်နှာကို လက်ဝါးနှင့် ပွတ်ပစ်လိုက်မိသည်။

ဒီပြဿနာ ဒီစကားတွေ ပြော၍ ဖြစ်ရခြင်းဟာ ဒါ ပထမဆုံးအရေးအခင်းပဲဖြစ်လာသည်။ ထသွားရခက်၊ ထိုင်နေတော့ စိတ်ညစ်လာ၏။ ဒေါ်ကြည်ဖြူက သားဘက်ကို ပြန်လှည့်၍...

"ရုပ်ရည် ပညာ ဥစ္စာ အကျင့်စာရိတ္တ ဘာမှ အပြစ်ပြောစရာမရှိတဲ့ မိန်းကလေးမျိုး ဖြစ်ရမယ်၊ မိဘက စေ့စပ်လက်ထပ်ပေးတာကိုပဲ ခေါင်းညိတ်နာခံတဲ့ သမီးအလိမ္မာ..."

"အဲဒါက မင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နော် ကိုစိုး"

"မေးကြည့်တာလေ၊ မင်းပဲ ကျွန်မလိုမိန်းမ ဆို"

ဖေဖေ့မျက်နှာကိုကြည့်၍ စိတ်ညစ်သည့်ကြားကနေ တိမ်ဦး ပြုံးလိုက်မိသည်။

"ဟုတ်တယ်၊ ရှင် မေ့နေရင် ထပ်မှတ်ထားလိုက်ဦး၊ မိဘ ပေးစားတာကို နာခံတယ်ဆိုပြီး ကိုယ့်ရုပ်က မိဘ အားကိုးနဲ့ ယောကျ်ားရတော့မယ့် ရုပ်မျိုးဖြစ်နေရင်ကော ကောင်းမလား၊ ရှုန်းရှုန်းစက်စက်ကြီးလှပြီး ကျီးအာသီးလို ပြုံးနေရင်ကော..."

"သား မင်း ကျီးအာသီး မြင်ဖူးလား"

"ကိုစိုး ရှင်..."

ဦးဘစိုးက အူကြောင်ကြောင်အကြည့်နှင့် ဖျတ်ခနဲ လှည့်ကြည့်ကာ...

"အကောင်းမေးတာကွ၊ မင်းပြောရတာ စကားလုံးပိုပြောင်အောင်လို့ပြီးတော့ တကယ်မြင်ဖူးမှ ခိုင်းနှိုင်းပြောတာကို သူ နားလည်သွားမှာမဟုတ်ဘူးလား ဟွန်း..."

ဦးဘစိုးမျက်နှာကိုကြည့်၍ ဒေါ်ကြည်ဖြူ ဒေါသဖြစ်လို့မဆုံးနိုင်။

"ငါ့သား မမြင်ဖူးဘူးမဟုတ်လား၊ မြို့မှာ ဒါမျိုးက မြင်ဖူးဖို့ သိပ်မလွယ်ဘူးကွ၊ ကျီးအာသီးဆိုတာ အဲ... အနီရောင် ဟုတ်တယ်နော် ဖြူ"

လှည့်မေးပြီး မျက်လုံးချင်းမဆုံခင် သားဖြစ်သူဘက် ဖျတ်ခနဲ ပြန်လှည့်ကာ...

"ဟုတ်တယ် အနီရောင်ရဲရဲကွာ၊ အပြင်ကကြည့်ရင် သိပ်လှတာ၊ အဲဒီအသီး ဘယ်လိုကြီးပါလို့ ဘယ်သူပြောပြော ကိုင်ကိုကြည့်ချင်တာ၊ ချိုနေလား၊ မွှေးနေမလား ထင်တဲ့သူကထင်၊ လက်နဲ့ကိုင်ပြီး ဖျစ်ညှစ်လိုက်လို့ကတော့..."

ဦးဘစိုးက စကားရပ်ပစ်သည်။ တကယ်မမြင်ဘူးပေမယ့် စာထဲမှာ





ဖတ်ဖူးနေသည့် တိမ်ဦးကလည်း ဘာမှမမေးဘဲ နားထောင်နေ၏။

"ဒါကို မိန်းမတစ်ယောက်နဲ့တင်စားရင် မင်းမေမေနဲ့ ဘယ်တူမလဲ၊ အထဲမှာ မည်းမည်းပျော့ပျော့ကြီးကွာ၊ ပိုးကောင်တွေ ပွစိပွစိနဲ့"

"ပြော ရှင့်စိပြောတော့ မပြောတော့ဘူး"

"ဟား ဟား ဟား"

ဒေါ်ကြည်ဖြူ ဆတ်ခနဲထရပ်တော့ ဦးဘစိုးက လက်ကိုဆွဲ၍ သူ့ပါလိုက်ထရင်း ရယ်လေသည်။

"မိန်းမကလဲကွာ ချစ်လို့စမှန်းသိသားနဲ့ ဘာလဲ သားရှေ့မှာ ချော့တာခံချင်လို့လား"

ဒေါ်ကြည်ဖြူ လက်ကို ဖယ်ချပစ်လိုက်ကာ...

"ဒါ စ,စရာလား ကိုစိုးရဲ့၊ ထောင်တန်တဲ့စကား ရယ်ရင်ပေါ့တယ်၊ သားရှေ့မှာ ကျွန်မကို လှောင်နေတာ"

"မဟုတ်ရပါဘူးကွာ၊ သားကို မင်းပဲချစ်တာမှမဟုတ်တာ၊ ဒီမှာ ကိုယ်ကချစ်လွန်းလို့ ဖအေလိုတောင်နေခဲ့လို့လား၊ သားကို ပခုံးဖက်ပြီး သူငယ်ချင်းလိုပေါင်းခဲ့တာ"

"ပေါင်းပေါ့၊ ရှင်ပဲ သဘောကောင်း မနောကောင်းကြီးလေ၊ ကျွန်မက..."

"တန်ဖိုးကြီးပါ့ဗျာ၊ ကိုယ့်မိန်းမလိုဇနီးမျိုး လိုက်ရှာရင်တောင် ထမင်းထုပ်သာသိုးသွားမယ် ရှိက်သတ်လို့ကုန်မှာမဟုတ်ဘူး"

"ရှင်..."

"ဟား ဟား ဟား"

မကြီးမငယ်နှင့် ပါးကို လှမ်းပုတ်တော့မလို မြောက်လာသည့်လက်ကို ဖယ်ချပစ်ပြီး ဒေါ်ကြည်ဖြူ ပြုံးမိတော့သည်။

"ပြန်ထိုင်၊ အလကားလျှောက်နောက်နေတာ၊ အဲဒါ ကိုယ့်ဇနီးမိသားစု



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ရဲ့ ခုလိုပြောဆိုဆွေးနွေးမှုတွေမှာ စိတ်ပျက်ပြီး ငြီးငွေ့မှုယ်တွေ မဖြစ်ရအောင် ကိုယ်က စိုးပြည်စေတာပါ။ မင်းပဲတွေးကြည့်ပါဦး၊ သားသမီးကို မိဘက အိမ်ထောင်ချပေးဖို့ အစချီရတာ ဘယ်လောက် စိတ်ပျက်ဖို့ကောင်းလဲ၊ ဒါမျိုးက လိုရင်းတိုက်ရိုက်ပြောလို့လဲ ရတာမဟုတ်ဘူး၊ 'ငါသား မင်းကို ငါ့မိတ်ဆွေရဲ့သမီးနဲ့ လက်ထပ်ပေးမလို့၊ အဲဒါကို လိုက်ကြည့်'လို့ ပြောရအောင် လူတွေက တိရစ္ဆာန်လဲမဟုတ်"

"တွေ့လား ပါလာပြီ"

"လာမယ်လေ၊ မိဘဝတ္တရားရှိသည်နှင့်အညီ ဆိုတဲ့ ရှေးရိုးစဉ်လာ စကားပလ္လင်ခံတာတွေက စကားလုံးလေး နည်းနည်းပြောင်းလို့ရချင်ရမယ်၊ လမ်းကြောင်းကတော့ ဒီလမ်းကြောင်းဟောင်းကြီးပဲ၊ ကိုယ်က မင်းရဲ့စကားကို ညာသ ငြီးငွေ့မှာစိုးလို့ အပွန်း"

မေမေက အမုန်းမပါသည့်မျက်စောင်းကြီးရွယ်သည်။ ဟိမ်ဦး ပြုံးမဲ့မဲ့ကြီးနှင့် ဆိုဖာမှာ လက်ပိုက်မှီလိုက်၏။

"သား မင်းအမေနဲ့တော့ မေမေ့စကား ချုံးလို့ရမှာမဟုတ်တော့ဘူး၊ မေမေ လိုရင်းပဲပြောတော့မယ်၊ သားကို မေမေ သဘောတူတဲ့မိန်းကလေး တစ်ယောက်နဲ့ လက်ထပ်ပေးချင်တယ်၊ မေမေ့ရွေးချယ်မှုအရတော့ သားနဲ့သင့်တော်နေတာပဲ၊ ဒါပေမယ့် သား လေ့လာပါ။ မိန်းကလေးက နှစ်ယောက်၊ တစ်ယောက်ကတော့ ကျောင်းပြီးစ ခပ်ငယ်ငယ်၊ အရမ်းလှပေမယ့် ပြောတာဆိုတာ ခေတ်မီလွန်းတော့ သား သဘောကျမယ် မထင်ဘူး"

"ဒါပေမယ့် ရွေးဖို့စာရင်းထဲမှာပါတယ်ဆိုတော့ မင်းကတော့ သဘောကျတယ်ပေါ့"

ဦးဘစိုးက ဝင်မေးတော့ အကောင်းလား၊ ပြက်ရယ်ပြုဦးမှာလားဆိုသည့် မျက်လုံးနှင့် ကြည့်လိုက်ပြီးမှ ဒေါ်ကြည်ဖြူက ခေါင်းညိတ်၏။





"ကျူတယ်၊ ဝတ်စားနေထိုင်ပုံနဲ့ချည်း ဆုံးဖြတ်လို့မရဘူးမဟုတ်လား၊ သားအတွက် ထုံထိုင်းအေးစက်တဲ့ အိမ်ထောင်ရေးမျိုးမဖြစ်စေချင်တော့ အဲဒီလို နုနုငယ်ငယ် ချစ်စရာလေးနဲ့ဆို အဆင်ပြေမလားလို့ ရွေးတော့ရွေးစေချင်တယ်၊ တစ်ယောက်ကတော့ သားနဲ့ ဝါသနာချင်းတူလိမ့်မယ်၊ သူက စာရေးဆရာမလို့ ပြောတယ်"

"ဟင်..."

အေးစက်စက်နားထောင်နေသည့် ဟိမ်ဦးကိုယ်က ချက်ချင်း နွေးခနဲ ဖြစ်လေသည်။ စာပေဝါသနာဆိုသည့် အနုပညာစိတ်ဟာ ဝါသနာတူချင်းမှသာ နားလည်နိုင်ကြမှာဖြစ်သည်။ မဟုတ်လျှင် သူငယ်ချင်းဖြစ်ဖြစ်၊ အိမ်ထောင်ဖက်ဖြစ်ဖြစ် အဆင်ပြေချောမောစွာ ကြာရှည်လက်တွဲသွားဖို့ မလွယ်ပေ။

ထို့ကြောင့် စာရေးဆရာမ ဆိုတော့ စိတ်ဝင်စားသွား၏။ ဒေါ်ကြည်ဖြူကလည်း သိသည်။

"အဲဒါကြောင့် မေမေကလဲ အကြီးမလေးကိုပဲ စိတ်ကူးထားတာပါ။ ဆံပင် ကျောလောက်လေးနဲ့ အသက်ကတော့ သားနဲ့ဆို မတိမ်းမယိမ်းပဲ ရှိမယ်၊ မြင်တာနဲ့ ထက်ထက်မြက်မြက်ရှိမယ့်ပုံလေးမှန်း သိသာတယ်၊ အငယ်လေးလို အရမ်းမဖြူပေမယ့် တော်တော်လှတယ် သားရဲ့၊ စာရေးဆရာမလဲလုပ်တယ်၊ သူ့အဖေကျန်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းကိုလဲ သူပဲ ဦးဆောင်နေတာ၊ မအေ ဘာမှ ပြန်မကြည့်ရဘူး"

"တော်တော်ကို ရွေးချယ်သင့်နေပြီ"

"ကိုစိုး"

"ဟာ... ထောက်ခံပြန်တော့ မင်းက တစ်မျိုး"

"မခံနဲ့"

"မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဒေါ်ဖောင်းသွားတာကိုကြည့်ပြီး တိမ်ဦး လက်ပိုက်ကြည့် သည်။ ကိုယ်ကို မတ်မတ်ပြင်ကာ..

"မိနိုင်"

"ရှင် အစ်ကိုလေး"

"ဒါတွေ လာသိမ်း"

"ဟုတ်ကဲ့ လာပါပြီရှင့်"

ကိုယ် နေရာမှခွာတော့မလို့ အသိပေးရင်း ခွင့်တောင်းလိုက်တာ ဖြစ် သည်။ မိနိုင် ရောက်မလာခင်ဘဲ သူ နေရာမှ ထရပ်လိုက်သည်။ မေမေ့ မျက်လုံး ဝင့်လာပေမယ့် ဘာမှမပြောနိုင်။ ဒေါသကို တစ်ပြုံငတည်း မေမေ မထွက်တတ်ဘူးထင်သည်။

သူ ကျောခိုင်းလာခဲ့တဲ့အထိ ဖေဖေ့ရယ်သံက ပြောချင်တာပြောပြီးမှ ကျကျနနကြီး တောင်းပန်သလို...။

♥ ♥ ♥





## အခန်း (၂)

"မိုးကောင်း"

"ဗျာ ဆရာ"

"မင်း မင်း 'စာပေရှာ'အတွက်လာတဲ့စာတွေ ဘယ်မှာသွားထားသလဲ ဟင်"

"ဗျာ..."

"မဗျာနဲ့ မင်း.. တောက်"

ကိုမျိုးမင်း တက်ခေါက်၍ ခါးလည်းထောက်သည်။ နံရံကပ်ဗီရိုမြင့် ကြီးက ခပ်ဟဟပွင့်လျက်သားနှင့် စားပွဲဘေးက စင်ပေါ်မှာလည်း စာမူ တွေ စုပုံထပ်နေသည်။

သူက အယ်ဒီတာတစ်ယောက်ဖြစ်သည်။ ဒါပေမယ့် အယ်ဒီတာချုပ် ကလည်း ရောဂါတစ်ခုဖြစ်ပြီး နိုင်ငံခြားသွားနေသဖြင့် သူပဲ သုံးနေရာစလုံး ဝင်နေရသည်။

သူ့ဒွေးက စာပေနှင့်ပတ်သက်သမျှ စာပေမျက်လုံးနဲ့ပဲကြည့်ရမည်၊ ဆုံးဖြတ်ရမည်၊ ဒါက တစ်ချက်လွှတ် ခွင့်မလွှတ်နိုင်သည့်ပုဒ်မတစ်ခု ဖြစ် သည်။ သို့သော်..



www.burmeseclassic.com

www.burmeseclassic.com



"အခု ဘာဖြစ်လို့လဲ ဆရာ"

မိုးကောင်းက မရဲတရဲ ဘပ်မေးတော့ ကိုမျိုးမင်း၏မျက်လုံးကြီးက ဝင့်ခနဲပြန်လည်လာ၏။

"ဘာဖြစ်လို့လဲ ဟုတ်လား။ အခု ငါ့ကို သူဌေးက ခေါ်နေပြီ"

"ဟင်..."

"မင်း ငါးလပိုင်းက ရောက်လာတဲ့စာမူထုပ် ဘယ်မှာထားခဲ့လဲ"

"အဲဒါ..."

"တော်ပြီ"

လက်ညှိုးက ဟိုလိုလို ဒီလိုလို ဝေ့ထိုးရင်း ဘယ်ကိုမှ ညွှန်မပြနိုင်တော့ ကိုမျိုးမင်း ဒေါသထွက်သွားပြီး အော်ပစ်လိုက်မိသည်။

"မသိရင် မသိဘူး မြန်မြန်ဖြေလိုက်၊ မင်းတို့ အဲဒီလို ငါ့ကို အကြောင်းကြောင်းလုပ်နေလို့ရတယ်၊ ငါ့ကျတော့ သူဌေးရှေ့မှာ စကားမှားလို့ ရတာမဟုတ်ဘူး၊ တောက်..."

နောက်ထပ် တက်ခေါက်ပြီး ခေါင်းကုတ်လိုက်သည်။ ကုတ်သည့်လက်ကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်ပြီး 'ချစ်သူထံမှ'အမည်တပ်ထားသော စာမူကို ဖြစ်သလို ဆွဲယူလိုက်၏။

"ဦးနောက်ခြောက်ပါတယ်ဆိုမှ ဒီစာရေးဆရာမက တစ်မျိုး။ ကျစ်ကာန်ကန် ပြောမရ ဆိုမရ ကဲ သွားတော့ သွား..."

စာမူထုပ်ပေါ်ကနေ မိုးကောင်းထံ အကြည့်ရောက်ပြီး အော်ထုတ်ပစ်လိုက်သည်။ ပြီးတော့ သူ့ခြေလှမ်းတွေက သူဌေး၏ရုံးခန်းထဲသို့ ဦးတည်လာခဲ့၏။

အလူမီနီယံတံခါးကြီးကို တွန်းဖွင့်၍ သူ အထဲဝင်လိုက်သည်။ တံခါးက တစ်ပတ်လည်ပြီးမှ နေသားတကျ ပြန်ပိတ်သွား၏။

စာတစ်စောင်ကို စားပွဲပေါ်မှာတင်သည့်လက်မှာကိုင်ထားပြီး ဖတ်





တာမဟုတ်ဘဲ ခတ်ပုံကြည့်သလို ကြည့်နေသော မျက်ဝန်းများက သူ့ဆီဝင်လာလျက်...

"လာ ထိုင်"

ကိုမျိုးမင်းက သူ့ရှေ့မှာ ထိုင်လိုက်သည်နှင့် စာကို ဖြ... က်အတိုင်း လှမ်းပေးကာ...

"ဖတ်ကြည့်ပါဦး"

ဘာစာဆိုတာ တကယ်သိချင်နေသဖြင့် ကိုမျိုးမင်းက စာကို သေချာယူဖတ်လေသည်။

စာပေရှာသို့...

ပန်ကြားအပ်ပါသည် ခင်ဗျာ..

ကျွန်တော်သည် 'မှော်ဆရာ'အမည်ဖြင့် ကဗျာတွေ ရေးနေခဲ့သော ဝါသနာရှင်တစ်ယောက်ဖြစ်ပါသည်။ 'တိမ်ဦး'မဂ္ဂဇင်းတိုက်သို့ ပေးပို့ခဲ့သော ကဗျာအပုဒ်ပေါင်း သုံးဆယ့်သုံးပုဒ်ရှိနေပါပြီ။ ဒီနေ့ထိ တစ်ပုဒ်မှ ရွေးချယ်မခံခဲ့ရပါဘူး။ ကျွန်တော်ဟာ 'တိမ်ဦး'မဂ္ဂဇင်းကြီးမှာ ပါဝင်ခွင့်ရဖို့ နေ့စဉ် အိပ်မက်တွေမက်နေရင်း မျှော်လင့်နေခဲ့ရပါတယ်။ ကလေးစကားဖြင့်ပြောရပါလျှင် ကျွန်တော့်ကဗျာလောက်မကောင်းဘဲ လစဉ် ပါဝင်ခွင့်ရနေတဲ့ ဝါသနာရှင်တွေကို အားကျမိပါတယ်။ သဝန်တို စိတ်မကောင်းခြင်းလည်း ဖြစ်မိပါတယ်။ ကိုယ့်ထက်သာလို့မနာလိုတာမဟုတ်ပါ၊ ကိုယ့်ထက်မသာဘဲ ပါဝင်ခွင့်ရနေကြတာကို စိတ်မကောင်းပါ။ ဖြစ်နိုင်လျှင် ဒီကဗျာက မင်းကဗျာထက် ဘယ်လိုပိုကောင်းလို့ ဘာကြောင့်ဆိုတာ သိခွင့်ရှိပါရစေ။

ဤသို့သိပြီးလျှင် အိပ်မက်များနှင့် ကဗျာပါဝင်ခွင့်အတွက် ရှုနပဲနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေးပို့ရခြင်းအလုပ်ကို ရပ်ဆိုင်းလိုက်ပါမည်။ မဟုတ်ပါလျှင် ကျွန်ုပ်တော့် ကဗျာကို ဖွင့်ဖတ်ရခြင်း၊ ဖယ်ထုတ်လိုက်ရခြင်းအလုပ်တစ်ခုဟာ လစဉ် ပိုနေမှာဖြစ်ပါတယ်။

ကိုယ့်ထက်သာလျှင် ဆရာခေါ် ချင်ပါသည်။

မော်ဆရာ

ကိုမျိုးမင်း ဖတ်နေတာကို တိမ်ဦးက စားပွဲမှာ တံတောင်နှစ်ဖက် တင်ထောက်၍ စိတ်ရှည်လက်ရှည်စောင့်သည်။ စာဖတ်ပြီး ကိုမျိုးမင်း၏ မျက်ဝန်းတွေ သူ့ထံ ပြန်ရောက်လာမှ...

"ဒီမှာ ၃၀ ဒီ 'မော်ဆရာ'ရဲ့ ကဗျာတွေ"

"ဟင်..."

ကိုမျိုးမင်း မျက်လုံးပြူးသွား၏။

"ဒါတွေကို ကျွန်တော် ရှာကြည့်ပြီးမှ ကိုမျိုးကို ခေါ် လိုက်တာ"

"ဒီလိုပါ သူငှေး"

"အင်း ပြော"

"လစဉ်ထည့်ဖို့ရွေးတိုင်း လူကြိုက်များတဲ့ ကလောင်ရှင်တွေကိုပဲ ဦးစားပေးကြည့်မိတာက ပထမအချက်ပါ"

"အင်း"

"နောက်တစ်ချက်က စာပေဆွေမျိုးလို့ခေါ် တဲ့ တိုက်အချင်းချင်းက မျက်နှာနာရတဲ့မိတ်ဆွေတွေကို ဖယ်ချလို့မဖြစ်တာက ဒုတိယပေါ့။ 'တိမ်ဦး'မဂ္ဂဇင်းက အရမ်းနာမည်ကြီးလာတော့ ကဗျာတွေ ရာထောင်ချီပြီး ဝင်တဲ့အထဲမှာ..."

"တတ်နိုင်သမျှ ညီညီမျှမျှဖြစ်ပါစေလို့ ကိုမျိုးကို ကျွန်တော် မပြောခဲ့ဘူးလား"





"ဟုတ်ကဲ့"

ကိုမျိုးမင်း မျက်နှာပျက်သွားပြီး ခေါင်းညိတ်သည်။

"အဲဒီ ပထမအချက်တွေ ဒုတိယအချက်တွေက မှန်တယ်၊ မဖြစ်မနေ ထည့်တွက်ရမှာကို တကယ့်ဝါသနာရှင်တွေ၊ ရှက်ပုန်းသီးလို ပညာရှင်တွေကို ဆွဲထုတ်စင်တင်နိုင်ဖို့ပဲ၊ ဒီစာအုပ်တိုက်ကြီးကို ကျွန်တော်ထူထောင်တာ စီးပွားရေးသက်သက်မဟုတ်ဘူးဆိုတာလဲ ကိုမျိုးတို့ သိပါတယ်"

"သိပါတယ်"

"အလုပ်လုပ်ရင် စေတနာပါကြပါ။ ကျွန်တော်လဲ စီးပွားရေးမဆန်ဘူး။ အားလုံးလဲ ဒီတိုင်းပဲဖြစ်စေချင်တယ်၊ စီးပွားရေးအရ လုပ်သင့်တာကို တစ်ဝက်ထား၊ ကျွန်တော်တို့ရည်ရွယ်တဲ့ တကယ့်စာပေအနှစ်အရသာကို ဖော်ထုတ်တည်ထောင်ကြဖို့က တစ်ဝက်ပေါ့"

ကိုမျိုးမင်း မျက်လွှာချလျက် ဘာမှထပ်မပြောတော့ပါ။ တိမ်ဦးက စာကိုကော၊ ကဗျာတွေကိုပါပြန်ယူပြီး တယုတယထပ်၍ ဘေးမှာ သေချာထားလိုက်သည်။ ပြီးမှ...

"ကျွန်တော် ငွေ တအားသုံးပြီး တိုက်ထဲမှာ ဝန်ထမ်းတွေ အများကြီး ချပေးထားတာ ဘာဖြစ်လို့လဲ၊ လာသမျှစာမူတွေ၊ ကဗျာတွေကို မဖတ်နိုင်ဘူး၊ မရွေးနိုင်ဘူးဆိုတာ မရှိစေချင်လို့၊ လာသမျှ တစ်ပုဒ်မှ၊ တစ်အုပ်မှ မကျန်အောင် ဖတ်ရမယ်၊ စစ်ရမယ်၊ တကယ်တော်တာကို တကယ်ရွေးထုတ်ရမယ်၊ ဒီမှာ ကိုမျိုး..."

ကိုမျိုးမင်း ဆတ်ခနဲမော့လာသည်။

"စာပေတိုက်ကို ကျွန်တော်ကိုယ်တိုင် နှံ့နှံ့စပ်စပ်လေ့လာပြီးမှ ကျကျနန ထူထောင်တာ၊ ဒီတိုက်ထဲမှာ ခြံစောင့်ကို ထမင်းဝင်ချက်ခိုင်းထားတာမျိုး မရှိဘူး၊ ငါးစိမ်းသည်ကို ရွှေရောင်းခိုင်းတာလဲ မပါဘူး။ သူများတိုက်ထက် လခတွေပိုပေးပြီး ဟန်ကြီးပန်ကြီး ထလုပ်တာ ဘာမှမရှိဘူး။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကို အားလုံး နားလည်စေချင်တယ်။ တကယ်သိတဲ့၊ တကယ်ဆုံးဖြတ်နိုင်တဲ့သူကို နေရာတကျ ခန့်အပ်စီမံနိုင်းထားတာ၊ စာပေကို စာပေလို တန်ဖိုးထားပြီး တတ်သိနားလည်ကြတဲ့သူတွေပဲ၊ ကိုယ်နဲ့ထိုက်တန်တဲ့နေရာကို ယူထားမှတော့ အဲဒီတာဝန်ကို ဂရုစိုက်လေးစားစေချင်တယ်"

"ဒီလိုပါ ဆရာ့ခွေး"

ကိုမျိုးမင်းက လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီးမှ ခါးနည်းနည်းမတ်ကာ...

"အခုက အယ်ဒီတာနှစ်ယောက်စလုံး မလာနိုင်ကြတော့..."

"လူမစုံတာ ဆယ့်ငါးရက်ပဲရှိသေးတယ်၊ ဒီကဗျာတွေ အပုဒ်သုံးဆယ်ထိ ဘေးရောက်သွားတာ ခင်ဗျားမှာ အပြစ်မရှိဘူးလို့ ပြောချင်သလား ကိုမျိုး"

"ရှိပါတယ်၊ ဒါပေမယ့်..."

"မလိုချင်ဘူး၊ အဲဒီ ဒါပေမယ့်ကို ဘေးရောက်သွားတဲ့ ဝါသနာရှင်တွေက ကြားကြမှာမဟုတ်ဘူး၊ တကယ့်ဝါသနာနဲ့ အရမ်းဝေးတဲ့နေရာကနေ မျှော်လင့်ချက်တွေ၊ အချိန်တွေ ရင်းနှီးထားခဲ့ကြတာကို ခင်ဗျားရဲ့ 'ဒါပေမယ့်' သေးသေးလေးနဲ့ ချေဖျက်လို့မရဘူး၊ 'မှော်ဆရာ'ကဗျာကို ခင်ဗျား ဖတ်ကြည့်မှာပါ၊ ဖတ်တယ်မဟုတ်လား"

အယ်ဒီတာတစ်ယောက်ကို ဒီလိုမေးခွန်းမျိုး အမေးခံလိုက်ရသဖြင့် ကိုမျိုးမင်းမျက်နှာ နီရဲသွားသည်။

"ဟုတ်ကဲ့ ဖတ်ပါတယ်"

"မကြိုက်လို့ ဖယ်ထားတာလား"

နောက်ထပ် မျက်နှာမှာ အရောင်ရင့်သွားလျက် ကိုမျိုးမင်း ခေါင်းခါ၏။

"ကျွန်တော် နောက်ထပ် ဒီလိုမဖြစ်စေရပါဘူး"





"ဟုတ်ပြီ၊ အယ်ဒီတာချုပ် ပြန်မရောက်ခင် ခင်ဗျားအတွက် သုံးယောက် ထပ်ကူပေးလိမ့်မယ်၊ မဂ္ဂဇင်းကဏ္ဍများအားလုံးထောင့်စေ့ပါစေ"

"ဟုတ်ကဲ့"

"ဒီလ 'စာပေချွှာ' အမေးအဖြေကဏ္ဍမှာ 'မှော်ဆရာ'ရဲ့စာကို မေးခွန်းတိုတစ်ခုအဖြစ် ထည့်ပြီး အဖြေမှာ ကဗျာတွေကို ပြန်စစ်ရွေးချယ်ပြီး 'တိမ်ဦးမဂ္ဂဇင်းမှာ ပါဝင်ခွင့်ရတော့မှာမို့လို့ စောင့်မျှော်နေပါ'ဆိုတဲ့အကြောင်း ထည့်ပေးပါ"

"ကောင်းပါပြီ၊ နောက်တစ်ခု ကျွန်တော် ပြောစရာရှိပါသေးတယ်"

"ဘာလဲ"

ကိုမျိုးမင်းက တိမ်ဦးမျက်နှာကိုကြည့်ကာ ပြောမည့်စကားကို အမှားမပါရအောင် သေချာရွေးချယ်သီကုံးနေသေးသည်။ ပြီးမှ...

"စာရေးဆရာမ 'သံမှာ'က..."

"ဘာဖြစ်လို့လဲ"

"ဘာသာရေး တော်တော်အယူသည်းပုံရတယ် ဆရာ့ခွေး၊ ယဉ်ကျေးမှုတွေ၊ လူမှုစည်းကမ်းတွေပဲ များတယ်၊ အခုအချိန်မှာ စာပေလမ်းကြောင်းက တင်ပြဖွဲ့နွဲ့ရေးတာထက် ခံစားမှုလေးတွေပေါ်လွင်နေမှ ဆီမိရှမိမှာမဟုတ်ဘူးလား၊ ကျွန်တော် ဖြစ်စေချင်တာက စာပေဂုဏ်လဲမပျက်၊ ရသကိုလဲ ပေါ်လွင်စေချင်တာပါ"

"စာရေးဆရာမနဲ့ ကိုမျိုး ဆွေးနွေးကြည့်ပေါ့"

"ဆွေးနွေးပါတယ်၊ အဲဒီစာရေးဆရာမက သူရေးထားတဲ့စာတွေနဲ့ သူ့ပုံစံက တခြားစီပါပဲ ဆရာ့ခွေးရယ်။ ဝတ်လိုက်တဲ့ စကတ်အကျပ်တွေ၊ အကွဲတွေ၊ ရန်ကုန်နယ်ပိုင်းကလို့ ပြောပေမယ့် မြို့လယ်ခေါင်က တကယ့်ယောက်ျားပဲ၊ ဆက်ဆံရေးကလဲ ကျဲသေးတယ်၊ သူ့ကို 'ခွာညို'စာပေကနေ ခွာချလိုက်တဲ့ထဲကနေ ဆရာ့ခွေးက စင်တင်ပေးလို့ နာမည်ကျော်လာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



များ မေ့နေသလားမသိဘူး။ သူ့ကိုယ်သူ တကယ့်စုပါကြီးလို့ပဲ၊ စာထဲမှာတော့ ကျေးရူးတွေ၊ ကတိတွေ၊ သစ္စာတွေချည်းပဲ၊ မောက်မာလိုက်တာ ပြစရာမရှိဘူး၊ သူများအကြောင်းကို ကဲ့ရဲ့ချင်တာမဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်ထင်တယ် သူ့ဒွေး၊ အဲဒီတစ်ယောက်ကို ကျွန်တော်တို့ ကြာရှည် ထိန်းနိုင်ဖို့မလွယ်ဘူး၊ နာမည်လေးရလာရင် နောက်တစ်တိုက်နဲ့ ပါသွားမှာပဲ"

တိမ်ဦးက နားထောင်နေသည်။ စာရေးဆရာမကို သူ တစ်ခါပဲ ရင်ဆိုင်တွေ့ဖူးသည်။ ပထမဆုံး တိမ်ဦးစာပေနဲ့ စာချုပ်တဲ့နေ့ကပါ။ မျက်နှာမှာ ကာလာပြေပြေလေးတင်ထားပြီး ဝတ်စားဆင်ယင်ပုံက အချိုးကလှပနေသဖြင့် ရုပ်ရှင်မင်းသမီးတွေ ရှုံးလောက်ပါ၏။

စကားပြောသည့်ထဲမှာ ယုံကြည်ချက်တွေနှင့် ပြတ်ပြတ်တောက်တောက်ရှိသည်။ မှားမလား၊ လွန်မလား ထိန်းသိမ်းပြောပုံမရှိဘဲ ဂရုမစိုက်တတ်တာငေ့ကြ သိသာသည်။

ဒါကို သူကတော့ တကယ့်ဝါသနာရှင်တစ်ယောက်၏ စာပေမာနလို့ပဲ မှတ်လိုက်ပါသည်။

"သူ့ဒွေးနဲ့ကျွန်တော်တို့ထင်သလို မဟုတ်လောက်ဘူးလို့ ကျွန်တော်ထင်တယ်"

ကိုမျိုးမင်းက သူ တွေးနေတာကို ဆက်၍ထောက်ခံသလိုဖြစ်စေသည့်စကားနှင့် ပြန်စကာ...

"သူ့အပြောအဆိုတွေက ဘောင်လွတ်နေသလိုပဲ၊ အခု 'ချစ်သူထံမှ' ဆိုတဲ့စာမူအပ်တော့ နောက်ထပ် ငါးအုပ်အတွက် စာချုပ်အသစ်ထပ်ချုပ်ဖို့ သူကိုယ်တိုင် ပြောတယ်"

"အဲဒါ ကိုမျိုးကို ကျွန်တော် ပြောထားတာပဲ၊ သူ တက်လာတဲ့စောင်ရေအတိုင်း စာမူခတိုးပြီး စာချုပ်ဖို့လေ၊ သူ မပြောခင် ကိုယ်က လုပ်ပေး





ရမှာကို..."

"ဟုတ်ပါတယ်၊ မင်းကိုက 'လရောင်'ဆိုတဲ့ကောင်လေးပဲ ရောက်လာမယ်ထင်ပြီး သူလာမှ အတူသွားမယ်လို့ပြောနေတာပါ၊ စာရေးဆရာမက အိမ်လိပ်စာမှ မပေးတာ၊ ပြီးတော့ ဒီတစ်အုပ်လာအပ်မှ ဆယ့်ငါးအုပ်ပြည့်သွားတာ သူ့ဒွေး"

"အခု ဘာတွေအဆင်မပြေဖြစ်သွားလို့လဲ"

"အဆင်မပြေမဖြစ်ပါဘူး၊ မင်းကိုက စာမူခတွေ သေချာ အတိအကျပေးပြီး စာချုပ်ပေးလိုက်ပါတယ်၊ ဒါပေမယ့် စာအုပ်နဲ့ပတ်သက်ပြီး ဆွေးနွေးတော့ သူက ဂွတ်ဆတ်ဆတ်နဲ့"

"ပြောပါဦး"

"ထုတ်ဝေသူဘက်တော့ ပရိသတ်အသံကို နားထောင်နေတာပဲလေ၊ ပရိသတ် ဘာကိုတောင်းဆိုသလဲဆိုတာ စာရေးဆရာလဲ သိအောင် ပြောပြတယ်၊ ဆွေးနွေးမယ်၊ ဒါက ထုတ်ဝေသူရဲ့အလုပ်၊ စာရေးဆရာကလဲ ဝါသနာပါတဲ့ပရိသတ်ကို နှစ်ခြိုက်မှုကြည့်သင့်တာပေါ့ဗျာ၊ အနုပညာဆိုတာ ပရိသတ်က အရောင်တင်မှ စင်ပေါ်မှာ ပွဲလယ်တင့်မှာ၊ ဒါလေးတော့ ဒီလိုရှိပါတယ်၊ ဒီလိုလေးလုပ်ကြည့်ပါလားလို့ ဆွေးနွေးတာ ဆရာလုပ်တာမှ မဟုတ်တာ၊ နားထောင်ကြည့်လိုက်ပေါ့၊ ကိုယ့်ဟာကိုယ် စဉ်းစားလို့ လက်မခံနိုင်ဘူးဆိုရင် 'ဆောရီး' ဒါပဲ၊ အခုတော့ ဘာမှကို အပြောမခံဘူး၊ သူ့ကြည့်ရတာ စာရေးနေတဲ့လူနဲ့ မတူဘဲနဲ့ ငွေသိမ်းစားပွဲမှာထိုင်နေတဲ့ သူဌေးပုံပေါက်နေတာ"

တိမ်ဦးက ပြုံးလိုက်သည်။ ကိုမျိုးကလည်း ပြောပြီးမှ သူ့စကား သူ သဘောကျသလိုပြုံး၍...

"ရုပ်ကတော့ အသေချောတာ၊ ဘယ်သူနဲ့နှိုင်းရမှန်းမသိတဲ့ မျက်စပ် မျက်နှာပဲ၊ စကားပြောကြည့်လိုက်မှ အဟွန်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲ အနုပညာသမားတချို့က ကေးလူတွေ နားမလည်နိုင်အောင် ဗွကျကျ အယူအဆတွေရှိကြတယ်"

ကိုမျိုးက ခေါင်းညိတ်သည်။ သူတို့သူ့ဌေးဟာ စာရေးဆရာတွေဆို ဘယ်တော့မှ ပုတ်ခတ်ကဲ့ရဲ့ခဲ့ဖူးတာ မရှိပေ။

စကားပြောပြီဆိုရင်လည်း အထူးသဖြင့် ရည်မွန်စွာ ပြောသည်။ လိုလားခြင်း၊ မလိုလားခြင်းကို မောက်မာစွာ ပြောခဲ့ဖူးတာ မရှိ။

ထို့ကြောင့် ဒီအလုပ်ကို ထလုပ်ကတည်းက တခမ်းတနား အကြီးအကျယ်ပဲဖြစ်ကာ 'တိမ်ဦး'စာပေဟာ စျေးပေါ် ထွက်လာတာနှင့် နာမည်ကျော်ခဲ့၏။

ဝတ္ထု၊ မဂ္ဂဇင်းနှင့် 'ရတနာမွန်' မဂ္ဂဇင်း ကာတွန်းတွေကအစ စုံသည်။ ဤသို့ အိုးနင်းခွက်နင်း မဖြစ်ခဲ့ခြင်းသည် ရေထဲကငါးဟာ ရေထဲမှာပဲ ကျင်လည်ခဲ့၍ဖြစ်၏။ တိမ်ဦး အမြဲပြောသောစကားတစ်ခုရှိသည်။

'စာ တကယ်တတ်မှ စာဖတ်ပါ' တဲ့။

❤ ❤ ❤





## အခန်း (၃)

'ချစ်သူထံမှ'စာမူကို ဖတ်ကြည့်နေတုန်း တယ်လီဖုန်းက မြည်လာသဖြင့် မကြည့်ဘဲယူကိုင်လိုက်သည်။

"ဟလို"

"သား မေမေပါ"

"ဟုတ်ကဲ့ မေမေ ပြောပါ"

"သား ဒီနေ့ နားမယ်ဆိုပြီးတော့ ဘာဖြစ်လို့ ထွက်သွားတာလဲ၊ မေမေက မိတ်ဆွေတစ်ယောက်ဆီ သားနဲ့သွားမလို့"

မိတ်ဆွေတစ်ယောက်ဆိုတာ ဘာကိုပြောတာမှန်း သူ သိသည်။ ထို့ကြောင့် စာမူဆီမှမျက်လုံးကို ခွာလိုက်ပြီး ကုလားထိုင်မှာ ခပ်မတ်မတ်မှီလိုက်၏။

"ဟုတ်တယ် မေမေ နားမလို့ဘဲ၊ ဒါပေမယ့် ဒီနေ့ ဧည့်သည် တစ်ယောက်နဲ့တွေ့စရာရှိလို့ ဒီမှာ လာစောင့်နေတာ၊ မေမေကလဲ ဘာမှမပြောမထားတော့..."



www.burmeseclassic.com

www.burmeseclassic.com



"အေး သားရယ် မေမေလဲ မပြောမိဘူး၊ သား အခု အဲဒီမှာပြီးရင် ပြန်လို့ရမလား"

"ရတယ်၊ ဒါပေမယ့် ဧည့်သည်လဲမလာသေးဘူး၊ နောက်ထပ် ချိန်းမထားတဲ့ဧည့်သည်လဲ ရောက်လာနိုင်တယ်ဆိုတော့ ဒီနေ့ မဖြစ်တော့ဘူး မေမေ"

"အင်း အေးပေါ့ကွယ်၊ ဒါဆိုလဲ နေပါစေ၊ သား အလုပ်ဖြောင့်ဖြောင့် လုပ်ပါတော့"

ဖုန်းပြောနေတုန်း လရောင် ဝင်လာတာမြင်သဖြင့် မေမေ့ကို နှုတ်ဆက်ပြီး ဖုန်းချလိုက်သည်။

"ထိုင် ညီလေး"

လရောင်သည် 'သံမာ'ဆိုသော စာရေးဆရာမ၏စာမူတွေကို ပထမဆုံး သူပဲလာ၍ သူနဲ့ပဲ စာချုပ်ခဲ့ရတာဖြစ်သည်။

"ကျွန်တော့်အစ်မပါ၊ မမက ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့် ဘယ်မှမသွားပါဘူး၊ ကျွန်တော်နဲ့ပဲ ယုံယုံကြည်ကြည် လက်တွဲလို့ရပါတယ်"

သူလည်း ဤသို့ပြော၏။ ပြီးတော့ စာရေးဆရာမ၏လက်ရေးဖြင့် ဒီကောင်လေးပြောသမျှကို မှန်ကန်ကြောင်း၊ သူ့ကိုပဲ အားလုံး လွှဲအပ်ကြောင်း စာလည်းဖတ်ရသောကြောင့် လက်တွဲဖြစ်ခဲ့၏။

နောက်ပိုင်း စာအုပ်ထုတ်ဝေပြီး နာမည်လေးရလာတော့မှ 'သံမာ' က ကိုယ်တိုင်ထွက်လာတာဖြစ်သည်။ ဆယ့်တစ်အုပ်မြောက်စာအုပ်မှာ ဆယ့်ငါးအုပ်အတွက် စာချုပ်ဖို့ ဖြစ်လာတော့ သူမနှင့် စာချုပ်ဖြစ်ခဲ့၏။

လရောင် သူ့ရှေ့မှာထိုင်လိုက်မှ စိတ်ကူးထဲမှာ ဖျတ်ခနဲဝင်လာတာတွေကို ဖြတ်ချကာ လက်ရှိပြောစရာရှိနေတာတွေကို ပြန်စရ၏။

"ဆရာမ မပါဘူးလား ညီလေး"





လရောင်မျက်နှာ တစ်မျိုးဖြစ်သွားလျက် မျက်ဝန်းတွေက ချက်ချင်း လှုပ်ရှားသွား၏။ ပြီးမှ...

"မမက အပြင်ထွက်တတ်တဲ့အကျင့် သိပ်မရှိဘူးခင်ဗျာ၊ ဆရာ ပြောစရာရှိတာကို ကျွန်တော်နဲ့ပဲ ပြောလို့ရပါတယ်"

မျက်နှာသွယ်သွယ်လေးနှင့် မိန်းမချော ဖြစ်နေသည့် လရောင်၏ မျက်ဝန်းတွေကို တိမ်ဦးကကြည့်၍...

"ဒီလိုရှိတယ် ညီလေးရ၊ လူမှုရေးဘက်ကကြည့်ပြီး တော်ရုံကိစ္စမှာ ငါ့ညီနဲ့ပြောဆိုပြီးခဲ့ကြတာ ရှိပေမယ့် စာပေကိစ္စဆိုတာ စာရေးဆရာနဲ့ပဲ ပြောမှဖြစ်တာ၊ အခုက သူရေးထားတာကို ပြောချင်တာဆိုတော့ မရေးတဲ့လူနဲ့ ပြောလို့မဖြစ်ဘူး"

တိမ်ဦးက အဆင်သင့်ဖွင့်ထားသည့်စာမူကို လက်ညှိုးနှင့် ထောက်ပြ၍...

"စာထဲမှာ ရုံးမလွှတ်နိုင်တဲ့စာသားလေးတွေ နည်းနည်းပါနေတယ်၊ မလွှတ်နိုင်တာမဟုတ်ဘူး လွှတ်ကိုမလွှတ်ဘူးဆိုတာ သူ့ကို ပြောပြချင်တယ်၊ နောက်ထပ် ဘယ်လိုဟာလေးတွေကို ရှောင်သင့်တာ၊ ဘာကို နည်းနည်းလျှော့သင့်တာ နည်းနည်းပါးပါး အကြံပေးချင်တယ်"

"အဲဒါ အဆင်ပြေမှာပါ ဆရာ၊ စာမျက်နှာနဲ့ စာပိုဒ်ကို ရေးပေးလိုက်ပါ၊ ကျွန်တော် မမကို ပြောပြလိုက်ပါ့မယ်"

တိမ်ဦးမျက်နှာ အလိုမကျဟန်တွေ ဖြတ်ပြေးသွား၏။ လရောင်မျက်နှာမှာ တောင်းပန်လိုခြင်းနှင့် အခက်အခဲတစ်စုံတစ်ရာရှိနေသော အမူအရာတွေကို သူ မြင်နေရသည်။

'သံမာ'ကို သူ တွေ့ဖူးပြီးပြီ၊ သူ့ထက်ပို၍ နှစ်ကြိမ်မြင်ဖူး၊ ပြောခဲ့ဖူးခဲ့သည့် ကိုမျိုးကလည်း ဝေဖန်ခဲ့ဖူးသည်။ သူမ၏ သွားလာဝတ်စားဟန်များမှာ အပြင်မှာ လှုပ်ရှားသွားလာရန် အခက်အခဲရှိနိုင်သော ချုပ်တည်းမှု



www.burmeseclassic.com

www.burmeseclassic.com



[illegible] အိမ်လိပ်စာမပေးဘဲ စာမူတွေပို့တော့ လရောင်၊ အကြောင်းကြီးငယ် ရှိလို့ ခေါ် တော့လည်း လရောင်၊ စာချုပ်ဖို့ ငွေယူဖို့ကျမှ သူမ ရောက်လာသည်။ သက်သက် ပါဝါတွေထုတ်နေတာလား၊ ဒါမှမဟုတ် တကယ့် အခက်အခဲတစ်ခုခုလား၊ သူ မျိုသိပ်မထားနိုင်ဘဲ လရောင်ကို စိုက်ကြည့်ကာ...

"သံမာနဲ့ ညီလေးက မောင်နှမလား"

"ဗျာ ဟုတ်ကဲ့ မောင်နှမရင်းပါ"

"တစ်မျိုးမထင်နဲ့နော်၊ စာမူတစ်ခုလည်းမှာ ပတ်သက်နေကြပြီး အတူတူရောက်လာဖူးတာမရှိလို့ မေးကြည့်တာ၊ ဘာပဲဖြစ်ဖြစ်ကွာ အနုပညာသမား ထင်ပေါ် လာပြီဆိုရင် ကိုယ်က မကြေညာချင်ရင်လဲ ပရိသတ်က တောင်းဆိုလာတာပဲ၊ အမေးရှိရင် အဖြေရှိရတယ်လေ၊ ကိုယ်တို့မေးတာကို မဖြေလို့ရတယ်၊ ဒါပေမယ့် ချီးမြှောက်အားပေးကြတဲ့ ကိုယ့်ပရိသတ်ရဲ့ မေးခွန်းတွေကို ဥပေက္ခာကြည့်ရှုထားလို့တော့မရဘူး၊ အခု 'တိမ်ဦး' မဂ္ဂဇင်းရဲ့ 'စာပေရှာ'မှာ 'သံမာ'ရဲ့ လိပ်စာကို တောင်းထားကြတယ်"

"ဆရာ အဲဒါ ဒီစာပေတိုက်ရဲ့ လိပ်စာပဲ ပေးလို့မရဘူးလားဟင်"

"ရပါတယ်၊ အဲဒီထဲမှာ စာရေးဆရာမရဲ့ လိပ်စာကို သိပါရစေဆိုတာတွေကို ဘယ်လိုလုပ်မလဲ"

လရောင် မဖြေနိုင်ပါ။ မျက်နှာလေးကတော့ ငယ်ကျသွားခဲ့တာ သိသာ၏။ တိမ်ဦးက စာရွက်ဖြူတစ်ရွက်နဲ့ ဘောလ်ပင်ကို လှမ်းယူလိုက်ပြီး...

"ခဏစောင့်နော်၊ ဒီမှာ အကြမ်းမှတ်ထားဘာတွေကို ပြန်ကူးပေးလိုက်မယ်"

ဟု ပြောကာ တခြားစာရွက်နှင့်ရေးထားတာတွေကို သေချာ ပြန်ကူး





သည်။ လရောင်က ငြိမ်သက်စွာ ထိုင်စောင့်နေခဲ့၏။ တော်တော်ကြာမှ ရေးလို့ပြီးသွားကာ စာရွက်ဖြူသုံးရွက်နှင့် ထိုစာရွက်ကို ပူးတွဲညှပ်လိုက်၏။

"ရော့ ဒီထဲမှာ လက်ရေးနဲ့ပဲ ပြန်ရေးပေးလိုက်ပါ၊ တို့ကတော့ ဖြင့်ဖို့ရှိတာတွေကို အားလုံး ပြောပြထားတယ်လေ၊ သူ ဖြင့်နိုင်တာ မဖြင့်နိုင်တာကို ဒီစာရွက်မှာပဲ ပြန်ထည့်ပေးပါ၊ ပြီးတော့ ဖြင့်ဆင်ချက်ကို မြန်မြန် ပြန်ပို့ပေးရင်တော့ ကျေးဇူးပဲကွာ၊ စာမူတွေက ရုံးကျတာကြာတော့ ပြီးသလောက် မြန်မြန်တင်ထားမှဖြစ်မှာ"

"ဟုတ်ကဲ့ ဆရာ သေချာပြောပြလိုက်ပါ့မယ်"

လရောင်က စာရွက်တွေကိုယူ၍ သူ့လွယ်အိတ်ထဲမှာ သေချာသိမ်းသည်။

"ဒါနဲ့ ညီလေးက ကျောင်းသားထင်တယ်"

"ဟုတ်ကဲ့"

ဒီလောက်ပဲ ဖြေချင်ပုံပေါ်ကာ လရောင်က မျက်နှာပြန်မမော့ဘဲ ထရပ်လိုက်၏။

"ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာ"

"ကောင်းပါပြီ"

တိမ်ဦးက လရောင် ထွက်သွားသည့်နောက်ကို လိုက်ငေးနေပြီးမှ သက်ပြင်းရှိုက်သည်။

ထူးဆန်းတဲ့ မောင်နှမပါလား...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

ရပ်ကွက်နှင့် အလှမ်းမဝေးပေမယ့် တော်တော်အလှမ်းကွာပါသည်။ စိုက်ပျိုးရေးခြံကြီးတွေ၏တစ်ဖက်မှာ ရှိနေ၏။ ထို့နောက် ဒီဘက်မှာ ချုံနွယ်တွေပိတ်နေသော တိုက်ပျက်ကြီးတစ်ခုနှင့် အလယ်မှာ ကန့်စွန်းခင်းကြီးခြားကာ ဟိုဘက်မှာ တံတိုင်းမြင့်ကာထားသော ခြံကြီးတစ်ခြံ။

"အဲဒီခြံကြီးပဲ သား ရောက်ပြီ"

ဒေါ်ကြည်ဖြူ ပြောတော့ ကားစီးရတာ အလွန်ငြီးငွေ့တတ်သည့် ဦးဘစိုးက နှုတ်ခမ်းတစ်ချက်မဲ့သွားကာ…

"ရောက်လို့ တော်သေးတာပေါ့ကွာ၊ ကိုယ်က ပရာဒိုနဲ့မလာမိလို့ နောင်တရနေတာ"

"ဘာဖြစ်လို့လဲ"

"အိပ်မလို့လေ၊ ငုတ်တုတ်ထိုင်တာတောင် နှစ်ရေးလောက်ရနေပြီ"

"ကိုစိုးကလဲ သိပ်ပိုတာပဲ သိလား၊ ဘာမှ ဒီလောက်မဝေးဘူး"

ဟု ပြောလိုက်ပြီးမှ တိမ်ဦးကို လှမ်းကြည့်၍…

"ဟွန်းတီးလိုက် သား"





တိမ်ဦးက ဟွန်းနှစ်ချက်ဆင့်တီးပြီး စောင့်နေလိုက်သည်။ ခဏအတွင်းမှာပဲ သံချပ်ကြီးတွေနှင့်ပိတ်ထားသည့်တံခါးနှစ်ချပ်က ဖွင့်ဟသွားခဲ့၏။

"ဘာကိစ္စရှိလို့လဲ"

အသားမည်းမည်း ကုလားပုံပေါက်နေသော လူတစ်ယောက်က မာဆတ်ဆတ်မေး၏။ တိမ်ဦး မျက်မှောင်ကြုတ်သွားလျက် ဘာမှမဖြေ။ ဦးဘစိုးက ခြံစောင့်ကို စူးခနဲကြည့်ကာ ဇနီးဖြစ်သူကို ပြန်ကြည့်၏။

"[illegible]"

ဒေါ်ကြည်ဖြူလည်း မျက်နှာနည်းနည်းပျက်သွားခဲ့၏။

"ချိန်းထားတာပေါ့၊ ဟေ့ ဒီမှာ ဒေါ်ကြည်ဖြူ လာတယ်လို့ သွားပြောလိုက်"

"ဪ… မှာထားတယ်"

ခြံစောင့်မျက်နှာက မချောင်။ မှာထားတာကိုသိလျက်နှင့် ဒီလိုမေးလိုက်တာကို ဒေါ်ကြည်ဖြူ ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေမိ၏။ အလွန်မာနကြီးတတ်သော ဦးဘစိုးရင်ထဲ ဘယ်လိုနေမည်ကိုလည်း တွေးမိသည်။

တကယ်ဆို ဒီက သမီးရှင် ဒေါ်မိုးသဲသည် သူမ၏ ဆုံးသွားပြီဖြစ်သော အစ်ကိုကြီး၏ မဆုံစည်းလိုက်သော ပထမဆုံး ငယ်ချစ်ဦးဖြစ်သည်။

ဒေါ်မိုးသဲကို နိုးသွားပြီးမှ မိဘချင်း မပြေလည်ဖြစ်ကာ ကွဲကွာသွားခဲ့ကြသည်။ အစ်ကိုကြီးဟာ ဒီရည်းစားကိုပဲ တမ်းတကာ အိမ်ကလူကြီးတွေ ဘယ်မိန်းမနဲ့ပေးစားပေးစား လုံးဝ လက်မခံခဲ့ဘဲ အရက်တွေပဲ ဖိသောက်သည်။

ချစ်သူကိုရှာတော့လည်း ဘယ်မှာမှမတွေ့။ အဲဒီအချိန်မှာ ဒေါ်ကြည်ဖြူက တက္ကသိုလ် စတက်ရသည့်အရွယ်ပဲရှိသေးသည်။ ဒေါ်မိုးသဲနှင့်ကိစ္စမှာ သူမကိုယ်တိုင် ကူညီခဲ့ရတာတွေလည်းရှိသောကြောင့် အစ်ကိုကြီး



www.burmeseclassic.com

ခံစားနေရတာ ကို မကြည့်ရက်ခဲ့ပေ။

"ညီမလေး ကိုကြီးကို ကူညီနော်၊ သဲသဲကလေ သူ့မိဘက နာမည်ပျက်တွေရှိပေမယ့် သူက သိက္ခာရှိတဲ့မိန်းကလေးပါ။ မေမေတို့ နှိမ့်ချပြောဆိုလွှတ်လိုက်တာတွေကို ရှက်ပြီး သူ ထွက်ပြေးသွားတာ၊ လက်လှမ်းမီသမျှ ရှာပေးစမ်းပါ။ အစ်ကိုကြီးကိုချစ်ရင် ရှာပေးပါကွာ"

တမ်းတရင်းနှင့်ပဲ ဆုံးသွားခဲ့သည်။ ဒေါ်မိုးသဲကို ပြန်ဆုံရတော့ ဟိုတုန်းက သံယောဇဉ်ကော အစ်ကိုကြီး မှာခဲ့တာတွေကိုကော သတိရပြီး တရင်းတနှီး ပြန်ဖြစ်ခဲ့သည်။

"တို့က ကံမကောင်းပါဘူး ဖြူလေးရယ်၊ တစ်ခုလပ်ဆိုတဲ့ မိန်းမတစ်ယောက်ကို ဒီပြစ်ချက်နဲ့ပဲ ရိုးမယ်ဖွဲ့ပြီး နောက်ထပ် လူကြီးတွေ ပေးစားခဲ့တဲ့အိမ်ထောင်နဲ့လဲ မငြိခဲ့ဘူး၊ သမီးနှစ်ယောက်နဲ့ နှစ်ခုလပ်ပေါ့ကွယ်"

ဒေါ်မိုးသဲ ပြောတာကိုကြားရတော့ ရင်ထဲမှာ နင့်သွားသည်။ နာမည်ပျက်တာတွေ၊ ဘာညာတွေကို ဘေးဖယ်လိုက်ပြီး ကိုယ် ဘာလုပ်ပေးနိုင်မလဲ စဉ်းစားလိုက်မိသည်။

ထို့ကြောင့် ကိုယ့်ယောက်ျားကိုတောင်မှ ဒီနောက်ကြောင်းတွေကို ဘာမှ သေချာပြောမပြခဲ့ဘဲ သားနဲ့ပတ်သက်ပြီး ခမည်းခမက်တော်လိုက်ဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကားက ခြံထဲကိုဝင်လာတော့ နို့စိမ်းရောင်နှစ်ထပ်တိုက်လေးဆီသို့ ဦးတည်ပြီးသားဖြစ်သွား၏။ ခြံကြီးကတော့ကျယ်သည်။ ဒါပေမယ့် မျက်နှာစာကို သိပ်ကျယ်ကျယ်မထားဘဲ တိုက်ဆောက်ထားသဖြင့် ကွန်ဂရစ်လမ်းလေးကလည်း သိပ်မရှည်။

တိုက်ကလည်း ခပ်သေးသေး၊ ပုံရိုးရိုးပဲဖြစ်၏။ ဦးဘစိုးက ရင်ထဲရှိတာကို မျိုသိပ်မထားတတ်သူမို့ မျက်လုံးက ခဏအတွင်းမှာ စေ့စေ့စပ်စပ်လည်ပတ်စပ်စုပြီးဖြစ်သွားလျက်...





"ဝါ့မိန်းမ တခမ်းတနားကြီးပြောနေလို့ ကိုယ်က ဘယ်လိုပုံကြီးများဘွားခနဲမြင်လိုက်ရမလဲမှတ်နေတာ"

"အခု ဘာဖြစ်နေလို့လဲ"

"သြော်... တံခိုင်းခတ်ထားပုံကတော့ ပျံနေတာပါပဲ"

"ကိုစိုး"

"ဘာလဲ"

"ရှင်ဟာလေ လောင်းမင်းသားဆီမရောက်ဘဲ ဘိုးဘိုးနဲ့ပဲ လမ်းဆုံးနေရတယ်ဆိုသလို သားဆီက ဘာသံမှမထွက်ဘဲ ရှင့်အသံချည်းပါပဲလား"

"သားဆီက အသံဘယ်ထွက်မလဲကွ၊ ပြောမရတော့အောင် အပူလုံးက ရင်ဘတ်ထိတက်ဆို့နေလို့ ဖြစ်မှာပေါ့"

"ရှင်နော်"

"ကဲ မေမေ ရောက်နေပြီ"

ကားပေါ်တီကိုအောက်သို့ရောက်သွားပြီး အထဲကနေ ခပ်သုတ်သုတ်ထွက်လာသည့် အမျိုးသမီးကြီးတစ်ယောက်ကို မြင်လိုက်သဖြင့် ဒေါ်ကြည်ဖြူ ပါးစပ်ပြန်ပိတ်ရ၏။

"ဖြူလေးရေ လာကြ၊ ထွက်ကြိုမလို့ဟာ ဒီမှာလဲ အဆင်သင့် ပြင်ထားချင်တာနဲ့ ဗျာများနေတာ သိလား"

ပန်းနုရောင် ဇာရင်စေ့လက်ပြတ်နှင့်လုံးကြီးပေါက်လှပါ။ ဆံပင်တွေကို နောက်တွဲဆံထုံး ထုံးထားပြီး ကျောက်ဆံထိုးကြီးကို ထိုးစိုက်ထား၏။

တိုက်ကလေးက သိပ်မဆန်းပေမယ့် အထဲမှာတော့ ပရိဘောဂအဆောင်အယောင်တွေက ဆန်းသစ်နေပါသည်။ ထို့ပြင် အမိုးတန်ပန်းချီကားတွေလည်း နံရံနှစ်ဖက်မှာ အပြည့်။

"လာပါရှင် ထိုင်ကြပါ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို နေရာပေးပြီးသည်နှင့် သစ်သီးဖျော်ရည်တွေကို မိန်းကလေးတစ်ယောက်က လာပို့သည်။ ပြီးတော့ ချောကလက်ဝေဖာတွေနှင့်။

သစ်သီးမှလွဲ၍ သရေစာဆိုတာတွေကို မကြိုက်သော ဦးဘစိုးက တစ်ချက်ပဲကြည့်ပြီးမျက်နှာလွှဲ၏။ ထိုစဉ် အတွင်းခန်းမှ ဘောင်းဘီရှည်အနက်နှင့် အကောင်းစားစပို့ရှပ်ကိုဝတ်ထားသော လူတစ်ယောက် ထွက်လာ၏။ မျက်နှာက ခပ်ရင့်ရင့်ပေမယ့် ဝတ်စားထားပုံကြောင့် လူငယ်တစ်ယောက်လို နုပျိုနေ၏။

"လာ မောင်လေး မိတ်ဆက်ပေးမယ်"

ဟု ဒေါ်မိုးသဲက လှမ်းခေါ်ကာ...

"သူက သဲရဲ့မောင်လေး ဇော်ကို တဲ့၊ သမီးလေးတွေမှာ ဖအေ မရှိတော့ပေမယ့် သူတို့ဦးလေးရှိနေတော့ အားကိုးမဲ့တူးပေါ့နော်၊ မောင်လေးက သိတယ်မဟုတ်လား၊ သူက မမ ပြောပြောနေတဲ့ ဖြူလေးလေ၊ ဒေါ်ကြည်ဖြူပေါ့"

သူတို့ချင်းသိတဲ့အကြည့်တွေတော့ဖြစ်မှာပါ။ ဒေါ်မိုးသဲက အားလုံးနှင့်မိတ်ဆက်ပေးတော့ ဦးဇော်ကိုက ဖော်ရွေစွာပြုံးပြပြီး 'သိပြီးပါပြီ'ဟုလည်းပြော၏။

ဦးဇော်ကိုက တိမ်ဦးကိုပဲ အကဲခတ်ကြည့်ကာ...

"တိမ်ဦးလေ မဟုတ်လား၊ ဒီနာမည် သိသလိုပဲ"ဟု ပြော၏။ ပြီးတော့ စဉ်းစားသလိုလုပ်နေပြီး...

"'တိမ်ဦး'ဆိုတာ စာပေတိုက်လဲရှိတယ်၊ ငါတူက..."

"ဟုတ်ပါတယ်၊ ကျွန်တော်က 'တိမ်ဦးလေ'ပါပဲ"

"ဟင်..."

"ဘယ်လို"

ဒေါ်မိုးသဲနှင့် ဦးဇော်ကို ဖျတ်ခနဲ အကြည့်ချင်းဆုံသွား၏။ သို့သော်





ဒေါ်မိုးသဲက ချက်ချင်း ပြုံးပြုံးရယ်ရယ်ဖြစ်သွားကာ...

"သြော်... ဒီလိုကိုး အပျွန်း... အန်တီက လူကြီးချင်း စကားပြောဖြစ်ခဲ့ပြီး နာမည်တောင်မှ သေချာမမေးခဲ့မိတော့ အံ့သြသွားတာ၊ သားကို ကိုယ်ပိုင်စီးပွားရေးနဲ့ဆိုတာပဲ သိတာလေ၊ စာအုပ်ထုတ်ဝေရေးလုပ်မှန်း မသိဘူး၊ 'တိမ်ဦး'စာအုပ်ထုတ်ဝေရေးက သားရဲ့လုပ်ငန်းကိုး"

ဒေါ်မိုးသဲ၏မျက်နှာကြီးက ကျေနပ်တာနှင့်မတူဘဲ ငိုမဲ့မဲ့ကြီးဖြစ်နေတာနှင့်တူနေ၏။ ဒေါ်ကြည်ဖြူပင် နားမလည်နိုင်ဖြစ်သွားခဲ့သည်။

စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ခုခေတ် ပေါ်ပြူလာဖြစ်နေသည့် ကုမ္ပဏီလုပ်ငန်းကြီးတွေ၊ ဘာတွေမဟုတ်လို့လား၊ ဒါလည်း ရှင်းပြခဲ့ပြီးပါပြီ၊ သားရဲ့ဝါသနာဆိုတာ။

ပြီးတော့ ဟိုတုန်းကတစ်ုံးက ကိုယ့်အသိုင်းအဝိုင်းအင်အား ဘယ်လောက်ကြီးမားတောင့်တင်းသလဲဆိုတာ ဒေါ်မိုးသဲ အသိဆုံး။

သူမနှင့် အစ်ကိုကြီး ပတ်သက်ခဲ့စဉ်ကဆို မောင်နှမနှစ်ယောက် ဖြစ်ဦးမည်။ အခုက အဘက်ဘက်မှ ရှိသမျှအမွေအားလုံးကို ဆက်ခံမည့် တိမ်ဦးလေဟာ တစ်ဦးတည်းသောသား။

ထို့ပြင် လက်ရှိစီးပွားရေးအခြေအနေချင်းက နှစ်ဖက်ယှဉ်လည်း မိုးနဲ့မြေလောက် ကွာသည်။

ကိုယ် လမ်းခင်းခဲ့တာက စည်းစိမ်ဥစ္စာနှင့်မဟုတ်ဘဲ သံယောဇဉ်နဲ့ဖြစ်၏။ စေ့စပ်ဆွေးနွေးပွဲသည် နှစ်ဦးနှစ်ဖက်၏ရင်ထဲမှာ လျှို့ဝှက်ခြင်းကိုယ်စီဖြင့်...

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"မေမေကလဲ အစကတည်းက နာမည် သေချာပြောပြပါလား၊ အခု ဘယ်လိုလုပ်မလဲ"

"ဘာလုပ်ရမှာလဲ၊ ဒီလောက်ချမ်းသာတဲ့လူကို ဘာအကြောင်းနဲ့ဖြစ်ဖြစ် ညည်း လက်ထပ်ရမှာပဲ"

စည့်သည်တွေပြန်သွားသည်နှင့် ဒေါ်မိုးသဲ ထဘီတစ်ဖက်,မ၍ အပေါ်ထပ်ကို တက်သွားခဲ့တာ မပြေးရုံတစ်မယ်ပင်။ အခန်းထဲမှာ လက်ပိုက်၍ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသော သမီးကြီး သဲမြညွာကို မြင်သည်နှင့် ဒေါ်သက မထိန်းနိုင်။

နောက်(ဆ)ပ်ပါလာသည့် ဦးဇော်ကိုကလည်း ဝင်ပါလာတော့ ပွဲက စည်သွား၏။

ပြီးတော့ အငယ်မ သိမ့်သိမ့်သဲကလည်း မကျေနပ်။





"ဟုတ်တယ် ဟုတ်တယ် မမညွာ ကြီးကျယ်တာ လွန်ကိုလွန်တယ်၊ သိမ့်ကတော့ ခဲအိုလောင်းကိုချောင်းကြည့်နေရတာ အားမရလို့ မမညွာနဲ့ အတူတူထွက်သွားမှ သေချာကြည့်မယ်လို့ ခဲထားတာ"

"ဟုတ်သားပဲ ညွာညွာ၊ ကောင်လေးက သန့်သန့်ချောချောလေးပဲ ဘာဖြစ်နေတာလဲ၊ သူ့ဟာသူ 'တိမ်ဦး' စာပေက တိုက်ပိုင်ရှင်ဖြစ်တော့လဲ ဖြစ်ပေါ့"

"အန်ကယ်ဇော်ကလဲ တစ်မျိုး"

ဘယ်ကိုကြည့်ကြည့် ကိုယ့်ကိုပဲ အပြစ်တင်နေကြသဖြင့် ညွာ့မျက်နှာလေး ညိုပုပ်လာသည်။ ဒီနေ့ စေ့စပ်ဖို့လာကြလိမ့်မည်ဟု သိထားသဖြင့် အကျအန ဝတ်စားထားသမျှ မထွက်ရဲ၍ မဆင်းရဲနှင့် အခန်းထဲမှာပဲ ဒီတိုင်းပဲ ပြီးခဲ့ရသည်။

သာမန်အတိုင်းသာဆို ကိုယ်က စာရေးဆရာမ၊ သူက ထုတ်ဝေသူ ပိုတောင်အဆင်ပြေသေးသည်။ ခုက ဒီလိုမဟုတ်။

"မေမေတို့၊ အန်ကယ်ဇော်တို့ အဲဒီလိုတွေပြောနေနိုင်တာ ညွာ တကယ် အံ့သြတယ် သိလား၊ သူနဲ့ညွာ ဘယ်လိုမှ ရင်ဆိုင်လို့မဖြစ်ဘူး ဆိုတာကို သိသားနဲ့"

"အို... ဘာလို့မဖြစ်ရမှာလဲ၊ အခု စေ့စပ်မှာနဲ့ လက်ထပ်ဖို့နဲ့ကြားမှာ စာအုပ်သုံးအုပ်လောက် အေးအေးဆေးဆေး ထုတ်လို့ရသေးတယ်၊ လက်ထပ်ဖို့ဖြစ်လာတော့ စာမရေးချင်တော့ဘူးလို့ အကြောင်းတစ်ခုခု ပြပြီး ပြောလိုက် ပြီးတာပဲ"

"မဖြစ်ဘူး၊ အဲဒီလိုမဖြစ်ပါဘူး မေမေရယ်"

ညွာက ညည်းညည်းညူညူပြော၍ အိပ်ရာပေါ်မှာ နောက်ပြန် ဆောင့်ခနဲထိုင်လိုက်၏။ 'တိမ်ဦး' စာပေတိုက်ပိုင်ရှင်ကို သူမ တစ်ခါပဲဆုံဖူးသည်။

အများအပြောအရ စာပေကိုမြတ်နိုးသည့်လူ၊ ငွေကြေးနှင့်စာပေ



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် စာပေကိုသာ အလေးထားသူ စသဖြင့် သူ့အကြောင်းတွေကို ကြားနေခဲ့ရ၏။

မြင်လိုက်ရတော့ ပိုင်ရှင်ဟာ သူမ ထင်သလို လူကြီးအရွယ်မဟုတ်ဘဲ တင့်တယ်ချောမွေ့သောရုပ်ရည်နှင့် မျက်ဝန်းတွေကအထက်စီးဆန်သည်။

လူတစ်ယောက်ကို စူးစိုက်ကြည့်ပြီးမှ ပြောတတ်သည့် သူ့စကားများက ညှာတာစာနာတတ်သည်ဟု ညှာကတော့ မထင်ပါ။ တစ်ဖက်သား အပေါ် စူးရှထိုးဖောက်၍ စိုးမိုးလိုခြင်းသာဖြစ်နိုင်၏။

သူများပြောနေတာကို လက်ခံသလိုလို၊ နားလည်သလိုလိုနှင့် ငြိမ်သက်စူးစိုက်ပေးနေခဲ့ပြီး နောက်ဆုံးကျမှ သူ သုံးသပ်ဆုံးဖြတ်လိုက်တာကို ပြောချပစ်လိုက်တာ တစ်ခွန်းတည်း။ ဒီလိုလူကို သူကလည်း မေတ္တာမရှိ ကိုယ်ကလည်း မချစ်ဘဲ ဘယ်လိုနားလည်မှုတွေ ရယူမလဲ။

"အခု သူက သဲမြညှာ ဆိုတာ စာရေးဆရာမ 'သဲမှာ'မှန်း မသိလို့"

ညှာက ပြန်စပြောလိုက်တော့ ဒေါ်မိုးသဲက ချက်ချင်း...

"သိတော့ ဘာဖြစ်သလဲ သမီး၊ ခုပဲ မေမေ ပြောနေတယ်မဟုတ်လား၊ လက်ထပ်ပြီးတာနဲ့ စာမရေးချင်တော့ဘူးဆိုရင် ပြီးတာပဲ"

"ဟုတ်သားပဲ ညှာညှာ၊ သူတို့က ဟိုတုန်းကတည်းက နည်းနည်းနောနော ချမ်းသာတာမဟုတ်ဘူး၊ ညည်းရဲ့ မေမေနဲ့ သူ့အစ်ကိုကိစ္စမှာ သူက ကရုဏာတွေရှိခဲ့လို့ အခု ဒီလိုစီစဉ်ပေးဖို့ထိ လိုက်လျောလာတာ၊ ကိုယ့် မိသားစုအကြောင်းလဲ ညည်း သိသားနဲ့"

"သိလို့ ညှာလဲ ကြိုးစားနေတာပဲ အန်ကယ်ဖော်၊ အခု ဖေဖေ့ကြောင့် ပြိုဆင်းသွားခဲ့သမျှ ညှာ့လက်ထဲမှာ ခေါင်းထောင်လာနိုင်တာပဲ"

"အမယ်လေးနော် လက်တစ်ဆုပ်လောက်ပွဲရုံလေးကိုပြောပြီး မာန်တက်နေပြန်ပြီ"

"မေမေပဲ ငါ့သမီးကျမှ အသက်ရှူချောင်လာတာ၊ ငါ့သမီးကြီးက





တော်တယ်နဲ့ အခုတော့ လက်တစ်ဆုပ်လောက်လေးဖြစ်သွားပြီလား"

ပြောချင်တာက တခြား၊ ညှာက တလွဲတွေးလိုက်တော့ ပိုဝေးသွားသည်။ လက်ထပ်ပေးဖို့ကိစ္စကနေ သားအမိ အငြင်းပွားရသည့်အဖြစ်သို့ ရောက်သွားသဖြင့် ဒေါ်မိုးသဲက မှန်တင်ခုံရှေ့မှာ ထိုင်လိုက်ပြီး...

"ငါပြောတာကို လက်ခံစမ်းပါ ညှာညှာရယ်၊ စီးပွားရေးမှာ ညည်း ဦးဆောင်နိုင်နေပေမယ့် ငါက ညည်းရဲ့အမေ၊ ညည်း မအေစကားကို နားထောင်ရမှာပေါ့။ ဘာလဲ အဲဒီကောင်လေးနဲ့ ညည်းနဲ့ ပြဿနာတစ်ခုခု ဖြစ်ခဲ့ဖူးလို့လား"

"မဖြစ်ခဲ့ဖူးပေမယ့် ဖြစ်တာထက်ဆိုးတယ် မေနမ၊ သူ လေးစားပါတယ်ဆိုတဲ့ စာရေးဆရာလိုလူကိုတောင် ဒီလိုကြည့်၊ ဒီလိုပြောတာ..."

"ဘာဖြစ်လဲ ကိုယ်လဲ စာရေးဆရာမပဲဟာ"

ညှာ ပါးစပ်ပြင်လိုက်တော့ ဦးဖော်ကိုက လက်ကာ တားဆီးကာ...

"ငါ့တူမဖြစ်နေတာကို အန်ကယ် သဘောပေါက်တယ်၊ ငွေနဲ့ ပတ်သက်ပြီး လူတွေမှာ စောင့်စည်းကြဖို့ တော်တော်ခက်ကြတာကွာ၊ အခု က ကိုယ့်ရှေ့မှာ ဖုတ်သွင်းရထားဆိုက်လာတဲ့အဖြစ်..."

"ဟင့်အင်း ညှာ ရှက်တယ်"

"ဘာကိုရှက်ရမှာလဲ၊ အခုတောင်မှ သမီး ဆင်းမတွေ့လို့ မေမေ ဘယ်လောက်မျက်နှာပျက်ခဲ့ရသလဲ သိလား၊ ဘယ်လိုပဲကြည့်ကောင်း အောင်ပြောပြော မတွေ့ချင်လို့ ဆင်းမလာတာမှန်း သိမှာပဲ"

"သိမ့်နဲ့ပဲ လက်ထပ်ပေးလိုက်ပါ မေမေရယ်"

"မဖြစ်ပါဘူးအေ၊ ဟိုကလဲ သူ့အသက်အရွယ်နဲ့သူ တင့်တယ်မှာကိုပဲ လိုချင်မှာပေါ့"

ပြော၍ စပ်ဖြဲဖြဲလေးလုပ်နေသည့် သိမ့်ကို ဒေါ်မိုးသဲ လှမ်းကြည့်သည်။ ဒီလို ဟော့ရှော့ပုံနဲ့တော့ ဖြူလေးတို့ဘက်က သဘောကျမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။

ဟိုတုန်းကတည်းက ဒီမိသားစုတွေက မြင့်မြင့်မားမား သိမ်သိမ်မွေ့မွေ့ နေတတ်ကြသည့်လူတွေ။ လူကြီး လူငယ် လူလတ် အားလုံးကို ကြည့်လိုက်လျှင် တစ်ပုံစံတည်းပဲဖြစ်သည်။ ယောကျ်ားလေးလည်း ခေတ်မီမီ ခပ်မိုက်မိုက်ပုံ ဘယ်သူမှမထွင်။

မိန်းကလေးတွေဆိုလည်း သိမ်မွေ့နုန်းဆန်၏။ ဖြူလေး ဒီကို ပထမဆုံး စရောက်လာသည့်နေ့ကလည်း သူ့မမျက်လုံးတွေက သမီးကြီးဆီမှာပဲဖြစ်သည်။

ထို့ပြင် စာရေးဝါသနာပါသည်ဆိုသည့်အချက်ကြောင့် ပို၍ သဘောကျသွားခဲ့တာဖြစ်၏။

"ကောင်းတယ် မမသဲ၊ သားကလဲ စာပေဆို တကယ့်ကို သဲကြီးမဲကြီး ရယ်"

စာအုပ်တိုက်မှာ သမီးနဲ့ ဒီသူငယ် ဆုံဖူးကြမည်ဟုလည်း နည်းနည်းမှ မတွေးမိခဲ့တော့။ သမီးကို အဆင်သင့်ပြင်ဆင်ပြီးတော့တောင် စောင့်နေနိုင်းထားမိသေးသည်။

ကြွကြွလှလှလေး ခေါ်ထုတ်ပြပြီး ကိုယ့်သမီးလေးလှတာကို ကြွားချင်သည်။ ဒီသူငယ် ချက်ချင်း သဘောကျသွားမှာပဲဟုလည်း တွက်ပြီးသား။ ခုတော့...

"နို့ နေပါဦး စာအုပ်တိုက်ကို သမီးက ဘာသွားလုပ်လိုက်တာလဲ"

တွေးနေရင်း သတိတရမေးလိုက်မိတော့ အားလုံးကလည်း ညာ့မျက်နှာကို စိတ်ဝင်တစား ကြည့်ကြ၏။ သိမ့်ကတော့ သိနေသဖြင့် မှန်တင်ခုံပေါ်က ပုံသွင်းဘီးကိုယူလိုက်ပြီး မြတင်းပေါက်ဆီ လျှောက်သွား၏။

စကားပြောရင်းတစ်ဖက်နှင့် ကိုယ့်သမီးကို သမင်လည်ပြန်လိုက်ကြည့်ကာ ရင်မောသွားမိ၏။ ကိုယ်လည်း ဒါမျိုးတွေဝတ်တာ မကြိုက်ပါ။





ဒါပေမယ့်...

ဒေါ်မိုးသဲ အာရုံကိုဖြတ်ပစ်လိုက်ပြီး ဒီဘက်ပြန်လှည့်သည်။

"ပြောစမ်း သမီး။ လရောင် သွားလာပေးနေတာ အဆင်ပြေနေသားနဲ့ ဘာဖြစ်လို့ သမီးက လိုက်သွားရတာလဲ"

"လရောင်ကို မေမေက တော်တော်ယုံနေသလား၊ 'သဲမာ'က အခုနာမည်ကြီးနေပြီ စောင်ရေတက်ရင် တက်တဲ့အတိုင်း စာမူခက ပြောင်းလဲသွားမှာ"

"အေးလေ အဲဒါကို မေမေတို့ သိတာပဲ"

"သူ့ကို မယုံလို့ပေါ့။ စာချုပ်ဆိုတာက ပထမတုန်းက စာချုပ်ကြီးချုပ်ခဲ့တာပဲရှိတာ၊ နောက်ထပ် ငါးအုပ်တစ်ဖြတ်ချင်းမှာ စောင်ရေတက်တဲ့အတိုင်း ပေးသွားတာက ဟိုမှာပဲ လက်မှတ်ထိုး ငွေယူပြီး လုပ်ကြတော့တာ၊ ညာ မယုံလို့ လိုက်သွားပြီး ကိုယ်တိုင် ချုပ်ခဲ့တာ"

"အဲဒါပေါ့ မမညာ၊ မမညာ လောဘကြီးလို့ ခံရတာ"

"ဘာ..."

သိမ့်က ဘီးလေးကိုထောင်၍ ဒီဘက်လှည့်လာ၏။ ဒေါ်မိုးသဲဘေးကျမှ ရပ်တန့်ကာ ညာ့ကို မေးဆတ်ကြည့်ရင်း...

"မဟုတ်လို့လား၊ လရောင်က ကိုယ့်ကို လိမ်ရဲ့ ညာရဲမယ့်လူမှ မဟုတ်တဲ့ဟာ ကြံဖန်တွေးပြီး လောဘကြီးလို့ပေါ့"

"မိသိမ့် နင်..."

"ကဲ တော်ကြစမ်း"

ဒေါ်မိုးသဲက မောင်ဖြစ်သူကို အကူအညီတောင်းသလို လှမ်းကြည့်လိုက်သေးသည်။

ပြီးမှ...

"ညာညာ သမီးကို မေမေ ပြောမယ်၊ ညည်း တိမ်ဦးလေးနဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ နောက်ထပ် ဖြူလေးတို့နဲ့ မျက်နှာပျက်စရာ၊ အထင်မြင်လွဲစရာ အဖြစ်မျိုး ဘာမှ မဖန်တီးပါနဲ့ ဒါပဲ”

ညာက မျက်ခုံးလှလှလေးတွေ တွန့်ချိုးလျက် မိခင်ဖြစ်သူကို ကြည့်သည်။

အစက မိဘစကား နားထောင်မလို့ ခေါင်းညိတ်ခဲ့တာပဲ၊ ဘာဖြစ်လို့ မဖြစ်နိုင်တာလဲ ဆိုတာကိုလည်း ကိုယ်ပဲသိသည်။

ဒီလိုလူမျိုးကို အလွယ်တကူ လှည့်စားဖို့ဆိုတာ..

♥ ♥ ♥





အခန်း (၆)

“သူဌေး ဒီမှာ မျက်နှာဖုံးတွေ ရုံးကျပြီ”

“အင်း ဘာရှိသေးလဲ”

“သံမာရဲ့ မင်းသားကို နာမည်ပြင်ခိုင်းတယ်”

အယ်ဒီတာစားပွဲပေါ်က ဝတ္ထုတိုတွေကိုဖတ်နေရင်း တိမ်ဦး မျက်ခုံးနဲ့ မော့လာ၏။

“မင်းသားနာမည်က ဘာမို့လို့လဲ”

“စံနစ်”

တိမ်ဦး မျက်မှောင်ကြုတ်သွားသည်။ ခဏကြာမှ ခေါင်းညိတ်ကာ..

“ဒါပဲလား”

“ချစ်သဝန်ရဲ့ မင်းသားကိုလဲ ပြင်ခိုင်းတယ် သူဌေး”

“နာမည်ပဲလား၊ ဘာဖြစ်နေလို့လဲ”

“နိုင်ငံ တဲ့”

တိမ်ဦးမျက်နှာမှာ စိတ်ရှုပ်သည့်အမူအရာတွေ ဖြစ်ပေါ်သွားလေသည်။ ပြီးတော့ ခပ်လေးလေး ခေါင်းညိတ်လိုက်ပြီး...

“ချစ်သဝန်ဆီကို ဖုန်းဆက်လိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"သံမာကကော သူ့ရွေး"

"ဝါ ဆက်လိုက်မယ်၊ မင်း အခု ဗိုင်းနှင်းကို သွားလိုက်တော့"

"ဟုတ်ကဲ့"

စာမူတွေကို ဘေးခဏဖယ်ထားလိုက်ပြီး သူ ဖုန်းကိုင်လိုက်သည်။ စာပေစိစစ်ရုံးနဲ့ အမြဲထိတွေ့နေရတာက ထုတ်ဝေသူပဲဖြစ်သည်။ ဒီလို ပြင်ဆင်ချက်တွေထွက်လာပြီဆို စာရေးဆရာနဲ့ ပြန်ပြီးပြောဆိုဆွေးနွေးတာကျတော့ ကိုယ်ကပဲ အမိန့်ပေးခိုင်းသလိုလို...။

မဆက်ချင်ပေမယ့် ဆက်လိုက်ရသည်။ ချစ်သဝန်ကတော့ ပြောရတာ သိပ်မဆိုး။

"ကျွန်တော် မနက်ဖြန်ညနေ လာခဲ့ပါ့မယ်၊ နာမည်အစားလဲဖို့က ချက်ချင်းမရလို့ပါ နော်"

သံမာဆီကိုဆက်တော့ သူ ဖုန်းစောင့်ရင်း ပြုံးလိုက်မိ၏။

"ဟလို..."

ထွက်ပေါ်လာသည့် မိန်းမသံကြောင့် သူ့မျက်နှာ ခပ်တည်တည် ဖြစ်သွားကာ...

"သဲမြညာ ကိုယ့်ဆီတာဖုန်းဆိုလို့ ကိုင်ဖို့ တော်တော်စဉ်းစားလိုက်ရတယ်ထင်တယ် ဟုတ်လား။ ဖုန်းတစ်လုံးနဲ့ တစ်ရပ်ကွက်လုံးကို လိုက်ခေါ်ပေးနေရတဲ့နေရာမျိုးကို ခေါ်ရသလိုပဲ၊ မင်းကိုခေါ်ပြီး ကိုယ်စောင့်နေတာ သုံးမိနစ်ရှိသွားပြီ"

"ရှင်က ကျွန်မကို သိနေပါလား၊ ထင်သားပဲ ရှင်က လူညံ့မှမဟုတ်တာ"

"ညံ့တာပေါ့ သဲမြညာ၊ သံမာ ဆိုတာ မင်းပဲလို့ ကိုယ် မသိခဲ့ရတာ ညံ့တာပဲ၊ အိမ်ထဲမှာထိုင်လိုက်မိတော့မှ လွင့်တက်သွားတဲ့ ခန်းဆီးနောက်ထဲက ကြောင်ဖြာကို ဖျတ်ခနဲမြင်လိုက်လို့ သိတာ။ အဲဒီကျမှ မင်း မတွေ့ချင်





လို့ ဆင်းမလာတာမှန်း ကိုယ် တွေးမိလိုက်တာလေ။ အဲဒါ ဘာဖြစ်တာလဲ"

တစ်ဖက်မှာ အသံတိတ်ကျသွားခဲ့ပေမယ့် စကားသံ ပြန်ထွက်လာတော့လည်း သူ့မေးခွန်းကို ဖြေခဲ့တာမဟုတ်။

"ရှင် ဘာပြဿနာရှိလို့လဲဟင်"

တိမ်ဦး နားလည်လိုက်သဖြင့် ဖုန်းပြောရင်း ခေါင်းဆတ်ညိတ်လိုက်မိသည်။

"ရှိတယ်၊ မင်းရဲ့ 'အလွမ်းနဲ့ပျော်တဲ့သူပါ' ဇာတ်လမ်းထဲက မင်းသားဇာတ်ကောင်နာမည်ကို ရုံးက ပြင်ခိုင်းထားတယ်၊ မင်း မှတ်မိလား"

"ဟင်... ဟင့်အင်း"

"စံနစ် တဲ့၊ အင်းပေါ့ စာတွေ တအားရေးနေရတော့ မေ့တာလဲ မေ့မှာပေါ့၊ အဲဒါလေး စဉ်းစားပြီး ပြန်ပြင်ပေးဖို့ပါ။ ဘယ်နေ့လောက်သိရမလဲ"

"နာမည်လေးပဲရှင် ကိုတိမ်ဦးပဲ အဆင်ပြေသလို ပြောင်းပေးလိုက်ပါ"

"ဘယ်လို..."

"ဟုတ်တယ်လေ၊ ညာတို့မှာ ဝတ္ထုတစ်ပုဒ်လုံးအတွက် ခေါင်းထဲထည့်နေရတာ အဲဒါလေးအတွက် ခေါင်းထဲ ထပ်မထည့်ချင်ဘူး။ စာရေးဆရာလဲ တမူခရတယ်၊ ထုတ်ဝေသူလဲ အကျိုးအမြတ်တွေရှိနေတာပဲမဟုတ်လား၊ ဒါလေးတော့ ခေါင်းစားခံပေးသင့်ပါတယ်"

"သဲမြညာ"

ဖုန်းကို ဖိဆုပ်လိုက်ရင်း သူ့ခေါ်သံက ခပ်ဆတ်ဆတ်ဖြစ်သွား၏။

"မင်းကို ကိုယ်ပြောနေတဲ့စကားထဲမှာ တမူခတွေ၊ အကျိုးအမြတ်တွေ ဘာမှမပါသေးဘူး ထင်တယ်"

"ဒါပေမယ့် ရှင်ပြောနေတာက ကိုယ့်တာဝန် ကိုယ်ယူဖို့ပဲ လွှဲပေးနေတာပဲ"

"လွှဲနေပြီ ဒီ တာဝန်ဆိုတာက ပန်းကောင်းတိုင်း ထမ်းချင်တဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထမ်းလို့ရတဲ့တာဝန်မျိုးမှမဟုတ်ဘဲ။ မင်းပညာ၊ မင်းရဲ့ဝါသနာနဲ့ မင်းကိုယ်တိုင် ရွေးချယ်ထားတာမဟုတ်ဘူးလား”

“ဟုတ်တယ်၊ ဒါပေမယ့် ညာက ထားခဲ့ပြီးရင် ပြန်မကိုင်ချင်တော့တာ”

“ကောင်းပြီ၊ အဲဒီဓာတ်ကောင်နာမည်ကို ကိုယ် တစ်ခုခုထည့်ပေးလိုက်တဲ့အတွက် မင်းဘက်က ဘာမှပြောစရာဖြစ်လာမှာမဟုတ်တာသေချာလား”

မထင်မှတ်သည့် ရယ်သံသဲ့သဲ့ကို ကြားရသည်။ ပြီးတော့ ပေါ့ပါးစွာ ခွင့်ပြုလိုက်ခြင်း။

“ဒါပဲလားဟင် ဖုန်းချမလို့”

“ပြောစရာတော့ရှိသေးတယ်၊ မင်း နားမထောင်ချင်တော့ဘူးဆိုရင်တော့ မပြောတော့ပါဘူး”

“ခွင့်တောင်းသလိုလိုနဲ့ မာနကြီးပြသွားတာလား”

“အဲဒီလိုဖြစ်သွားရင် ကိုယ် တောင်းပန်ပါတယ်၊ ဒါပေမယ့် ခွင့်တောင်းသင့်တဲ့ကိစ္စမျိုးလို့ ကိုယ် မထင်လို့ပါ”

“ပြောပါဦး”

“အခု တစ်ထိုင်တည်းမှာ ကိုယ် အကဲခတ်မိတာက မင်းက သိပ်ခေါင်းရှုပ်ခံချင်ပုံ မရဘူးလေ”

နောက်ထပ်ရယ်သံကို ကြားလိုက်ရပြန်သည်။ သူမ၏ လှလှပပ ပုံဖော်ထားသောနှုတ်ခမ်းသားတွေ ဖွင့်ဟရယ်နေပုံက မျက်လုံးထဲရောက်လာ၏။

မာနကြီးသော မိန်းမတစ်ယောက်၏ မျက်ခုံးသွယ်သွယ်များက အဖျားလေးတွေကော့တက်နေတတ်ကြသလား၊ ဒါမှမဟုတ် မျက်ဝန်းအိမ်ကျယ်ပြီး ခပ်ရှည်ရှည် ရှိတတ်သလား။





ထိုမျက်ဝန်းများမှာ ဆေးသားရင့်နေတော့လည်း လှနေတာပါပဲ။ သို့သော် ဒီမျက်လုံးတွေဟာ မာနကြီးသည့်ကောက်ကြောင်းဟု သူ သိထားခဲ့တာမဟုတ်ပေ။

ဒါဟာ ရက်စက်တတ်သော၊ ပို၍ရင့်သီးစွာပြောရလျှင် ကောက်ကျစ်တတ်သည့်ပုံတူကွဲကြောင်းများပဲဖြစ်လေသည်။

ပြောသမျှစကား၊ ပြုံးသည့်နှုတ်ခမ်း၊ မျက်နှာတစ်ပြင်လုံးမှာရှိသမျှ ကောက်ကြောင်း၊ ဘာတစ်ခုမှ အနုပညာဆန်နေတာမရှိဘဲ နာမည်ကျော်စာရေးဆရာဖြစ်နေတာလည်း အံ့သြစရာပါပဲ။ ဘာပဲဖြစ်ဖြစ် သူမနှင့် သူမ၏ အနုပညာ သီးခြားတည်ရှိနေခြင်းကို သူ စိတ်ဝင်စား၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ဒီတစ်ခါတော့ သူ ကားရပ်လိုက်သည်နှင့် ဧည့်ခန်းမှာ ထိုင်နေသည့် သဲမြညွာက ထလာပြီး ကြိုခဲ့သည်။ နောက်ထပ်ရှိသေးသည့် တစ်ယောက်ကတော့ မေ့မပြောသည့် အငယ်မလေးဆိုတာပဲဖြစ်မည်။

စကတ်အနီရဲရဲနှင့် ခြေချင်းချိတ်ထိုင်နေ ပုံကို ကားပေါ်ကအဆင်းမှာ တစ်ချက်ပဲဝေ့ကြည့်ဖြစ်သည်။

ထိုဆီသို့ နောက်ထပ် မျက်လုံးမရောက်ဖို့ကို ဦးနှောက်နှင့် အာရုံကြောက ချက်ချင်း ဆုံးဖြတ်ပေးခဲ့၏။

"လာလေ ကိုဦး၊ ခေါင်းရှုပ်မခံချင်တာတွေရှိပေမယ့် နေရာတကာတော့ မဟုတ်ပါဘူး"

ပြုံးပြုံးရယ်ရယ်လေးကြို နေသည့် ညွာ့မျက်နှာလေးကိုတော့ သတိတရ ကြည့်မိ၏။

မေမေတို့နဲ့လာသည့်အခေါက်မှာ ဆင်းမတွေ့ခဲ့သော သဲမြညွာနှင့် လုံးဝ ခြားနားသွားတာကို နှိုင်းယှဉ်တွေးမိ၍ပါ။ သူမ ရည်ရွယ်ချက်က





'သံမာ'နှင့် သဲမြညွာ တစ်ယောက်တည်းဖြစ်နေတာကို ဖုံးကွယ်ထားချင်တာပဲဖြစ်လိမ့်မည်။

သူ သိသွားပြီမို့ ပွင့်လင်းမှုတွေ ရှိလာတာဟု နားလည်လိုက်၏။

"ကိုဦး သူက ညွာ့ ညီမလေး သိမ့်သိမ့်သဲ တဲ့၊ အားလုံးကတော့ သိမ့်လို့ပဲခေါ်ကြတယ်"

"သိမ့်လို့ပဲ ယူလဲ ခေါ်ပေါ့"

ခြေချင်းချိတ်ထားတာကို ဖြေချလိုက်တော့လည်း သိမ်သိမ်မွေ့မွေ့ ညင်သာစွာမဟုတ်။ ကိုယ့်ကိုပြောမှန်းသိ၍ မျက်ဝန်းတွေက သူမထံ ရောသွားပြီးမှ လမ်းခုလတ်မှာပဲ ပြန်ရပ်သိမ်း၍...

"အဟွန်း"

ပြုံး၍ ခေါင်းညိတ်လိုက်ရပေမယ့်လည်း ဘယ်လိုမှ ကြည်လင်မှာ မဟုတ်ပေ။ ဝတ်စားဆင်ယင်ပုံအရ သိက္ခာချင်းယှဉ်မလား၊ ပြီးတော့ ကိုယ်က သူ့အစ်မရဲ့ ခင်ပွန်းလောင်း။

ဤသို့သော ရိုင်းပျခြင်းဖြင့် နှုတ်ဆက်သင့်သလား၊ ထို့ပြင် ငြိမ်ငြိမ်ထိုင်တာမဟုတ်ဘဲ ဆတ်ခနဲ ကိုယ်ကိုကြွ၍ ဟိုဘက်တိမ်း ဒီဘက်ယိမ်း ဝတ်စားထားတာက မလုံ့တလုံ။

"ကိုယ်တို့ အေးအေးဆေးဆေး စကားပြောရအောင်၊ ဖြစ်တယ် မဟုတ်လား ညွာ"

သူမကိုယ်သူမ ညွာလို့ သုံးသဖြင့် သူလည်း ဒီတိုင်းပဲခေါ်လိုက်မိသည်။ ညွာက ဘာမှမပြောရသေးမီ သိမ့်က ဟားခနဲထရယ်ကာ...

"အမယ်လေး တစ်အိမ်လုံးမှာ ယူတို့နှစ်ယောက်အပြင် သိမ့်ပဲရှိတာ၊ ဒီထက် အေးဆေးရဦးမလား ဦးတိမ်ဦးလေ၊ မမညွာကို ဘယ်ခေါ်သွားဦးမှာလဲ"

"သိမ့် ဘာတွေလျှောက်ပြောနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညာက သိမ့် ရယ်နေတာကို လှည့်ပြောကာ...

"ညာတို့ဩထဲမှာဆို ဖြစ်မလား ကိုဦး"

"ကိုယ်လဲ အဲဒါကိုပြောတာပါ ညာ့ကို အပြင်မခေါ်ပါဘူး"

"ဟွန်း"

သူ့ကိုလှောင်ပြုံးနှင့်ကြည့်ပြီး သိမ့်က ထရပ်လိုက်သည်။ ဒါတောင် ကြွခနဲ ခြေဖျားထောက်လိုက်ပြီးမှ ဆောင့်ရပ်သဖြင့် ကိုယ်က သိမ့်သိမ့်ခါ သွားသေးသည်။

"အပြင်သွားမှာဆို သွားလို့ရတယ်နော်၊ မဟုတ်ရင် သိမ့်က အပေါ် ထပ်ကနေ ချောင်းကြည့်မှာပဲ"

"ဟဲ့ အို..."

"ဟား ဟား..."

သိမ့်က အပေါ်ထပ်ကို ပြေးတက်သွား၏။ တိမ်ဦးမျက်နှာက နီလျက် နှုတ်ခမ်းတွေကို ခပ်ဖိဖိ စေ့ပိတ်ထား၏။ ညာ့မျက်နှာလေး နီမြန်းနေကာ...

"လာလေ ကိုဦး"

သူမဘာသာ ကိုဦးလို့ ကင်ပွန်းတပ်လိုက်တာကို လှည့်မကြည့်ဘဲ ခေါင်းညိတ်ရင်း ခြံထဲ အတူလျှောက်ဖြစ်ကြပြန်သည်။

ခြံထဲ ဆိုပေမယ့် ပန်းအလှပင်ဆို၍ မရှိသလောက်ဘဲဖြစ်၏။ သရက် ပင်အိုကြီးတွေပဲများကာ မြက်ခင်းစုအနည်းငယ်က အိမ်ရှေ့ကွက်လပ် လေးနားမှာပဲရှိသည်။ တစ်ခြံလုံးမှာ မြေပြင်အတိုင်းပဲရှိပြီး ရှင်းသန့်နေ၏။

ပြီးတော့ အုတ်ခဲစောင်းလေးတွေစိုက်နှစ်ပြီး ပေါင်ခတ်၍ လူသွား လမ်းကလေးဖွင့်ထားတာကလည်း သပ်သပ်ရပ်ရပ်ရှိနေသဖြင့် လမ်း လျှောက်လို့တော့ အေးချမ်းပါသည်။

"ဟိုဘက်က တိုက်ပျက်ကြီးက ဒီလိုပဲ ပစ်ထားတာလား၊ ဒါမှမဟုတ် ညာတို့ပိုင်တာလား"





သူ မေးလိုက်တော့ ညာက လှမ်းကြည့်ပြီး မဖြေချင်သလို ခပ်ဆိုင်း ဆိုင်းဖြစ်သွားကာ...

"ဟုတ်တယ် ညာတို့ပိုင်တာ၊ ဒါပေမယ့် ပြင်မယ့်သူသာမရှိတာ ညာ ဘို့က ပြုပြင်လိုက်ရင်လဲ လိုချင်တဲ့သူတွေက အဆင်သင့်ရောက်လာမှာ လေ၊ အဲဒါကြောင့် ထားလိုက်တော့တာ"

"သြော်... ဒါဆို အမွေဆိုင်ပေါ့၊ ကိုယ်က ဒီနေရာမှာ သီးခြားဆန်ဆန် သာနေတော့ ဆွေမျိုးနည်းလိမ့်မယ်ထင်တာ"

"နည်းပါတယ်၊ နည်းပေမယ့်လဲ ရှုပ်လာရင် ရှင်းရတာပဲ ကိုဦးရဲ့"

ခပ်ဖြည်းဖြည်းလျှောက်ကြရင်း တိမ်ဦးက ထိုခြံကြီးကိုပဲ လှမ်းကြည့် မိလျက်...

"စပ်စုတယ်မထင်ဘူးဆိုရင်တော့ အကြံပေးချင်တယ်"

"ပြောလေ"

"သြော်... နောက်မှာ ခရေပင်တွေ၊ သပြေပင်တွေနဲ့ ပုန်းညက်ပင်တွေ ကော အပင်ကြီးတွေ နှမြောစရာကောင်းလို့ပါ၊ ပြီးတော့ ဒီခြံထက်လဲ ကျယ်တယ်၊ ပစ်ထားမယ့်အတူတူ သက်ဆိုင်တဲ့ဆွေမျိုးရှိနေသေးရင်လဲ ဘယ်ယောက်ယောက်က အမ်းယူလိုက်ရင် ပိုကောင်းမှာ၊ ဒါမှမဟုတ်ရင် ရသင့်ရထိုက်တဲ့အတိုင်း ခွဲခြမ်းပြီးတော့ ယူလို့ရတာပဲ၊ ကိုယ့်ကို တစ်မျိုး မထင်နဲ့နော်၊ မြင်လိုက်တော့ ချုံနွယ်တွေဖုံးနေတာကြီးကို တစ်မျိုးကြီး ခံစားမိလို့ပြောတာ"

ညာက မျက်နှာလေးမကြည်ပေမယ့် ခေါင်းညိတ်ပါသည်။

"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမယ့် ဒါက လူကြီးတွေရဲ့ ကိစ္စလေး မေမေတို့ကလဲ အဲဒီခြံကိစ္စကို ညာတို့ ဝင်ပြောတာ မကြိုက်တာနဲ့ မပြော ဖြစ်ကြတာ"

ပြောနေရင်း ခြေလှမ်းကို တုံ့ခနဲရပ်ပစ်လိုက်တော့ သူလည်း ရပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ညာ့မျက်နှာလေး ရှေ့ကို လှမ်းကြည့်လိုက်သဖြင့် သူ့မျက်လုံးက အလိုလို နောက်လိုက်ဖြစ်သွား၏။

နောက်မှာ ခြံကျယ်ထားခဲ့တာကို သူ သဘောပေါက်သွားသည်။ နောက်ဖေးခြံစပ်မှာ သံချေးတက်နေသော သွပ်ချပ်တွေ မညီမညာ ကပ်ပိတ်လျက် ပျဉ်တိုပျဉ်စတွေလည်းပါနေသည့် ထင်းရုံလိုလို၊ ဂိုဒေါင်လိုလို တစ်ခုရှိသေး၏။ ဒါပေမယ့် ဘေးက အဝတ်တန်းမှာ ပုဆိုးတစ်ထည် လှန်းထားတာကိုမြင်ရသဖြင့် လူနေတာမှန်း သူ သိလိုက်သည်။

"ဟိုဘက်က သွားရအောင်"

ညာက ချက်ချင်း လမ်းကြောင်းပြောင်းပစ်၏။ ကိုယ်က ခေါ်သည်ပဲမို့ သူမခေါ်သည့်ဘက်ကိုပဲ လျှောက်လိုက်ခဲ့ကာ..

"ညာ"

"ဟင်.. ပြောလေ"

"ဟိုနေ့က မင်း ဆင်းမတွေ့တဲ့ကိစ္စမှာ မေမေနဲ့ဖေဖေ တော်တော် စိတ်မကောင်းဖြစ်သွားကြတယ်"

အပြန်တစ်လမ်းလုံး စကားတွေများသွားကြတာကို မပြောဖြစ်ခဲ့ပါ။

"ဟုတ်လား။ အဲဒါကိုလဲ တောင်းပန်ချင်လို့ ညာ တမင်စောင့်နေတာပါ။ မေမေကလဲ ညာ့ကိုဆူတယ်လေ၊ ညာ အပေါ်မှာရှိနေမှန်း ကိုဦးတို့ရိပ်မိတာကိုလဲ မေမေက သိပါတယ်"

"ဘာဖြစ်လို့မဆင်းတာလဲ"

"ကိုဦး အဲဒီလောက် မအဘဲနဲ့ ဘာလို့မေးနေတာလဲ"

ဒေါသလိုလို၊ မှုန့်ဘလိုလိုနှင့် ညာက မကျေမနပ်လေး မော့ကြည့်သည်။ ပြီးတော့ မျက်နှာလေး ပြန်လွှဲလိုက်ကာ..

"ညာက တစ်ယောက်နဲ့တစ်ယောက် မသိကြဘဲ ဆုံစည်းကြ၊ လေ့လာကြရတာကို စိတ်ဝင်စားတာ၊ ပြီးတော့လဲ မသင့်မြတ်တာမျိုးမဟုတ်





ပေမယ့် ကိုဦးနဲ့ညာ ပြောဆိုဖူးကြတုန်းက သိပ်အဆင်မပြေခဲ့ကြဘူးလေ၊ ညာ့ရဲ့ဖူးစာဖက်က ကိုဦးဖြစ်လာတော့ အံ့ဩတာကော၊ မဖြစ်ချင်တာကော၊ နောက်ပြီးတော့ ရှက်သလိုလို၊ အားငယ်သလိုလို.."

"ဘာကိုအားငယ်တာလဲ"

"ထပ်ကြားချင်လို့လား ကိုဦး။ ညာကလဲ မာနတော့ကြီးတယ်နော်၊ ဒါပေမယ့် အဆင့်အတန်းဆိုတာ.."

"ငွေကြေးဥစ္စာကို အဆင့်အတန်းလို့ မင်းက သတ်မှတ်တာလား ညာ၊ အိမ်ထောင်ရေးကို ဘယ်တုန်းကမှ ခေါင်းထဲမထည့်ခဲ့ဖူးဘဲနဲ့ ကိုယ့်အတွက် မေမေ စီစဉ်နေတာဟာ စာရေးဆရာမတစ်ယောက်ဆိုတာ သိလိုက်တာနဲ့ စိတ်ဝင်စားသွားတယ်၊ အနုပညာစိတ်ရှိတဲ့လူတွေဟာ တစ်ယူသန်တယ်၊ ဖွဲ့ရှိတယ်၊ သူတို့ကို နားလည်ပေးနိုင်တာဟာ သူတို့လိုလူပဲ ညာ၊ ကိုယ်က ကိုယ်နဲ့ ဝါသနာတူ၊ စရိုက်တူကို လိုချင်တာ၊ ဘာဖြစ်လို့လဲ ဆိုတော့ လူချင်းပေါင်းပြီး စိတ်ဆင်းရဲနေကြရတဲ့ အိမ်ထောင်ရေးမျိုးကို မလိုချင်ဘူး၊ လူကော စိတ်ကော နွေးထွေးချင်တယ်၊ ကိုယ် တည်ထောင်ခဲ့တဲ့ အိမ်ထောင်ရေးအပေါ် အမြဲတမ်းကျေနပ်ပြီး သေတစ်ပန်သက်တစ်ဆုံး နိုင်မြဲချင်တယ်၊ အခု မင်းဆီကိုရောက်လာတာ ကိုယ့်သဘောနဲ့ကိုယ်ပါ၊ မိဘတိုက်တွန်းလို့မဟုတ်ဘူး"

ညာက ရှုစမ်းသောမျက်ဝန်းလေးတွေနှင့် မော့ကြည့်သည်။ နားသယ်စပ်မှာ သိမ်းထိုးထားသည့် ကျောက်ကလစ်ကလေးနှင့်အပြိုင် မျက်ဝန်းအစုံက လက်တောက်နေ၏။

တိမ်ဦးသည် ညာ့မျက်ဝန်းလေးတွေကို စိုက်ကြည့်ပြီးမှ ဆက်ပြော၏။

"ချစ်တာတွေ၊ မေတ္တာတွေကို တူးဖော်ကြဖို့ မကြိုးစားလေးဘဲ ကိုယ်တို့တည်ဆောက်ကြမယ့် အိမ်ထောင်ရေးအတွက် နားလည်မှုတွေ

www.burmeseclassic.com



ယူထားချင်တယ်"

မမေးပေမယ့် 'ဘယ်လိုလဲ'ဟု မေးလိုက်တာမျိုး မျက်ခုံးနှစ်ဖက်ကို ပင့်၍ မေးဆတ်သဖြင့် ညွှာက မပွင့်တပွင့်လေးပြုံးသည်။

မျက်ဝန်းလေးများမှအကြည့်ကို ဘေးသို့ အနည်းငယ်ရွှေ့ပစ်လိုက်ပြီးမှ...

"ဆက်ပြောလေ ကိုဦးက ဘယ်လိုဖြစ်ချင်တာလဲ"

"ဒါဆို ပြောမယ်နော်၊ မင်းနဲ့ကိုယ် အခု လူကြီးတွေက ပြောဆိုစေ့စပ်ထားပြီးပြီလို့ သတ်မှတ်ပြီး ကိုယ်တို့လဲ သဘောတူကြည်ဖြူခဲ့ကြတယ်လို့ ပထမ သတ်မှတ်မယ်"

ညွှာ့ကိုကြည့်တော့ ညွှာက စဉ်းစားသလိုလေးလုပ်နေပြီးမှ ခေါင်းညိတ်၏။

"ညွှာ လက်ခံပါတယ်"

"ဟုတ်ပြီ၊ ဒါဆို နောက်ထပ် အကြီးအကျယ်စေ့စပ်ပွဲလုပ်ဖို့၊ လက်ထပ်ဖို့ ဘာညာတွေကို မင်းနဲ့ကိုယ်က ဆုံးဖြတ်သတ်မှတ်တာပဲဖြစ်ကြအောင်"

"ဘာဖြစ်လို့လဲဟင်၊ ကိုဦးမိဘတွေက ညွှာ့ကိုများ စိတ်ဆိုးနေလို့လား"

"မဟုတ်ဘူး၊ မေမေက ဒေါ်မိုးသဲသမီးဆိုရင် ဘယ်အချိန်၊ ဘယ်အခြေအနေဖြစ်ဖြစ် နားလည်ပေးနိုင်အောင်ကြိုးစားမယ့်သူပါ၊ ခုလဲ ကိုယ်က စိတ်လိုလက်ရ ဒီကိုသွားမယ်ပြောတော့ ဝမ်းသာနေတာ"

ညွှာက ခေါင်းလေးညိတ်ပြမှ...

"ကိုယ်က မေတ္တာကိုပဲလိုချင်တာ၊ မိဘတွေဆုံပေးခဲ့လို့ တွေ့ကြရတာပေမယ့် ပေါင်းကြရမှာက ကိုယ်တို့ပဲ၊ ခုချိန်မှာ မင်းနဲ့ကိုယ် ဒီစကားတွေပြောကြဖို့က စောပါသေးတယ်၊ ကိုယ်က မပေးနိုင်သေးဘဲ တစ်ဖက်





က သိမ်းယူတာမျိုး ကိုယ် မလုပ်ဘူး"

"ညွှာလဲ ဒီလိုပဲ၊ ကိုဦးကို ကျေးဇူးတင်ပါတယ်၊ နောက်ကျမှ ညွှာ့ကို နေစိမ့်တယ်လို့ စိတ်မရှည်ဖြစ်သွားမှာပဲစိုးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညွှာက ကိုယ့်အတွက် သိပ်အရေးမပါဘူးထင်ရင် ဥပေက္ခာထားပစ်လိုက်တာပဲ"

တိမ်ဦးက နှုတ်ခမ်းမဖွင့်ဘဲ ပြုံးတတ်သည့် သူ့အကျင့်အတိုင်း ညွှာ့ကို စိုက်ကြည့်ပြီး ပြုံးလိုက်၏။

"ပြောလို့တော့မရဘူး ကိုယ့်မှာလဲ အဲဒီလိုပဲဖြစ်လာနိုင်တယ်၊ ဥပေက္ခာချင်းတူနေတော့လဲ လှည့်ပြန်ကြရုံပေါ့ မကောင်းဘူးလား"

ညွှာ့မျက်နှာလေး ကွက်ခနဲပျက်၏။ ဒါပေမယ့် ပြုံးနိုင်အောင် ပြုံးလိုက်၍...

"ကောင်းတယ်"

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ကောင်းတာပေါ့ကွယ်၊ မေမေတို့ကလဲ မိဘဝတ္တရားအတိုင်း စီစဉ်ပေးကြတယ်ဆိုပေမယ့် လူငယ်တွေ ကျေနပ်နှစ်သက်ကြတယ်ဆိုမှ အားလုံး မင်္ဂလာမည်မှာပါ။ လက်ထပ်ကြဖို့က သားနဲ့သမီးတို့ ဆွေးနွေးတိုင်ပင်ကြပေါ့"

တိမ်ဦးနှင့်ညာ အဆင်ပြေသွားကြသည်ဆိုတော့ ဒေါ်ကြည်ဖြူ ပထမ အံ့ဩသွားသည်။ နောက်တော့ ဝမ်းသာသွားခဲ့၏။ ကိုယ် သွားခဲ့တုန်းက အဆင်မပြေခဲ့တာကိုတော့ ဖအေဖြစ်တဲ့သူက ခုချိန်ထိ မကြည်မလင်ပြောနေတုန်း။

"ဖေဖေ ဘယ်သွားလဲ မေမေ"

"ရှိပါဗျာ၊ ဖေဖေ ခုပဲ စာကြည့်ခန်းဝင်တော့မလို့၊ သားတို့အသံကြားတာနဲ့ ထွက်လာတာ"

"ဖေဖေ"

တိမ်ဦးက နေရာမှထရပ်လိုက်တော့ ဦးဘစိုးက လက်ပိုက်လေးထိုင်လျက် တိမ်ဦး ထရပ်လိုက်တာကို မော့ကြည့်နေသည့် ညာ့ထံသို့ ပြုံး၍ ဝေ့ကြည့်သည်။

"ထိုင် ငါ့သား ထိုင်၊ ကိုယ့်အိမ် ကိုယ့်အဖေပဲကွ ဧည့်သည်မှမဟုတ်တာ"





ဧည့်သည်က မထဘူးလို့ပြောချင်တာလား၊ ညာ့ မျက်နှာလေး မသိမသာပျက်သွား၏။ ဧည့်သည်ဖြစ်ဖြစ်၊ အိမ်ရှင်ဖြစ်ဖြစ် ဘာလို့ ထရပ်ပြီးကြိုဆိုရမှာလဲ၊ ဒီလောက်ထိ တခမ်းတနားလိုလို့လား။

"ဘယ့်နှယ်လဲ သမီးနဲ့သားတို့ကအစကတည်းကသိနေကြတာလား"

ဦးဘစိုးမျက်နှာမှာ ညာ တွေးလိုက်မိသလို တခမ်းတနားကြီး ပြုစေလိုက်သည့်ဟန်ပန် လုံးဝမရှိဘဲ အစကတည်းက ရင်းနှီးခဲ့ကြသူတွေလိုပဲ ပြုံးရယ်လျက်ရှိ၏။

တိမ်ဦးက ခေါင်းညိတ်ပြီး နေရာမှာ ပြန်ထိုင်လိုက်၏။

"ဟုတ်တယ် ဖေဖေ၊ ညာက ကျွန်တော့်တိုက်က စာရေးဆရာမပါ"

"သြော်..."

ဦးဘစိုးက ညာ့ကို ပြုံး၍ ခေါင်းညိတ်ကြည့်သည်။ ဆံပင်ရှည်လေးတွေကို နားသယ်စပ်နှစ်ဖက်မှ သိမ်း၍ ဆံမြိတ်ချထားသည့်မျက်နှာခပ်ပြားပြားဝိုင်းဝိုင်းလေးက ဣန္ဒြေကြီးစွာ ပြုံးတတ်၊ ရယ်တတ်ခြင်းကြောင့် မာနကြီးသူတစ်ယောက်၏အသွင်မျိုးဖြစ်သည်။

လက်သည်းရှည်တွေနှင့် ခရမ်းရောင်ဆေးဆိုးထားသော လက်ချောင်းသွယ်သွယ်များမှာ ရွှေသားချည်းပဲလုပ်သောလက်စွပ်တွေကို ထပ်ညှပ်နေအောင်ဝတ်ထား၏။

"ကောင်းတာပေါ့ကွာ၊ ငါ့သားလဲ စိတ်ချမ်းသာသွားပြီပေါ့၊ ဖအေကုမ္ပဏီလုပ်ငန်းတွေကိုတောင် လှည့်မကြည့်ဘဲ ကိုယ့်ဝါသနာနဲ့ကိုယ် ရွက်လွှင့်တဲ့သား..."

"အဟွန်း... ညာကတော့ ကိုဦးလောက် တစ်ယူမသန်ဘူးထင်တယ်"

ညာက ပါးပြင်ပေါ် ကန့်လန့်ဖြတ်မျောလာသည့်ဆံစတို့ကို အသာလေး ဖယ်ချလိုက်ပြီး ဒေါ်ကြည်ဖြူနဲ့ ဦးဘစိုးတို့ကို ပြုံးကြည့်ရင်းဖြင့်...

"စာရေးတာကို ဝါသနာပါပေမယ့် ဇောက်ချဖို့တော့မဟုတ်ဘူး၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပဲလေ ရေးကြည့်လိုက်ရင်းနဲ့ စင်ပေါ် ရောက်သွားတာပါ”

“ဟင်...”

ဦးဘစိုးမျက်နှာပေါ် က ပြုံးလက်စက နောက်ပြန်လျော့ရဲသွားလျက် သားဖြစ်သူကို လှမ်းကြည့်သည်။

တိမ်ဦး မျက်ခုံးနှစ်ဖက် ဆတ်ခနဲတွန့်သွား၏။ မိဘတွေရှေ့မှာ အမူအရာ အပြောအဆို ဘာမှ မမှားယွင်းစေချင်၊ ဒါပေမယ့်...

“ဖေဖေ မရှိတော့ပေမယ့် လုပ်ငန်းတွေ မပြတ်လည်ပတ်နေနိုင်တာကလဲ ဒါတွေကို ညာ ဝါသနာကြီးပြီး ကြိုးစားခဲ့လို့ပါ။ လူတစ်ယောက်ရဲ့ ဘဝမှာ တိုးတက်ကြီးပွားအောင် ကြိုးစားနိုင်ခြင်းဟာ ထူးချွန်ခြင်းပဲမဟုတ်လား အန်ကယ်လ်၊ ဝါသနာပါတာကို ဇောက်ချလုပ်သွားချင်ပေမယ့် အဲဒီလို ညာ လုပ်ခဲ့ရင် ဒီဘက်မှာ အားလုံး ဆုံးရှုံးကုန်မှာလေ၊ မိသားစုအတွက် ညာ့အခြေအနေက တစ်ကိုယ်ကောင်းဆန်လို့မရလို့ပါ၊ အဲဒါကြောင့် စီးပွားရေးက အဓိက၊ ဝါသနာက ဒုတိယလို့ ပြောတာ”

“ဒါလဲ ဟုတ်တာပဲ၊ သမီးက သမီးအကြီးကိုး၊ ကိုဇော်ကိုသာ မရှိခဲ့ရင် မိန်းမသားချည်းပဲဆိုတော့...”

“လရောင်ကကော မင်းနဲ့ မောင်နှမဆို”

မေမေ မေးနေတာတွေကို တိမ်ဦးက ဝင်မေးလိုက်တော့ ညာ မျက်မှောင်လေးကုပ်သွား၏။

“လရောင်က မောင်တော်တယ်ဆိုပေမယ့် သွေးဝေးပါတယ်။ မဆိုင်သလို နေတတ်ရင်တောင် နေလို့ရပေမယ့် မေမေလေ ဖေဖေ့ဘက်က တူဝမ်းကွဲကနေ နောက်ထပ် ဘယ်နှစ်ဝမ်းကွဲပြီးမှ သွေးမျိုးလာစပ်မှန်း မသိဘူး၊ သနားလို့ စောင့်ရှောက်ထားတာ”

“ဟုတ်မှာပါ။ မမသဲမှာ သမီးနှစ်ယောက်ပဲရှိတာလို့ပဲ အန်တီက သိထားတာ၊ အဲဒီကလေးက သမီးတို့နဲ့ အတူနေတာပေါ့”





“ဟုတ်ကဲ့”

“ပြော်...”

ပြောနေကြတာကိုနားထောင်ပြီး ဦးဘစိုးက ညာ့မျက်နှာကို သေချာကြည့်၍...

“ဘာပဲဖြစ်ဖြစ် သွေးမျိုးသားချင်းတွေကို ကြည့်ရှုထောက်ပံ့တယ်ဆိုတာလဲ မင်္ဂလာတစ်ပါးပါပဲ၊ သူ သိတတ်သည်ဖြစ်စေ၊ မသိတတ်သည်ဖြစ်စေ ကိုယ့်ဘက်က စေတနာသန့်သန့်ပဲထားလိုက်ပါ တုံ့ပြန်လာမှာပါကွယ်”

ဦးဘစိုး ပြောတာကို ညာက ခေါင်းညိတ်ထောက်ခံသလို ပြုလိုက်ပြီးမှ အပြုံးတစ်ချက်လက်ကာ...

“အဲဒီလိုသာနေတတ်ရင် သိပ်ကောင်းမှာပါ။ ဒါပေမယ့် ညာကျတော့ အဲဒီလိုပေးဆပ်နေတာကို စိတ်မရှည်ဘူး၊ ကိုယ် ကြိုးစားတာကို ကိုယ်ပိုင်မယ်၊ သူ ကြိုးစားတာကို စိတ်မဝင်စားဘူး၊ ကိုယ်ကကောင်းဖို့ဖြစ်ဖြစ်၊ ကိုယ့်အပေါ် ကောင်းဖို့ဖြစ်ဖြစ် အဲဒါတွေကိုလဲ စိတ်မဝင်စားဘူး”

လူကြီးတွေလည်း ခပ်အမ်းအမ်းတွေဖြစ်ကုန်ကြသည်။ တိမ်ဦးမျက်နှာမှာလည်း ဟိုတုန်းကလို အေးစက်စက် ရှုတည်တည်ပုံ ပြန်ပေါ် လာ၏။

ဦးဘစိုးကတော့ သုံးသပ်မိပါသည်။ ဒီမိန်းကလေးဟာ မာနထက်ပိုလွန်သော မောက်မာသည့်အယူအဆဝါဒတွေနှင့် အတ္တလွန်မိန်းကလေး။

မျက်ဝန်းတွေက သားမျက်နှာဆီ မသိမသာရောက်ခဲ့သည်။ သားလည်း သူ့လိုပဲ သုံးသပ်နေခဲ့သလား။ သိသည်ဖြစ်စေ၊ မသိဘူးဖြစ်စေ ဆုံးဖြတ်ပါစေတော့...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အစပျိုးလိုက်ပြီဆိုကတည်းက ဖောင်ဒေးရှင်းမှာ အက်ရာထင်နေပြီ။ ချည်ခင်စကို ရှာထားပါလျက်နှင့် ပြန်ကြည့်တော့ အစပျောက်နေ၏။

ချစ်နေမိတာမဟုတ်သော်လည်း စိတ်ဝင်စားမိသောအဖြစ်ကြောင့် ခေါင်းထဲမှာ ရှုပ်ထွေးနေခဲ့၏။ ညာနဲ့သူ စေ့စပ်ပွဲ မကျင်းပဖြစ်ပေမယ့် စေ့စပ်ခဲ့ခြင်းအရာတော့မြောက်ခဲ့သည်။

ထို့ပြင် ဘာ့ကို ကိုယ်နဲ့ ဝါသနာတူ လက်တွဲဖော်အဖြစ် စိတ်ဝင်စားမိခဲ့ခြင်းမှာ သူမ ပြောခဲ့သည့်စကားများကတော့ သံယောဇဉ်ကုန်စေသောစကားများဖြစ်နေခဲ့၏။

သူမဟာ စာရေးနေပြီး စာကိုမချစ်၊ ဝါသနာရှိခဲ့ပြီး ဦးစားပေးချင်တဲ့သူ မဟုတ်ပေ။

ထိုနေ့မှာ စကားတွေပြောဖြစ်ခဲ့ပြီး သူမနဲ့ကိုယ် အများကြီး ဝေးကွာသွားသလို ခံစားခဲ့ရသည်။ ဖေဖေကတော့ အပြုံးမပျက်နှင့်ကဲ့ရဲ့သည်။

"စိတ်မာတဲ့လေးကတော့ လက်သည်းဆိတ်မခံဘဲကွ၊ မင်းက အဲဒါကို သဘောကျခဲ့တာလား"





ဟု မေးပြီးရယ်သည်။ မေမေကလည်း သက်ပြင်းလေးချ၍...

"သူကပဲ ဦးဆောင်လာခဲ့ရတာကိုး၊ မာနတော့ရှိတာပေါ့"တဲ့။

"နေပါဦး မင်းက အဲဒီ အစွန်အဖျားထိ ကားနဲ့ပတ်ပြီး ဈေးမရှာတာ တစ်ဖက်ပါ အရည်အချင်းတွေကြောင့်လား ဟဲ ဟဲ"

ဖနီးဖြစ်သူကို တော်ရုံကိစ္စလောက်နှင့် ဘယ်တော့မှ ကန့်ကွက်တားဆီးခဲ့တာမရှိဖူးပေမယ့် ဖေဖေက ရန်ဖြစ်ခံပြီး စ,တတ်တာတော့ အကျင့်ပါနေပြီထင်သည်။

"ဖေဖေထင်တယ် သားရဲ့၊ အဲဒီတစ်ယောက်က မင်းအမေရဲ့ ငယ်ချစ်ဟောင်းက ကျန်ရစ်တဲ့ရင်သွေးတော်လေးဖြစ်နိုင်တယ်"

စိတ်ထဲက ပါလွန်းလို့မဟုတ်၊ သဝန်တိုလို့ ပုတ်ခတ်တာနဲ့လည်းမတူဘဲ အဲဒီအိမ်ကိုသွားပြီးပြန်လာတော့ ဖေဖေက ကပ်ပြောသည်။ မေမေနဲ့စကားတွေများပြီး ထိုညက ပြဿနာဖြစ်ကြသေးသည်။

"ကိုစိုး ရှင် သဘောမတူလို့ အဲဒီလောက်လိုက်ဖဲ့နေတာလား၊ မမသဲတို့က ရှင့်လောက်မချမ်းသာလို့လား၊ ရှင့်မှာ အဲဒီလို ခွဲခြားတတ်တဲ့ ပါဝါထူထူကြီးတွေရှိနေမယ့်လို့ ကျွန်မ တကယ်မထင်ခဲ့ဘူး"

ပြော၍ မေမေ ငိုတော့မှ ဖေဖေ ခြေမကိုင်မိ လက်မကိုင်မိ ပြေးချော့ပါလေသည်။ ခုကျတော့ အဲဒီလိုတွေထပ်မဖြစ်ရအောင် ညာ့ကို ဖေဖေက ပျူပျာစွာကြို့ဆိုခဲ့ပါသည်။ သို့သော်...

သူ သက်ပြင်းရှိုက်၍ ကားကို ဘယ်ဘက်လမ်းထဲသို့ ကွေ့ဝင်လိုက်သည်။ ညာနဲ့သူ့ရဲ့ ရင်းနှီးမှုအတိုင်းအတာအရ ဒီလောက်အထိ ရင်ဘတ်ထဲ ထည့်နေဖို့မလိုဘူးထင်သည်။ နေပါစေတော့...။

မျက်လုံးတို့က ရှေ့တူရှုသို့ အာရုံစိုက်လိုက်စဉ်မှာ စူးစူးရဲရဲကြည့်လိုက်မိသည်အထိ စိတ်ဝင်စားစရာတစ်ခုကို မြင်လိုက်ရ၏။ ကားကို အရှိန်လျှော့ချလိုက်ပြီး ဘေးကပ်ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လရောင်သည် သူငယ်ချင်းတစ်ယောက်နှင့်အတူ ဆေးတက္ကသိုလ် အဝင်ဝမှာ လွယ်အိတ်ထဲက ဘာတွေထုတ်နေသည်မသိ၊ ပြီးတော့ တစ်ယောက်လက်ထဲမှာပေးထားသည့် ထမင်းချိုင့်လေးကိုဆွဲယူပြီး ပြေးထွက်သွားလေသည်။

နောက်ထပ် ကျောင်းဝင်းထဲကနေထွက်လာကြသည့် ကျောင်းသားတွေကို ခဏကြည့်နေပြီး လရောင်ထွက်သွားသည့်အတိုင်း အသာ မောင်းထွက်ခဲ့သည်။

လရောင်သည် ကားမှတ်တိုင်ကိုပြေးသွားပြီး ရောက်တော့လည်း သူများတွေလို ဣန္ဒြေမရပေ။ လွယ်အိတ်လေးစလွယ်သိုင်းနှင့် ထမင်းချိုင့်လေးတစ်ဖက်ကိုင်ကာ ကားမျှော်နေပုံက စိတ်မကောင်းစရာပင်။

အလွန်အမင်း အရေးကြီးသည့်ကိစ္စကို မမီလိုက်မှာစိုးနေသလိုမျိုး ခပ်ဖွဖွဆံပင်လေးကို ဖိသပ်ချလိုက်၊ မျက်နှာကို ပွတ်လိုက်။

"လရောင်"

"ဟင်…

လရောင် ဆတ်ခနဲတုန်သွားသလိုပင်။ လှုပ်ပုံလေးကသွယ်သွယ်နွဲ့နွဲ့၊ အရပ်ရှည်ရှည်လေးနှင့် မျက်နှာလေးက စပိုင်မင်းသားနှင့်လည်းတူသည်။ သဘောကောင်း စိတ်ဆတ်ပုံလေးရှိသော လရောင်ကို သေချာကြည့်ပြီး သူက တံခါးဖွင့်ပေးလိုက်၏။

"လာလေကွာ အစ်ကို လိုက်ပို့မယ်"

"ဟင်… ဟာ… မဟုတ်တာ နေပါစေဗျာ ရပါတယ်"

"လာပါကွ"

တံခါးကို ထပ်ပွင့်သွားအောင်ဖွင့်လိုက်ပြီး ခေါင်းဆတ်ခေါ်သည်။ မှတ်တိုင်ကလူတွေက သူတို့ကိုပဲကြည့်နေကြသဖြင့် လရောင် ငြင်းရမှာ အားနာသွားသည်။





အကြောင်းပြပြီး ပြေးတက်ရအောင်က ကားကလည်း လာတာ မမြင်။ ထို့ကြောင့် တိမ်ဦး ဖွင့်ပေးသည့်ကားထဲကိုပဲ ဝင်ထိုင်လိုက်ရတော့သည်။ တံခါးပြန်ပိတ်လိုက်တော့ အေးစိမ့်စိမ့်အငွေ့အသက်နှင့် မွှေးပျံ့သည့်ရနံ့ကြောင့် ကားထဲမှာထိုင်လိုက်ရခြင်းက ကိုယ့်ကိုယ်ကို သေးကျုံ့ငယ်ကျသွားသကဲ့သို့ ခံစားလိုက်ရသည်။

မျက်ဝန်းတစ်ချက်စွေကြည့်လိုက်မိစဉ် လက်ကိုင်ဘီးပေါ်မှာ တင်ထားသည့် တိမ်ဦး၏လက်မှာ ပတ္တမြားလက်စွပ်က သူ့ကို အတင်းပြောကဲ့ရဲ့တတ်သည့် မိန်းမကြီးတစ်ယောက်၏နှုတ်ခမ်းများလို မဲ့ရွဲ့ပြနေပြန်သည်။

"'တိမ်ဦး' စာပေကို သွားကြည့်ပါလားကွ၊ အဲဒီသူဌေးက ခပ်ငယ်ငယ်ပဲ၊ စကားပြောတာ နွေးထွေးပါတယ်၊ ပြီးတော့ အရှိန်းချမ်းသာတာ၊ GE မာစတာကုမ္ပဏီက သူတို့ကုမ္ပဏီပဲ၊ စာပေလုပ်ငန်းကို ဝါသနာကြီးပြီး သူက ဒီဘက်မှာခွဲထွက်နေတာ၊ မင်းရဲ့ ဟိုစာအုပ်တိုက်ထက်စာရင် အများကြီးအဆင့်ပြေနိုင်ချေရှိတယ်"

သူငယ်ချင်းထဲကတစ်ယောက်က သူ စိတ်ညစ်နေတုန်းမှာ 'တိမ်ဦး' စာပေတိုက်ကို လက်ညှိုးထိုးပြခဲ့ခြင်းဖြစ်သည်။

"သွားပါကွ၊ ငါ့ဦးလေးဝမ်းကွဲလဲ ကဗျာဆရာပဲ အဲဒီစာပေမှာ အဆင်ပြေနေတာ"

ဟု ထပ်ပြောတော့မှ သူ သွားဖြစ်ခဲ့သည်။ အဆင်လည်းပြေခဲ့သည်။ ဒါပေမယ့်…

"လရောင်"

"ဗျာ"

"ညီလေးက ဆေးတက္ကသိုလ် တက်နေတာလား၊ ဘယ်ရိုးပယ်းလဲ"

"ဗျာ…"



www.burmeseclassic.com

www.burmeseclassic.com



လရောင်မျက်နှာ ထိတ်လန့်သွားသလိုရှိ၏။ သူ့ခိုး လုမိသွားတာနှင့် လည်းတူသည်။ ကားမောင်းရင်းလှည့်ကြည့်သည့် တိမ်ဦးနှင့် မျက်လုံးချင်း ဆုံလိုက်သဖြင့် သူ ပျာပျာသလဲပြုံးပြကာ...

"ဟုတ်ကဲ့ 4th year ပါ"

"တော်တယ်၊ ဒါနဲ့ ညီလေးရဲ့မိဘတွေကော၊ တခြားမဟုတ်ပါဘူး အစ်ကို ခင်လို့မေးတာ"

"မရှိတော့ပါဘူး၊ မမနဲ့ ကျွန်တော်..."

ပြောနေရင်း လရောင်က ရှေ့မဆက်ဘဲ ရပ်ပစ်လိုက်၏။ စကား လက်ဆုံကျမှာစိုးလို့ သူ တိမ်ဦးဆိုသည့်လူကြီးနှင့် အေးအေးဆေးဆေး နှစ်ယောက်တည်းမဆုံချင်တာပါ။

ပြီးတော့ သူက မမညွှာနှင့် လက်ထပ်တော့မည်ဟု သိထားခဲ့သူ။

"လရောင် မင်း အဲဒီတိုက်ကို စာမူ လုံးဝ သွားမပို့နဲ့တော့၊ ဘာစကား မှလဲ မရှည်နဲ့နော်၊ မတော်တဆ တစ်နေရာရာမှာ ဆုံမိကြရင်ပြောတာ ငါ့ကိစ္စ ငါ့ဘာသာပဲရှင်းမယ်"

ဟု မမညွှာကလည်း သေချာမှာထား၏။ လရောင် မျက်မှောင်ကြုတ်ကြုတ်လေးနှင့် ငိုင်သွားတာကို အကဲခတ်မိပြီး သူ စိတ်မကောင်းဖြစ်သွား၏။

ညွှာ့အပြောအရ ဒီအိမ်ထဲမှာ ကောင်လေး မျက်နှာငယ်ရှာမှာပါ မေးလိုက်မိတာ မှားပြီဟု ကိုယ့်ကိုယ်ကို နောင်တရမိသည်။

"ရပြီ အစ်ကို၊ ကျွန်တော် ဒီမှာပဲဆင်းတော့မယ်"

"ဟင်..."

ရုတ်တရက်ကြီးတားလိုက်သဖြင့် ကားက အရှိန်လျှော့ကျသွားကာ—

"ရောက်မှမရောက်သေးတာ ဘာဖြစ်လို့လဲ၊ အိမ်ထိ ကိုယ် လိုက်ပို့ မယ်လေ"





"ရပါပြီ ဟို..."

"ဘာဖြစ်လို့လဲ လရောင်၊ မင်းကို ညွှာ့ရဲ့မောင်လေးမို့လို့ ကိုယ်က မျက်နှာလို.မျက်နှာရ လုပ်တာမဟုတ်ဘူး၊ တကယ်ခင်မင်စိတ်နဲ့ပါ"

"ဟုတ်ပါတယ် အစ်ကို၊ ဒီဘက်လမ်းထဲမှာ ကျွန်တော် ဝင်စရာရှိသေး လို့ပါ၊ အစ်ကို့ကို ကျေးဇူးတင်ပါတယ်"

လမ်းတစ်ဝက်ပင်မကျိုးသေးဘဲ လရောင် ဆင်းသွားသည်။ တိမ်ဦး ဂီယာပေါ် လက်တင်ထားရင်း အကြာကြီး ငေးကြည့်နေမိသေးသည်။

ညွှာကလည်း လရောင်အကြောင်း မေးလိုက်တာနှင့် မလိုလားသည့် အသွင်မျိုး ချက်ချင်းဖြစ်သွားခဲ့သည်။ လရောင်ကျတော့ ဖုံးကွယ်ထားချင် တာမျိုး။

ဒေသြာ်... သူ့ခမျာ အားငယ်စိတ်လေးတော့ရှိနေမှာပင်။ လူငယ်လေး တစ်ယောက်ပေမယ့် မိဘမဲ့ ကြေကွဲဖွယ်ဘဝထဲကနေ ဒီလောက် အောင် မြင်လာအောင်ကြိုးစားခဲ့တာကိုပဲ သူ အထင်ကြီးမိသည်၊ ခင်မင်စိတ်တွေ ဖြစ်မိ၏။

နောက်တစ်ခါ တိုက်ကိုလာလျှင်တော့ ဒီထက်ရင်းနှီးအောင်ကြိုးစား ပြီး အကူအညီပေးနိုင်ဖို့ထိ စိတ်ကူးမိသည်။

ဒါက ညွှာနဲ့ပတ်သက်တာမဟုတ်သော ခံစားချက်သပ်သပ်...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"စေ့စပ်ထားမယ်ဆိုရင်လဲ လူကြီးစုံရာနဲ့ တင့်တင့်တယ်တယ် လာစေ့စပ်၊ သတင်းစာထဲထည့်ပေါ့၊ မညွှာတို့ကလဲ မဟုတ်သေးပါဘူး"

"ဟုတ်တယ် သမီး၊ လက်ထပ်ဖို့ကလဲ ဘယ်နေ့ဘယ်ရက်ဆိုတာ မရှိသေးဘူး၊ သမီး ဘယ်လိုမာနတွေထားပြီး စိတ်ကူးချော်နေတာလဲ၊ ဒီအသက်အရွယ်တွေကျမှ ချစ်ဖို့ ကြိုက်ဖို့တွေ စဉ်းစားပြီး ရည်းစားထားဖို့လုပ်နေကြတာ ဘာများ အဓိပ္ပာယ်ရှိလို့လဲဟင်"

လက်ထပ်ဖို့ကို ဒေါ်မိုးသဲက ချက်ချင်းဖြစ်တော့မည်ထင်ခဲ့သည်။ ဘယ်လိုမှ မျှော်လင့်မထားခဲ့သော အခွင့်အရေးကို လက်လွှတ်သွားမှာ စိုးနေမိ၏။

"ခုခေတ်မှာ ဥစ္စာပေါ ရုပ်ချောဆိုတာမျိုးတွေက လူပျိုလူလွတ် ဆိုတာလဲ ရှားနေပါပြီ၊ မိကောင်းဖခင်သားသမီးလဲ ဖြစ်ဦးမှ၊ ချမ်းသာ ရိုးသားပြီး ရုပ်ကျတော့ ဘယ်အချိန်ထကြည့်ကြည့် အမောဆို့သွားနိုင်သည့် ရုပ်ကြီးဆို ဘယ်လိုလုပ်မလဲ"





အသုံးအဖြုန်း ဝါသနာပါသည့် သိမ့်ကလည်း သူဌေးခယ်မဖြစ်ရတော့မည်ဆိုပြီး ကျေနပ်နေကာမှ ဘာမှန်းညာမှန်းမသိဘဲ ဖြစ်သွားတာကို မချင့်မရဲဖြစ်နေသူ။

"မဟုတ်ဘူး မေမေ အဲဒါ သိမ့် သိတယ်၊ မေမေ့သမီး မာနတွေကြီးပြနေလို့ ဒီအစီအစဉ် ဟိုကဆွဲပြီး ကိုယ်ရှိန်သတ်သွားတာ"

ဝင်ပြောပြီး ညွှာ့ကိုလည်း မကြည်သည့်မျက်ဝန်းလေးများနှင့် စောင်းကြည့်ကာ...

"အဲဒါ ဘာဖြစ်ကုန်တာလဲ၊ မညွှာ လှသလို ဟိုကလဲ ချောလိုက်တာမှ မှန်လို့၊ မညွှာလိုပဲ မာနကြီးနိုင်တယ်ဆိုတာ မတွေးမိဘူးလား"

"ဘယ်လိုဖြစ်နေကြတာလဲ၊ မေမေနဲ့သိမ့်ကို သမီး စိတ်ပျက်တယ် တကယ်ပဲ၊ သူ စေ့စပ်တာကို လက်ခံပါ့မယ်ဆိုပြီး သူ ဖုန်းဆက်ကတည်းက သမီးက လက်ခံတွေ့ခဲ့တာပဲ၊ လက်ထပ်ဖို့ အစီအစဉ်တွေအားလုံးသူပဲ ပြောသွားတာ၊ သမီးက မိန်းကလေးတန်မယ့် ချက်ချင်းလက်ထပ်ရအောင်ပါလို့ ပြောရမှာလား၊ ပြီးတော့ အဲဒါပဲအဆင်ပြေတယ်လို့ထင်ပြီး လက်ခံခဲ့တာလဲ ပါတယ်၊ စာရေးဆရာမမို့လို့ သူက အထင်တွေကြီး လေးစားနေပါတယ်ဆိုတာကို သမီး မကျေနပ်ဘူး၊ တကယ်လို့ သမီး စာရေးဆရာမမဟုတ်ဘူးဆိုရင် သူ ဘယ်လိုနေမလဲ ကဲ..."

"ဒါကတော့ သူက ဒါကို ဝါသနာပါလွန်းလို့ တစ်နွယ်တစ်စင်ထောင်ပြီး ဇောက်ချလုပ်နေတဲ့သူပဲအေ စာရေးဆရာမကို သဘောကျတာ ဆန်းသလား၊ မိန်းမက စာရေးဆရာမ၊ ယောကျ်ားက ထုတ်ဝေသူ၊ ဘယ်လောက် အဆင်ပြေလဲ၊ သူတွေးတာ သဘာဝကျတာပဲ"

"ဒါပေမယ့် မေမေ..."

"ဒါပေမယ့်မနေနဲ့ ညွှာ၊ ညည်း ခေါင်းရှုပ်နေတာတွေ မေမေတို့လဲ သိတာပဲ၊ ဖြေရှင်းလို့ရတဲ့နည်းတွေ ရှိနေတာပဲအေ၊ ကိုယ့်ယောကျ်ား ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုရင် နားလည်မှုတွေ ရလာကြပေါ့၊ မြန်မြန် လက်ထပ်ဖြစ်မယ့် အခြေအနေတွေ မေမေတို့ ဖန်တီးနိုင်ဖို့လိုတယ်"

"လရောင် ဘာလုပ်တာလဲ"

သားအမိတွေ စကားပြောနေကြတုန်း လရောင်ကိုမြင်လိုက်သဖြင့် သိမ့်က သူခိုးဖမ်းသလို ရှေ့တိုးသွားပြီး ဘောက်ဆတ်ဆတ်မေး၏။

ဒေါ်မိုးသဲနှင့် ညွာကလည်း ခုံတွေမှာ ထိုင်နေကြရာမှ လှည့်ကြည့်ကြ၏။ လရောင်က အပြာရောင်စပို့ရှပ် အစင်းကျားလေးနှင့် ဂျင်းဘောင်းဘီဒူးပြဲကို ခြေသလုံးတစ်ဝက်လောက်ထိ ခေါက်တင်ထား၏။

"ဟော့ ဘာလာလုပ်တာလဲ"

ဒေါ်မိုးသဲ မေးတာကိုလည်း မဖြေသေးဘဲ လရောင်က သုံးယောက်ရှေ့ထိ ရောက်အောင်လာပြီးမှ ဘောင်းဘီအိတ်ထဲက စာရွက်ခေါက်လေးကို ညွာ့ရှေ့မှာ လှမ်းပေး၍...

"မမညွာ နာမည်ပြင်ရမယ်ပြောထားတဲ့ဟာ လာပေးတာပါ၊ ပြီးတော့..."

"ဘာလဲ"

ညွာက စာရွက်ခေါက်ကိုယူလိုက်ပြီး မကြည့်ဘဲ လရောင်ကို မေးဆတ်၍...

"ကျောင်းက ဘာတွေကုန်ဖို့ ဖြစ်လာပြန်ပြီလဲ၊ နင့်မျက်နှာကို မြင်လိုက်ရရင် ကြောက်လွန်းလို့"

လရောင်၏မျက်ဝန်းက လက်ခနဲဝင့်တက်လာသည်။ သို့သော် ချက်ချင်း ပြန်၍လွှဲဖယ်သွားကာ...

"မဟုတ်ပါဘူး၊ မိတ်ဆက်စာတွေလာတယ်ဆိုတာကို ဖတ်ချင်လို့ပါ"

"ဘာ..."

ညီအစ်မနှစ်ယောက်စလုံးထံမှာ 'ဘာ'သံထွက်လာပြီး သိမ့်က





မဲ့သည်။

"ကြီးကြီးကျယ်ကျယ်နဲ့ ဟွန်း စာဖတ်ချင်တယ်ပဲ ဖြစ်ရသေးတယ်၊ ဘာလဲ နာမည်ကျော်လာလို့ မာန်တက်လာတာလား"

"မေးမနေနဲ့ ဖွပေးလိုက်"

ညွာက ညီမဖြစ်သူကိုပြောလိုက်တာပေမယ့် မျက်လုံးတို့က လရောင်ကိုပဲကြည့်၍...

"မင်းကို ပြောထားမယ်နော်၊ ခြံထဲကိုဝင်တာ အိမ်ရှေ့က မဝင်မိဖို့၊ ကိုယ့်တွင်းလေးထဲကနေ ဒီဘက်ကို လာချင်တိုင်းလာခွင့်မရှိဘူးဆိုတာကို မေ့မို့ အစက ပြောပြီးသားပေမယ့် အခု ပိုအရေးကြီးတယ်"

"နေဦး အဲဒါထက် အရေးကြီးတာ ရှိသေးတယ်၊ လရောင် ဒီကို လာစမ်း"

ဒေါ်မိုးသဲက လှမ်းခေါ်သဖြင့် လရောင် ဒေါ်မိုးသဲရှေ့ကို သွားရပြန်သည်။

"မင်းက အဲဒီမှာ စာမူတွေ သွားပို့နေတော့ တိမ်ဦးနဲ့ တော်တော်ရင်းနှီးသလား"

"မရင်းနှီးပါဘူး"

"ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

ဒေါ်မိုးသဲက လရောင်မျက်နှာကို စူးစိုက်ရှာဖွေနေသေးသည်။ ပြီးမှ...

"အေး နောက်ကို သွားဖို့လဲမလိုတော့ဘူး၊ လမ်းတွေ့ရင်လဲ မေးထူးခေါ်ပြောတောင်မလုပ်နဲ့၊ ပြီးတော့ ညညဆို မီးမှိတ်တာကိုမမြင်ဘူး၊ ဘာလုပ်လုပ်နေတာလဲ"

"ကျွန်တော် စာကျက်နေတာပါ"

"အေး စာကျက်တာပေမယ့် ပြောရမှာပဲ၊ ဘုရားမီးတွေ၊ အိမ်ရှေ့မီး



www.burmeseclassic.com

www.burmeseclassic.com



တွေ အားလုံးပိတ်ပြီးမှ စာကြည့်စားပွဲမှာ တစ်ခုပဲသုံးနော်၊ မီးတာတက်တယ်"

လရောင် မျက်လွှာချထားရင်း ခေါင်းညိတ်သည်။ 'ဟုတ်ကဲ့'တွေ ပြောနေရလွန်းလို့ ခေါင်းညိတ်တာက ပို၍ အလွယ်တကူဖြစ်နေတော့သည်။

"သွားတော့"

ခွင့်ပြုလိုက်တော့လည်း သူ မသွားနိုင်။

"ကျွန်တော် သနပ်ခါးပန်း နည်းနည်းလောက် ခူးသွားချင်လို့ပါ"

ဒေါ်မိုးသဲမျက်နှာက စိတ်မရှည်သလို မဲ့ခနဲဖြစ်သွား၏။

"ခူး ခူး ကြိုက်သလောက်ခူးသွား။ ဟွန်း ကြိုက်လိုက်ရတဲ့သနပ်ခါးပန်း၊ ပြောချင်သလိုသာပြောလိုက်ရရင် ဝင့်လိုက်ဦးမယ်"

"ဘာဖြစ်လဲ ပြောစရာမို့လို့ပြောတာ၊ အကျိုးဆော့ အကန်းမော့လေ မဟုတ်လို့လား"

ကျောခိုင်းသွားသည့်လရောင် မကြားကြားအောင် လှမ်းအော်ပြီး ခစ်ခနဲ ရယ်သေးသည်။

သိမ့်၏မျက်နှာကို လှည့်မကြည့်ရဘဲ မြင်ယောင်ကာ ခြေလှမ်းနေရင်း လရောင် အံ့ကြိတ်မိသည်။ ဘယ်သူမှ ဝင့်မလိုက်ပါစေနဲ့...၊ ကိုယ့်အတွက်ပဲ ဆုတောင်းချင်သည်။

ဝင့်ရှိသမျှ ကျေပါစေ...။

♥ ♥ ♥





## အခန်း (၁၁)

မသုံဖြစ်တာကြာပြီမို့ ဒီနေ့တော့ သတိတရ လာဖြစ်ခဲ့သည်။ ခြံထဲကို ဝင်လာခဲ့သည်အထိ အိမ်ထဲက အရိပ်အယောင်ကိုမျှ မမြင်ရပေ။

တံခါးကလည်း အပြင်ဘက်ဂျာတံခါးကိုပိတ်ထားသည်။

"ဟင်..."

ပေါ်တီကိုအောက်ကို ကားဝင်လုလုမှာ လရောင်ကို သူ လှမ်းမြင်လိုက်သည်။ ခြံကြီး၏ နောက်ဖေးမှာ အပြင်ကနေ ဝင်ထွက်နိုင်သော တံခါး သပ်သပ်ရှိနေတာကိုကော၊ ထိုမှ လရောင် ဝင်လာတာကိုပါ သူ မြင်နေရ၏။

ကားကို ပေါ်တီကိုအောက်ထိ သေချာမဝင်ဘဲ ဒီဘက်အစပ်မှာပဲ ရပ်ပစ်လိုက်သည်။ လရောင် ဝင်သွားသည့်နောက်ထဲကို စိတ်ဝင်စားသွားသဖြင့် သူ သတိလက်လွတ်ဖြစ်သွားမိ၏။ ဒီကို သူ ရောက်ဖူးတာ ဒါနဲ့ဆို သုံးခေါက်၊ တစ်ခါမှ လရောင်ကို မတွေ့ခဲ့ဖူးပေ။

ထို့ပြင် လရောင်နှင့် ဒီအိမ်သားတို့၏ ဆက်ဆံရေးကို သူ့စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးခံစားမိနေသောကြောင့် မသင့်တော်ခြင်းကို စိတ်က သတိရပေမယ့် ဆင်ခြင်နိုင်စွမ်းမဲ့သွား၏။

"လရောင်"

"ဟင်... ဟာ..."

လရောင်က သေချာပိတ်ထားသည့်တံခါးသော့ကိုဖွင့်နေရင်း ချာခနဲလှည့်ကြည့်၏။ သူ့ကိုမြင်သည်နှင့် တအံ့တဩဖြစ်ရင်းကနေ ဖွင့်ပြီးကိုင်ထားသည့်သော့လည်း လွတ်ကျသွား၏။

"ဆရာ... အဲ... အစ်ကို..."

မျက်နှာကို ပြန်လည်ပြုပြင်ဖို့ကြိုးစားတာ မအောင်မြင်ဘဲ လွတ်ကျသွားသည့်သော့ကို ပြန်ငုံ့ကောက်သည်။

တောင်းပန်မလို့ပါ။ ပြီးတော့ လေးစားတာတွေ၊ ထိတ်လန့်တာတွေကို ဖယ်ထားပြီး မိတ်ဆွေတွေလို သဘောထားဖို့လည်း ပြောရန်ဖြစ်သည်။

လရောင်ကို ပြုံးပြလိုက်ပြီး သူ့ ခြေကို တိုးလျှောက်လာခဲ့၏။ သူ လရောင်နှင့် အနီးဆုံးသို့ ရောက်သွားသည်နှင့်...

"မောင်လေး... မောင်လေး ပြန်လာပြီမဟုတ်လား၊ ဘာလုပ်နေတာလဲ ဝင်ခဲ့လေ"

လရောင် မျက်နှာပျက်သွားပြီး အထဲကို လှမ်းကြည့်သည်။ ပြီးတော့ သူ့ဘက်ပြန်လှည့်၍ အစပျောက်နေသည့် စကားလုံးတွေကို ဆွဲထုတ်ဖို့ ကြိုးစားသည်။

တိမ်ဦးက မျက်မှောင်ကြုတ်လျက်နှင့် အထဲကိုငေးကြည့်ပြီး ရှတတလေးနှင့် ကြည်လင်သောစကားသံလေးကို နောက်ထပ် နားစွင့်ထားလိုက်မိသည်။

"မောင်လေးရေ..."

"ဗျာ မမ ဒီမှာ..."





"အင်းပါ မြန်မြန်လာပါဆို ဒီမှာ တိပ်ခွေကုန်သွားပြီ မမ စဉ်းစားထားတာတွေ ပြန်ပျောက်ကုန်မှာစိုးလို့ ရွတ်နေရတယ် လာပါ"

လရောင်သည် အထဲဝင်မလို့ ခြေလှမ်းပြင်လိုက်၊ တိမ်ဦးဘက် ပြန်ကြည့်လိုက်နှင့် ဖြစ်ပါ၊ ဝင်ပါလို့လည်း ခေါ်ချင်ပုံမရ။

"ဆောရီးကွာ မနက်ဖြန် ညီလေး အစ်ကို့ဆီ လာတွေ့မလား၊ စကားပြောရအောင်"

"ဟုတ်ကဲ့၊ ကျွန်တော် တောင်းပန်ပါတယ် အစ်ကို၊ အခု အထဲမှာ လူမမာရှိနေလို့ပါနော်"

ကတိုက်ကရိုက်ပြောပြီး အထဲဝင်သည်။ ထို့နောက် အားနာသည့်မျက်ဝန်းဖြင့် အကြည့်တစ်ချက်ရောက်ကာ တံခါးကို ပြန်ပိတ်လေသည်။

သံချေးတက်နေသဖြင့် နီရဲနေသော သွပ်ပြားတံခါးချပ်က မညီမညာ ပြန်စေ့သွား၏။ သို့သော် အထဲဘက်မှာ မှောင်နေသဖြင့် လှမ်းကြည့်လို့ မမြင်နိုင်။

အိမ်မဟုတ် ဘာမဟုတ်နှင့် ပြတင်းပေါက်တွေ ဘာတွေကော ရှိရဲ့လားမသိ။ သူ အကြာကြီးရပ်နေပြီးမှ ပြန်လှည့်ထွက်ခဲ့သည်။ အထဲက မိန်းကလေးက ဘယ်သူလဲ၊ လရောင်ရဲ့မမဆိုတာက ညာလား၊ အမှောင်ထဲက မိန်းကလေးလား။

ဘာဖြစ်လို့ ဤသို့သော ခွဲခြားနိမ့်ချခြင်းဖြင့် သီးခြားထုတ်ပယ်ထားခဲ့တာလဲ၊ မေးခွန်းတွေ ရင်ထဲမှာ ပြည့်သိပ်လာခဲ့သည်။

ဒါတွေကို ညာ့ကို မေးလို့မဖြစ်နိုင်မှန်း သူ သိသည်။ လရောင်ကို မေးတော့ကော ဖြေမှာလား၊ ဒါလည်း မသေချာပေ။

"ဟော ခဲအိုတော်ပါလား၊ ကားသံကြားလိုက်သလိုလိုရှိလို့ ပြေးဆင်းလာတာ၊ ကားကို ရှေ့မှာမရပ်ဘဲ ဘာဖြစ်လို့ ဒီနားမှာပဲ ရပ်ရတာလဲ"

ဂါဝန်ပျော့ပျော့ကြိုးချိတ်လေးနှင့် နားကွင်းဝိုင်းကြီးက လှမ်းရမ်းလျက်



www.burmeseclassic.com

www.burmeseclassic.com



သိမ့်က ပြေးထွက်လာသည်။ သူက ခုမှရောက်လာသလိုပဲ ပြုံးပြလိုက်ကာ..

"ညာ့ကို ပြောစရာရှိလို့ လာခဲ့တာ၊ ရှိလား"

"အရေးကြီးလို့လား၊ အဲဒါ အရင်ပြော"

လက်ကလေးပိုက်၍ ခေါင်းလေးငဲ့သည်။ စကားပြောလျှင် မျက်ခုံးပင့်တာကော၊ နှာခေါင်းရှုံ့တာကော၊ နှုတ်ခမ်းသားတွေကို စုလုံးချွန်ပစ်လိုက်၊ မဲ့ရွဲ့ပစ်လိုက်။

သိမ့် တစ်ကိုယ်လုံးမှာ ငြိမ်ငြိမ်နေတာ ဘာမှမရှိ။

"ဖြေလေ ဘာလဲ ရင်ခုန်စရာစကားတွေလား"

"မဟုတ်ပါဘူး၊ စာမူကိစ္စနဲ့ပတ်သက်ပြီး အကြံပေးစရာရှိလို့ ပြီးတော့ မဆုံဖြစ်တာလဲ ကြာတာနဲ့..."

"ဟွန်း... ရည်ရွယ်ချက်ကလဲ အပြင်းစား ဘာမှမပါပါလား၊ မညာကို အဲဒီလိုတွေ့ချင်တိုင်း လာလို့ဘယ်တွေ့မလဲ၊ သူက အိမ်မှာနေတဲ့သူမှ မဟုတ်တာ၊ ချိန်းမထားရင် ပုံမှန် ပြန်တဲ့အချိန်က ညနေ ငါးနာရီ၊ နားရက် လုံး၀ မရှိ"

တိမ်ဦးက ပြုံး၍ခေါင်းညိတ်သည်။ တံခါးကို ပြန်ဖွင့်လိုက်ရင်း နှုတ်ဆက်၏။

"ဒါဆို ...့လာတယ်လို့ပြောပေးနော်၊ သွားမယ်"

"နေဦးလေ၊ မညာရဲ့လက်ကိုင်ဖုန်းကို မဆက်ဘူးလား"

"ဆက်တယ်၊ နှစ်ခါခေါ်တာ မအားဘူးပဲဖြစ်နေလို့"

"ဟား ဟား"

သူ အထဲ၀င်လိုက်တော့ သိမ့်က ဘေးတံခါးနားမှာ ခါးလေးကုန်း၍ ငုံ့ကြည့်သည်။ ရယ်စရာမဟုတ်ဘဲ ရယ်ကာ..

"ခဲအိုတော်က စိတ်မရှည်တတ်ဘူးထင်တယ်၊ ဒါဆိုရင်တော့ ယူနဲ့





မညာအတွက် ဖြူးစ်လိုလိမ့်မယ်၊ ရှေ့ဘာ့ရှိတယ် သိလား"

"ကောင်းတာပေ့ါ အပျင်းပြေတယ်လေ"

တိမ်ဦးက အပြုံးမပျက်ပြောပြီး ကားဇ..ာ်နှိုးသည်။

"ချက်ချင်းကြီးပါလား၊ အိမ်မှာ ဘယ်သူမှမရှိပေမယ့် ခဏတစ်ဖြုတ် ထိုင်လို့ရပါတယ်"

"ကျေးဇူးပါပဲ"

သူ ဆက်မောင်းလာခဲ့သည်။ ရင်ဘတ်ထဲမှာ ရှုပ်ထွေးမှုများနှင့် ငြိပါလာသည်က လရောင်နှင့် သူ၏မမ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ဖုန်းချထားလိုက်ပြီး မျက်လုံးတွေက အိမ်ရှေ့ကိုရောက်သွားမိသည်။ ပြီးတော့ ကိုယ့်အခန်းထဲကို ကမန်းကတန်းပြေးဝင်ပြီး မျက်နှာကို ကရင်မ်ပတ် နည်းနည်းရိုက်၍ ခေါင်းကိုဖြီးတာလည်းမဟုတ်ဘဲ နှစ်ချက်သုံးချက်ဘီးနှင့်ဖိသပ်ချလိုက်သည်။

နို့စိမ်းရောင် ရှေ့ပင်ပွပွနှင့် ဆင်တူ ပခုံးချိတ်အင်္ကျီလေးကို မှန်ရှေ့မှာ ရှေ့လှည့်နောက်လှည့်ကြည့်ကာ ဆွဲချုပြုပြင်သည်။ ပြီးသည်နှင့် ရှေ့ကို ပြန်ပြေးထွက်လာခဲ့လျှင် တိမ်ဦး၏ကားက ပေါ်တီကိုအောက်ကို ရောက်နေပြီဖြစ်၏။

"မြန်လိုက်တာ ခဲအိုတော်ကလဲ"

"ဟုတ်တယ် ဒီဘက်ရောက်လာတာနဲ့ ဝင်ဦးမယ်ဆိုပြီး ညာ့ကိုလှမ်းဆက်တာ လက်ကိုင်ဖုန်းကို ဘာဖြစ်လို့ ပိတ်ထားတာလဲ"

"မဟုတ်ဘူး ခဲအိုတော်ရဲ့ ဘက်ထရီဒေါင်းသွားလို့၊ မနက်က ထွက်သွားကတည်းက ထားပစ်ခဲ့တာ၊ လာမယ်ဆိုရင်လဲ ညဘက်ကတည်းက





ဆက်ထားပေါ့၊ မမညာကို အဲဒီလို အလွယ်တကူ တွေ့လို့မရပါဘူးဆိုမှ"

တိမ်ဦးက ကားနားမှာပဲရပ်နေလျက်နှင့် ပြုံးသည်။ ခြံဘက်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ...

"တွေ့ဖို့စိတ်ကူး ညကတည်းကဖြစ်ရင်တော့ ဆက်ဖြစ်မှာကွာ၊ ဒီဘက်ကိုရောက်လာတော့မှ အိမ်ဝင်လည်ဖို့ စိတ်ကူးကဖြစ်တော့ ဘယ်လိုလုပ်မလဲ၊ အခု ဘယ်သူမှမရှိဘူးလား"

"ဟင့်အင်း"

သိမ့်က ခေါင်းခါပြပြီး လှေကားပေါ်ကို နောက်ပြန် တစ်ထစ်တက်သည်။

"မမညာက ပွဲရုံကို အစောကြီးသွားရတယ်၊ မေမေက သူ့မောင်နဲ့ ဒီလိုပဲလေ၊ အန်ကယ်ဖော်က ပွဲစားဆိုတော့ အတူသွားနေမှ ကိုယ့်အတွက်လဲကျန်မှာဆိုတော့ အိမ်မှာမရှိကြကာဘဲများတယ်"

"ဒါဆို မင်းကတော့ အိမ်စောင့် အမြဲကျန်တယ်ပေါ့၊ ဘယ်မှမသွားဘူးလား"

"အဟွန်း..."

လှူလည်ကြီး...၊ သိမ့်က လက်ကလေးနှစ်ဖက် နောက်ပစ်ဆုတ်၍ ရယ်သည်။ မျက်ဝန်းလေးတွေကစားရင်း ပခုံးလေးတွန့်ပစ်၏။ မမညာ ဒီအချိန် မရှိတတ်ပါဘူးဆိုမှ ရောက်ရောက်လာတာ ဘာလဲ။

ရင်ခုန်သလိုလို၊ ရယ်ချင်သလိုလိုနှင့် ဖျတ်ခနဲကြည့်လိုက်တော့ ထူထဲစိမ်းညို့သည်မျက်ခုံးနှစ်ဖက်ခပ်တွန့်တွန့်နှင့် နှုတ်ခမ်းစေ့ထားရင်း ပြုံးနေသည့် မျက်နှာက ချောမွေ့နေသည်။

တိမ်ဦးလေ ဆိုသော ယောကျ်ားက နာမည်လို ကဗျာဆန်ဆန်နေချောတာမျိုးတော့မဟုတ်။

ဒါပေမယ့် ပြုံးလိုက်ခြင်း၊ တည်ပစ်လိုက်ခြင်းနှင့် သွားပုံလှုပ်ပုံအားလုံး



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဆွဲဆောင်မှုရှိနေ၏။

ပို၍စိတ်ဝင်စားစရာကောင်းသည်မှာ အမွေတွေ တစ်ပုံတစ်ပင်ကြီးကို ဆက်ခံရန်ရှိနေသည့် တစ်ဦးတည်းသောသား။

အဟွန်း... ညီအစ်မနှစ်ယောက်စလုံးကို စိတ်ကြိုက် ရွေးချယ်ခွင့်လိုချင်လို့ မမနဲ့ တရားဝင် မစေ့စပ်ဘဲထားတာပေါ့။

စိတ်ကူးထဲမှာ အမေးအဖြေတွေဖြစ်နေခဲ့သည်။ ကိုယ့်အတွေးနှင့်ကိုယ်ပဲ ဆုံးဖြတ်ပစ်လိုက်ကာ...

"လာလေ အထဲဝင်ထိုင်ဦး"

ခြံဘက်ကိုလှည့်နေသည့်တိမ်ဦးက သိမ့်ဘက်ကို ပြန်လှည့်ကြည့်၏။

"ဘယ်သူမှမရှိဘူးဆိုရင် မဝင်တော့ဘူး၊ တိုက်ဆိုင်တာဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် လာတိုင်းမတွေ့တော့ မရှိတဲ့အချိန်ကျမှ တမင်လာသလိုဖြစ်နေပြီ၊ အဲဒါကြောင့် လက်ကိုင်ဖုန်းကို ခေါ် မရတာနဲ့ အိမ်ဖုန်းကို ခေါ်လိုက်တာ၊ သိမ့်က မရှိဘူးလို့ အကြောင်းပြန်ပေမယ့် တို့က ဒီနားရောက်နေပြီလေ"

"ကဲပါ တမင်တကာ မမညာ မရှိတဲ့အချိန်မှာ လာတယ်လို့ထင်ရင်တောင်မှ သိမ့်က ကျေနပ်ပါတယ်"

"ဟင်..."

တိမ်ဦးမျက်နှာမှာ ဖျတ်ခနဲပြောင်းလဲသွား၏။ သိမ့်က ပြုံးလိုက်ကာ...

"အထဲမဝင်တော့ဘူးဆိုရင် ပြန်ပါ။ ဒါပေမယ့် သိမ့်ကို ပလာဇာ လိုက်ပို့ခဲ့ရမယ် ဘယ်လိုလဲ"

တိမ်ဦး ခေါင်းထဲမှာ အလုပ်ရှုပ်သွားသည်။ ညာ မရှိသည့်အချိန်မှာ လာခဲ့တာ တမင်တကာပါ။ ရည်ရွယ်ချက်က လရောင် ရောက်မလာသဖြင့် ထိုအိမ်လေးကို နောက်ထပ် အကဲခတ်ချင်၍ဖြစ်သည်။

ဒီရောက်တော့လည်း နောက်ကို ဘယ်လိုသွားရမှန်းမသိ၍ တွေးတောကြံဆနေတုန်း...





"ကောင်းသားပဲ တို့လဲ အချိန်ရတယ်၊ မင်း ရေမိုးချိုးပြီး ပြင်ဦးမှာမဟုတ်လား၊ အေးအေးဆေးဆေးသွားလုပ်၊ တို့ ခြံထဲကစောင့်မယ်"

"ဟား... သဘောကောင်းလှချေလား၊ အဲဒီလို သည်းခံပါ့မယ်၊ စောင့်ပါ့မယ်ဆိုတဲ့ယောက်ျား ရှားတယ်၊ ကြိုက်သွားပြီ"

သိမ့် ခနဲလှည့်ပြေးသွားသည်။ သူမ၏စကားတွေကို တိမ်ဦး စိတ်မဝင်စားတော့ပါ။ ခြေလှမ်းတွေက နောက်ဖေးဘက်သို့ ဦးတည်ပြီးသား ဖြစ်သွားခဲ့၏။

တိုက်နှင့် သွပ်ပြားအိမ်ကလေးက တော်တော့်ကို ကွာဝေးနေသည်။ အိမ်ရှေ့နားကိုရောက်တော့ ဟိုတစ်ခါ လရောင် ဝင်လာခဲ့သည့်ခြံထောင့်က တံခါးဆီကို လှမ်းကြည့်လိုက်မိ၏။

တကယ်တော့ တံခါးမဟုတ်ပေ၊ ခြံ၏နောက်တန်းက ပြိုပျက်နေသည့် အုတ်ပုံကို ဖုံ့ချပြီး တံခါးတပ်ထားတာဖြစ်သည်။

တော်ရုံအိမ်မျိုးမှာတောင် အလုပ်သမားတွေအတွက် ပေးထားသောအိမ်တွေဆို ဒီထက် အများကြီးသာပါသေးသည်။ လရောင်က ညာတို့ရဲ့ ဆွေမျိုး...၊

လရောင်ကို ဒီလိုနေရပါလားဆိုတာ မြင်လိုက်ကတည်းက သူ့စိတ်အတွေးအားလုံးဟာ ညာ့အပေါ်မှာထက် လရောင်၏ဘဝကိုသာ ကရုဏာစိတ်တွေဖြစ်ရင်း ဒါပဲ ထပ်တလဲလဲတွေးဖြစ်နေခဲ့၏။

ပြီးတော့ အထဲမှာ တစ်ယောက်ရှိနေသေးတာကို ထပ်သိခဲ့ရသောကြောင့်...

တိမ်ဦး ခြေလှမ်းတွေ နှေးကျသွား၏။ မျက်နှာစာတံခါးချပ်လေးက အပြင်ကနေ သော့ခတ်ထားသည်၊ ဒါပေမယ့် အထဲမှာ လူရှိနေမှန်း သိသောကြောင့် ခြေလှမ်းက မရပ်မိဘဲ ဘေးဘက်ကနေ တစ်လှမ်းချင်းဆက်လျှောက်နေခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



နာရီကြည့်လိုက်တော့ တစ်နေ့က လရောင် ပြန်လာသည့်အချိန်ပဲ ဖြစ်သည်။ ဘာဖြစ်လို့ ပြန်မရောက်သေးတာလဲ၊ သူ့ဆီကိုလည်း လရောင် မလာခဲ့ပါ။ အခုရက်ပိုင်းတွေမှာ စာအုပ်ကိစ္စနှင့်လာတာလည်း လရောင် မဟုတ်တော့သဖြင့် တိုက်မှာ မဆုံဖြစ်ကြတာလည်း ကြာပြီဖြစ်၏။

"ဟင်..."

စိတ်ကတွေးရင်း ခြေလှမ်းတွေ အိမ်ကလေး၏နောက်တည့်တည့်သို့ ရောက်သည်။ မျက်လုံးထဲမှာ နေ့ခင်းကြောင်တောင်ကြီးမှာပင် မယုံနိုင် အောင်ဖြစ်သွားခဲ့၏။

သွပ်ပြားဆောင်လေး၏ နောက်ဖေးပေါက်လေး ဒီဘက်မှာ ငုဝါရောင် နဖတ်ဖတ်လေးနှင့် မတ်တတ်ရပ်နေသည့် မိန်းကလေးတစ်ယောက်။

ဆံပင်တွေက တင်ပါးဖုံးအောင်ရှည်လျက် ခေါင်းလျှော်ထားသဖြင့် မခြောက်တခြောက်ပုံစံလည်း ပေါ်နေသည်။ သူမ၏ကျောထက်မှာသာ မကဘဲ ပခုံးစွန်းလေးနှစ်ဖက်မှလွန်ကာ ရင်အုံမို့မို့မှာလည်း တချို့ရှိနေ သေးသည်။

အရပ်ကတော့ မမြင့်လွန်း မနိမ့်လွန်းသောအရပ်မျိုး ခပ်တိုက်တိုက် လေးပဲဖြစ်သည်။ သူမသည် သစ်ခွတိုင်လေးနားမှ ရပ်နေကာ သစ်ခွတိုင် မှာ သစ်ခွမပွင့်ဘဲ သနပ်ခါးပန်းတွေ ထိုးစိုက်ထားတာကို လက်ချောင်း ကလေးများနှင့် လိုက်စမ်းနေသည်။

သနပ်ခါးပန်း ဝါညက်ညက်လေးတွေက သစ်ခွတိုင်မှာ ဝေဝေဆာ ဆာကြီးရှိနေလျက် ငုဝါရောင်ဝတ်ထားသော သူမသည် ဝါရွှေနုမွတ်သည့် မျက်နှာလေးဖြင့် အလှကျက်သရေတွေ ဆင့်ပွားနေခဲ့၏။

ကော့ချွန်လုံးစင်းသောနှာတံလေးက ထင်းနေ၏။ မျက်ခုံးတန်း ကလေးတွေက သေးသွယ်ပေမယ့် စိမ်းဖျော့ဖျော့ရေးရေးလေးပဲရှိသည်။ နှုတ်ခမ်းလွှာလေးတွေက ရှိသင့်တာထက် ပို၍အရောင်ရင့်နေသည်





ခြေဆုံးခေါင်းဆုံးကြည့်ရင်း တိမ်ဦး မျက်တောင်ခတ်ဖို့ မေ့နေသေသည်။ သပ်သိလိုက်တာက သူမဟာ မျက်မမြင်တစ်ယောက်။

"မွှေးလိုက်တာ ပန်းကလေးတွေရယ်၊ နင်တို့ကို ငါ မြင်ရရင် သိပ် ကောင်းမှာပဲ"

စကားသံသဲ့သဲ့လေးနှင့် ပန်းခက်လေးတွေကို မထိတထိလေး လိုက် ငမ်းနေပုံက ရင်နင့်ဖွယ်ပင်။

သူမသည် ရှေ့ကို နည်းနည်းလေးထပ်တိုး၍ လက်က တစ်စုံတစ်ခု ကို ထိကိုင်ဖို့ လိုက်စမ်းနေသည်။ သူမနှင့် လက်တစ်ကမ်းလောက်မှာ အပေါ်တန်းကနေ ဆွဲချထားသည့် ပန်းအိုးတွေရှိသေးသည်။ ပြီးတော့ ခြေရင်းနားမှာ နှစ်ယောက်ထိုင်ခုံတန်းလျားလေးတစ်ခုလည်းရှိသည်။

သနပ်ခါးပန်းတွေ စိုက်ထားသည့် သစ်ခွတိုင်နှင့် တိုင်တစ်လုံးခြား နေသော တစ်ဖက်မှာ ကစ်စမီပန်းအိုးကလေးရှိ၏။

ခပ်သော့သော့ပြေးဆော့သွားသည့် လေပြည်တစ်ချက်က သူမ၏ ဆံများတို့ကို ဆွဲရမ်းမွှေ့သွားသဖြင့် ကစ်စမီပင်ကိုင်းက ဆူးလေးတွေမှာ ဆံပင်တချို့ ငြိတွယ်သွားသည်။

သူမက ဘာမှမသိပေမယ့် တိမ်ဦးကတော့ မြင်နေရသည်။

တစ်ခုခုကို သတိရလိုက်မိကာ စိတ်ပူသွားမိသည်။ သူမက ဘေးက တိုင်ကို စမ်းကိုင်ပြီး ခုံတန်းဆီကို မှန်း၍ ရှေ့ထပ်တိုး၏။

ထိုစဉ် ဆံပင်က ကစ်စမီဆူးမှာ ငြိကျန်ခဲ့သဖြင့် တင်းခံနေဖြစ်သွားတာ ကို သူမ သိသွားလေသည်။

"အို... ဒုက္ခပဲ"

ဆံပင်တွေကို စမ်းကြည့်ပြီး လက်ကလေးက ထိုဆီရောက်ဖို့ ကြိုး စားလေသည်။ ဆံပင်သည် ကြိုးတန်းထားသလိုဖြစ်သွားကာ သူမ ဖြေဖို့ ကြိုးစားသည့်အရှိန်ကြောင့် ပန်းအိုးက လှုပ်ခတ်လာ၏။



www.burmeseclassic.com

"အား..."

လက်က ဟိုစမ်းဒီစမ်းနှင့် ငြိနေသည့်နေရာကို မသိဘဲ ဆူးတွေကို ကိုင်မိတော့ ညည်းသံလေးထွက်လာသည်။ လွဲလှုပ်နေသည့်ပန်းအိုးက အစွန်းတစ်ခုမှာချိတ်ထားရာကနေ ပြုတ်ကျလာဖို့တွေဖြစ်လာလျှင် တိမ်ဦး သူမဘေးကိုရောက်သွား၏။

"လက် ခဏလေးငြိမ်ငြိမ်နေ ကိုယ် ဖြုတ်ပေးမယ်"

"ဟင်.. ဘယ်သူလဲ"

သူမ၏ပုံ ခံလေးက ချက်ချင်းပြောင်းလဲသွားကာ ယောကျ်ားသံကို နီးနီးကပ်ကပ် ရုတ်တရက်ကြီး ကြားလိုက်ရသဖြင့် လန့်ဖျပ် နောက်ဆုတ် ၏။

"ဂျစ်"

"ဟာ"

"အမယ်လေး"

ပန်းအိုးက အပေါ်ကနေ ဆံပင်ကြောင့် ပြုတ်ထွက်ကျလာ၏ တိမ်ဦး သူမပခုံးလေးကို ဖျတ်ခနဲဖမ်းဆွဲကာ သူ့ကိုယ်နှင့်ကြားခံပစ်လိုက် သဖြင့် ပန်းအိုးက ကျောကို တစ်ချက်ပစ်တိုက်ပြီးမှ ဒုန်းခနဲ ပြုတ်ကျသွား လေသည်။

"ဘာ.. ဘာတွေဖြစ်ကုန်တာလဲဟင်"

သူမသည် ကတုန်ကယင်လေးဖြစ်လျက် သူ့လက်တွေကိုဖယ်ထုတ် သည်။ မေးရင်း နောက်ကိုလည်း ထပ်ဆုတ်ပြန်သည်။

"မဆုတ်နဲ့တော့ နောက်မှာ ခလုတ်တိုက်မယ်"

ဆက်ဝ ကပြုလဲကုန်မှာစိုးသောကြောင့် သူမ၏လက်ဖဝါးလေးကို တိမ်ဦး လှမ်းဆွဲလိုက်မိပြန်သည်။

"ကိုယ် လူဆိုးမဟုတ်ပါဘူး။ မင်းကို အန္တရာယ်ပေးမယ့်သူလဲ မဟုတ်





ဘူး။ လရောင်ရဲ့မိတ်ဆွေ"

"ဟင်.."

သူမက လက်ကို မမေ့မလျော့ ဆွဲထုတ်ရန်းပစ်ကာ မျက်တောင် လေးတွေ တဖျပ်ဖျပ်ခတ်၏။

"မောင်လေးရဲ့မိတ်ဆွေ ဟုတ်လား"

"ဟုတ်ပါတယ် အဲဒါကို ယုံပါ။ ခုလဲ ပန်းအိုးပြုတ်ကျလာတာ မင်းကို ထိမှာစိုးလို့ ကိုယ် ဆွဲလိုက်တာပါ၊ အခွင့်အရေးယူတာမဟုတ်ဘူး"

သူမက လက်ကလေးပိုက်ပစ်လိုက်ပြီး အကြောက်မပြေသေးပုံ ရှိ သော်လည်း ခေါင်းညိတ်ရှာ၏။

"ဖယောင်း သိပါတယ်၊ သူ့ကို ထိသွားလားဟင်"

"ဖယောင်းတဲ့လား"

"မြဖယောင်းပါ"

"သြော်.."

သိမ်မွေ့ခြင်းများဖြင့် မဟာဆန်သည့်နာမည်လေးကို သူ မှတ်ထား လိုက်၏။ ငုဝါရောင်လက်ရှည်ရင်ဖုံးအကျီလေးနှင့် ရွှေသားကဲ့သို့ ဝင်းစက် နေအောင်လှသော သူမနှင့် ဒီနာမည်လေး တကယ်လိုက်ဖက်ပါ၏။

"မင်းရဲ့ ဆံပင်တွေပြုတ်ကုန်ပြီထင်တယ်၊ နာသွားလား"

"ဟင့်အင်း"

"ဒီမှာ မောင်နှမနှစ်ယောက်ပဲနေတာလားဟင်"

"ဟုတ်ကဲ့၊ သူ အဲ... ရှင့်ကို မောင်လေးက ပြောပြတာလားဟင်"

"မပြောပါဘူး၊ အခု သူ့ဆီကိုလာရင်းနဲ့ မင်းကိုမြင်လိုက်တာ၊ ကိုယ့် နာမည် တိမ်ဦးလေ"

"ရှင်..."

ဖယောင်းမျက်နှာလေးက မမြင်နိုင်သည့် သူ့မျက်နှာဆီသို့ မော့လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ မျက်ဝန်းလေးတွေလည်း လှုပ်ရှားလာ၏။

သို့သော် မျက်လုံးချင်းမဆုံနိုင်ရှာဘဲ မျက်တောင်ရှည်တွေ တဖျပ်ဖျပ်ခတ်လျက်...

"တိမ်ဦးစာပေ ဆိုတာက..."

မရဲတရဲလေးပြောလိုက်ပြီး မဆုံးခင်ရပ်သွားသည်။ ဒါကို သူက ဆက်၍...

"ဟုတ်တယ် စာပေတိုက်နဲ့ကိုယ်နဲ့ အတူတူပါပဲ၊ အဲဒီတော့ လရောင်လာရင် မင်းနဲ့ကိုယ် စကားပြောဖြစ်ခဲ့တာကို ပြောပြလိုက်ပါ၊ နောက်ထပ်လဲ ဘာမှ လျှို့ဝှက်မထားဘဲ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ဆက်ဆံဖို့ပေါ့"

"မဖြစ်နိုင်ဘူး၊ အဲဒါတော့ မဖြစ်လို့ပါရှင်၊ ဖယောင်းတို့ မောင်နှမကလေ..."

သူမ ဆက်မပြောပါ။ သူ့မှာလည်း အချိန်သိပ်မရ။ တိမ်ဦးက ဖယောင်းမျက်နှာလေးကို စူးစိုက်ကြည့်လိုက်မိကာ...

"အဲဒီအကြောင်းတွေလဲ ကိုယ် စိတ်ဝင်စားပါတယ်၊ လရောင်နဲ့ စကားပြောချင်တယ်၊ ကိုယ့်ဆီကို လာခဲ့ဖို့ သူ့ကို မင်း ပြောပြလိုက်ပါ၊ ဒါမှမဟုတ်ရင် ဒီကို ကိုယ် ထပ်လာခဲ့မယ်"

သူမသည် အသံမထွက်ဘဲ ခေါင်းလေးတွင်တွင်ခါသည်။ လက်ချောင်းဖျားလေးတွေကို နှုတ်ခမ်းသားတွေထက်မှာ ဖိကိုက်မတတ် ထည့်ငုံ၍ ပြောချင်တာတွေကို မျိုသိပ်နေပုံပေါ်၏။

"ဖယောင်း"

"ဟင်..."

"ကိုယ် သွားမယ်နော်"

နှုတ်ဆက်လိုက်ပေမယ့် ကျောခိုင်းလိုက်ရမှာကို နှမြောနေမိသည်၊ မဟူရာပိုးသားလို ဆံနွယ်နွဲ့နွဲ့ လွန့်လူးကာ ရွှေစင်ရုပ်တုလေးသဖွယ် သူမ





သည်သာ တကယ့်သက်မဲ့ရုပ်လေးတစ်ရုပ်ဆိုလျှင် ကောက်ပွေ့ ထမ်းလိုက်မိနိုင်၏။

သူ ဘယ်လိုဖြစ်သွားတာလဲ...၊

သူမကိုထားရစ်ခဲ့ရသော ဒီဘက်မျက်နှာရှေ့မှာ ဘာမှမရှိတော့သလို ရင်ထဲမှာ ဟာနေ၏။ ခုချက်ချင်းကြီး ချစ်မိသွားပြီဆိုလျှင် သူများတွေ ရယ်ကြမလား...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

သူ ကားရပ်လိုက်တော့ စကားသံတွေကို ကြားလိုက်ရ၏။ စီခနဲ ရယ်ချလိုက်တော့ သိမ့်၏အသံပဲဖြစ်လေသည်။

"အမယ်လေး မမညာရယ် ဘွဲ့ရပညာတတ်ဖြစ်နေပြီးမွေးနေ့ဖိတ်စာလေးတစ်စောင် ဖြောင့်အောင်မရေးတတ်ဘူး၊ ဟား ဟား ရယ်ရတယ်"

"အို… ကိုယ်ကျွမ်းကျင်တဲ့အလုပ်မှမဟုတ်တာ၊ ဘွဲ့ရပညာတတ်နဲ့ ဘာဆိုင်လို့လဲ၊ လုပ်မနေနဲ့ နာမည်ပြောပြီး ဒီတိုင်းပဲအပ်လိုက်စမ်းပါ၊ မရေးချင်တော့ဘူး"

"မအပ်ပါဘူး၊ ကိုယ့်ဟာကိုယ် စာစီပြီးအပ်မှ စိတ်တိုင်းကျမှာပေါ့၊ မမညာ လက်လျှော့ပြီလား ဝန်ခံလိုက်၊ ဒါဆို သိမ့် ရေးပြမယ်"

"ဟော ကိုဦး"

အကျပ်ရိုက်နေကျန်း သူ့ကိုမြင်သွားသလို ညာက နေရာမှထရပ်လိုက်သည်။

"ဟား… ခဲအိုတော်ပါလား၊ ဒီတစ်ခါ ဘာလဲ ကြိုချိန်းထားတာလား"

"မချိန်းပါဘူး၊ ကံကောင်းထောက်မစွာ လာတွေ့တာ၊ အန်တီတို့ကော"





"မေမေတို့ မနေ့ကတည်းက ပဲခူးသွားကြတယ်၊ ဒီလိုပဲ အဲဒီကိုသွားရင် နှစ်ည သုံးည အိပ်တတ်တယ်"

ညာကဖြေတော့ သိမ့်ကလည်း ရယ်လိုက်ကာ…

"မေမေတို့ကိုမေးတာ ဘာလို့လဲ၊ ဇာက်ထပ်ချင်ပါပြီလို့ ခွင့်တောင်းတော့မလို့လား"

"သိမ့်…"

ညာက မျက်နှာတင်းတင်းနှင့် လှည့်အော်သည်။ မိန်းကလေးဘက်က သိက္ခာကိုတော့ ပွန်းပဲ့သွားမှာစိုးပုံပေါ်၏။ တိမ်ဦးက ဘယ်သူ့ကိုမှ မကြည့်ဘဲ ညာနှင့်အတူ ဆိုဖာနားရောက်လာတော့ မျက်လုံးတွေက စားပွဲပေါ် ရောက်သွား၏။

"ထိုင်ဦး ကိုဦး၊ ဒီကောင်မလေး လျှောက်နှောက်နေတာနဲ့ စကားတွေတောင် ဘယ်ရောက်ကုန်မှန်းမသိတော့ဘူး"

ညာက သိမ့်ကို မျက်လုံးစူးစူးနှင့်ကြည့်ပြောကာ တိမ်ဦးဘက်ကို လှည့်လိုက်လျှင် ခေါင်းထဲမှာ ပြာခနဲ မိုက်ခနဲ ဖြစ်သွားလောက်အောင် ထိတ်လန့်သွားလေသည်။

တိမ်ဦး၏မျက်လုံးတွေက မွေးနေ့ဖိတ်စာအတွက် သူမကိုယ်တိုင် ပုံစံအကြမ်းရေးထားသည့်စာလုံးတွေပေါ်မှာ စူးစိုက်လျက်…

"ကိုဦး လာတာနှစ်ခေါက်သုံးခေါက်ရှိပြီဆိုတော့ အရေးကြီးတဲ့ကိစ္စတစ်ခုခုများ ရှိလို့လား"

ညာ စကားစလိုက်သော်လည်း တိမ်ဦးက စာတွေကိုပဲ စိုက်ကြည့်နေပြီးမှ ဖြည်းဖြည်းမော့လာကာ…

"အရေးမကြီးပါဘူး၊ ဒါပေမယ့် လရောင်ကို တွေ့ချင်တာနဲ့လေ…"

"ဘာ…"

ညာ့မျက်နှာ ကွက်ခနဲပျက်သွားသည်၊ အမြဲတမ်း ပြုံးတက်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



သိမ့်၏အပြုံးအရယ်တွေပါ ပြတ်တောက်ငြိမ်ကျသွားလျက်…

"လရောင်ကို ဘာလုပ်မလို့လဲ"

ညာက တရားခံစစ်သည့်မျက်ဝန်းများနှင့်စိုက်ကြည့်၍မေးသည်။ တိမ်ဦးက ထူးခြားသောပြောင်းလဲမှုမရှိသည့်မျက်နှာနှင့်…

"လရောင်က ကိုယ့်တိုက်မှာ ဟိုတုန်းကတည်းက ဝင်ထွက်သွားလာနေတဲ့သူပဲ ညာရဲ့၊ ကိုယ်နဲ့ရင်းနှီးတယ်လေ၊ ဒါနဲ့ လရောင်က ဒီမှာနေတာဆို၊ ကိုယ် လာတိုင်း မတွေ့ဘူး"

ညာ့မျက်နှာ သိသာစွာ ပြောင်းလဲသွားလေသည်။ လရောင်ကို တွေ့ချင်လို့လာတာလို့ ပြောလိုက်ကတည်းက ကိုယ့်မာနကို ဆူးတစ်ချောင်းနှင့် ရိုက်သွင်းပစ်လိုက်တာပဲဖြစ်သည်။

ကိုယ်ဟာ ဒီလိုမိန်းမမျိုးလား၊ မေမေတို့ကသာ အတင်းအကျပ်သိမ်းသွင်းဖျောင်းဖျထားတာတွေ လုပ်မထားခဲ့လျှင်…

သူ ဘယ်လိုဖြစ်ဖြစ်၊ ဘယ်လောက်ချောချော…

"လရောင်က ဒီမှာနေတာပါ၊ ဒါပေမယ့်…"

သိမ့်က ဝင်ရောက်ဖာထေးဖို့ ကြိုးစား၏။ ညာက မျက်နှာကိုတင်း၍…

"သူက ညာတို့နဲ့ ဘာမှမဆိုင်တာမဟုတ်ဘဲ ဒီအိမ်ကြီးပေါ်မှာ ဘယ်နေလို့ရမလဲ၊ နောက်ဖေးမှာနေတာ"

"သြော်…"

မထင်မှတ်ဘဲ ညာနှင့်တိမ်ဦး၏ အခြေအနေက တင်းမာခြင်းသို့ရောက်ခဲ့လေသည်။

"ဒါပေမယ့် သူ အခုမရှိဘူး၊ ကိုဦး သူ့ကိုတွေ့ချင်ရင် ကြိုပြီး ကွန်တက်လုပ်ထားရမှာ၊ ညာတို့ဆီမှာ စောင့်ကြည့်မေးနေတာ ပင်ပန်းတာပေါ့"

တိမ်ဦးက ညာ့ကို သနားစရာ သတ္တဝါတစ်ကောင်ကဲ့သို့ မချိုမချဉ်





ပြုံးကြည့်၏။

ညာသည် မာနကြီးလွန်းသည့်အပြင် စိတ်မရှည် သည်းမခံတတ်သော၊ ပြဿနာကြီးငယ် အတိမ်အနက်ကိုလည်း တွက်ချက်ချင့်ချိန်နိုင်စွမ်းမဲ့သည့် မိန်းမတစ်ယောက်အဖြစ် ချက်ချင်း သတ်မှတ်လိုက်နိုင်၏။

"ဆောရီး ကိုယ်မေးလိုက်တာ မင်းအတွက် အနှောင့်အယှက် ဖြစ်သွားတယ်ထင်တယ်၊ လရောင်က ဒီမှာပဲနေတာလို့ မင်း ပြောခဲ့ဖူးလို့ ကိုယ်က မေးကြည့်တာပါ။ ပြီးတော့ မင်းနဲ့လရောင်ကို ကိုယ်က ကိုယ့်ရဲ့ စီးပွားဖက်၊ ဝါသနာတူ စာပေမိတ်ဆွေတွေလို့ သဘောထားခဲ့တာ မင်း သိပါတယ်"

"ကိုဦး"

ညာ ဒေါသတကြီးထဖြစ်သွားလေသည်။ သိမ့်ပင် ကိုယ့်အစ်မကို ပြန်ကြည့်၍ အံ့အားသင့်ကာ ဘယ်လိုစကားနှင့် ဝင်ထိန်းပေးရမှန်းမသိ ဖြစ်သွား၏။

"ကိုဦးက ညာ့ကို လက်ထပ်ဖို့ရည်ရွယ်ခဲ့တာလား၊ စာရေးဆရာမဖို့လို့ ထုတ်ဝေသူတစ်ယောက်က ကိုယ့်တိုက်မှာပဲမြဲအောင် သားရွှေအိုးထမ်းတာမျိုး ကြံခဲ့တာလား"

"မဟုတ်ဘူး ညာ၊ မင်း လွဲနေပြီ"

"မမညာကလဲ…"

"သိမ့် နေစမ်း၊ ပြော ရှင် ပြော"

ညာ့မှာ နူးညံ့ညင်သာမှု ဘာမှမရှိတော့ပါ။ တိမ်ဦးက စားပွဲပေါ်က စာကြောင်းတွေဆီ တည့်တည့်မဟုတ်သောအကြည့်တစ်ချက်ဖောလျက်…

"ကိုယ်…"

ပါးစပ်ထဲမှာ ပြောဖို့စကားတွေက သူ့ထက်ဇီ အလုအယက်တိုက်နေကြ၏။ သို့သော် ဘာကို အရင်ပြောသင့်သည်ဆိုတာ သူ သိလိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"မင်း အထင်လွဲနေတာ ညွှာ၊ ကိုယ့်စကားထဲမှာ ဘာပရိယာယ်မှမပါဘူး၊ ဒါပေမယ့် တစ်ခုတော့ပြောထားပါရစေ၊ ကိုယ့်ဇါသနာနဲ့ကိုယ့်အလုပ်ကို ပုတ်ခတ်တဲ့စကားတော့ မပြောမိဖို့ ဆင်ခြင်ပေးပါ။ မင်းကို ကိုယ်က စာရေးဆရာမမို့လို့ လက်ထပ်ဖို့ထိ ဆုံးဖြတ်မိခဲ့တာ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် အဲဒါ ကိုယ့်စီးပွားအကျိုးအမြတ်အတွက် မဟုတ်ဘူး၊ ကိုယ် ဘယ်လိုလူဆိုတာ မင်းလဲ သိနေမှာပါ"

တိမ်ဦးက နေရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်၏။

"သမီးရှင် လူကြီးမိဘတွေပါးစပ်ထဲမှာရှိတယ်၊ သမီးမိန်းကလေးဆိုတာ ရေ...းကုန် တဲ့၊ ဒီစကားက ရိုင်းသလိုရှိပေမယ့် မှန်တယ်လို့ အားလုံး လက်ခံကြတာပဲ၊ ဒါပေမယ့် ကုန်ပစ္စည်းတစ်ခုဆိုရင်တောင် ဒီပစ္စည်း တန်ဖိုးကြီးသလောက် ဝယ်ချင်တဲ့သူကလဲ ပေးဝယ်ရတာ၊ ကိုယ်ဆိုလိုတာက ကိုယ့်ပစ္စည်း ကိုယ့်ဘက်ကချည်းပဲ တန်ဖိုးကြီးလှတယ် မထင်ဖို့ပါ၊ ရောင်းသူဝယ်သူ ဆိုတာလဲ စာနာစိတ်ရှိရတယ်၊ မျှမျှတတ ဆုံးဖြတ်မှ အဆင်ပြေမှာ"

"ရှင်က..."

"မင်းရဲ့ မာနကို နည်းနည်းလေး ပြန်လျှော့လိုက်ဖို့ပဲ၊ မင်းနဲ့ကိုယ် လက်ထပ်ကြဖို့မှာ မင်းဘက်ကဖြစ်ဖြစ်၊ ကိုယ့်ဘက်ကဖြစ်ဖြစ် ဘယ်ဘက်ကမှ အတိမ်းအစောင်းမရှိဘဲ ညီညွတ်မျှတသွားတဲ့တစ်နေ့ဆိုတာ လိုမယ်၊ ဘာဖြစ်လို့လဲဆိုတာ အချစ်က စခဲ့ကြတာမဟုတ်ဘဲ၊ ခုချိန်ထိ မမျှမတ ဘာမှမရှိသေးဘူး၊ နောက်ဆုတ်ကြရင်လဲဖြစ်တယ်၊ ရှေ့တိုးလို့လဲရတယ်၊ မင်း ဒေါသတွေဖြစ်နေပြီ ကိုယ်က ဖြစ်လို့မှမရတာ၊ ဒီကစပြီး မျှတမှုတွေ ပျောက်ကုန်အောင်မလုပ်ပါနဲ့ ပြောပြတာ"

မျက်နှာ...၍ အလေးပြုသလို လုပ်ခဲ့သေးသည်။ ပြီးတော့ သူ လှည့်သွားခဲ့၏။





"တောက်"

ညွှာ ဒေါသဖြစ်လွန်းသဖြင့် လက်သီးဆုပ်ကို ဖိညှစ်ဆုပ်ထားလိုက်၏။

"မညွှာက ဟုတ်သားပဲ၊ ဘလိုင်းကြီးထ...ကာ၊ ကိုယ်ကပဲ သဘောထားသေးသတဲ့ ခုပြောသွားတော့ ကောင်းသေးလား"

တိမ်ဦးကားလေး ထွက်သွားသည်နှင့် ညွှာ့ကို သိမ့်က အပြစ်တင်တော့သည်။

"ဘာ... ငါကရစ်တာ ဟုတ်လား"

ညွှာက စာရွက်ကို လက်ဝါးနှင့် ဖျန်းခနဲမြည်အောင် အုပ်ကောက်၍ ထရပ်လိုက်သည်။ ပြီးတော့ စာရွက်ကို ကြေမွသွားအောင် လုံးချေပြီးမှ သိမ့်ရင်ဘတ်ကို လွှဲပေါက်လိုက်ကာ...

"အဲဒီမှာ ငါ့လက်ရေးကို သူ ခိုးဖတ်သွားတာ နင် မြင်လား၊ စာမူတွေက လရောင်လက်ရေးတွေကို သူက သိနေတာ၊ ငါ စာရေးဆရာမမဟုတ်ဘူး ဆိုတာကို သူ သိသွားပြီလေ၊ မထူးတော့တာကို ငါက အရှက်မရှိ လိမ်ညာထိတ်လန့်နေရဦးမှာလား"

သိမ့်က ဒီအဖြစ်ကို သတိမထားလိုက်မိသဖြင့် တစ်ချက်တော့ ကြောင်သွား၏။ သို့သော် ချက်ချင်း ပြန်ပြောသည်။

"ပြဿနာရှိလာရင် ရှင်းလို့မရတဲ့နည်းမရှိဘူး၊ လရောင်က ကိုယ်သေဆိုသေ၊ ရှင်ဆိုရှင်ရတဲ့ကောင်၊ ဟိုအကန်းမကကော ဘာလုပ်နိုင်မှာမို့လို့လဲ၊ မညွှာ လုပ်လိုက်တာကမှ ရှက်ရမ်းရမ်းသလိုကြီး ဖြစ်နေတာ၊ ဒီလက်ရေးတစ်ခုက နောက်ထပ်တိုင်ပင်ကြဲဆပြီး သင့်သလို ပြောဆိုသွားလို့ရတာပဲ မေမေကလည်း အခု လရောင်တို့ကို ဘာစာမှ ထပ်မရေးနဲ့တော့လို့ အမိန့်ပေးခဲ့ပြီးပြီ။ ကျွန်မ စာမရေးချင်တော့ဘူးဆိုရင် ပြီးတာပဲ"

"တော်စမ်း နင့်ပါးစပ်ကိုပိတ်ပြီး သွားလိုက်တော့ သွား၊ အဲဒီလူ အကြောင်း ငါက နင်တို့ထက်ပိုသိတယ်၊ ဘာတွေဖြစ်...မလဲ စောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်”

“ကြည့်မှာပါ၊ သူက မမညွှာ ထင်သလိုလူ တကယ်ဆိုရင်လဲ မမညွှာ ထက်တော့ အများကြီးသာတယ်၊ မျိုသိပ်နိုင်တယ်၊ ထိန်းချုပ်နိုင်တယ်၊ အဲဒါ လူကြီးလူကောင်းဆန်တာလေ၊ မျိုသိပ်သည်းခံနိုင်ခြင်းက အောင်မြင်ခြင်းပဲတဲ့၊ မမညွှာ ဒေါသတွေ သိပ်ကြီးပြမနေနဲ့၊ ‘တိမ်ဦးလေ’ကို ဘယ်တော့မှ ကျော့လို့ရမှာမဟုတ်ဘူး”

“တောက်”

♥ ♥ ♥





## အခန်း (၁၄)

ကျောင်းပေါက်ဝကနေစောင့်ပြီး အချိန်တော်တော်ယူဖမ်းမှ လရောင်ကို မိသည်။ ပြေးနေတာမဟုတ်ပေမယ့် ခေါ်တာလည်းမလာ၊ ကိုယ်က သွားချင်တိုင်းသွားလို့လည်းမဖြစ်။

ထို့ကြောင့် သားကောင် ရေသောက်ဆင်းချိန်ကို လေးနှင့်အသင့်ချိန်ပြီး စောင့်ရသည့်မုဆိုးကဲ့သို့ တိမ်ဦးအဖြစ်က တစ်ထပ်တည်း။

လရောင်ကလည်း သားကောင်မဟုတ်၊ သူလည်း မုဆိုးတော့မဟုတ်ပါ။ ဒါပေမယ့် တကယ့်ကို စောင့်ဖမ်းမှ လရောင်ကို မိသည်ဟုပဲ ပြောရတော့မည်။

ကော်ဖီဆိုင်မှာ မျက်နှာချင်းဆိုင်ထိုင်မိကြတော့လည်း သူပဲ စားစရာမှာပြီး ပြောဖို့စကားကို သူပဲ စ,ရသည်။

“ပြောစရာတွေတော့ အများကြီးပဲ လရောင်၊ ဘာက စ,ပြောရမလဲ ဆိုတော့..”

သူက ရေနွေးတစ်ခွက် ငုံ့ထည့်ပြီး လရောင်ရှေ့ကို တိုးပေးလိုက်သည်။ ပြီးမှ သူ့အတွက်ထည့်ပြီး လရောင်မျက်နှာကို စိုက်ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာတွေခဏထားပြီး မင်းကို အစ်ကို တစ်ခုမေးချင်တယ်"

မမေးပါနဲ့လို့ ပြောလိုက်ချင်သလိုမျိုး စိတ်ကျဉ်းကျပ်သွားပုံရသော လရောင်မျက်လုံးတွေ သူ့ဆီရောက်လာသည်။ သူက နားလည်သည့် နှုတ်ခမ်းများမှာ ပြုံးရိပ်ထင်လျက် ခေါင်းညိတ်သည်။

"ကိုယ် နားလည်ပါတယ်၊ ဒါပေမယ့် မင်း မဖြေလို့တော့မရဘူး၊ ဒါကို အမှန်အတိုင်းသိရမှ ဒီစကားဝိုင်းကို ဆက်လို့ရမှာ"

"ကျွန်တော် မဖြေနိုင်ရင် ဆရာ... အဲ... အစ်ကို စိတ်ဆိုးသွားမှာစိုးလို့ပါ၊ အထူးသဖြင့် မမညာတို့မိသားစုနဲ့ ပတ်သက်ပြီး ဘာမှ ကျွန်တော် မပြောချင်ဘူး"

လရောင်က ပွင့်ပွင့်လင်းလင်းစပြောတော့ သူ မေးဆက်ညိတ်သည်။

"မပတ်သက်လို့တော့မရဘူး ငါ့ညီ၊ ဘာဖြစ်လို့လဲဆိုတော့ 'သံမာ' ဆိုတဲ့စာမူတွေနဲ့ပတ်သက်ပြီး ကိုယ်က ပြောမှာဆိုတော့..."

သူ စကားကို ခပ်လေးလေးပြောရင်း အကဲခတ်လိုက်တော့ လရောင် မျက်နှာပျက်သွားတာကို သေချာမြင်လိုက်ရ၏။

"ပြောမယ်နော်၊ 'သံမာ'ကို ဘယ်သူရေးနေတာလဲ"

"ဟင်..."

ဒီလိုကြီးမေးလိမ့်မည်ဟုတော့ လရောင် မထင်ခဲ့ဘူးထင်သည်။ မျက်လွှာချပစ်လိုက်သည့်ထဲကနေ မျက်ဝန်းတို့က ယောက်ယက်ခတ် လှုပ်ရှားနေခဲ့၏။

"သံမာကို ညာ ရေးတာမဟုတ်ဘူး"

သူ ထပ်ပြောတော့ လရောင်၏မျက်ဝန်းတွေ အလန့်တကြား ပင့်တက်လာ၏။

"အခု စာအုပ်မပြည့်သေးဘဲနဲ့ သံမာက ဆက်မရေးတော့ဘူးလို့ ပြောနေတယ်၊ အဲ ညာကဆိုပါတော့ ညာနဲ့ကိုယ် ဖုန်းပြောတယ်လေ၊ သူ ဆက်





မရေးတော့ဘူးတဲ့"

လရောင်နဲ့သူ မျက်လုံးချင်းဆုံ၍ အကြာကြီးငေးကြည့်နေကြသည်။ သူကပဲ ဆက်ပြောလိုက်၏။

"သံမာနဲ့သူ မဆိုင်ဘူးဆိုတာကို ကိုယ်က သိပါတယ်၊ ဒါပေမယ့် ဘယ်သူရေးနေသလဲဆိုတာ သေချာမသိသေးတဲ့အတွက် သူ့ကိုပဲ မေးရတယ်လေ၊ သံမာက အောင်မြင်နေပြီကွ၊ ဒီအချိန်မှာ စာရေးတဲ့သူလဲ ဝမ်းသာမှာပဲ၊ ကိုယ်ကလဲ ကိုယ့်တိုက်က စာရေးဆရာတစ်ယောက် အောင်မြင်နေတာကို မြင့်သထက်မြင့်စေချင်တာ၊ တကယ်လို့ ညာက သံမာ ရေးနေတဲ့သူအပေါ်မှာ လွှမ်းမိုးနိုင်မှု တစ်စုံတစ်ရာနဲ့ သူ့ဟာသူ ဆုံးဖြတ်ပစ်လိုက်တာဆိုရင် တကယ့်ဝါသနာရှင်ဟာ သိပ်ကို နစ်နာသွားမှာ၊ ကိုယ် မင်းကိုပြောနေတာ စီးပွားရေးအရ မြှုဆွယ်မှု လုံးဝ မပါဘူးနော်၊ စီးပွားရေးဆိုတာက ကိုယ့်အတွက် သာမန်စီးမျောမှုတစ်ခုပါ၊ ဒီအတွက် ဘာမှ လုံ့လစိုက်ထုတ်နေဖို့မလိုဘူး"

လက်ဖက်ရည်နဲ့မုန့်တွေ ရောက်လာတော့ သူကိုယ်တိုင်ပဲ လရောင်ရှေ့ကို သေချာတိုးပေးလိုက်ပြီး စားသောက်ဖို့ မေးဆတ်ပြောသည်။ ပြီးမှ...

"စာရေးဆရာတစ်ယောက်ရဲ့ ဘိုင်အိုဂရပ်ဖီကို သိဖို့က ကိုယ့်အတွက် သိပ်မခက်ပါဘူး၊ အခု မင်းကိုမေးတာက မင်းကိုယ်တိုင် ဝန်ခံစေချင်တာ၊ ဘာကိုပဲ အညံ့ခံခံ ဘယ်လောက်ပဲ ပေးဆပ်ရပါစေ အဲဒီ ပေးဆပ်အညံ့ခံမှုတွေထဲမှာ ကိုယ့်ဝါသနာကို ထည့်ပေးလိုက်တဲ့အထိတော့ မပျော့ညံ့သင့်ဘူး၊ ကိုယ် မင်းကို နှိမ်နေတာမဟုတ်ဘူးနော် ဖြစ်သင့်တာကို ပြောပြတာ၊ ဘာအကြောင်းတွေပဲရှိရှိ မင်း ကိုယ့်ကို ပွင့်လင်းလို့ရတယ်၊ သံမာ ဆိုတဲ့ ဘလောင်ကို ကိုယ့်လက်နဲ့ကိုယ် ဆုပ်ကိုင်မထားနိုင်တဲ့အကြောင်းတွေထဲမှာ မင်းဘက်က အများကြီးရှိမှာပါ၊ အဲဒါတွေကို အစ်ကို သိခွင့်ရှိရင် သိချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

လရောင်က ဒီတစ်ခါ မျက်လွှာချမသွားပါ။ တိမ်ဦးကို စူးစိုက်ငေးနေရင်း တစ်ခုခုကို စဉ်းစားချင့်ချိန်နေသလို အကြာကြီးနေ၏။ ပြီးမှ...

"မမညွှာနဲ့ အစ်ကို လက်ထပ်ကြမှာမဟုတ်လား"

သူ ခေါင်းခါလိုက်သည်။

"အစက အဲဒီတိုင်းဖြစ်ဖို့ပဲ၊ ဒါပေမယ့် အခု မဟုတ်တော့ဘူး၊ ကိုယ့်ဘက်က သူ့ရဲ့မရိုးသားမှုကို စပြီးမဖော်ပါဘူး၊ သူပဲ စပြီး ပေါက်ကွဲတာပြီးတော့ မာနကြီးတယ်လေ၊ ကိုယ်ကလဲ မမှားရင် မလျှော့နိုင်ဘူး၊ မထင်မှတ်ဘဲနဲ့ ခုလိုမြန်မြန်ဆန်ဆန်ကြီးဖြစ်ကုန်ကြတာ စိတ်တော့မကောင်းပါဘူး၊ လူကြီးတွေလဲ မပြေလည်ကြတော့ဘူး၊ ဘာပဲဖြစ်ဖြစ်ကွာ စာရေးနေတဲ့သူနဲ့ စာမရေးတတ်တဲ့သူက စကားပြောကြည့်လိုက်တာနဲ့ သိသာတယ်၊ ပြောဆိုဖြစ်ကြတိုင်း သူ့ရဲ့အပြုအမူ အပြောအဆိုတွေကို ကိုယ်သံသယဖြစ်ခဲ့တာ၊ ဒါပေမယ့် ဒီလောက်ထိဖြစ်နေမယ်လို့ မထင်ဘူး"

"အစ်ကိုက သံမာကို ကျွန်တော်ရေးနေတာလို့ ထင်နေတာလား"

"ဘာလဲ ငြင်းမလို့လား၊ မင်းရဲ့ ဓာတ်ပုံနဲ့ ဘိုင်အိုဂရပ်ဖီကို ကိုယ် ကြည့်ခဲ့ပြီးပြီ"

လရောင်က ခေါင်းခါနေ၏။ ပြီးတော့ အလွန်စိတ်ညစ်သွားသည့်မျက်နှာနှင့် သက်ပြင်းရှည်ကြီးချကာ...

"သံမာက ကျွန်တော်မဟုတ်ဘူး"

"ဘယ်လို..."

"ကျွန်တော်က..."

"ပြောပါ။ ညွှာတို့မိသားစုရယ်၊ မင်းတို့မောင်နှမရဲ့ နောက်ကြောင်းတွေကော အဲဒီထဲက 'သံမာ'နဲ့ပတ်သက်လောက်တဲ့အကြောင်းတချို့ကိုပါ ကိုယ့်ကို ပြောပြပါ"





"သံမာ ဆိုတာ ကျွန်တော့်မမကိုယ်တိုင် ရွေးလိုက်တဲ့ ကလောင်နာမည်ပါ။ သံမဆိုတဲ့နာမည်နဲ့ မမ ရေးတာ"

"ဘာ..."

လက်ဖက်ရည်ပန်းကန်မှာ မသောက်ဖြစ်ဘဲ ကိုင်ထားသည့်လက်က စားပွဲစွန်းဆီ ဖျတ်ခနဲဆုပ်မိပြီးသားဖြစ်သွားသည်။ လရောင်က မထူးတော့ပြီမို့ ပြောပြရန် ဆုံးဖြတ်ထားလိုက်သလိုမျိုး ဆက်ပြောနေ၏။

"မမက စာရေးတာကို သိပ်ဝါသနာကြီးခဲ့တာပါ၊ စာရေးတာကို ဝါသနာကြီးလွန်းလို့ ဆယ်တန်းစာမေးပွဲမှာ နှစ်နှစ်ဆက်ဖြေမှအောင်တယ်၊ စာမေးပွဲအောင်တဲ့နှစ်မှာပဲ သူ့စာအုပ်တွေကို စင်တင်ထုတ်ဝေမယ့်စာပေတိုက်တစ်ခုနဲ့ ဆက်သွယ်မိသွားတယ်"

ညွှာတို့ဖေဖေနဲ့ လရောင်တို့၏အမေက မောင်နှမဝမ်းကွဲတွေ ဖြစ်သည်။ ဝမ်းကွဲဆိုပေမယ့် မောင်နှမနှစ်ယောက်က ငယ်သူငယ်ချင်းလည်း ဖြစ်တော့ တော်တော်ချစ်ခဲ့ကြသည်။

ထို့ကြောင့် အိမ်ထောင်တွေ အသီးသီးကျကြတဲ့အထိ ခြံချင်းကပ်လျက်နေခဲ့ကြ၏။ မိသားစုနှစ်စုက မောင်နှမနှစ်ယောက်၊ ညီအစ်မ နှစ်ယောက် မွေးခဲ့ကြပြီး ကလေးချင်းလည်း ချစ်ခင်ကြင်နာကြသည်။ ဒေါ်မိုးသဲတို့အိမ်သို့ ဦးဇော်ကို ရောက်လာသည့်နောက်ပိုင်းကျမှ ကလေးချင်းက စ၍ စိတ်ဝမ်းကွဲလာခဲ့သည်။

ထို့နောက် လူကြီးချင်း အမြင်တွေစောင်းလာကြ၏။ သူက သာတယ်၊ ကိုယ်က နာတယ်ဆိုတာတွေ ပါလာကြသည်။

ဦးဇော်ကိုသည် ဒေါ်မိုးသဲ၏မောင် ဖြစ်နေသဖြင့် တကယ် သံယောဇဉ်ကြီးနေကြသည့် လရောင်တို့၏အမေနှင့် ယောက်ဖဖြစ်သူကိုပဲ အရင်ဆုံး သွေးထိုးစကားတွေ ပြောသည်။

ပြီးတော့ လရောင်တို့၏ မိဘနှစ်ပါးကြားမှ တိုက်ဆိုင်မှုတွေ ...နဲ့တီး



www.burmeseclassic.com

www.burmeseclassic.com



ကာ လင်မယား အထင်လွဲ ရန်တွေဖြစ်အောင်လုပ်၏။

တရားခံဟာ ဦးဇော်ကိုမှန်း အရင်သိလာသူက လရောင်တို့မေမေ ဒေါ်မြမြစိုးဖြစ်သည်။ သို့သော် လင်မယား အထင်မြင်လွဲကာ အရှုံ့တိုက် လေလွင့်နေပြီဖြစ်သည့် ယောကျာ်းဖြစ်သူကိုတော့ ဘယ်လိုမှ အမြင်မှန်ရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

"သမီးရယ် ပညာကို ကြိုးစားရမယ့်ဟာ ဘာတွေ လမ်းလွဲလုပ်နေတာလဲဟင်၊ မေမေတို့မှာ စီးပွားရေးက ပြုတ်ပြုတ်ပြုန်းနေပြီ၊ သမီးတို့ မောင်နှမကို အမွေပေးနိုင်တာဆိုလို့ ပညာအမွေပဲရှိတာ"

ဖယောင်းကို ဒေါ်မြမြစိုးက အားထားချင်သည်။ ဖယောင်းက ပညာဘက်ကိုမဟုတ်ဘဲ ဝတ္ထုရေးသည့်ဘက်မှာပဲ လုံးပမ်းနေသဖြင့် စိတ်မအေးနိုင်။

ဖယောင်းက ခုနစ်တန်းရောက်လာကတည်းက ဝတ္ထုတွေချည်းဖတ်သည်။ စိတ်ကူးတွေထွက်လာသမျှ သူမကိုယ်တိုင် စာရေးဆရာ ဖြစ်ဖို့ပဲဖြစ်၏။

စာကျက်ချိန်တွေမှာ စာတွေခိုးရေးလွန်းသဖြင့် လူက ထက်မြက်ပေမယ့် ပညာရေးဘက်မှာ ထူးချွန်မလာခဲ့ပေ။

လရောင်က စာတော်သည်။ ဒါပေမယ့် ယောကျာ်းလေးဖြစ်နေသလို ဒုတိယသားဖြစ်နေသဖြင့် သမီးကြီးအပေါ် အားထားသလိုတော့ မဟုတ်ခဲ့ပေ။

ဦးဇော်ကို၏ ဦးတည်ချက်က ဒေါ်မြမြစိုးနှင့် သူ့ယောက်ဖတို့ သူစိမ်းပြင်ပြင် ဖြစ်သွားကြဖို့ဖြစ်ကာ ဒုတိယရည်ရွယ်သည်က ဒေါ်မြမြစိုးတို့ မိသားစု၏ စီးပွားရေးဟာ သူ့အစ်မ ဒေါ်မိုးသဲတို့ကို ဘယ်လိုမှ မယှဉ်နိုင်အောင်ဖြစ်သည်။

ဒေါ်မိုးသဲကိုယ်တိုင်က သူမ၏ သမီးနှစ်ယောက်စလုံးနှင့် ဘယ်လို





မယှဉ်သာအောင် လှနေသော မြဖယောင်းအပေါ်မှာ မရှုဆိတ်နိုင်။

အဝတ်အစား၊ လှနေမှု အားလုံး ကိုယ်က သာချင်သည်၊ ကလေးချင်း ယှဉ်လိုက်လျှင် သူ့သမီးနဲ့ကိုယ့်သမီး အရောင်အသွေး လုံးဝမတူနိုင်တဲ့ အထိ ကွဲပြားချင်၏။

အစ်မဖြစ်သူ၏ ရည်ရွယ်ချက်တွေကို ဦးဇော်ကိုက အကောင်အထည် ဖော်ပေးခဲ့သည်။ ထို့ပြင် သူ့အမြင်မှာ စာပေရူးလေးဟုမြင်နေသော မြဖယောင်းကို အကျင့်မကောင်းသည့် သူဌေးတစ်ယောက်နှင့် ဆက်သွယ်ပေးကာ စာအုပ်တွေ ထုတ်ဝေပေးမည့်သူအဖြစ် ချောက်တွန်းခဲ့၏။ ထို အချိန်တွင် ဖယောင်းတို့မောင်နှမမှာ ဖခင်မဲ့ခဲ့ပြီဖြစ်သည်။

ဒေါ်မြမြစိုး ဘယ်လိုပဲ အဖတ်ဆယ်ခဲ့ပေမယ့် အိမ်စီးပွားရေးကတော့ ဘယ်လိုမှ ထိန်းမရဘဲ အပေါင်ဆုံးတော့မည့်ခြံကြီးကို ဒေါ်မိုးသဲတို့ လက် ဘွင်းသို့ တစ်ခြမ်းတော့ အပိုင်ယူပါဟု ပြော၍ တောင်းပန်ကြဖို့အကြောင်း သားအမိချင်း တိုင်ပင်လာခဲ့သည်။

ယူခဲ့သည့်ငွေက ဘာမှဟုတ်လောက်တာမဟုတ်ဘဲ အတိုးပေါ် အတိုးဆင့်နေခြင်းကြောင့် နစ်နာခဲ့ရသည်။ ဒေါ်မိုးသဲက ငွေဖြည့်ပေးမည်၊ တစ်ခြံလုံးကိုပေးဖို့ ပြောပေမယ့် ဒေါ်မြမြစိုးက လက်မခံခဲ့ပေ။

"ကျွန်မမှာ သားသမီးတွေရှိသေးတယ် မမိုး၊ ကလေးတွေ အခြေမဲ့ အောင်တော့ မလုပ်နိုင်ဘူး"

ခေါင်းမာမာနှင့်နေ၍ နောက်ထပ် ငွေမချေးမိအောင် ဇီတောင့်ထားခဲ့ ဖယောင်းကလည်း ဝါသနာကိုအရင်းခံကာ မိခင်ဖြစ်သူကို ကူညီချင်ခဲ့မိသည်။

"မမကလဲဗျာ စာ-မေးပွဲကျခံပြီးတော့များ ဒါကို လုံးပမ်းနေတယ် ဆိုမှုကို မမ သနားဖို့ကောင်းတယ်"

လရောင်ကလည်း ဖယောင်းကို မကျေနပ်သလိုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာသိလို့လဲ မောင်လေး၊ စာရေးဆရာတစ်ယောက် အောင်မြင်သွားပြီဆိုရင် ငါတို့ ဒီအခက်အခဲတွေအားလုံးကို ဘာမှမှုစရာမလိုတော့ဘူး၊ ငါ့လက်ရဲ့ အစွမ်းအစကို ငါ သိတယ်၊ အောင်ကိုအောင်မြင်မှာ"

အနုပညာသမားများ၏ ပထမဆုံး ပေးဆပ်ရခြင်းဟာ 'အရှုံးမ'ဟု မဲ့ရွဲ့ကဲ့ရဲ့ ခံရခြင်းပဲဖြစ်သည်။

မင်းသားဖြစ်ချင်တော့ 'ဇာတ်ရှူး'၊ စာရေးဆရာဖြစ်ချင်တော့ 'စာပေရူး' မိန်းကလေးကျတော့ ပို၍ အန္တရာယ်ကြီးသည်။ ဖယောင်းဟာ အစားအသောက်၊ အပျော်အပါးကြောင့်မဟုတ်ဘဲ စာရေးဆရာဖြစ်ချင်လွန်းသောကြောင့် ဘဝန္တံနစ်တော့မလို ဖြစ်ခဲ့ရသည်။ စာမူတွေကတော့ တကယ်ထုတဝေသူလက်ထဲကို ရောက်ခဲ့ပါသည်။

လူကိုတော့ သူဌေးဆိုသူက ဖျက်ဆီးဖို့ ကြိုးစားခဲ့၏။

"မင်းရဲ့ စာအုပ်တွေ ရုံးတင်ဖို့အဆင့်တောင်ရောက်နေပြီပဲ ဖယောင်းလေးရယ်၊ ခုခေတ်မှာ ဘယ်တိုက်ကမှ ကလောင်သစ် မတင်ကြတော့ဘူး။ ထုတ်ဝေစရိတ် ဘယ်လိုရှိတယ်ဆိုတာလဲ မင်း သိသားနဲ့၊ ဒါတွေအားလုံးကို ဦးက ကူညီခဲ့တာ၊ မင်း ကျေးဇူးဆပ်သင့်တာပေါ့"

"အို... ဘာဆိုင်လို့လဲ၊ ဦးက ဆက်သွယ်ပေးခဲ့တာပဲရှိတာ၊ ဖယောင်းရေးထားတာကို ထုတ်ဝေသူက ကြိုက်လို့ ရွေးလိုက်တာပဲ"

"မဟုတ်တာကွာ၊ ဘာပဲဖြစ်ဖြစ် ပါးစပ်ဖလေးစိုက်ရုံနဲ့ အားလုံး အဆင်ပြေသွားတာမရှိပါဘူး၊ မင်း နားလည်စမ်းပါကွာ"

"အို... မသိဘူး၊ ခင်ဗျားကြီး မယုတ်မာနဲ့"

ကားပေါ်မှာ တံခါးတွေက မှန်အလုံချလျက် အချိန်က ညအခါ၊ အပိုင်တွက်ပြီး ကြံစည်သူက သူလိုတဲ့အတိုင်း ဆွဲချမောင်းသွား၏။

ဒီကား ရပ်သွားတာနှင့် သူမဘဝ ဆုံးတော့မည်ကိုသိကာ အသက်နဲ့အရှက်မှာ ဖယောင်း ရွေးလိုက်သည်က အရှက်ပဲဖြစ်သည်။





စတီယာရင်ကို အတင်းဝင်လုပြီး ဆွဲလှည့်ပစ်လိုက်၏။ ဦးတည်ချက်မဲ့ ယမ်းခါသွားသောကားက လမ်းဘေးမှ သစ်ပင်တစ်ပင်နှင့် ပြေးဆောင့်လေသည်။

သူဌေးဆိုသည့်ပုဂ္ဂိုလ်က ဆေးရုံမရောက်လိုက်ဘဲ ဆုံးသွားသည်။ ဖယောင်းကတော့ မျက်လုံးတွေ ကွယ်သွားခဲ့၏။

ဒုက္ခဆိုသည်က ခြေ ဘယ်နှစ်ချောင်း ပြေးဝင်တတ်သည်မသိပါ။ ဖယောင်း မျက်လုံးကွယ်သွားပြီး ဆယ်လကြာတော့ ဒေါ်မြမြစိုး မူးလဲသွားရာကနေ အသက်ပါပါသွားခဲ့၏။

အဖြစ်တွေကို လရောင်က သေချာပြောပြသည်။ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့ဝဲလျက် မျက်နှာပြင်က နီရဲနေရှာသည်။

"အဲဒါတွေဖြစ်တော့ ကျွန်တော်က ဆယ်တန်းရောက်နေပြီ။ မိဘမဲ့ဘဝမှာ အစ်မဖြစ်တဲ့သူက မျက်လုံးကွယ်နေတယ်၊ ဒါပေမယ့် မမက ဇွဲရှိတယ်၊ ဝတ္ထုတိုတွေရေးပြီး လှူိုဝှက်သည်းဖိုနဲ့ ဂမ္ဘီရဝတ္ထုတိုစာအုပ်တွေမှာ ပါအောင် ကြိုးစားတယ်၊ မမက ရေး၊ ကျွန်တော်က လိုက်ပို့ရတာပေါ့၊ အဲဒီကဝင်ငွေလေးနဲ့ အထောက်အကူယူခဲ့ရတယ်"

"သူ မျက်လုံးကွယ်သွားတော့ စာတွေ ဘယ်လိုရေးသလဲ"

"ကက်ဆက်ခွေထဲမှာ ပြောထည့်တယ်လေ၊ ကျွန်တော်က လိုက်ကူးရတာ၊ အဲဒီအချိန်မှာ လုံးချင်းဝတ္ထုတွေ ထွက်နေပါပြီ၊ သိပ်တော့ မအောင်မြင်သေးဘူး၊ ပြီးတော့ အဲဒီတိုက်က ခုခေတ် လူကြိုက်များတဲ့လိုင်းနဲ့ ရေးခိုင်းတယ်၊ ရေးရင် ဇာတ်ကြောင်းရှည်ကြီးနဲ့မဟုတ်ဘဲ အချစ်ရင်ခုန်မှုကို ဦးစားပေးဖို့၊ နောက်ပြီး လူတွေကြိုက်နေကြတဲ့ ကိုရီးယားစတိုင်လ်မျိုးပေါ့၊ သူတို့လုပ်ကြတဲ့ လုပ်ထုံးလုပ်နည်းလေးတွေ၊ အယူအဆ ကိုးကွယ်မှုတွေပါ ပါတယ်"

ပြောနေရင်း လရောင်က ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမက လုံးဝ လက်မခံဘူး၊ အဲဒါနဲ့ပဲ စာအုပ်က စောင်ရေ အတက်နှေးနေတာ ဒါကြောင့်လို့ အကြောင်းပြပြီး ပုံစံပြောင်းမရေးနိုင်ရင် ထုတ်မပေးတော့ဘူးဖြစ်လာတာ၊ အဲဒီမှာတင် စာအုပ်တွေ မထွက်နိုင်တော့ဘဲ တစ်ခန်းရပ်သွားတာပေါ့၊ ဒီကြားထဲမှာတော့ ဝတ္ထုတိုတွေ မမက ရေးတယ်၊ ကျွန်တော်က သူငယ်ချင်းတစ်ယောက် အကူအညီနဲ့ ရေသန့်စက်ရုံမှာ စာရေးဝင်လုပ်တယ်၊ ဘယ်လောက်မှ မကြာလိုက်ပါဘူး လျှပ်စစ်ကနေ့ ရှော့ဝင်ပြီး အိမ်မီးလောင်ပြန်ရော"

ကြားရချက်က မသက်သာပါလား။ မေးမိတာ မှားပြီဟု တွေးလိုက်မိပေမယ့် နောက်ထပ် သိချင်နေသည့်စိတ်ကလည်း ရှိနေသဖြင့် မကြားရက်သော်လည်း...

"ကျွန်တော်လဲ မမအသက်ကို ကာကွယ်ဖို့ပဲ ကြိုးစားရတာ၊ အဝတ်တစ်စုံတောင်မှ မသယ်လိုက်နိုင်ဘူး၊ အဲဒီ ကပ်လျက်ခြံကြီးထဲမှာ မီးလောင်ပြီးကျန်ခဲ့တာလေ၊ အစ်ကို မြင်တဲ့အတိုင်းပါပဲ"

ရှင်းတော့ရှင်းနေပါပြီ၊ ခြံတစ်ဝက်ကို ညာတို့က ပိုင်လိမ့်မည်။ ဒါကြောင့် အမွေဆိုင်လိုလို ဘာလိုလို ညာက ပြောခဲ့တာဖြစ်နိုင်၏။

"ဒါဆို သံမာက ညာ့လက်ထဲ ဘာလို့ရောက်သွားတာလဲ"

လရောင်က နဖူးထက်က ဆံပင်တွေကို ခေါင်းငုံ့ရင်း ထိုးဖွနေ၏။ ပြီးမှ...

"တိုတိုပြောရရင်တော့ ကျွန်တော့်ကျောင်းစရိတ်ကြောင့်ပါပဲ အစ်ကို၊ သူတို့ကလဲ ကျွန်တော်တို့ ဒီထက်ကျပ်တည်းပြီး ခြံကို တခြားမှာ သွားဖျော်လိုက်မှာစိုးငယ်နဲ့တူပါတယ်၊ အသေးစိတ်ပြောနေရရင် တစ်ထောင့်တစ်ည ပုံပြင်ထက်ရှည်သွားဦးမှာ၊ ချုံ့ငုံ့ပြောရရင် မဖြစ်ကျွေး၊ မဖြစ်ခေါ်ဆိုတာမျိုးပါပဲ၊ စာအုပ်က အောင်မြင်လာတော့ အဲဒီလို အပေးအယူတွေဖြစ်လာတာဆိုပါတော့၊ တစ်ခုတော့ ညာတာရှိတယ်၊ ခြံတစ်ခြမ်းကို သူတို့





ကိုပဲ ငွေဖြည့်ယူပြီး ရောင်းဖို့ပြောပေမယ့် ဖွတ်တော့မယူခဲ့ဘူး၊ မမကလဲ ခြံကို ဘယ်လိုနည်းနဲ့မှ မပေးဘူးလို့ ဆုံးဖြတ်ထားတဲ့သူ"

မပေးလို့မယူတာပေါ့လို့ တွေးမိလိုက်ပေမယ့် ယူလို့ရတဲ့ တခြား ဖိနှိပ်စရာတွေ ရှိနေသေးတာကိုလည်း သတိရမိ၏။ အဖြစ်မှန်အားလုံး၏အဆုံးမှာ ဘယ်လိုဖြစ်သင့်သည်ကို ဆုံးဖြတ်ဖို့က သူနဲ့ မြဖယောင်းပဲ ဖြစ်လာခဲ့သည်။ လောလောဆယ် သူ့ရှေ့မှာ လရောင်ပဲရှိနေသဖြင့်...

"မြဖယောင်းနဲ့ ကိုယ် ဆုံဖူးခဲ့တယ်"

"မမက ပြောပါတယ်"

"အဲဒီတော့ သံမာကို ဖယောင်းက ရေးတာဆိုပေမယ့် ပြော်ဖို့ရှိတာကိုတော့ မင်းနဲ့ပဲပြောရမှာ"

"ပြောပါ အစ်ကို"

"စာဆက်မရေးရဘူးလို့ ညာက တားမြစ်ခဲ့တာလား"

လရောင်က ခေါင်းညိတ်သည်။

"ဒါပေမယ့် မမကတော့ တွေးနေ ပြောနေတာပါပဲ၊ စာမူတွေအဖြစ်အပြင်ကို ထုတ်မယူနိုင်တာက သပ်သပ်ပေါ့"

"သူက ဘာဖြစ်လို့ အဲဒီလိုတားတာလဲ၊ မင်းရဲ့ကျောင်းစရိတ်ကို ဒီတိုင်းစိုက်ထုတ်မယ်ဆိုတဲ့သဘောလား"

"မသိဘူး၊ လောလောဆယ် ကျွန်တော်က ကျောင်းတက်နေရတယ်၊ မမက မျက်မမြင်တစ်ယောက်၊ သူတို့က ဒါဆိုဒါပါပဲ၊ တစ်ခါတလေ မာနနဲ့နေလိုက်ဖို့ စိတ်ကူးကြည့်တယ်၊ ကျွန်တော်က ရုန်းကန်ရဲပေမယ့် မမအဘွက် လုံခြုံတဲ့အရိပ်တစ်ခုက မရှိလို့မဖြစ်ဘူး"

"မှန်တာပေါ့၊ ဒါပေမယ့် အဲဒီသွပ်ပြားကလေးတွေ ကာရံထားတဲ့အိမ်လေးကကော ဘယ်လောက်ထိ လုံခြုံနိုင်မှာလဲ၊ စဉ်းစားဖို့ပြောတာ မင်းတို့က စာရေးဆရာ၊ ကိုယ်က ထုတ်ဝေသူ၊ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒီအနေအထားနဲ့ ကိုယ်က ကူညီချင်တယ်၊ အလကားပေးမှာမဟုတ်ဘူး၊ ထုံးစံအတိုင်း စာချုပ်ကြရုံပဲ၊ လောလောဆယ် အဲဒီလောက်ပဲ သူ့ကို ပြောပြလိုက်ပါ။ တစ်ခု ကိုယ် အာမခံနိုင်တယ်၊ အဲဒီထဲကနေ ရုန်းထွက်ခဲ့တဲ့ အတွက် လုံးဝ နောင်တမရစေရဘူး၊ ကိုယ့်ဘက်က ရိုးသားတာကို ယုံကြည်ပေးပါ"

လရောင်က သူ့ကိုငေးနေသည်၊ လက်ဖက်ရည်လည်း မသောက်ဖြစ်ကြပါ။ ငုံတောင်မကြည့်ဖြစ်ခဲ့သော လက်ဖက်ရည်တွေက သူတို့ထက်ပို၍ မာနကြီးပြနေသည်။

အပေါ်လွှာတို့ တင်း၍ အေးစက်သော ဥပေက္ခာများနှင့်...

♥ ♥ ♥





## အခန်း (၁၅)

"သူက လက်ခံတယ်တဲ့လား"

"လက်ခံတယ်၊ မေမေနဲ့ မမသဲက ပြောရမယ့်လူတွေမှမဟုတ်တာ၊ သူက သူ့သမီးကို ဒါဆိုဒါ ပြီးတယ်၊ မေမေ့လို မပင်ပန်းဘူး၊ မင်းက..."

"ကျွန်တော် လက်မခံနိုင်ဘူး မေမေ"

"ကြည့်စမ်း"

ပြောပြီး ထရပ်လိုက်သည်။ တိမ်ဦးကို တအံ့တသြကြည့်သည့် မျက်လုံးတွေက ဦးဘစိုးထံရောက်သွားသည်။ ဦးဘစိုးက တစ်ခွန်းမှ ဝင်မပြောပေ။ ပြောလာမည့်ပုံလည်းမရှိ။

ဒေါ်ကြည်ဖြူကလည်း တိမ်ဦးရှေ့မှာ မျက်နှာချင်းဆိုင် ရပ်လိုက်၏။

"မင်းကိုယ်တိုင် သဘောတွေကျပြီး မေမေတို့ မတိုက်တွန်းရဘဲ သွားလာဝင်ထွက်နေခဲ့တာမဟုတ်ဘူးလား သား၊ မင်းတို့ချင်းလဲ ပြောဆိုရင်းနှီးကြလို့ စကားတွေလွန်ခဲ့ပြီမဟုတ်လား"

"ရင်းနှီးသလိုရှိခဲ့တာပါ မရင်းနှီးပါဘူး၊ ဘာစကားမှလဲ မလွန်ခဲ့ဘူး၊ မေမေတို့ လူကြီးချင်း ပြောဆိုဖူးကြတာပဲရှိတယ်၊ စေ့စပ်ပွဲလုပ်ဖို့ကို ကျွန်တော် သဘောတူခဲ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"တိမ်ဦး မင်း..."

"ပြောပြတာ၊ နှစ်ဦးနှစ်ဖက် ရှေ့တိုးနောက်ဆုတ်ဖြစ်ဖို့ ရှိလာရင် ငဲ့ညှာစရာတွေ၊ အနှောင်အတည်းတွေမဖြစ်ရအောင် အစကတည်းက သူနဲ့ ကျွန်တော် ဒီတိုင်းပဲ ဆွေးနွေးထားခဲ့တာ"

"မဖြစ်ဘူး နောက်ဆုတ်လို့မရဘူး။ မမသဲတို့မိသားစုအပေါ်မှာ မေမေ ဒီတစ်ခါ လုံးဝ မျက်နှာပျက်မခံနိုင်ဘူး။ မင်းဘက်က ငြင်းဖို့အကြောင်းပြချက်တွေ ခိုင်လုံနေပေမယ့် ဒါက သူများအတွင်းရေး။ မေမေတို့ရဲ့ ရည်ရွယ်ချက်တွေ၊ ဆုံးဖြတ်ချက်တွေကို ဒါကြောင့် ပျက်စီးမခံနိုင်ဘူး၊ မင်း ညှာကို လက်ထပ်ရမယ်"

တိမ်ဦးမျက်နှာ ရဲတက်လာသည်။ အံကို တင်းခနဲကြိတ်လိုက်ပြီးမှ မျက်နှာလွှဲသည်။

"တိမ်ဦးလေ မင်းကို မေမေ ဘယ်တုန်းကမှ မချုပ်ချယ်ခဲ့ဖူးဘူးနော်"

တိမ်ဦး ဖျတ်ခနဲလှည့်လာ၏။

"ကျွန်တော်ကကော စည်းလွတ်ကမ်းလွတ် နေထိုင်သရုပ်ပျက်ခဲ့ဖူးတာရှိသလား မေမေ"

"မင်း အခုတစ်ခါ မေမေ့ကို ဆန့်ကျင်လိုက်ရုံနဲ့ တစ်ဘဝလုံး ကျောက်ရုပ်လိုနေခဲ့ပါတယ်ဆိုတာတွေလဲ အလကားဖြစ်ကုန်မှာပဲ"

"ကျွန်တော်ကတော့ အဲဒီလိုမထင်ဘူး။ မေမေက ကျွန်တော် မှားသွားမှာစိုးလို့ တည့်မတ်ပေးနေတာမှမဟုတ်တာ၊ သဲမြညှာဆိုတဲ့ မိန်းမ ဘယ်လိုနေနေ သူ့အမေ ဒေါ်မိုးသဲအပေါ်မှာ တင်နေတဲ့အကြွေးကျေဖို့ အတွက် ကျွန်တော့်ကို ထိုးကျွေးနေတာ"

"ဘာပြောတယ်"

"ဖြူ"

ဒေါ်ကြည်ဖြူ လက်တစ်ဖက် မြှောက်တက်သွား၏။ သို့သော် ဦးဘ





စိုး အချိန်မီ ဝင်ဆွဲထားလိုက်သဖြင့် ရိုက်ချက်က လိုရာကိုမရောက်။

"တော်ကြတော့၊ သား မင်း ခဏရှောင်နေလိုက်ကွာ"

ဦးဘစိုးက သားဖြစ်သူ မရှိတော့မှ ဒေါ်ကြည်ဖြူ့လက်ကို လွှတ်ပေးလိုက်ကာ...

"မင်း ဘာဖြစ်လို့ ဒီလောက် ဒေါသထွက်နေတာလဲ ဖြူ၊ သားကို ဘယ်တုန်းက ရိုက်နှက်ဆုံးမခဲ့ဖူးလို့လဲ၊ ဒီအရွယ်ကျမှ မင်း..."

ဦးဘစိုး စကားကို ရပ်ပစ်သည်။ မိဘက မိဘပေမယ့် တစ်ခါတလေ စေတနာအမှားတွေ ရှိတတ်ကြသည်။ ဒါကို မိဘက နားလည်ပြီး သားသမီးအပေါ်မှာ ဆုံးမမှားဖို့တော့လို၏။

"ငါ မိဘပဲဆိုပြီး 'ငါ ပိုသိတယ်၊ ငါ ပြောသလိုလုပ်'ဆိုတဲ့ လောဘ၊ မောဟတွေ မင်း ဘာဖြစ်လို့ ကြီးနေရတာလဲ"

မျက်ရည်တွေ ဝေ့နေသည့် ဒေါ်ကြည်ဖြူက ဦးဘစိုးကို မော့ကြည့်၏။ ဦးဘစိုးက မကြည်လင်ပါ။

"ကိုယ်ဖြစ်စေချင်တာကို သူက ဖြစ်မပေးနိုင်ရင် ဘာဖြစ်လို့လဲဆိုတဲ့ အကြောင်းရင်းကို မင်း ရှာကြည့်သင့်တယ်။ ဒီမိန်းကလေးကို သားက လက်မခံနိုင်တာ သူတို့ရဲ့ အတွင်းရေးတွေနဲ့ ဆိုင်ပေမယ့် ဒါတွေက စိတ်ဓာတ် စာရိတ္တနဲ့ မဆိုင်ဘူးလား"

ဒေါ်ကြည်ဖြူ ဘာမှမပြောနိုင်။

"တစ်ယောက်က ပြောတာဆိုတာ ဝတ်တာစားတာ အားလုံး ခေတ်လွန်၊ တစ်ယောက်က မိဘကို ပုတ်ခတ်ပြီး ကိုယ်ပဲဦးဆောင်ပါတယ်၊ ကိုယ်ပဲ တော်တယ်နဲ့ စကားပြောတာ ထော်လော်ကန့်လန့် ဘာပဲဖြစ်ဖြစ် အဲဒီလူတွေကို အစကတည်းက ကိုယ်လဲ သဘောမကျဘူး"

"ဩော်... ရှင်ကလဲ ဒီလိုကိုး၊ ဒါပေါ့ ကျွန်မကိစ္စက ရှင့်ကိစ္စမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ"

"ဟုတ်တယ်၊ မမသဲဟာ ကျွန်မကြောင့် အကြိမ်ကြိမ် ကျရှုံးခဲ့ရတာ ခုလဲ..."

"ဟ မင်း အဲဒီအတွက် ပေးဆပ်ချင်ရင် တခြားနည်းနဲ့ပေးပေါ့ကွ၊ မင်းကော ငါကော ပိုင်ဆိုင်ထားတာတွေ တစ်ပုံကြီးပဲ၊ မင်း လုပ်ချင်တာ လုပ်ပစ်၊ ကိုယ် ဝင်တားတယ်ဆိုရင် ကြိုက်သလိုပြော၊ အခုဟာက ကိုယ်တို့မှာ ဒီသားလေးတစ်ယောက်ပဲရှိတာ..."

"အဲဒါတွေ ရှင် အစကတည်းက ပြောပါလား၊ အခု လွန်ကျွံကုန်ကာမှ..."

"သြော်... ကိုယ် သဘောမကျပေမယ့် မင်း စီစဉ်နေတာကို မတားချင်လို့ပေါ့။ ပြီးတော့ သားကလဲ လက်ခံသလိုဖြစ်ခဲ့တာ၊ အခုလဲ နောက်မကျသေးပါဘူး၊ ဒီကိစ္စ ပျက်သွားတဲ့အတွက် သူတို့ဘက်က ဘာဖြစ်ချင်သလဲ၊ ဖြစ်ချင်သလို ဖြစ်ပေးလိုက် ကိုယ့်သားကိုတော့ မထိနဲ့"

ဦးဘစိုး ပြောချင်တာပြောပြီး ထွက်ခွာသွားပါပြီ။

ဒေါ်ကြည်ဖြူတစ်ယောက်တည်း ခေါင်းတွေ ချာချာလည်၍ ကျန်ခဲ့လေသည်။

ပြောတော့ လွယ်လွယ်လေး၊ ဘာဖြစ်ချင်သလဲလို့ ဘယ်လို သွားမေးမလဲ။

♥ ♥ ♥





## အခန်း (၁၆)

လှုပ်ရှားသံသဲ့သဲ့ကို ကြားလိုက်ရသည်။ အိမ်ရှေ့ကမဟုတ်ပါ။ သူမဘာသာ ဖွင့်၍ ဝင်ထွက်နိုင်သော နောက်ဖေးတံခါးကဖြစ်သည်။

ပြီးတော့ တံခါးဖွင့်သံမှန်း သေချာနေတာမို့ ခွေးတိုး ကြွက်တိုးတာလည်း မဖြစ်နိုင်။

"ဘယ်သူလဲ"

မေးပေမယ့် ဖြေသံကမလာဘဲ ရေမွှေးနံ့တစ်ချက်က ဗူးဗူးဝါးဝါး ဝင်လာသည်။ ဒီအနံ့ဟာ ရေမွှေးနံ့သက်သက် မဖြစ်နိုင်၊ အရက်နှင့်ရောထွေးသောအနံ့ ဖြစ်သည်။

အန္တရာယ်ဆိုတာကို သိလိုက်တော့ ဖယောင်း နောက်ကျသွားပြီဖြစ်၏။

"အား..."

တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ပစ်လိုက်သဖြင့် ငုတ်တုတ်လေးကနေ အိပ်ရာပေါ်သို့ ပြန်၍လဲကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လွှတ် လွှတ် ဘယ်သူလဲ၊ မယုတ်မာနဲ့ လာကြပါဦး ကယ်ကြပါဦး"

အားရှိသမျှ အော်ပေမယ့် အသံက ကျယ်ကျယ်မထွက်။

"မမ"

ဝုန်းခနဲအသံနှင့်အတူ လရောင်၏အသံကို ကြားလိုက်ရသည်။

"ဦးဇော်ကို ခင်ဗျား... ခင်ဗျား လူယုတ်မာကြီး"

"ခွပ်"

"ဝုန်း"

ထိုးနှက်လဲပြိုသံတွေထွက်လာတော့ ဦးဇော်ကိုမှန်း ဖယောင်း သိလိုက်၏။ လ ရောင်အတွက် စိုးရိမ်တကြီးဖြစ်သွားကာ...

"မောင်လေး... မောင်လေး သတိထားနော်၊ ကိုယ့်ကိုလဲ မထိစေနဲ့ သူများကိုလဲ လက်မလွန်စေနဲ့"

ဘာမှလည်းမမြင်ရ၊ ထိုင်နေလို့လည်းမရဘဲ ဖယောင်း လက်နက်ရှာရင်း ယောက်ယက်ခတ်နေလေသည်။ လက်ထဲမှာ ကိုယ်တိုင် သိမ်းထားခဲ့သည့် ကတ်ကြေးဟောင်းတစ်လက်ကို ဆုပ်ကိုင်လိုက်မိလျှင် နားစွင့်လိုက်တော့ ထိုးနှက်သံတွေ တိတ်ဆိတ်သွားတာနှင့် တိုက်ဆိုင်နေ၏။

"မောင်လေး... မောင်လေး ဘာဖြစ်သွားသလဲ"

မေးရင်း ရှေ့တိုးကာ ကတ်ကြေးကို ကိုယ့်ရင်ဝကို ပြန်ထောက်ထားလိုက်၏။ မောင်လေးသာ ရှုံးနိမ့်လဲကျသွားပြီဆိုလျှင် သူမမှာ အားကိုးစရာ မရှိတော့ပါ။ ကတ်ကြေးကိုင်ထားပေမယ့် မမြင်မစမ်းဘဝနှင့် သူများကို အန္တရာယ်ပေးနိုင်မှာလည်းမဟုတ်။

ထို့ကြောင့် အသက်နဲ့အရှက်လဲဖို့ ပြင်လိုက်မိခြင်းဖြစ်သည်။ သို့သော်...

"မမ..."

အနားမှ ကပ်ခေါ်လိုက်သော လရောင်၏အသံနှင့်အတူ ကတ်ကြေး





ကို ဖိဆုပ်ထားသည့် သူမ၏လက်ကို ထပ်ဆုပ်ကိုင်လိုက်ခြင်းခံရ၏။

"မောင်လေး... မောင်လေး ဘာမှမဖြစ်ဘူးနော်"

လရောင်သည် အလွန်သနားဖွယ်ကောင်းသော အစ်မဖြစ်သူ မျက်နှာလေးကို ငေးကြည့်ကာ ကတ်ကြေးကို ဖြေယူလိုက်သည်။

ပြီးတော့ ကြမ်းပေါ်သို့ လွှတ်ချပစ်လိုက်၏။

"မောင်လေးရယ်"

ဖယောင်းသည် လရောင်ကို သိမ်းကျုံးဖက်၍ မျက်ရည်တွေလည်း ကျလျက် နှုတ်ခမ်းလေးတွေက ပြုံးနေ၏။

ကြမ်းပေါ်မှာ ခွေခေါက်ပုံကျနေသည့် ဦးဇော်ကိုကို ငုံ့ကြည့်ကာ ပြဿနာက ဒီလောက်နှင့်ပြီးမှာမဟုတ်တာကို သိလိုက်သည်။

ဒီသွပ်ပြားတဲလေးထဲမှာ မမကို သူ ဘယ်လိုထားခဲ့ရမလဲ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဆင်းလေ ဖယောင်း"

ပြောင်းလာကြတော့ ဖယောင်းက တိမ်ဦးနောက်မှာထိုင်ကာ လရောင်က ဟိုဘက်မှာ၊ ကားရပ်သည်နှင့် တိမ်ဦးက ဆင်းပြီး ဖယောင်းကို တံခါးဖွင့်ပေးသည်။ ပြီးတော့ လရောင်ကို လှမ်းကြည့်ပြီး တွဲခေါ် ချင့်ချိန်လိုက်ပေမယ့် ဖယောင်းက ဆင်းနေပြီမို့ သူပဲ တွဲချပေးလိုက်သည်။ တိမ်ဦး၏ ကြည့်ပုံ တွဲပုံတွေကို အကဲခတ်ရင်း မမအပေါ် မှာ တယုတယ ရှိလွန်းတာကို လရောင် သတိထားမိနေခဲ့သည်။ တိုက်ကြီးထဲကိုရောက်တော့ နောက်ထပ် မသင်္ကာဖွယ်တွေ ရှိခဲ့ပြန်သည်။

"ကြည့်ပါဦး အားလုံးတော့ ပြင်ပေးထားတာပဲ၊ ဘာလိုသေးလဲ"

လရောင်ကို အပေါ် ထပ် အောက်ထပ် ရှေ့နောက် အစုံခေါ် သွားပြသည်။ ခြံကြီးက ကျယ်လွန်းကာ ပတ်လည်မှာ ပန်းရောင်စုံတွေကော ခရေပင်အိုကြီးတွေကော နေရာတကျရှိ၏။

တိုက်က အမြင့်ကြီးမဟုတ်ဘဲနှင့် ခပ်ပြားပြား အကြီးကြီးဖြစ်နေသည်။ အောက်ထပ်မှာပင် ဧည့်ခန်းက နှစ်ခု၊ အခန်းပိုတွေလည်း အများ





ကြီးပဲဖြစ်သည်။ ထို့ပြင် အိမ်ထောင်ပရိဘောဂပစ္စည်းတွေကလည်း ဘာမှ လိုလေသေးမရှိအောင် ပြည့်စုံနေ၏။

ဒါတောင် ကမန်းကတန်း ဝယ်ထားခဲ့ရသည်တဲ့။

"ညီလေးက ဟိုမှာနေလို့မဖြစ်တော့ဘူးဆိုလို့ ချက်ချင်းကြီး စီစဉ်လိုက်ရတာ၊ ဒါက ကိုယ့်နာမည်နဲ့တိုက်ပါ၊ ဘာမှအားနာစရာမလိုဘူး၊ အခြေတကျဝယ်ဖို့အတွက် ကိုယ် အားလုံး စီစဉ်ပေးမယ်၊ ဖယောင်းကိုတော့ ယာယီငှားနေတယ်လို့ပဲ ပြောထားနော်၊ သူ မနေတတ်မှာစိုးလို့၊ ပြီးတော့ ညနေကျရင် အမျိုးသမီးကြီးတစ်ယောက်နဲ့ မိန်းကလေး တစ်ယောက် လာကြလိမ့်မယ်၊ ညီလေးမရှိတဲ့အခါ အိမ်မှာ သူတို့ရှိမယ်၊ ခြံစောင့်က ရှိပြီးသားလေ၊ မင်းစိတ်ထဲမှာ ရှင်းရှင်းထားနော်၊ ဒါ ရုတ်တရက်ကြီး ပြောင်းလဲသွားလို့ပါ၊ နောက်ကျရင် သူ့ရဲ့အောင်မြင်မှုအရ ဒီလောက်တော့ ပိုင်ဆိုင်နိုင်တယ်ဆိုတာ သူလဲသိလာမှာ၊ ခုလဲ ကိုယ့်အိမ်လိုပဲ သဘောထားနေပါ၊ ကိုယ့်ကို ဘာမှ အားနာစရာမလိုဘူး"

"အစ်ကို ကျွန်တော်တို့က ငါးအုပ်စာ ချုပ်ပြီးသားဆိုတော့..."

"နောက်ထပ် ငါးအုပ်စာ ထပ်ချုပ်ပေးမယ်၊ လောလောဆယ် ဒီတိုင်းသုံးနေပေါ့၊ စောင်ရေတက်လာမှ တက်တဲ့အတိုင်း ချုပ်ရင် နှစ်ဖက်လုံး နစ်နာတာ မရှိတော့ဘူး"

အိမ်ရှေ့ကိုပြန်လာတော့ ဆိုဖာပေါ် မှာ ဖယောင်းက ထားခဲ့တဲ့အတိုင်းလေးပဲ ထိုင်နေလျက်ရှိသည်။

ဆိုဖာတစ်ခုလုံးကို ထိကိုင်မိသမျှ လျှောက်စမ်းရင်း မျက်ခုံးလေးတွေက တွန့်ကုတ်နေ၏။

"မမ"

"မောင်လေး ဒါ.. ဒါ တိုက်ကြီးလားဟင်"

"တိုက်ကြီးတော့မဟုတ်ပါဘူး၊ မမ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



လရောင်က ဖြေရင်း တိမ်ဦးကိုလည်း လှည့်ကြည့်၏။ တိမ်ဦးက ခေါင်းညိတ်၍ ဒီတိုင်းပဲ ဆက်ပြောဖို့ အချက်ပြသည်။

"ဘာမှမဖြစ်ပါဘူး၊ ဟို ကိုတိမ်ဦးကော"

"ရှိတယ်လေ၊ ဘာပြောချင်လို့လဲ"

တိမ်ဦးက ဖယောင်းနှင့် ထောင့်မှန်ပုံနေသည့်ဆိုဖာမှာ ဝင်ထိုင်လိုက်ရင်း မေးသည်။

"ကိုတိမ်ဦး ဟိုလေ... ဖယောင်းတို့ကို တစ်ဆောင်တစ်ယောင်ကြီး လုပ်မပေးပါနဲ့ လူပြောစရာကြီးဖြစ်ပါ့မယ်ရှင်၊ ပြီးတော့ ဖယောင်းမှန်းထားတာ ပျဉ်ခင်း ၁ရံကာလေးနဲ့ လုံလုံခြုံခြုံဆို ပြီးတာပါပဲ"

"သွပ်ပြားတွေကာထားတာတောင်မှ လုံလို့လား ဖယောင်း"

တိမ်ဦး မေးလိုက်တော့ ဖယောင်းက မျက်တောင်လေးပင် မခတ်နိုင်ဘဲ နားစွင့်နေ၏။

"ပြီးတော့ အတင်းအဖျင်းပြောကြ စောင်းချိတ်ကြတာက ဒီလိုနေရာတွေမှာ ကြားရခဲ့ပါတယ်၊ ပြောကြရင်တောင် မင်း ခြေလှမ်းမှားသွားလောက်အောင် ပြောမယ့်သူ မရှိဘူး၊ တကယ်လုံခြုံသွားအောင် ကိုယ်က စေတနာအမှန်နဲ့ ကူညီတာကို သံသယမထားပါနဲ့"

"ဟုတ်ပါတယ် မမရယ်၊ ဒီမှာ ခြံက တံတိုင်းခတ်ထားတာ၊ တစ်ခြံနဲ့တစ်ခြံကလဲ မြင်တောင်မမြင်ရဘူး၊ ပြီးတော့ မိန်းမဖော်တွေလဲ လာကြဦးမှာ၊ အစ်ကိုက ကျွန်တော်နဲ့တိုင်ပင်ပြီးမှ စီစဉ်တာပါ၊ မမ မပူပါနဲ့"

"ဟို..."

"ထားလိုက်ပါ၊ အေးအေးဆေးဆေးပဲနေပါတော့၊ မင်းတို့မောင်နှမနှစ်ယောက်စလုံး ဘာမှမဖြစ်စေရဘူး၊ အဲဒါကို ယုံပါ"

"ယုံပါ၀ ယ် ကူညီတယ်ဆိုတာကိုလေ၊ ဒါပေမယ့် ညာတို့အားလုံးက..."





"အဲဒါတွေကကျန်ခဲ့ပြီ၊ အခု ဘာမှမဟုတ်တော့ဘူး"

"ဟင်..."

ဖယောင်း ဘာမှမသိသေးပါ။ တိမ်ဦး ဒီကိုရောက်လာကြောင်း လရောင်ကို ဖုံထမဆုံး ပြောပြခဲ့စဉ်က လရောင် ပြောတော့...

"အဲဒီလူက မမညာနဲ့ လက်ထပ်မယ့်လူ"ဟု ပြောခဲ့၏။ သူမ ဒါပဲသိသည်။ သူတို့ လက်ထပ်ဖို့ ပျက်ခဲ့ရတာလား၊ ဦးဇော်ကို သူမကို ယုတ်မာဖို့ ကြံစည်ခဲ့ခြင်းနှင့်ပတ်သက်နေသလား၊ ဒါမှမဟုတ် တာမူကိစ္စနဲ့လား။

ကြည်ပြာရောင်နုနုလေးနှင့် ဆံပင်တွေကို ကျောလယ်မှာ လက်ကိုင်ပဝါလေးနှင့် စည်းထားပုံက အဆန်းအပြား ဘာမှမပါဘဲ ကြည့်မဝနိုင်အောင် ဖြစ်နေသည့် ဖယောင်းကို တိမ်ဦးက စိုက်ကြည့်ငေးနေခဲ့၏။

မျက်ဝန်းအိမ်လေးက ငြိမ်သက်လျက် မျက်တောင်လေးခတ်လိုက်၊ ငေးနေလိုက်ရှိသော မျက်နှာလေးထက်က စံကားဝါရိုပ်သမ်းနေသည့် ပါးမို့မို့လေးတွေက နုမွတ်လျက်...

ဘေးကနေ လရောင် မျက်နှာလွှဲပစ်လိုက်တာကို သတိထားမိတော့မှ သူ့မျက်ဝန်းတွေကို လှုပ်ရှားဖို့ သတိရသည်။

ရင်ထဲမှာ အမှန်အကန်ဖြစ်လာတာတွေရှိသည်။ တွက်ချက်စရာမလိုဘဲ ထိုအမှန်တရားတွေကို သူ တိကျစွာ ထွက်ဆိုနိုင်သည်။ သို့သော်..

မှန်တာပြောတိုင်း ရလို့လား...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"မရဘူး၊ အဲဒီအမှန်တရားဟာ အတည်ပြုမယ့်သူရှိမှ တကယ်မှန်တယ်လို့ မင်း သတ်မှတ်ခွင့်ရမှာ၊ ထုတ်ဝေသူနဲ့ စာရေးဆရာလို့ အကြောင်းပြနေတာ လုံးဝ အဓိပ္ပာယ်မရှိဘူး၊ သိန်းခြောက်ထောင်လောက်တန်တဲ့ ခြံနဲ့တိုက်ကြီးကို ဘာမှမဟုတ်သေးတဲ့ စာရေးဆရာပေါက်စလေးလက်ထဲ ထိုးအပ်ပစ်လိုက်တာ ဘာမှန်တာလဲ"

"အဲဒါကို ကျွန်တော် ပြောမလို့ မေမေ"

"နေဦး ဘား... သား ခဏနေဦး၊ ဖြူလဲ ဖြည်းဖြည်းပြော၊ စကားနောက် တရားပါတွေဖြစ်ကုန်မယ်"

ဦးဘစိုးက သားအမိကြားမှာပင် ရပ်လိုက်ပြီး ခါးထောက်ရပ်နေသည့် ဒေါ်ကြည်ဖြူ့လက်ကို ဆွဲ၍ထိုင်စေလိုက်သည်။ သားအမိနှစ်ယောက်ဟာ ဤမျှထိ ခွန်းကြီးခွန်းငယ်တွေ မဖြစ်ခဲ့ဖူးပါ။

ဒေါ်ကြည်ဖြူကိုယ်တိုင် ဒီကိစ္စကျမှ သည်းမခံနိုင်ဖြစ်နေသလို တိမ်ဦးကလည်း သူ့ဘက်က လက်မခံနိုင်တာကို ပေါ်ပေါ်တင်တင်ပြသည်။ လုပ်ချင်ရာလုပ်ပစ်၏။





သားသမီးက ခံပြော၊ ခံဆို ဖြစ်နေတာကို မိဘဘက်ကကြည့်တော့ နိုင်းတာမှန်သည်။ ဒါပေမယ့်...

"ကျွန်တော်က ထင်ရာစိုင်းနေတာမဟုတ်ဘူး ဖေဖေ၊ လူမှုရေးပိုင်းပါတယ်ဆိုတာ/မှန်တယ်၊ ဒါပေမယ့် ကျွန်တော့်လုပ်ငန်းနဲ့ ဆက်နွှယ်နေတာပါ။ စာရေးဆရာကို ထုတ်ဝေသူက တိုက်ဝယ်ပေး၊ ကားဝယ်ပေးတာ သဘာဝမကျစရာ ဘာမှမရှိဘူး၊ ကျွန်တော့်မှာလဲ အကျိုးအမြတ်ရှိနေသလို သူ့အတွက်လဲ သူ့ရဲ့အောင်မြင်မှုအကျိုးကို ခံစားရတာ"

"တိမ်ဦးလေ မင်းက မေမေ့ကို မင်းရဲ့လုပ်ငန်းအကြောင်း နားမလည်ပါဘူးဆိုပြီး စကားလုံးကြီးကြီးနဲ့ ပစ်ပေါက်နေတာလား၊ စောင်ရေ သုံးထောင်ကျော်ရုံလေးပဲရှိတဲ့ စာရေးဆရာကို မင်းက..."

"ဟုတ်တယ် လူမှုရေးပိုင်းပါတယ်လို့ ကျွန်တော် အစကတည်းက ထည့်ပြောခဲ့တာပဲ မေမေ၊ ကျွန်တော့်လုပ်ငန်းကို မေမေလဲ တကယ်မသိပါဘူး။ ဒီစကားတွေကို ညာတို့ဘက်က မေမေ့နားထဲပို့ပေးလိုက်တာ ကျွန်တော် သိတယ်၊ ဒီလူမှုရေးဆိုတဲ့ကိစ္စတွေ ဖြစ်လာတာလဲ သူတို့ကြောင့်ပဲ"

"အေး အဲဒါတွေ မင်းကထည့်ပြောတော့လဲ မေမေကလဲ ပြောစရာရှိတယ်၊ မင်း အဲဒီမျက်မမြင်မိန်းကလေးကို ဆွဲထုတ်သွားတဲ့ကိစ္စ သိပ်ကိုအကျည်းတန်သွားတယ် တိမ်ဦး"

နာမည်ကိုပဲ ထည့်ထည့်ပြောနေပုံကြောင့် ဒေါ်ကြည်ဖြူ၏ရင်ထဲက ဒေါသ်ကို ဦးဘစိုး တွက်မိသည်။ 'မင်း နည်းနည်းလွဲနေတယ်'လို့လည်း ဝင်မပြောရဲ၊ ကူပြောပေးရအောင်က သားဘက်ကလည်း မှားနေတာမှ မဟုတ်ဘဲ။

"မင်း အခုလုပ်သွားပုံက သူများအတွင်းရေးကိစ္စထဲမှာ ဝင်နှောက်သွားတာနဲ့တူတာ၊ ထုတ်ဝေသူက စီစဉ်ပေးတဲ့ ဝတ္ထုရေးဆန်တာ၊ စီးပွား



www.burmeseclassic.com

www.burmeseclassic.com



ဖက်တာ ဘာ့နမပါဘဲ ပိုးကြေးပန်းကြေး ထောက်ပံ့..."

"မေမေ"

"ဖြူ... ဖြူ အဲဒါတွေ မပြောနဲ့ဦး"

တိမ်ဦးမျက်နှာက အဝတ်စတစ်စလိုနီရဲတွတ်လာ၏။ ဦးဘစိုးက အချိန်မီ ဝင်တားသည်။

"အခုလောလောဆယ် မမိုးသဲတို့ ပြဿနာတွေကို မင်း ခဏဖယ် ထားပြီး သားကို သူ့အလုပ်သူလုပ်နေတယ်လို့ပဲ မြင်ထားပေးလိုက်ပါ"

"မြင်လို့မရဘူး ကိုစိုး၊ မမသဲကလဲ ရှက်လို့ဆိုပြီး ပြောလို့မဆုံးဘူး လက်မထပ်ဖြစ်တာ၊ စေ့စပ်ထားတာပျက်တာကို ဒီလောက် စိတ်မဆိုး ဘူးတဲ့၊ သူတို့အားလုံး အလကားလူတွေဖြစ်အောင် လုပ်သွားသလိုပဲတဲ့ အဲဒီမောင်နှမကို ကိုယ့်သားက..."

"ကျွတ်"

ဘယ်လိုရှင်းရှင်း ရှုပ်နေသဖြင့် တိမ်ဦး စိတ်ပျက်လက်ပျက် ခေါင်းခါ ပစ်သည်။ ဒေါသရှိတိုင်း ပေါက်ကွဲလို့မဖြစ်နိုင်သည့် မိဘပေမို့ ပင့်သက်ရှိုက် ၍ စိတ်ကိုထိန်းသည်။ ပြီးမှ...

"ကျွန်တော်က ဆွဲထုတ်သွားတာမဟုတ်ဘူး မေမေ၊ ဒေါ်မိုးသဲရဲ့ မောင် ဦးဇော်ကိုက မျက်စိမမြင်တဲ့မိန်းကလေးကို အိမ်ထဲဝင်ပြီး စော်ကား ဖို့ ကြံတာ"

"ဟင်..."

ဒေါ်ကြည်ဖြူ အံ့သြသွားသည်။ ဦးဘစိုးက သားဖြစ်သူကို လှည့် ကြည့်၏။ ဒီလောက်ထိ မိခင်ဖြစ်သူက စွပ်စွဲပြောနေတာတောင်မှ ထို အဖြစ်ကို မပြောဘဲနေခဲ့သော သားအပေါ် မှာ နားမလည်နိုင်။ အထင်ကြီး လေးစားစရာလား၊ အံ့သြဖွယ်လား...။

"ကောင်လေးက ဆေးကျောင်းသား၊ ကျောင်းသွားရင် သူ့အစ်မ





တစ်ယောက်ပဲကျန်ခဲ့တာ၊ မျက်စိမမြင်တဲ့ အဲဒီဒုက္ခိတမလေးက ကက် ဆက်နဲ့အသံထည့်ပြီးစာတွေရေးနေတဲ့ ကျွန်တော်တိုက်က စာရေးဆရာမ ကူပါ ကယ်ပါလို့ ပြောပြီး ဒုက္ခနဲ့ပြေးလာတဲ့ သူ့ကို ကျွန်တော် ကျောခိုင်း နေလိုက်ရမှာလား မေမေ"

ဒေါ်ကြည်ဖြူ ဘာတစ်ခွန်းမှ မပြောတော့ပါ။ မျက်ဝန်းတို့ကို လွှဲဖယ် လျက် မျက်နှာကတော့ တင်းနေဆဲဖြစ်သည်။

"သဲမြညာ ဆိုတဲ့ မိသားစုတစ်စုလုံးကို ကျွန်တော် ခေါင်းထဲက ထုတ် ပစ်လိုက်တာ မေမေ၊ ဒီမိသားစုနဲ့ ပတ်သက်ပြီး မေမေ ကျွန်တော့်ကို ပြောဆိုဖို့တွေရှိနေသေးတယ်ဆိုရင်တော့ မေမေနဲ့ကျွန်တော် ဘယ်တော့မှ အဆင်ပြေမှာမဟုတ်ဘူး"

"မင်းက..."

"ပြောပြတာ၊ ကျွန်တော်ကလဲ မိဘကို ဒီထက်ပိုပြီး အတိုက်အခံတွေ မဖြစ်ချင်ပါဘူး"

မေမေ့ရှေ့မှာ ခဏနေပြီးမှ သူ လှည့်ထွက်လာခဲ့သည်။ စာကြည့်ခန်း ထဲရောက်လာသည်နှင့် သူ့နောက်မှာ ဖေဖေ ပါလာမှန်းသိတော့ လှည့် ကြည့်မိသည်။

"ဖေဖေ"

"သားကို ဖေဖေ မေးစရာရှိတယ်"

"မေးလေ"

ဦးဘစိုး မထိုင်ဘဲနေသဖြင့် တိမ်ဦးလည်း မထိုင်ပါ။ စားပွဲ၏တစ်ဖက် စီမှာ မျက်နှာချင်းဆိုင်ရပ်လိုက်ကာ...

"သားရဲ့မေမေပြောတဲ့စကားက လိုရင်းကိုမရောက်ဘဲ ဒေါသနဲ့လွှဲ နေတာကွ၊ တကယ်တော့ ဟုတ်တယ်"

"ဘာဟုတ်တာလဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘစိုးက ရင်းနှီးသောအပြုံးနှင့် သားမျက်နှာကို စိုက်ကြည့်၏။ မေမေက ဒေါသဖြစ်နေတာကိုကျတော့ သူ ရင်ဆိုင်ကြည့်ရဲခဲ့ပြီး ဖေဖေ့ အပြုံးနှင့်အကြည့်ကြောင့် မျက်နှာမှာ ထူအမ်းအမ်းကြီးတက်ဖြစ်လာ သလို ဖျတ်ခနဲလွှဲလိုက်မိသည်။

"အဲဒီတိုက်ကို ဖေဖေကိုယ်တိုင် ဆောက်ခဲ့တာ သားအတွက် အမှန် ပဲကွ၊ ဒါပေမယ့် အခုနေဖို့မဟုတ်ဘူး၊ မင်း မိန်းမရရင် လက်ဖွဲ့မလို့"

တိမ်ဦးက ဦးဘစိုးကို အားနာတောင်းပန်သလို တစ်ချက်တော့ ပြန် ကြည့်၏။ ပြီးမှ မျက်လွှာချကာ..

"သူတို့ကို ချက်ချင်းပြောင်းပေးမှဖြစ်မှာမို့လို့ပါ ဖေဖေ၊ နောက်တော့.."

"နောက်ထပ် ပြောင်းရွှေ့ဖြစ်မယ်လို့ ဖေဖေတော့ မထင်ဘူး"

မျက်လုံးချင်း ဆုံမိပြန်သည်။ ဦးဘစိုးက ရယ်လိုက်ရင်း တိမ်ဦးပခုံးကို ဆုပ်ကိုင်လိုက်၏။

"မနေ့က ဖေဖေ ရောက်ခဲ့တယ်"

"ဗျာ.."

"အိမ်ထဲထိ မဝင်ခဲ့ပါဘူး၊ ဒါပေမယ့် မိန်းကလေးကိုတော့မြင်ခဲ့တယ်၊ နောက်ဖေးမှာ အဆောင်တစ်ခု ထပ်ထည့်ပေးဖို့ စိတ်ကူးရှိနေတာက ကြာ ပြီလေ၊ သား သိပါတယ်"

တိမ်ဦး ခေါင်းညိတ်လိုက်သည်။

"အဲဒါကို အရေးတကြီးလုပ်ဖို့မဟုတ်သလို ပြင်ချင်ဖောသန်လွန်းလို့ လဲမဟုတ်ဘူး၊ ဒါပေမယ့် ဖောင်ဒေးရှင်းအတွက်ကော၊ မင်းရဲ့ဇွဲသည် တွေကို မြင်ချင်တာကော နှစ်ခုစလုံးပါတယ်၊ ဖေဖေ ရှိင်းသွားသလိုများ ဖြစ်မလား"

ပြောပြီး မေးသေးသည်။ တိမ်ဦးက ခေါင်းခါလိုက်ပြီး...

"မရှိင်းပါဘူး ဖေဖေ၊ ကျွန်တော် နားလည်ပါတယ်"





"အေး မင်း နားလည်ပေမယ့် ဖေဖေတို့ကလဲ ကိုယ့်နေရာဖြစ်ပေမယ့် ဒီလိုသွားလိုက်တာ သိပ်တော့မကောင်းပါဘူး၊ ဖေဖေ ဝန်ခံတယ် အဲဒီ မှာ တစ်ခု ဖေဖေ တွက်လိုက်မိတာက.."

ဦးဘစိုး တိမ်ဦးကိုကြည့်လိုက်သည်။ သူပြောတာ မှန်မလား၊ မမှန် နိုင်ဘူးလားဆိုတာကို တိမ်ဦး၏မျက်ဝန်းတွေမှာ အဖြေရှာပါတော့မည်။ သူ့ကိုယ်သူလည်း သိကာ..

"ဆက်ပြောလေ ဖေဖေ"

"အဲဒီမိန်းကလေးအတွက် ငါ့သား ပြင်ဆင်ပေးထားခဲ့တာတွေက မင်းရဲ့အမေပြောသလိုပဲ လိုတာထက် အများကြီးကို ပိုနေတာကွ၊ ဖေဖေ ပြောချင်တာက ခြံကြီးတိုက်ကြီးရဲ့တန်ဖိုးတွေ ပမာဏတွေ မပါဘူး၊ ကြည့်လိုက်တာနဲ့ မင်းရဲ့စေတနာတွေကို အဲဒီအိမ်ထဲမှာမြင်နေရတာ"

တိမ်ဦးက မနေတတ်သလိုပုံစံနှင့် နှာခေါင်းတစ်ချက်ပွတ်၏။

"မိန်းကလေးကို ငါ့သား မရိုးဘူးလို့ ဖေဖေပြောရင် မင်း ငြင်းမလား"

တည့်တည့်မေးလိုက်တော့ မျက်နှာမှာ ဖျန်းခနဲနွေးသွားသည်။

"အဲဒါလေးပဲ ဖေဖေ မေးတာကွာ၊ လေးလေးနက်နက်တွေ မထည့် နဲ့ ရိုးသားခြင်း၊ မရိုးသားခြင်းဆိုတာက ဖြူစင်တာထက် နည်းနည်းပိုသွား တာမျိုး"

"ဟုတ်ပါတယ်"

"အေး ဒါပဲပေါ့"

ဦးဘစိုးက ခေါင်းညိတ်လိုက်သော်လည်း ကျေနပ်လက်ခံသွားတာ မျိုး မဟုတ်ပါ။

မျက်နှာမှာ လေးနက်ခြင်းတွေ ဖြစ်ပေါ်လာကာ..

"သိပ်တော့မလွယ်ဘူးကွ၊ မင်းဘက်က မင်းရဲ့လုပ်ငန်းသဘောအရ ဆက်နွှယ်ပတ်သက်စရာအကြောင်း နိုင်လုံနေပေမယ့် မိဘဘက်က



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သားရဲ့ကြင်ရာတော်အဖြစ် လက်ခံပေးဖို့ကျတော့ မဖြစ်နိုင်ဘူးလို့ပဲ အဖြေထွက်ဂါမှ်မယ်၊ အဓိကကကတော့ မင်းမေမေပဲ”

ဦးဘစိုးက စဉ်းစားသင့်တာကိုပဲထောက်ပြပြီး တိမ်ဦးမျက်နှာကို ခဏကြာအောင် စိုက်ကြည့်၏။ ပြီးတော့ စာကြည့်ခန်းထဲက ထွက်သွားလေသည်။

အချစ်ရဲ့နိဒါန်းက ဒီလောက်ပဲ အလှမ်းဝေးနေသလား။





## အခန်း (၁၉)

“အချစ်ဆိုတာ ရယူပိုင်ဆိုင်လိုခြင်းမှမဟုတ်တာ ကိုကို၊ ကိုကို့ကို လေး သိပ်ချစ်ပါတယ်၊ ဒါပေမယ့် လေးက ချစ်နေခွင့်ပါပဲ၊ ကိုကို ကြိုက် သလိုဆုံးဖြတ်ပါ”

ကောဇ့ညွှတ်သည့်မျက်တောင်ဖျားတို့ တစ်ချက်အပိတ်မှာ မျက်ရည် ပုလဲဥတွေက တလိမ့်လိမ့်ပြေးဆင်းသွားကြသည်။

ကက်ဆက်ပိတ်လိုက်ပြီး သူ ရေးထားတာနှင့် လရောင်က ပြန်တိုက် နေ၏။ အနားမှာ ဖယောင်းကလည်းထိုင်လျက် သူမပြောထားတာတွေကို နားထောင်နေ၏။

နားထောင်ရင်း လိုအပ်တာလေး ကြားလိုက်တာနှင့် ‘နေဦး မောင်လေး အဲဒီနေရာမှာ နည်းနည်းပြင်ရအောင်’ဆိုပြီး ပြောပြတာမျိုး၊ မောင်နှမနှစ်ယောက်ကို သူ ဘေးကနေထိုင်ကြည့်ကာ သနားကရုဏာ ဖြစ်ခြင်းတို့က နောက်ဆုတ်ယုတ်လျော့သွားသည်မရှိ။

“ပြီးပြီ အစ်ကို သွားရအောင်”

တိမ်ဦးကိုပြောပြီး ဖယောင်းကို ပြန်ကြည့်ကာ..



www.burmeseclassic.com

www.burmeseclassic.com



"မမ ဓာတ်သိမ်းမှာ ပေါင်းပေးလိုက်နော်၊ မမရဲ့ဓာတ်တွေက သေတာတွေပဲ များနေပြီ"

"အင်း ဒီတစ်ခါတော့ ပေါင်းကြမှာပါ"

တိမ်ဦးက ဖယောင်းပြောတာလေးကို သဘောကျသလို ပြုံး၍...

"ဖယောင်းက နင့်ကျန်ခဲ့တဲ့ဓာတ်မျိုးကို တော်တော်လက်တွေ့ပုံရတယ် ဟုတ်လား"

"ရှင်..."

ဖယောင်းက နားစွင့်ရင်း နေရာမှ ထရပ်လိုက်သည်။ ပြီးတော့ ခြေထောက်အရွေ့မှာ ကိုယ်က ယိုင်ခနဲဖြစ်သွား၏။ အနီးကပ် သူပဲရှိတာမို့ တိမ်ဦးက ဖယောင်းလက်မောင်းလေးကို လှမ်းဆွဲထားလိုက်သည်။

"အဲ... ရ...ရပါတယ်၊ ကျေးဇူးပဲနော်"

ဖယောင်းက ကမန်းကတန်းပြန်ထိန်းကာ သူ့လက်ကိုဖယ်ချ၏။ ပြီးသွားသည့်စာမူအပိုင်းကိုကိုင်၍ ထထွက်သွားပြီဖြစ်သည့် လရောင်က လှည့်ကြည့်သည်။

ဖျတ်ခနဲမြင်လိုက်မိသည်က နုနုနွဲ့နွဲ့လေးနှင့်လှသော မမနဲ့ ယောကျ်ားပီသချောမောသည့် တိမ်ဦးလေဆိုသောလူ အလွန်လိုက်ဖက်တင့်တယ်နေခြင်းကိုပင်။

သို့သော် မျက်နှာကို ချက်ချင်းလွှဲပစ်လိုက်သည်။ သူက စာနာစိတ်ဖြင့်ကူညီခဲ့လို့သာ ဒီလိုနေရာမှာ အတူတူရှိနေခဲ့ရပေမယ့် အဆင့်အတန်းချင်းက မိုးနဲ့မြေ။

အိမ်ကိုလည်း တစ်ယောက်တည်းတော့ သပ်သပ်မလာခဲ့ဖူးပါ။ ဒါပေမယ့် သုံးယောက်တော့ အိမ်မှာ မကြာခဏ ဆုံဖြစ်ခဲ့ကြသည်။

ထိုအခါ ပြန်ဖို့ပြင်တိုင်း...

"ဒေါ်စု လာပါဦး"





ဟု လှမ်းခေါ်ကာ သူပဲသင်၊ သူပဲမှာသည်။

"အခေါ် ဟင်းချက်စရာ ဘာညာ လိုအပ်တာကို တစ်ပတ်စာ အပြီးစီစဉ်ပြီးဝယ်ထည့်ထားပါ၊ အပြင်ကို ခဏခဏ မထွက်ပါနဲ့၊ ပြီးတော့ ယုန္တယ်ကို ဖယောင်းရဲ့ဝေယျာဝစ္စလောက်ပဲလုပ်ပါစေ"

ဟု ပြောရင်း ဖယောင်းကိုလည်း အသိပေး၏။

"ဖယောင်း အားမနာနဲ့နော်၊ ဒေါ်စုနဲ့ယုန္တယ်က တူဝရီးတော်တယ်၊ ကိုယ်တို့အိမ်ဘေးမှာ အစက သူတို့နေတာလေ၊ အားလုံး စိတ်ချရတယ် လိုအပ်သမျှပြော"

မထင်မှတ်ဘဲ အိမ်ဖော်တွေ ဘာတွေနှင့် ဒီလောက်ပြည့်ပြည့်စုံစုံကြီးဖြစ်လာတော့ မမကလည်း ဟိုမေး ဒီမေး မေးလာသည်။

"မောင်လေးရယ် လေအေးစက်တွေ၊ ရေနွေးကန်တွေနဲ့ မေမေတို့ ရှိစဉ်တုန်းကတောင်မှ ဒီလိုမနေခဲ့ရဘူး၊ မမတို့ကို သူများပြောစရာများ ဖြစ်နေမလားဟင်၊ ဘာပဲဖြစ်ဖြစ် ညာ့တို့ကတော့ ကျေနပ်ကြမှာမဟုတ်ဘူး"

ဟု ခဏခဏ ပြောသည်။ တစ်ခါတလေ မမကို စာတွေဖတ်ပြရင်း သပ်ဖတ်ပါဦး နားမလည်လိုက်လို့ဟု ပြောသဖြင့် ပြန်ဖတ်ရတာတွေလည်း ရှိလာ၏။

စာမဖတ်နိုင်သည့်မမကို သူမ သိချင် မှတ်ချင်သည့်အကြောင်းအရာတွေနဲ့ပတ်သက်ပြီး စာအုပ်တွေ ရှာဝယ်၊ ဖတ်ပြနှင့်လရောင်ပဲလုပ်ရသည်။

အခုတစ်လောမှာ စာတွေဖတ်ပြတိုင်း မမစိတ်တွေ ဟိုရောက် ဒီရောက်နှင့် နှစ်ခေါက်ပြန်ဖတ်ရတာတွေ ရှိလာခြင်းပင်။

ယောကျ်ားချင်းမို့ သိလာခဲ့တာရှိသည်။ မမကိုလည်း ပြောလိုက်ချင်သေး၏။

'မမကို အဲဒီလူက ချစ်နေတာ'ဟု၊ ကိုယ်တိုင် ရိပ်မိပေမယ့်လည်း



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦး၏ တည်ကြည်ခံ့ညားပုံကို သူ ယုံကြည်နေခဲ့သည်။

တစ်ဖက်သတ်ပိုးပန်းပြီး ဒီလိုကူညီနေတာဖြစ်စေဦးတော့ တိမ်ဦးကို ယုံကြည်နေ့ ကြောင့် အရာရာကို ဂရုမစိုက်စွာနေလိုက်နိုင်သည်။

"ညီလေး ဘယ်သွားဦးမှာလဲ"

ကားပေါ်မှာ ငုတ်တုတ်ပါလာခဲ့သည်အထိ စိတ်က ကိုယ်နဲ့မကပ်သဖြင့် တိမ်ဦးအသံကြားမှ လှည့်ကြည့်လိုက်မိသည်။

"မရှိဘူး အစ်ကို၊ ရှေ့ကစတိုးမှာပဲ ချပေးခဲ့ပါ၊ စာမူ အစ်ကိုပဲ ယူသွားလိုက်တော့နော်"

"ဘာဝယ်မလို့လဲ"

လရောင် တစ်ချက်အမ်းသွားပြီးမှ လွယ်အိတ်ကို မလိုအပ်ဘဲ ပခုံးပေါ် ထပ်ဆွဲတင်မိကာ..

"မမ မှာလိုက်တာလေးတွေ နည်းနည်းဝယ်ရုံပါပဲ၊ ပြီးရင် ကျွန်တော့်စာအုပ်အတွက် သူငယ်ချင်းအိမ် သွားရဦးမှာ"

"စာအုပ်ငှားဖို့လား"

"ဗျာ... ဟုတ်ကဲ့"

လိုက်ပို့မယ်လို့ပြောမှာစိုးသဖြင့် လမ်းရှည်ရှည်းမှာကို တမင်ပြောလိုက်ကာမှ ငဲ့ပ်မေးလာတော့ လရောင် ယောင်ယမ်းပြီး ခေါင်းညိတ်၏ ထိုစဉ် ကားလေးက တစ်နေရာမှာ ရပ်တန့်သွားခဲ့လေသည်။

"လရောင်"

"ခင်ဗျာ"

"ကိုယ် တစ်ခုပြောချင်တယ်၊ အဲဒါ.."

"ပြောပါ၊ ဘာကိစ္စမို့လို့လဲဟင်"

တိမ်ဦး လက်ကိုင်ဘီးပေါ်မှာ လက်နှစ်ဖက်နှင့်ဖိဆုပ်ထားရင်း မျက်နှာ နှစ်ဖက်ကိုတွန့်ကုတ်ထား၏။





ရှေ့မှာဖြတ်သန်းသွားလာနေကြသူတွေကို စိတ်ဝင်စားတာမဟုတ်ဘဲ လှမ်းငေးနေပြီး သူ့ဘက်ကို ပြန်လှည့်လာလျှင်...

"မင်းက လူငယ်ပေမယ့် မောင်တစ်ယောက်လဲဖြစ်တယ်၊ ပြီးတော့ လောလောဆယ် ဖယောင်းရဲ့ အုပ်ထိန်းသူလိုဖြစ်နေတဲ့အတွက် ဒီစကားကို မင်းဆီမှာပဲ ကိုယ် ပြောရမှာ၊ အပြောမတတ်လို့ ရိုင်းပျစော်ကားလိုက်တာမျိုး ဖြစ်သွားရင်တော့ မင်း နားလည်ပေးပါ"

လရောင် နားမလည်ပါ။ ထူးခြားသည့်စကားတစ်ခုခုဆိုတာတော့ သတိထားမိ၏။ ထို့ကြောင့် တစ်ခွန်းမှမမေးဘဲ စိတ်ဝင်စားစွာ နားထောင်နေလိုက်မိသည်။

"ဖယောင်းကို ကိုယ် စတွေ့ကတည်းက စိတ်ဝင်စားခဲ့တာ၊ သူ့ကို ကိုယ် လက်ထပ်ချင်တယ်"

"ဗျာ..."

လရောင် အံ့သြသွားသည်။ မရိုးသားဘူးဆိုရင်တောင်မှ တိမ်ဦးရင်ထဲမှာ ဒီလောက်ထိ နေရာယူထားပြီးဖြစ်လိမ့်မည်ဟု သူ မထင်ခဲ့တာ အမှန်ပင်။

ဒါမှမဟုတ် ခပ်ရိုင်းရိုင်းတွေးရပါလျှင် ဖျက်ဆီးရလွယ်အောင် လမ်းခင်းလိုက်တဲ့ ပရိယာယ်တစ်ခုလား။

"ကိုယ့်ကို မင်း ယုံပါ၊ ဒီနေ့ထိ မိန်းကလေးတစ်ယောက်အပေါ်မှာ အိပ်တဲ့စားတဲ့အချိန်တွေပါအောင်ဖွဲ့ယှက်ခံစားပြီး စွဲလမ်းခဲ့ဖူးတာ သူ့ တစ်ယောက်တည်းပဲရှိခဲ့ဖူးတယ်၊ ကိုယ် သူ့ကို လက်ထပ်ချင်တယ်၊ ဒါက သူ့ကို ကိုယ် ဒီထက်ပြည့်စုံခမ်းနားအောင် စောင့်ရှောက်ပေးချင်နေတာပေါ့ ဘင့်တယ်အောင်၊ နောက်တစ်ခုက မင်းကို မျက်နှာပူပူနဲ့ပဲ ကိုယ်ပြောစရာ အကြောင်းရှိတယ်၊ ဖယောင်းနဲ့ကိုယ် ဒီထက်ရင်းနှီးချင်ပါတယ်၊ အဲဒီအတွက် အိမ်မှာ မင်းရှိနေသည်ဖြစ်စေ၊ မရှိတဲ့အချိန်ဖြစ်စေ ကိုယ် ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားမိတာရှိမယ်၊ ရှိတဲ့အခါမျိုးမှာ မင်း မြင်ရင် နားလည်ပေးဖို့ပါ၊ ကိုယ်နဲ့ ပတ်သက်ခဲ့ပြီးတဲ့နောက်မှာ ဖယောင်းဆိုတဲ့ မိန်းကလေးရဲ့ ကိုယ်မှာ ဆူး ခြစ်ရာလေးတောင် ထင်တာမကြိုက်ခဲ့တဲ့ကိုယ်ဟာ သူ့ဘ၀ ညစ်နွမ်း ငွန်းထင်းအောင် ဘယ်တော့မှ မဖျက်ဆီးဘူးဆိုတာကိုလဲ မင်း ယုံကြည် စေချင်တယ်"

"ယုံကြည်တယ်ဆိုတာကတော့ စိတ်ရဲ့ ခံစားချက်တစ်မျိုးပါ အစ်ကို၊ ယုံနိုင်းတိုင်း ယုံလို့မရပါဘူး ယုံပါလို့မပြောလဲ ကိုယ့်စိတ်ထဲမှာ ယုံကြည်မိ ရင် ဘယ်သူဖျက်ဖျက် မပျက်တာမျိုးပါ"

လရောင်က သူ့ကို မယုံကြည်တာမရှိကြောင်း မျက်ဝန်းများနှင့် သက်သေပြသည်။ စူးစိုက်ကြည့်နေရင်းကနေ ပြုံးပြလိုက်သောမျက်ဝန်း တွေမှာ ခင်မင်လေးစားသော ရင်းနှီးမှုများဖြင့်...

"အစ်ကို့ကို ကျွန်တော် ယုံကြည်ပါတယ်၊ အဲဒါ အခု ဒီအိမ်ပေါ် ရောက်လာခဲ့လို့မဟုတ်ဘူး"

"မင်းကို ကျေးဇူးတင်ပါတယ်"

"ကျွန်တော်နဲ့အစ်ကို့အတွက် အပြန်အလှန်နားလည်နိုင်ပေမယ့် မမ ဘက်က ဘယ်လိုဆိုတာတော့ ကျွန်တော် အာမမခံနိုင်ဘူး အစ်ကို၊ မမ က အေးဆေးတယ်၊ တည်ငြိမ်တယ်၊ နူးနူးညံ့ညံ့လေးနေတတ်ပေမယ့် ခေါင်းမာတယ်၊ အန်တီမိုးတို့က ခြံတစ်ခြံမ်းကိုရောင်းဖို့ ချော့လိုက်ခြောက် လိုက် ဘယ်လိုပြောပြော နည်းနည်းမှ မတွေဝေခဲ့ဘူး၊ အစ်ကို စဉ်းစား ကြည့်လေ၊ သူများရဲ့ စောင့်ရှောက်မှုနဲ့မကင်းဘဲ သူတို့ခြံဝင်းထဲမှာနေပြီး အားနာလိုက်လျောသင့်တဲ့ကိစ္စကိုတောင် မလိုက်လျောဘူး၊ 'သံမာ' အောင်မြင်လာတော့ ကျောင်းစရိတ်နဲ့ စားစရိတ် ပိုပိုလိုလိုဖြတ်ပြီး ကျန် တာအားလုံးကို မကင်းရာမကင်းကြောင်း ချေးငှားထားမိတဲ့ အကြွေး အတွက် ဆပ်ပစ်တယ်၊ မျက်လုံးမမြင်ပေမယ့် မမမှာ စာရင်းအင်း အတိ





အကျရှိတယ် အစ်ကို"

တိမ်ဦးက ကားလက်ကိုင်ဘီးကို လက်သီးဆုပ်နှင့် ဖွဖွထုရင်း နား ထောင်နေ၏။

"ဒါပေါ့ကွ၊ ဒီလိုဦးဆောင်နိုင်စွမ်းရှိနေလို့ မင်း ကျောင်းတက်နိုင်တာ ပေါ့၊ မိန်းမတစ်ယောက်ဟာ သိပ်လှပြီး ထက်မြက်မှုရှိနေတယ်ဆိုတာ ရှားပါးတဲ့အရည်အချင်းပဲ။ မင်းပြောချင်တာကို ကိုယ် နားလည်တယ်၊ သူ့ ရဲ့ ယုံကြည်မှုရဖို့အတွက် ကိုယ် ကြိုးစားမှာပါ၊ ဒါပေမယ့် တို့တွေအရွယ် က လူပျိုလှည့်ပြီး သုံးနှစ်သုံးမိုး စောင့်နေရလောက်အောင် ရည်းစား ထားဖို့အရွယ်တွေ မဟုတ်တော့ဘူး၊ မင်းက သူ့ရဲ့ကိုယ်ပွားလိုပဲဆိုတော့ ဒီကိစ္စမှာ မင်း မပါလို့တော့မရဘူးကွာ၊ အားကိုးရာတာမဟုတ်ပေမယ့် သူ့ကို ဒီအတိုင်းချဉ်းကပ်ဖို့က ကိုယ့်ဘက်မှာ တော်တော်ခက်ခဲနေတယ်"

လရောင် မျက်နှာတော့ပွလာသည်။ ဒါပေမယ့် ပြောတာလည်းမှန် နေသဖြင့် ခေါင်းညိတ်လိုက်ရ၏။ မမက မျက်မမြင်တစ်ယောက်ဖြစ်နေ သဖြင့် ယုံကြည်မှုတစ်ခု ရှိလာဖို့ဆိုတာ...

"ညီလေး ကိုယ်ပြောတာ နားလည်ရဲ့လား"

"နားလည်ပါတယ်"

"ဒါဆို ကူပြောပေးမယ်ပေါ့"

လရောင်က ရှက်မျက်နှာကြီးနှင့်ရယ်ပြီး မျက်နှာလွှဲရင်းကနေ ခေါင်း ညိတ်သည်။

"ဒါဆိုရင် တရားဝင်တောင်းခံပြီးပြီဆိုတော့ နောက်တစ်ခုပြောဖို့ ရှိသေးတယ်"

လရောင်က ပြန်လှည့်ကြည့်၏။ တိမ်ဦးက စက်ပြန်နှိုးပြီး ဂီယာချိန်း လိုက်ကာ...

"ပလာဇာကို သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာလုပ်ဖို့လဲ"

"ဖယောင်းအတွက် မင်း ဝယ်ခြမ်းစရာရှိတယ်ဆိုတာကော၊ ခုနက သူငယ်ချင်းဆီမှာ ငှားရမ်းမယ်ဆိုတဲ့ စာအုပ်လေ၊ မင်းအတွက် လိုအပ်နေသေးတယ်ဆိုရင် ပြည့်စုံအောင်ဝယ်ပေါ့၊ ပလာဇာကနေ စာအုပ်တန်းကို လှည့်ဝင်ပေးမယ်၊ ရှောပင်ထွက်ကြတာပေါ့"

"ဟာ အစ်ကိုကလဲ အားနာစရာကြီး"

"မလိုက်ချင်ဘူးလား"

"လိုက်မှာပေါ့"

တိမ်ဦးက အသံထွက်အောင်ရယ်ကာ လရောင်၏ခေါင်းကို လှမ်းပွတ်၍ ဆံပင်တွေကို ဆွဲဖွပစ်သည်။ တစ်ယောက်နဲ့တစ်ယောက် မထင်မှတ်ဘဲ ရင်းနှီးမှုတွေ ပိုမိုသွားခဲ့ကြသည်။

တိမ်ဦးနဲ့ မမကို လရောင် သဘောတူပါသည်။ ဒါပေမယ့်...

♥ ♥ ♥





## အခန်း (၂၀)

"အို... မဟုတ်တာ မောင်လေးကလဲ"

"တကယ်ပြောတာ၊ အစ်ကိုက မမကို စိတ်ဝင်စားနေတာ တအားသိသာတာပဲ၊ ကျွန်တော့်ကိုလဲ သိပ်အလိုလိုက်တာ"

လရောင်ပြောနေတာကို နားထောင်ပြီး ဖယောင်းက စားပွဲပေါ်မှာ ဒီတိုင်းချထားသည့်နှင်းဆီပန်းတွေကို လက်ဖဝါးလေးနှင့် ဖွဖွလေး လိုက်စမ်း၏။

"အဲဒါကြောင့်ပြောတာ၊ ပေးကမ်းခြင်းသည် အောင်နိုင်ခြင်းတဲ့၊ မမ သူများသူ့စိမ်း ပေးကမ်းတာကို ဘာမှ အလကားမလိုချင်တာ အဲဒါပဲ"

"ဟာ မမကလဲ အဲဒီလိုမဟုတ်ပါဘူး"

"ဘာ မဟုတ်... အ..."

နှင်းဆီဆူးကြောင့် လက်တွေတွန့်သွားသဖြင့် စကားလည်းပြတ်သွား၏။

"ကဲ ပေးပါ မမရာ ပန်းအိုးထိုးတာပဲ ဒီပန်းလေးငါးပွင့်ကိုတော့ ကျွန်တော် လှအောင်ထိုးတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မမမှာ ဒီလိုအလုပ်လေးတွေပဲရှိတဲ့ဥစ္စာ၊ ဒါနဲ့ မောင်လေး သူ့ကိုပြောထားရဲ့လား ခြံထဲကပန်းတွေ ခူးခွင့်ပြုဖို့"

"မမကလဲဗျာ ဒီလောက် လိုက်လျှောနေတဲ့ဟာကို ပန်းကလေးတွေ ကျမှ တွန့်တိုပါ့မလား၊ ပြောပြန်ရင်လဲ ငါးလိုချင်လို ငါးစာချတယ်ဖြစ်ဦး မယ်၊ ကျွန်တော် ဒီလောက် လူကဲခတ်မညံ့ပါဘူး၊ မမလိုပဲ အစ်ကိုကလဲ ချောတယ်၊ မမညာတို့ ညီအစ်မဆိုရင် အစ်ကို့ကို တအားသဘောကျကြ တာ၊ စေ့စပ်ပွဲ အစ်ကိုက ဖျက်ပစ်တော့ ဦးဖော်ကိုကြီးကို ယုတ်မာခိုင်း လိုက်တာ ကြည့်ပါလား။ သူတို့နဲ့ ဒီလောက်နီးစပ်နေတာကို ဖျက်သွားပြီး ကျွန်တော်တို့နဲ့ ရေစက်ဆုံတာကို မကျေနပ်ကြတာ"

"ဒါ ကျေနပ်စရာလဲမဟုတ်ဘူး မောင်လေး တို့မှာ လူမုန်းပိုလာတာ၊ အန္တရာယ်များလာတာ"

"ဘာအန္တရာယ်လဲ မမ၊ ဒီမှာ မိန်းမအဖော်တွေနဲ့ မမ နေရတာ ဘာပူ စရာရှိလို့လဲ"

"အဲဒါ သူ့လူတွေပဲမဟုတ်ဘူးလား"

"ဟာ မမက တစ်ယူသန်ပဲဗျာ"

လရောင် စိတ်ပျက်စွာညည်း၍ နေရာမှထရပ်လိုက်သည်။ မမက မြင်ရတာမှမဟုတ်တာ၊ ပြီးတော့ ယုတ်မာတတ်သည့်ယောက်ျားတွေနဲ့ ပဲ ကြုံဆုံခဲ့ရသည်။

ကံကြီးလို့သာ ဘဝမနစ်မွန်းခဲ့ရတာဖြစ်၏။ ဒါကြောင့် အလွယ်တကူ မယုံကြည်ဘူးဆိုတာ သဘာဝကျသည်။

ဒါပေမယ့် ယုတ်မာကောက်ကျစ်လာနိုင်သော အဂါရပ် နည်းနည်းမှ မရှိဘဲ ခန့်ညားချောမွေ့နေသည့် တိမ်ဦးလေ ဆိုသော ယောက်ျား တစ် ယောက်ကိုတော့ ယုံကြည်စေချင်သည်။

"ဟော ဟိုမှာ အစ်ကို လာပြီ"





"ဟင်..."

ဖယောင်းကိုယ်လေး တောင့်သွားသည်။

"မမ ကျွန်တော်လဲ ကျောင်းသွားတော့မယ်နော်"

"ဟဲ့ ခုမှရောက်လာတာကို ပြန်ခေါ်မသွားနဲ့လေ"

"မခေါ်ပါဘူး၊ ကျွန်တော် အဲလောက်တော့သိတတ်ပါတယ်"

ခါတိုင်းဆို လရောင်နဲ့အတူလာတာလည်းရှိသည်။ လရောင် ရှိနေ တုန်းဆိုရင်လည်း အတူတူပြန်ထွက်သွားပြီး 'မင်း ဘယ်သွားစရာရှိလဲ၊ အစ်ကိုနဲ့ လိုက်ခဲ့လေ'ဆိုတာမျိုး။

"အစ်ကို လာထိုင်လေ၊ ကျွန်တော်ကတော့ ကျောင်းသွားတော့မှာ"

ခေါ် ပြောနှုတ်ဆက်သံတွေကြားပြီး လရောင်အသံ ပျောက်သွား သည်။ ထို့နောက် မှတ်မိနေခဲ့သည့် ရေမွှေးနံ့တစ်ချက် နှာခေါင်းထဲ ဝင် လာ၏။

ပန်းနံ့နှင့်ဆင်ဆင်တူကာ သင်းသင်းလေးမို့ ထိုရေမွှေးနံ့ကိုတော့ ဖယောင်း နှစ်သက်နေမိသည်။

"ဖယောင်း နေကောင်းတယ်နော်"

"ရှင် ဟုတ်ကဲ့"

"ထိုင်ပါ၊ ကိုယ်က ရှေ့မှာထိုင်မှာ"

ဖယောင်း လှုပ်လှုပ်ရှားရှားလေးဖြစ်သွားတော့ သူပဲပြောပြီး ဖယောင်း ရှေ့ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်၏။

"ဒေါ်ဒေါ်စုရေ"

"ဟေ လာပြီ သမီး"

"ယုန်နွယ်ကို ရေချိုးခန်းထဲမှာခိုင်းထားလို့ပါ၊ ညှော်သည်အတွက် အအေးလေးတစ်ခုခု ယူခဲ့ပါနော်"

"အေး အေး"



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းက လှမ်းမှာပြီး သူ့ဘက်ကို မျက်ဝန်းလေးတွေ ရွှေ့လာကာ..

"ကိုယ့်ပစ္စည်းနဲ့ကိုယ် ပြန်ဧည့်ခံရသလိုပဲ အားနာလိုက်တာ"

"မဟုတ်တာ ဖယောင်းရယ်၊ ဒီမှာနေထိုင်သုံးစွဲနေတာတွေအားလုံး က ဖယောင်း ပိုင်ဆိုင်ရမှာတွေပါ"

"ရှင်..."

"စာချုပ်ကြရင် စာမူခရမှာပဲလေ၊ ဖယောင်း အဲဒီလိုခံစားနေရမှာ စိုးလို့ ကျွန်တော်က ကြိုပြီးထုတ်ပေးမှာပါ"

"ဟုတ်ကဲ့ ဒါဆိုရင်လဲ မြန်မြန်စာချုပ်ပေးပါနော်၊ ဖယောင်း အဲဒီလိုပဲ ခံစားနေရတယ်၊ နောက်ပြီး ဖယောင်းတို့မောင်နှမကို တခြားမှာ သီးသီး သန့်သန့်လေး ငှားနေနိုင်အောင်လဲ ငွေပိုချပေးပါ၊ ချေးတဲ့သဘော ဘာညာ တွေမလိုချင်ဘူး၊ တစ်ခါတည်းပဲ အုပ်ရေနဲ့ဖြတ်ချလိုက်ပါ၊ ဖယောင်းက ငွေယူထားတဲ့အတိုင်း အုပ်ရေပြည့်အောင် ပြန်ရေးပေးပါ့မယ်"

နီမြန်းထွေးအိနေသည့် ဖယောင်းနှုတ်ခမ်းလေးတွေ တောင်းဆိုနေ တာကို ငေးကြည့်ပြီး သူ ပင့်သက်ရှိုက်မိသည်။ ခက်ပါလား။

"ကိုတိမ်ဦး"

"ဟင်"

"ဘယ်ဘောက်လောက် စာချုပ်ပေးမလဲဟင်၊ ဟို လောတယ်တော့ မထင်ပါနဲ့နော်"

"မထင်ပါဘူး၊ ကိုယ် အဲဒါကို အမြန်ဆုံး စီစဉ်ပေးပါ့မယ်"

ထိုစဉ်မှာ အအေးနှစ်လုံး ရောက်လာသည်။

"ရော့ သမီးလဲ သောက်မှာမဟုတ်လား၊ လူလေးလဲ သောက်"

ဒေါ်စုက ဖယောင်းလက်ကလေးထဲသို့ အရင်ထည့်ပေးပြီးမှ တိမ်ဦး ကို ပေးသည်။





"သမီး လိုအပ်ရင် လှမ်းခေါ်လိုက်နော်၊ ကြီးစု အလုပ်တွေပြီးပြီ၊ နောက်ခန်းထဲမှာ မီးပူတိုက်နေမှာ"

"ဟုတ်ကဲ့"

ဖယောင်းဖွာ အအေးပုလင်းကို စားပွဲပေါ် အသာလေး စမ်းချကာ..

"ကိုတိမ်ဦး သောက်လိုက်ပဦး"

"အင်း ရပါတယ်၊ ဒီပန်းတွေက ဘာလုပ်ဖို့လဲ"

ဖယောင်းက ပန်းတွေပေါ် အအေးပုလင်းနှင့် ဖိမိမှာစိုးသောကြောင့် ပန်းတွေကို အရင်စမ်းပြီးမှ ပုလင်းကို ဘေးမှာ ချလိုက်တာကို တိမ်ဦးက မြင်သည်။

လက်ကို ဆူးစူးမိပြီး တွန့်သွားတာလေးကိုမြင်တော့ မျက်မှောင် ကြုတ်သွား၏။ ဖယောင်းက သူ မေးလိုက်မှ လက်နှစ်ဖက်စလုံးနှင့် ပန်း တွေကို သေချာစမ်းယူလိုက်ကာ..

"ပန်းအိုးထဲမှာစိုက်ဖို့လေ၊ ဒီလောက်အလုပ်လေးတော့ ကိုယ့်ဟာ ကိုယ် လုပ်ချင်တာနဲ့ မောင်လေးကိုတောင်မခိုင်းဘဲ တမင်ယူထားတာ"

ပြောပြီး ပန်းအိုးလေးကို လိုက်စမ်းတော့ သူက ပန်းအိုးကို ဖယောင်း လက်ကလေးနဲ့ထိအောင် တိုးကပ်ပေးလိုက်သည်။

"ကျေးဇူးပါပဲ"

သူ့ရင်ထဲမှာ မကောင်းပါ။ မျက်ခုံးတန်းလေးတွေက စိမ်းညို့ညို့ပါးပါး လေးတွေပေမယ့်ဖြူနုသည့်မျက်နှာလေးထက်မှာအပြစ်ကင်းစင်နေသည်။

အမြဲတမ်း နောက်မှာ လက်ကိုင်ပဝါလေးနဲ့ပဲစည်းထားတတ်သည့် ဆံပင်ရှည်တွေက ခွေနွဲ့ကာ နားသယ်စပ်လေးနားမှ ပခုံးထက်သို့ အိဆင်း နေကြတာလည်းရှိ၏။

ပန်းနုရောင် ပိုးပျော့အကျႌလေးနှင့်ကျတော့ ပါးပြင်လေးနှစ်ဖက်က နီမြန်းလျက်...၊ လက်ကလေးတွေက ဟိုစမ်း ဒီစမ်း လှမ်းမနေပါလျှင် မျက်



www.burmeseclassic.com

www.burmeseclassic.com



မမြင်မလေးဆိုတာ ယုံနိုင်စရာပင်မရှိပေ။

လှလိုက်တာ ဖယောင်းရယ်...

"မမက စိတ်တော့မပျော့ဘူး အစ်ကို၊ သူ့နာမည်ကိုတောင် အားမရလို့ စာရေးတော့ ကလောင်နာမည်ကို 'သံမာ'လို့ ပေးခဲ့တာ ကြည့်၊ ဖယောင်းလို ပျော့ပျောင်းဟဲ့သဘောကို သူ မကြိုက်ဘူး'တဲ့"

လရောင်က ခပ်ပြုံးပြုံးဖြစ်၏။ မင်းဟာ ဖယောင်းဆိုပေမယ့် 'မြဖယောင်း' ပဲ။ မင်းမျက်နှာက မာနတွေရှိနေပါတယ်၊ အဲဒါ ကိုယ်သိတယ်။

ဒါပေမယ့် ဖယောင်းရယ် မင်းကို နူးနူးညံ့ညံ့လေးနေပြီး ရွှေစင်ရုပ်လေးတစ်ရုပ်လိုပဲ အလှထိုင်ကြည့်နေချင်တယ်။

ဖယောင်းကိုငေး၍ ရင်ထဲမှာ တိတ်တခိုးသံစဉ်တွေကို သီနေဆဲ...

"အ..."

"ဖယောင်း"

နှင်းဆီဆူးက ကျကျနနစူးသွားသဖြင့် ဖယောင်းအော်သံလေး စူးသွားသည်။ ပန်းလည်း လွှတ်ကျသွားလေသည်။

"ဖယောင်း ဟော်တော်စူးသွားလား"

"ရတယ်... ရပါတယ်"

သူ အနားရောက်လာတာကို သိလိုက်သဖြင့် လက်ကနာပေမယ့် ဟန်ဆောင်လိုက်မိသည်၊ သို့သော်...

"လက် ခဏပြပါ"

"ဟင့်အင်း"

ဟင့်အင်းဆိုပေမယ့် သူ ဆွဲယူလိုက်တာကို ဖယောင်း မငြင်းအားလိုက်ပေ။

"တော်တော်စူးသွားတာပဲ သွေးတွေထွက်နေပြီ၊ ခဏလေးနော်"

"အို... မလုပ်ပါနဲ့"





စူးစူးသည့် လက်ညှိုးထိပ်များလေးက နွေးခနဲဖြစ်သွားသည်။ ထို့မှ တစ်ဆင့် ဖယောင်းတစ်ကိုယ်လုံး တတ်လိုက်ခံလိုက်ရတားမျိုး တုန်ခါသွားလေသည်။

လက်ကိုပြန်ဆွဲနုတ်မလို့ ဖိန့်မ်ရုန်းလိုက်တော့ သူ့ပခုံးနဲ့ ကိုယ့်ပခုံးနဲ့က ထပ်သွားသည်။

"ကို... ကိုတိမ်ဦး အဲလိုမလုပ်ပါနဲ့ လွှတ်ပါ"

"ရပြီ"

သူက အသာလေးလွှတ်လိုက်ပြီးမှ...

"ကိုယ် ဘာလုပ်လို့လဲ ဖယောင်း၊ မင်း ကိုယ့်ရှေ့မှာထိခိုက်မိသွားတာကို ကြည့်မနေရက်လို့ ရိုးရိုးကူညီတာပါ"

"ဟင့်အင်း အဲဒီလိုမကူညီပါနဲ့ ဖယောင်း မကြိုက်ဘူး"

ဖယောင်းမျက်နှာလေးက ရှက်သွေးတက်ကာ ဆေးမင်နီဆွတ်ဖျန်းထားသလိုပင်။ တိမ်ဦး ငုံထားပေးလိုက်သည့် လက်ချောင်းကလေးကို တစ်ဖက်လက်ထဲမှာ ဖိနှစ်ဂုက်ထားကာ ထပြေးတော့မတတ် ဖြစ်နေရှာ၏။

"ကိုတိမ်ဦး"

"ဟင်"

"ရှင်... ရှင် ဘာလုပ်နေတာလဲဟင်"

"မင်းကိုကြည့်နေတာ"

"အို..."

"လှတယ်"

ဖယောင်း ရှက်ရှက်နှင့် ပန်းတွေဆီ ကယောင်ကတမ်း လှမ်းမိတော့ ပန်းကိုမကိုင်မိဘဲ သူ့လက်ကို ဆုပ်ကိုင်မိလေသည်။ သူက ပန်းတွေပေါ်ကနေ လက်နဲ့ကာလိုက်တာဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"အယ်..."

လက်ကို ပြန်ရုပ်လိုက်ပြီး လက်ဖဝါးချင်းဆုပ်လိုက်မိပြန်သည်။

"ထပ်မကိုင်ပါနဲ့တော့ ကိုယ် ဒီအိုးလေးထဲမှာ စိုက်ပေးမယ်၊ ပြီးမှ ပန်းငုံလေးတွေကိုပဲ သာသာလေး လိုက်စမ်းကြည့်လေ၊ နေရာမကျဘူး ထင်တော့ ပြောပေါ့။ အဲဒီလိုဆို မင်းကို ဆူး မစူးတော့ဘူး"

ခဏလေးလို့ပြောပြီး သူ့အသံလည်း တိတ်ကျသွားသည်။ သူ ပန်းအိုးထဲမှာ ပန်းစိုက်နေပြီမှန်း သိလိုက်တော့ အားနာသွားမိ၏။ ဆူးစူး၍ စူးအောင့်နာကျင်နေသည့်လက်ကလည်း အာငွေ့နွေးကြောင့် ချက်ချင်း အနာသက်သာသွားတာက သိသာသည်။

ဘယ်လိုပြောရမှန်းပင် မသိတော့ပါ။

"ပန်းအိုးလေးတွေကို စိတ်ကူးလေးနဲ့ ဒီလို အလှဆင်နေချင်ရင်လဲ တခြားပန်းတွေရှိတာပဲ ဖယောင်း၊ ဘာဖြစ်လို့ ဆူးရှိတဲ့ပန်းကိုမှ ကိုင်ချင်ရတာလဲ"

တိမ်ဦးက စပြောလာသည်။ ဖယောင်းက တိမ်ဦး သူ့မဘေးမှာပဲ ရှိနေသေးတာကိုသိကာ ဟိုဘက်သို့ မသိမသာလေး တိုးလိုက်၏။ ပြီးမှ...

"အဲဒီဆူးလေးတွေကို ဖယောင်းက သဘောကျတာ၊ ပန်းကလေးတွေပေမယ့် သူတို့ကိုယ်မှာ ကာကွယ်ထားနိုင်သေးတယ်၊ ခူးလို့ ချိုးလို့တော့ရတယ်၊ ဒါပေမယ့် အလွယ်တကူတော့ မရနိုင်ဘူးလေ။ ဖယောင်းဆိုရင်..."

"မင်းကိုကော ဘယ်သူ ဖျက်ဆီးနိုင်ခဲ့လို့လဲ၊ မင်းမှာ မြင်လွှာပျောက်ဆုံးနေပေမယ့် သူ့ဘုန်းသူ့ကံဆိုတာ ရှိသေးတယ်၊ စိတ်ပျော့တတ်တာ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ဒီလိုသိမ်ငယ်စရာတွေပဲ တွေးနေရတာလဲ"

"ဩော်.. ကိုတိမ်ဦးရယ် စိတ်မပျော့ဘူးဆိုတာက ဖယောင်း ပြုလဲသွားရင် မဖြစ်လို့ပါ။ မွေးလာကတည်းက ငိုခြင်းနဲ့ လောကထဲကို ရောက်





လာကြတဲ့လူတွေပဲ၊ မငိုတတ်ဘဲတော့ ရှိပါ့မလား"

"မငိုပါနဲ့ ငိုဖို့လဲမတွေးနဲ့ မင်းတို့မောင်နှမရဲ့ဘေးမှာ ကိုယ် ရှိနေမယ်ဆိုတာကို ယုံပါ၊ ရော့ ဒီမှာစမ်းကြည့်ပါဦး ပန်း...လေးတွေ"

နှာခေါင်းထဲမှာ နှင်းဆီပန်းနံ့က မွှေးနေသည်။ ကိုယ့်ရှေ့မှာ နီးနီးလေး တိုးပေးထားမှန်းသိပေမယ့် ရမ်းသမ်းတိုးတိုက်မိမှာစိုး၍ ဖြည်းဖြည်းပဲ စမ်းကြည့်မိ၏။

"ဟာ ပန်းရိုးကို မကိုင်နဲ့လေ၊ ဘယ်ကိုင်းကို ရွှေ့ပေးစေချင်တာလဲ၊ အပေါ်ငုံလေးကိုပဲ ကိုင်ပြ"

"ဟင့်အင်း လှနေပါပြီ"

ပန်းငါးပွင့်ကို လှလှပပလေးထိုးစိုက်ပေးထားတာကို ဖယောင်း သိတော့ ကျေနပ်သွားသဖြင့် နှုတ်ခမ်းလေးတွေ ပြုံးကျသွား၏။

"ဖယောင်း"

"ရှင်"

"ကိုယ့်ကို ယုံလားဟင်"

"ဟင် ဘာအတွက်လဲ"

"ဘာအတွက်ပဲဖြစ်ဖြစ် ကိုယ် မင်းကို ကူညီဖို့၊ ကာကွယ်ဖို့ တစ်ခုခုရှိတဲ့အခါ ခုနကလိုမျိုး မထိပါနဲ့၊ မကိုင်ပါနဲ့လို့ တားတာတွေ"

"အို... ဒါကတော့..."

"မှန်ပါတယ်၊ ဒါပေမယ့် ကိုယ်ကတော့ မင်းနဲ့ပတ်သက်ပြီး ရင်းနှီးခွင့် ကူညီခွင့်တွေ လိုချင်တယ်၊ ကိုယ့်ဘက်က ဘယ်လောက်ထိ ဖြူစင်တယ် ဆိုတာကိုလဲ မင်း သိစေချင်တယ်၊ ကိုယ့်ကို ဒီထက်ပိုရင်းနှီးခွင့်ပေးပါလား ဟင်"

ဖယောင်းမျက်နှာလေး ပြန်၍နီမြန်းလာပေမယ့် ဒီတစ်ခါ ငုံ့လျှိုး မသွားမိအောင် ကြိုးစားပြီး မော့လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖယောင်း ဘယ်ယောက်ျားနဲ့မှ မရင်းနှီးချင်ဘူး၊ အဲဒီအတွက် တောင်းပန်ပါတယ်၊ ဖယောင်း တွေ့ကြုံခဲ့ဖူးတဲ့ လူယုတ်မာတွေဟာလဲ ရင်းနှီးကြဖူးတဲ့သူတွေပဲ၊ အဲဒီလို နှိုင်းယှဉ်ပြောလိုက်ရတဲ့အတွက်လဲ တောင်းပန်ပါတယ်၊ ပြောလက်စနဲ့ သည်းခံပြီး နားထောင်ပေးပါဦး၊ နောင် အခါတွေမှာ မှောင်လေး မရှိတဲ့အချိန် ရှင်..."

"ကိုယ် နားလည်ပြီ"

"ဖယောင်းကို နားလည်ပါ"

"နားလည်တယ်၊ အဲဒါကြောင့် ကိုယ်ကလဲ ပြောဖို့ရှိတယ်"

"ပြောလေ"

တိမ်ဦး စကားသံ ချက်ချင်းထွက်မလာသဖြင့် ဖယောင်းက ငြိမ်ငြိမ် လေးစောင့်၍ နားထောင်နေ၏။ သူ ကိုယ့်ကို စိုက်ကြည့်နေသလား၊ ဒါမှ မဟုတ် လူယုတ်မာဆိုတဲ့ အတန်းအစားနဲ့ ထည့်သွင်းရောနှောပြောလိုက် တာကို ခွင့်မလွှတ်နိုင်စွာ အံကြိတ်နေခဲ့သလား။

သို့တည်းမဟုတ်လျှင်...

"နားထောင်နော်၊ မင်းပြောတာကို ကိုယ် နားထောင်ပေးခဲ့တယ်၊ နားလည်ပေးတယ်၊ ကိုယ်ပြောတာကိုလဲ အဲဒီလိုပဲ နားထောင်ပါ"

"ဟုတ်ကဲ့ ပြောပါ"

"မင်းကို ကိုယ် ချစ်တယ်"

"ဘာ... ဘယ်လို..."

"အသိပေးတာပါ၊ ချစ်ခွင့်ပေးပါ၊ ပြန်ချစ်ပါလို့ ကိုယ် မတောင်းဆိုဘူး"

"ရှင်...ရှင့်ပဲ ပြောတော့ ဖြူစင်တယ်ဆို"

"မရိုးသားတာက သပ်သပ်ပဲ ဖယောင်း၊ ဖြူစင်တယ်ဆိုတာက ကောက်ကျစ်စဉ်းလဲခြင်းကင်းတာကိုပဲ ကိုယ် ပြောချင်တာ၊ မင်း ကိုယ့်ကို ယုံထင်ကြောင်ထင်နဲ့ ငြိုငြင်မှာစိုးလို့ စောစီးစွာ ဝန်ခံလိုက်တာပါ။ မင်းရဲ့





အသံမှာ မင်းကိုယ်မင်း မျက်မမြင်တစ်ယောက်လို အသံမျိုးနဲ့ သိမ်ငယ်တာ၊ အလံမလှဲတာ ဘာဖြစ်ဖြစ် ဘာရှိနေနေ ကိုယ့်အမြင်မှာ မင်းဟာ သိပ်ကိုမြတ်နိုးယုယဖို့ကောင်းတဲ့ အဖိုးတန်ရွှေဥပုပ်တုကလေးပဲ။ တန်ဖိုးကြီးတယ်၊ သန့်စင်တယ်၊ တိမ်းလွှယ် ယိမ်းလွယ်တဲ့ပြောင်းလဲတတ်ခြင်း မင်းမှာ မရှိဘူး၊ မြင်မြင်ချင်း ချစ်ခဲ့တာပါ။ မင်းနဲ့ကိုယ် ပထမဆုံး ဆုံစည်းခဲ့တဲ့နေ့မှာ မင်းရှေ့ကနေ ကိုယ် ကာကွယ်ပေးခဲ့ဖူးတယ်၊ အဲဒီအဖြစ်လေးဟာ ဘာမှမဟုတ်ခဲ့ပေမယ့် ကိုယ် မေ့လို့မရခဲ့ဘူး"

ဆက်မပြောပါနဲ့လို့မတားပေမယ့် ဖယောင်းက မျက်နှာလွှဲပစ်သည်။

"အခု ကိုယ်ပြောပြီးတာနဲ့ အဲဒါတွေကို မင်း မေ့လိုက်ပါ၊ မင်းကို ကိုယ် ဘယ်တော့မှ ဒုက္ခပေးမယ့်သူမဟုတ်ဘူးဆိုတာကို သက်သေပြတဲ့အနေနဲ့ မင်းဆန္ဒအတိုင်း လရောင်မရှိတဲ့အချိန်ကို မလာတော့ဘူး၊ ကျေနပ်လား"

ဖယောင်းမျက်နှာလေး ဒီဘက်တည့်တည့်မရောက်ပေမယ့် နည်းနည်းတော့ လှည့်လာဖော်ရ၏။

"ကျေးဇူးတင်ပါတယ်၊ ဖယောင်းကို စာနာစဉ်းစားဖို့ပဲ အမြန်ဆုံး စီစဉ်ပေးပါ၊ အဲဒီအတွက်လဲ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတွေတင်တိုင်း ကိုယ့်မှာ တိုးပွားနေမယ်ဆိုရင်တော့ အများကြီး မလိုချင်ပါဘူး၊ တစ်ခုပဲ အဲဒါက မင်း ယုံကြည်တဲ့ ကိုယ် ဖြစ်ခွင့်..."



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ဟင် မစု ရှင်က ဒီမှာ..."

တံခါးဖွင့်ပေးသူကိုမြင်တော့ ဒေါ်ကြည်ဖြူ အံ့အားသင့်သွား၏။ ဒေါ်စုကတော့ သိပ်အံ့ဩပုံမရှိပါ။ လွန်ခဲ့သည့် နှစ်နှစ်လောက်ကမှ ဒေါ်ကြည်ဖြူတို့၏အိမ်နီးချင်းခြံကနေ သူမ ပြောင်းသွားခဲ့တာဖြစ်သည်။

ကပ်လျက်ခြံနှစ်ခြံက ခင်ကြတော့ ဟိုအိမ် ဒီအိမ် ကူးကြရင်း မရင်းနှီးပေမယ့် ဒေါ်စုကိုတော့ အမြဲမြင်တွေ့နေရတာမို့ သိနေခြင်းဖြစ်သည်။

"နေပါဦး မစုကို သားက ခေါ်လာတာလား။ ဘယ်မှာတွေ့လာတာလဲ"

"သမိုင်းက မင်းသမီးတစ်ယောက်ရဲ့ အိမ်မှာ ကျွန်မက လုပ်နေတာ၊ ဟိုမှာက လူ ခရမ်းရှုပ်တော့ နေရတာ အဆင်မပြေဖြစ်နေတုန်းလေ လူလေးနဲ့တွေ့ပြီး ပါလာတာပါ"

ဒေါ်စုတို့တူဝရီးက နာမည်ပျက် မရှိခဲ့ကြပေ။ ထို့ကြောင့် သူမတို့ဘာသာ အလုပ်ထွက်ခဲ့ကြတာချည်းပဲဖြစ်ကာ ကျန်ခဲ့သည့်လူတွေက တမ်းတမဆုံး ကျန်ခဲ့ကြတာပင်။ အလုပ်လုပ်နေလျှင် ရိုးသားသည်၊ ကြိုးစားသည်၊ ထွက်ပါရစေဆိုလျှင်တော့ ဘာဖြစ်လို့လဲ မေးလို့မရ၊ အလုပ်





ပင်ပန်းတာလည်းမဟုတ်၊ ဟိုလူဒီလူကို မကျေနပ်တာလည်း မပါဘဲ 'မလုပ်ချင်တော့လို့ပါ'ဟု အားမနာတမ်းပြော၍ ထွက်သွားတော့တာ ဖြစ်သည်။

ထွက်ပြီဆို ကိုယ့်ငွေလည်းမပါရ၊ သူ့ငွေလည်း အကျန်မခံ၊ ဒီလို အိမ်ဖော်မျိုးကို ရပြီးပြီဆို ဘယ်သူမှ လက်မလွှတ်ချင်ကြပေ။

ထွက်သွားပြီဆိုလျှင်လည်း ပြန်ရှာတွေ့ဖို့က လွယ်မလား။ ဒါကို သားက ဒီမိန်းကလေးအတွက် တမင်ရှာဖွေပြီး ခေါ်လာပေးတာပေါ့။

ပထမဆုံး အိမ်ပေါ်ကို ခြေချလိုက်စဉ်မှာ ဒေါ်စုကို မြင်လိုက်ရသည်နှင့် စိတ်ထဲမှာ ထောင်းခနဲဖြစ်သွားခဲ့၏။

"မိန်းနိုင် တစ်ယောက်တည်း မနိုင်မနင်းလုပ်ကိုင်နေရတာ မဖြစ်သေးပါဘူး အိမ်ဖော်ရှာဦးမှ"

ဆိုတာလည်း သူမ မည်းညူဖူးတာမဟုတ်ပေ။

မအေကိုတော့ ကူညီရမှန်းမသိဘဲ ဒီအိမ်မှာတော့ အလုပ်သမားကောင်းတွေနှင့်၊ အဆောင်အယောင် အပြည့်အစုံ။

ဘေးမှာ အတူပါလာသည့် ဒေါ်မိုးသဲက ဒေါ်ကြည်ဖြူ ဘာဖြစ်နေသည်ကို သတိမထားမိပေ။

သူမမျက်လုံးတွေက တိုက်ကြီးတစ်ခုလုံးကို ဝေ့ဝဲငေးရင်း မချိတရိ ခံစားနေရသည့်မျက်လုံးတွေက ပြူးပြက်လက်နေ၏။

တိုက်က အပြင်ကကြည့်တော့ ဝပ်ဝပ်ပြားပြားကြီးနှင့် ဒီဇိုင်းဆန်းသလောက် လှပကြွရွနေ၏။ အထဲဝင်လိုက်တော့လည်း လှေကား ဧည့်ခန်းနှင့် ဖွဲ့စည်းပုံအားလုံး စနစ်ကျပြီးခဲ့ညား၏။

အပေါ်ထပ်ကို တစ်ဝက်ပဲယူထားပြီး မျက်နှာစာအပြည့်ကို ဇရှံ့ထားပုံက နန်းဆန်နေ၏။

ပြီးတော့ ဘေးပတ်လည်မှာ ကိုရီးယားအဆောက်အအုံတွေလို မှန်



www.burmeseclassic.com

www.burmeseclassic.com



တွေချည်းကာထားကာ နုဖျော့သောအရောင်နှင့် ကန့်လန့်ကာကြီးတွေကို ကြိုးဆွဲစနစ်နှင့် မဟာဆန်အောင်ချထားတာဖြစ်သည်။

သူမ ကြားခဲ့ပါပြီ။ ဒီတိုက်ကြီးကို သား လက်ထပ်တဲ့အခါ လက်ဖွဲ့ဖို့ ဟူသော စီမံကိန်းဖြင့် ဦးဘစိုးက သေချာဆောက်ထားခဲ့သည်ဟု...

ခုတော့ ဒီအိမ်ကြီးသည်...

"ဟိုမိန်းကလေး ဘယ်မှာလဲ မစု၊ သွားခေါ်ခဲ့စမ်းပါ"

နှစ်ယောက်စလုံး ဘယ်သူမှမထိုင်ကြပေ။ ဒေါ်စုက ဒေါ်ကြည်ဖြူနဲ့ ဒေါ်မိုးသဲကို ဘာစ်ချက်တော့ကြည့်၏။ တိမ်ဦးက သေချာအပ်ထားတာမို့ တခြားလူတွေဆိုရင်တော့ သူမ စုံးစမ်းမေးမြန်းဦးမှာပါ။ ဒီတံခါးကိုလည်း ဖွင့်ပေးသင့်မှပေးမှာဖြစ်၏။

ခုဟာက ဒီအိမ်ကြီးရဲ့အရှင်သခင်လည်းဟုတ်၊ တိမ်ဦး၏ မိခင်လည်း ဖြစ်တာကို သိသောကြောင့်...

"ဟုတ်ကဲ့"

ဖယောင်းဆိုသည့် မိန်းကလေးက သနားဖွယ်ပါ။ တိမ်ဦး၏မိခင် ရောက်လာသည်ဟု ကြားလိုက်တာနှင့် တုန်လှုပ်သွားရှာသည်။

"မမ မစိုးရိမ်ပါနဲ့ အစ်ကို ရှိတာပဲဟာ"

မောင်နှမနှစ်ယောက် ထမင်းစားပျက်သွားကြ၏။ စိတ်ထဲမှာ ပြင်း ထန်စွာ လှုပ်ခါသွားသည်က မိန်းမတစ်ယောက်၏ဂုဏ်သိက္ခာက ရန်းကြ လာခြင်းဖြစ်သည်။

လူဖို့လူ့ရှယ်တစ်ယောက်၏ ထောက်ပံ့ကြည့်ရှုမှုပေါ်မှာ ဝပ်စင်းနေ ခဲ့မိသော မိန်းမတစ်ယောက်အတွက် ဘယ်လိုပုတ်ခတ်ကဲ့ရဲ့မှုတွေရောက် လာနိုင်သည်ကို တွက်မိလိုက်သဖြင့် ဖျတ်ခနဲဆို အင်အားမဲ့ကျသွားခြင်း က ဟန်ဆောင်လို့မရနိုင်ပေ။

သို့သော် မောင်လေးက ရှိသေးသည်။





"မင်း ထွက်မလာနဲ့ မောင်လေး၊ မမဘာသာ ထွက်တွေ့မယ်"

"ဟာ မမကလဲ အဓိပ္ပာယ်မရှိတာ"

လရောင်က ဖယောင်းလက်ကလေးကိုဆွဲ၍ အပြင်ထွက်၏။

"ဟင်..."

ဒေါ်ကြည်ဖြူ မျက်ခုံးတွေတွန့်ကျသွားသည်။ ခြေဆုံးခေါင်းဆုံး ကြည့် ခြင်းက တစ်ခါနှင့်မပြီးဘဲ ခြေမှခေါင်းသို့ ဘယ်နှစ်ခေါက်ထိ ပြေးလွှား ကြည့်နေမိမှန်းမသိ။

ဆံပင်တွေက ပေါင်းထိပ်လောက်ထိရှိမည်။ ဖြန့်ချထားပေမယ့် ရေစို သက်စတို့ကို မြင်နေရကာ သနပ်ခါးပန်းလေးတွေကို နောက်မှာ ဖြစ်သလို ဘပ်ပန်ထားသည်။

သနပ်ခါးရေကျဲလေးကလည်း မညီမညာ မခြောက်တခြောက်လေး ဖြစ်သည်။ မျက်နှာကလား၊ ပန်းကလားတော့မသိ၊ သူမကို မြင်လိုက် ခြင်းနှင့် တစ်ပြိုင်နက် သနပ်ခါးနံ့သင်းသင်းလေးကြောင့် ရင်ထဲမှာ အေးကြည်လန်းဆန်းသွားခဲ့သည်။

မျက်နှာလေးတစ်ပြင်လုံးမှာ နှာတံလေးနှင့် နှုတ်ခမ်းလေးတွေ နီတွေး နေသည်က သိသာစွာ ထင်းလျှက်ရှိ၏။

"ဖြူလေး"

ဒေါ်မိုးသဲက ငိုင်ကျသွားသည့် ဒေါ်ကြည်ဖြူ့လက်ကို တံတောင်နဲ့ ထိ၍ သတိပေးလိုက်၏။

"ဟင်... မမသဲ ဖယောင်းဆိုတာ သူလား"

"ဟုတ်တယ်၊ ပျော့ပျော့လေးနဲ့နုံတဲ့ကြောင်ချေးလေ၊ လျှော့မတွက်နဲ့ ဖြူလေး၊ သူ့ဘေးက ကောင်လေးက သူ့မောင်ပဲ၊ တစ်ယောက်က တယ်၊ တစ်ယောက်က လောင်တယ်၊ နှစ်ယောက်က အတွဲသိပ်ညီတာ၊ တွေ ပညာသင်ပေး၊ ကျွေးမွေးခဲ့ရတဲ့ကျေးဇူးတွေကို စုံကန်ပြီး ဖြူလေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သားကိုပါ စည်းရုံးသွားနိုင်ကြတာပေါ့၊ ကျေးဇူးကန်းရုံတင်မကဘူး အရှက်ပါခွဲသွားကြတာ"

ဒေါ်မိုးသဲစကားတွေ ကြားလိုက်ရမှ ဒေါ်ကြည်ဖြူ လာရင်းကိစ္စကို သတိပြန်ရသည်။

ဒီကို ဒီလိုလာဖို့အတွက် ကိုစိုးကလည်း တားသည်။ သားလည်း မသိပေ။

ထို့ကြောင့် မြန်မြန်ပြီးမှ မြန်မြန်ပြန်နိုင်မည်။

"အန်တီတို့ ထိုင်ကြပါ"

ဒေါ်မိုးသဲကို လှမ်းမြင်လိုက်စဉ်မှာ လရောင် မျက်နှာပျက်သွားသည်။ တစ်ယောက်နဲ့တစ်ယောက် သေချာမြင်နေရကာမှ မမကို ကပ်ပြောဖို့ ကလည်း မဖြစ်တော့သဖြင့် ငြိမ်နေလိုက်ရ၏။ အခြေအနေက မကောင်း နိုင်တော့တာကို သူ တွက်လိုက်မိပြီဖြစ်၏။

"ထိုင်ပါလို့ မင်းပြောဖို့မလိုပါဘူး၊ ငါက မင်းတို့ဧည့်သည်မဟုတ်ဘူး ဒါက ဖြူလေးရဲ့အိမ်၊ ငါက သူနဲ့လိုက်လာတာ၊ မသိဘူးလား ဒါက တိမ်ဦး လေးရဲ့ အမေလေ"

တိမ်ဦးလေးရဲ့မိခင်လာတယ်ဆိုတာကိုသိပြီးသားပါ။ ဒါပေမယ့် ဒေါ်မိုး သဲ ပါလာလိမ့်မည်ဟု ထင်မထားခဲ့သဖြင့် ဆိုဖာပေါ်မှာထိုင်လိုက်ပြီးကာမှ ဖယောင်း ကိုယ်လေး မတ်ခနဲဖြစ်သွားသည်။

"မောင်သား အန်တီမိုး ပါလာသလားဟင်"

"ဟုတ်တယ် မမ"

ဖယောင်း မေးလိုက်တာ ဒေါ်မိုးသဲက ကြားသည်။

"ဟုတ်တယ်လေ၊ ဘာလဲ လန့်သွားလို့လား"

"မလန့်ပါဘူး အန်တီမိုး၊ အံ့ဩသွားလို့ပါ"

"အံ့ဩစရာလားအေ တိမ်ဦးလေက ငါ့ရဲ့သမက်လောင်းပဲဟာ၊ ဖြူ





လေးက ငါ့ရဲ့ ခမည်းခမက်လောင်း၊ ဒီနေရာ ငါရောက်လာတာ ဘာအံ့ဩ ရှိသလဲ၊ မေးရမှာက ညည်းတို့ကိုပါ။ ငါ့ခြံထဲကထွက်တော့မယ်ဆိုရင်လဲ ပြောဆိုပြီး လွတ်ရာကျွတ်ရာကို ထွက်ရောပေါ့၊ ခုတော့ ကိုယ့်အစ်မရဲ့ ခင်ပွန်းလောင်းကိုမှ..."

"အန်တီမိုး စကားကို တရားလွတ် မပြောနဲ့လေ"

ဖယောင်းလေသံက ဒေါသဖြင့် စူးစူးဝါးဝါးဖြစ်နေတာမျိုးမဟုတ်ဘဲ ဘည်ငြိမ်နေသည်။

အလွန်အမင်း ဒေါသဖြစ်သွားသော်လည်း ထိန်းချုပ် ထားလိုက်နိုင် ဘာမျိုး။

"ဖယောင်း တစ်ခုမေးပါရစေ၊ အခု ဖယောင်းတို့မောင်နှမဆီကို ရောက်လာတဲ့သူက ဘယ်သူလဲ၊ ကိုတိမ်ဦးလေးရဲ့ အမေလား၊ အန်တီမိုး လား"

နှစ်ယောက်စလုံး ခဏတိတ်သွား၏။ ဒေါ်မိုးသဲက ဒေါ်ကြည်ဖြူကို ကြည့်သည်။

ဘာမှမပြောဘဲနေတော့ သူမကပဲ ပြန်လှည့်ကာ...

"နှစ်ယောက်စလုံး ရောက်လာမှတော့ ဘယ်သူပဲလာလာ ဘာဖြစ် သွားနိုင်သလဲ"

"ဖြစ်တယ် အန်တီမိုး၊ ဖယောင်းနဲ့ အန်တီမိုး ဘာမှပြောစရာမရှိတဲ့ အတွက် အခု ဖယောင်း ထွက်တွေ့ခဲ့တာဟာ အန်တီမိုးကို ကြိုဆိုတာ မဟုတ်ဘူး"

"ဘာပြောတယ်အေ့"

"ခဏလေး မမသဲ၊ အဲဒါ ဖြူ ပြောမယ်"

ဒေါ်ကြည်ဖြူ ဝင်ပြောဖို့ပြင်၏။ ဒေါသကြီးနေပြီဖြစ်သည့် ဒေါ်မိုးသဲ က ငြိမ်မနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ဒီလိုခံစားနေရကာမှ အာခံရဲနေပြီပေါ့ ဟုတ်လား၊ ငါ ညည်းဆီကိုလာတာကလဲ တွေ့ချင်လွန်းလို့မဟုတ်ဘူး"

"ပြောပါဦး"

ဖယောင်းက ခပ်ဖြည်းဖြည်းပြန်ထရပ်၏။ လရောင်ကလည်း ဖယောင်းဘေးမှာ အတူတွဲရပ်နေခဲ့သည်။

"ဖယောင်းဆိုတဲ့ မိန်းကလေးကို မမြင်ဘူး၊ မသိဘူးတဲ့ ဖြူလေးကို မြင်ဖူးသွားအောင် လက်ညှိုးထိုးပြချင်လို့"

"ဟုတ်လား၊ ကျွန်မကတော့ လက်ညှိုးထိုးမနေချင်လို့ ရှောင်ထွက်ခဲ့တာ"

"ကြည့်စမ်း"

ဒေါ်မိုးသဲ လက်သီးနှစ်ဖက်ဆုပ်၍ အနိုင်နိုင် ထိန်းချုပ်နေရပေမယ့် ဒေါသအရှိန်က ဖုံးဖိလို့မရပေ။

"ခြံခတ်ထားတဲ့အစွန်းကလေးထဲမှာ ဝင်နေခွင့်ရခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မီးလောင်ပြင်က ပြန်ကောက်ရတဲ့သွပ်ပြားတွေ မလုံ့တလုံကာနေခဲ့ရတာကိုလဲ မေ့ထားခဲ့တယ်၊ အဲဒီမြေဌားခအတွက် လစဉ် ဖြတ်ခဲ့တဲ့လခတွေကို ကျုန်တဲ့ခြံတစ်ခြမ်းထဲထည့်မယ်၊ မောင်လေးအတွက် ကျောင်းစရိတ်နဲ့လုံးပြီး ခြံတစ်ခြမ်း အပေါင်သဘောနဲ့ထားမယ်ဆိုတာကိုလဲ ကျွန်မတို့ ကျေနပ်ခဲ့တာပဲ"

ဒေါ်မိုးသဲ မျက်နှာနီနေသည်။ ဒေါ်ကြည်ဖြူ ခရိုန်ထိ ကိုယ့်အိမ်ကိုယ်ထိုင်ဖို့ သတိမရသေးပါ။

"ကျွန်မရဲ့ စာအုပ်အောင်မြင်လာလို့ အကျိုးအမြတ်တွေရလာတော့လဲ စာမူခတကွ ရသမျှငွေအားလုံးကို ကျောင်းစရိတ်အဖြစ် ဆက်လက်သိမ်းယူနေတာကော"

မေးလိုက်တော့ ဒေါ်မိုးသဲ မဖြေနိုင်။





"ရှေ့က မြေလခ၊ ကျောင်းစရိတ်တင်ထားတာတွေ ပြန်နုတ်မယ်ဆိုရင်တောင် အန်တီမိုးက ပြန်လျော်ရဦးမှာ၊ ခန့်မှန်းခြေတွေ မဟုတ်ဘူးနော်၊ ကျွန်မမှာ စာရင်းအတိအကျရှိတယ်၊ ပြီးတော့ စာရေးဆရာမ ဘယ်သူလဲဆိုတာ/ပေါ်တော့မယ်အချိန်မှာ ရှက်ရမ်းရမ်းပြီး သားသမီးချင်းမစာမနာ ဦးဇော်ကိုနဲ့ ဖျက်ဆီးခိုင်းတာကော အဲဒါ အန်တီမိုးတို့ ကျေးဇူးတွေလား"

"ညည်း..."

"အန်တီမိုး ပါးစပ်ကပဲ ပြောလေ၊ ကျွန်တော့်အစ်မက မျက်လုံးမြင်တာမဟုတ်ဘူး၊ မမကိုထိရင် ကျွန်တော်က ကြည့်နေမှာမဟုတ်ဘူးနော်"

ဒေါ်မိုးသဲ ရှေ့တိုးတော့ လရောင်က ဖယောင်းရှေ့က ဝင်ရပ်လိုက်သည်။

"တော်ကြပါတော့၊ မမသဲလဲ ခဏနေပါဦး၊ ဒီကိစ္စကို ဖြူက စတာပါ"

ဒေါ်ကြည်ဖြူကလည်း ဒေါ်မိုးသဲလက်ကိုဆွဲလိုက်ပြီး သူမကပဲ ရှေ့တိုးရပ်ကာ...

"မြဖယောင်း ဟုတ်လား"

ဒေါ်ကြည်ဖြူ့အသံကြားတော့ ဖယောင်း မျက်မှောင်လေးကြုတ်သွား၏။ ပြီးမှ ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

"အေး အန်တီကလဲ ပြဿနာတွေပိုရှုပ်အောင် ရှည်ရှည်ဝေးဝေး မပြောချင်ပါဘူး၊ လိုရင်းကတော့ ဒီတိုင်းဆက်ပြီး ရှိမနေစေချင်တာ"

ရင်ထဲမှာ အောင့်တက်သွားသည်။ ရှက်ရွံ့ သိမ်ငယ်ခြင်းဆိုသည့် ခံစားချက်က နှလုံးသွေးမှစ၍ တစ်ကိုယ်လုံးသို့ တစိမ့်စိမ့်စီးမျောသွားခဲ့၏။

"မင်းတို့ချင်းပြဿနာတွေကို တို့က ခုမှသိရတာပါ၊ ဒါပေမယ့် မင်းကြောင့် တို့တွေ စီစဉ်ထားခဲ့တာတွေ ပျက်ကုန်တယ်၊ မျက်နှာပူကြ



www.burmeseclassic.com

www.burmeseclassic.com



အရှက်ရကြ အားလုံး ဖြစ်ခဲ့ရတာ၊ အဲဒါတွေကို အခု ထားလိုက်လို့ရတယ် ဆိုရင်တောင်မှ သားရဲ့နောင်ရေးအတွက်ကိုတော့ မပြောလို့မရဘူး။ ဒီခြံနဲ့ဘိုက်က သား လက်ထပ်ရင် အဲဒီမိန်းကလေးအတွက် ထိုက်ထိုက်တန်တန် လက်ဖွဲ့ဖို့ ရည်ရွယ်ချက်နဲ့ထားတာ"

စကားကို ခဏရပ်သည်။ ဖယောင်းနဲ့လရောင်ကို စိုက်ကြည့်ပြီးမှ...

"ဆိုတော့ မင်းတို့ ဒီမှာနေလို့မဖြစ်ဘူး၊ သားကထားတာဆိုပေမယ့် သူ့ရဲ့အမေက ခွင့်မပြုဘူးဆိုတာ နားလည်ပါ"

"အန်တီ ကျွန်တော်တို့ကလဲ ပြောင်းကြမှာပါ၊ လုပ်ငန်းစာချုပ်ချုပ်ပြီး တခြားကိုရွှေ့ဖို့ အားလုံး စီစဉ်ပြီးသားပါ၊ အဲဒါကို မပူပါနဲ့"

လရောင်က ဒေါသမဖက်ဘဲဝင်ပြောရင်း ဖယောင်းလက်ကလေး တစ်ဖက်ကိုလည်း ဆုပ်ညှစ်၍ အားပေးမိသည်။

မမ တဖွဖွပြောနေသည့် ကြားက ဖွတ်တိုးဖို ကြိုးစားခဲ့တာက သူပဲ ဖြစ်၏။

"အေး မပူလို့မရတော့ဘူး၊ ဒါကို သားကသိရင် လက်ခံမှာမဟုတ်ဘူးလေ၊ မင်းက စာရေးဆရာမဆိုတော့ ဘာပဲဖြစ်ဖြစ် မာနလေးတော့ရှိမှာပါ၊ ဒီနေရာမှာ အားကိုးရှာပြီး အန်တီ့ကို ပြန်တိုက်ခိုက်ဖို့ မကြိုးစားဘူးဆိုရင် ကျေးဇူးတင်တယ်"

"ဟွန်း စောင့်ကြည့်ဦး ဖြူလေး၊ မာနဆိုတာ ဘယ်ချောင်ဘယ်ကြားရောက်နေမလဲလို့၊ လူဆိုတာ နေရာကောင်းတစ်ခုကိုပိုင်ပြီးရင် ဖယ်မပေးချင်တော့ဘူး၊ ဒါ သဘာဝ"

ခြေသံတွေ ဝေးကွာသွားကြ၏။ ဖယောင်းကိုယ်လေး တောင့်တင်းနေလေသည်။

"မမ... မမ စိတ်မကောင်းမဖြစ်ပါနဲ့ ကျွန်တော်တို့..."

"မမ ဘာမှမဖြစ်ဘူး၊ တို့ပိုင်တဲ့ပစ္စည်းလေးတွေ သွားသိမ်းတော့၊





ပြီးရင် သွားမယ်"

"မမ..."

"သွားသိမ်းတော့"

လရောင် ထပ်မပြောရဲတော့ပေ။ ဒီကဆင်းပြီး ဘယ်သွားကြမလဲ၊ ဘာလုပ်မှာလဲ။ တကယ်ဆို တိမ်ဦး ရောက်လာအောင်တော့ စောင့်သင့်တယ်မဟုတ်ဘူးလား။

ဒါပေမယ့်... မမ မှန်ပါသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"ကိုယ် တောင်းပန်ပါတယ်၊ အဲဒီအတွက် ကြိုက်သလို ကိုယ့်ကို ပြော၊ အခုတော့ နှစ်ယောက်စလုံး ကိုယ်နဲ့ လိုက်ခဲ့ကြပါ"

"တော်ပါပြီ အစ်ကို၊ ကျွန်တော်တို့ နောက်ထပ် အရှက်မကွဲပါရစေနဲ့တော့"

"ရှင် တောင်းပန်စရာမလိုပါဘူး။ နေစရာမရှိလို့ဆိုပြီး အကူအညီတောင်းခဲ့တာက ကျွန်မတို့ပါ။ ပိုင်ရှင်ရောက်လာလို့ ခဏနေတဲ့သူ ဖယ်ပေးရတာ သဘာဝကျတယ်"

"ဖယောင်း ကိုယ့်ကို အဲဒီလိုမခနဲ့ပါနဲ့၊ ကိုယ် ဘတ်နိုင်သမျှ မမှားအောင်နေတဲ့သူပါ။ ပါးစပ်ဖျားလေးကနေ တောင်းပန်စကားပြောရတာပဲ၊ ဒါပေမယ့် အဲဒီလိုတောင်းပန်ဖို့ ကိုယ်က ဝန်လေးတတ်တဲ့သူ၊ ဒါက ကိုယ် တကယ်မှားခဲ့လို့တောင်းပန်တာ၊ မကျေနပ်နိုင်ဘူးဆိုတာကိုလဲ ကိုယ် လက်ခံပါတယ်၊ အခု ခဏလေးပဲ လိုက်ခဲ့ပါကွာ"

"ကျွန်မတို့ရှေ့မှာ ရှင် ရပ်နေတာလား၊ ဖယ်ပေးပါ"

ဖယောင်း မျက်နှာက တင်းနေသည်။ လရောင်မျက်နှာကတော့ စိတ်မကောင်းဖြစ်ခြင်းတွေပဲရှိနေခဲ့၏။ ထွက်လာကြပေမယ့် ဘယ်သွားကြ





မယ်ဆိုတာ ရည်ရွယ်ချက်က မပါ။

တက္ကစီငှားပြီး ထွက်လာကြတော့ ဆွေမျိုးနီးစပ်ဆိုတာ သာယာကုန်းရွာမှာပဲရှိနေသည်။

"မမ အဲဒီကိုသွားမလို့လား"

"မသွားပါဘူး၊ ဆွေမျိုးဆိုတာ အားကိုးစရာမဟုတ်မှန်း မောင်လေး ခုထိ မသိသေးဘူးလား"

"သိပါပြီ၊ ဒါဆို ဘယ်ကိုလဲ"

မေးနေရင်းနဲ့ လရောင်၏မျက်လုံးတွေက နောက်မှာကပ်ပါလာသည့် တိမ်ဦး၏ကားကို လှမ်းမြင်လိုက်သည်။ တိမ်ဦးက ကားရပ်ခိုင်းပြီး ဆင်းဖို့ အမူအရာလုပ်ပြ၏။

တိမ်ဦးနှင့်တွေ့သင့်သေးသည်ကို သူသိသည်။ ဒါပေမယ့် မမက လက်ခံမှာမဟုတ်ပေ။ ထိုအချိန်မှာပဲ ဖယောင်းက ကားရပ်ခိုင်းဖို့ ပြောလာ၏။

"ဒီလောက်ထိဝေးလာရင် တော်ပြီ၊ အေးအေးဆေးဆေး စကားပြောလို့ရတဲ့နေရာတစ်ခုခုမှာ ရပ်ခိုင်းလိုက်တော့ မောင်လေး၊ ပြီးတော့ ဖုန်းဆက်လို့ရတဲ့နေရာနော်"

မောင်နှမနှစ်ယောက် ကားပေါ်ကဆင်းလိုက်ကြတော့ ပစ္စည်းက သိပ်များများမပါခဲ့ပါ။ ဟန်းဘက်အိတ်ကြီးတစ်လုံးနှင့် အသေးတစ်လုံးပဲ ဖြစ်သည်။

ကိုယ့်ပစ္စည်းတွေ ကျန်နေသေးပေမယ့် ဖယောင်းက ဘာမှမယူတော့ဖို့ ပြောသဖြင့် ထားခဲ့လိုက်ရ၏။

"မမနဲ့အသိ ဖုန်းဆက်ပေး မောင်လေး၊ ဖုန်းနံပါတ် မင်း သိတယ်မဟုတ်လား၊ မမကို လာခေါ်ဖို့ပြော၊ သူရောက်လာမှ အကျိုးအကြောင်းပြောမယ်၊ မမက သူနဲ့လိုက်သွားမယ်၊ မင်း ဒီနေ့ အိမ်ငှားဖြစ်အောင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စား၊ သူများအိမ်မှာ တစ်ညအိပ်ဖို့ မမ တော်တော်ကြိုးစားရမှာ၊ ငွေအိတ် တစ်ခါတည်းယူသွားနော်၊ ဒီနေ့ အဆင်ပြေပါစေ၊ မနက်ဖြန် တက်ဖြစ် အောင် စီစဉ်ခဲ့"

အိမ်ငှားဖို့ စီစဉ်နိုင်းနေပေမယ့် အိတ်ထဲမှာ ငွေက သိပ်တော့မပါပေ။ ဒီငွေလောက်နှင့်တော့ အမိုးအကာ ပြည့်စုံရုံလောက်ပဲရမှာပါ။

ထိုအချိန်တွင် ဘေးမှာရောက်နေပြီဖြစ်သည့် တိမ်ဦး၏မျက်နှာက ပြုံးကျသွားပေ ဘာမှတတ် နီးရဲ့သို့မှောင်နေလေသည်။ အားလုံးကို ကြားနေ ရသဖြင့် ရင်ထဲမှာ နင့်နေသည်။ ဒါ သူ့ကြောင့်...

တိမ်ဦး၏အသံကြားလိုက်သည်နှင့် ဖယောင်း၏မျက်နှာလေးက အသက်ရှူရပ်သွားသူကဲ့သို့ လှုပ်ရှားခြင်းတွေအားလုံး ရပ်ဆိုင်းငြိမ်သက် သွားခဲ့၏။ နှစ်ဖက် ဘယ်လိုပဲ အချေအတင်တွေဖြစ်နေနေ မပြေလည်ခဲ့။ အခြေအနေသည် ပဋိပက္ခအသွင်နှင့်ပဲ ငြိမ်သက်နေဆဲပင်။

"မောင်လေး ဖုန်း ဘယ်နားမှာလဲ သွားဆက်တော့"

မူလအစီအစဉ်ကိုပဲ ဖယောင်းက ပြန်စသည်။ လရောင်၏စိတ်တွေ ပစ္စုပ္ပန်သို့ ပြန်ရောက်လာပေမယ့်...

"နေဦး"

တိမ်ဦးက လရောင်လက်ကို ဆွဲထားလိုက်၏။

"ဟုတ်ပြီ၊ မင်း ကိုယ်နဲ့မလိုက်နိုင်ဘူးဆိုတာ သဘာဝကျပါတယ်၊ ဒါပေမယ့် အခု ဖုန်းဆက်မယ့်နေရာထိ ကိုယ် လိုက်ပို့ပါရစေ"

"မလိုတော့ပါဘူး"

"ဒါကိုတော့ ခွင့်ပြုပါ၊ ကိုယ် ထပ်တောင်းပန်ပါတယ် ဖယောင်း၊ ကိုယ့် အပြစ်နဲ့ကိုယ်လို့ မင်း ယူဆလိုက်တာကိုက ကိုယ့်ကို သေမိန့်ချလိုက်သလို ပဲ၊ ဒီအခွင့်အရေးတော့ပေးပါ"

"ဟုတ်ပါတယ် မမရယ်၊ ခရီးကလဲ ဝေးပါတယ်၊ အလုံထိသွားကြရ





မှာ၊ ဖုန်းဆက်ပြီး မမနန္ဒာ လာမယ်ဆိုရင်တောင်မှ ကျွန်တော်တို့ ဒီမှာ အကြာကြီးစောင့်ရမှာလေ၊ လာပါဗျာ"

ဖယောင်း ငြိမ်သွား၏။ လရောင်က ဖယောင်းလက်ကလေးကို ဆွဲ လိုက်၏။ တိမ်ဦးက တံခါးဖွင့်ပေးထားသည်။

ဖယောင်း ဝင်ထိုင်လိုက်သည့်အခါမှာ ကိုယ်တိုင်ပိတ်ပေးလိုက်သည့် တံခါးဟာ ထာဝရ သိမ်းချုပ်လိုက်ခြင်းပဲဆိုတာ သူပဲသိသည်။

❤ ❤ ❤



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ရော့ မေမေ သော့"

စားပွဲပေါ် သို့မဟုတ် မျက်နှာရှေ့မှာ အတွဲလိုက်ပုံချပေးလိုက်သည့် သော့တွေကို မြင်လျှင် ဒေါ်ကြည်ဖြူ မျက်လုံးအစုံ ပြူးကျယ်သွား၏။

"သား..."

ကျောခိုင်းလိုက်ပြီးမှ တိမ်ဦး ခြေလှမ်းတုံ့သွား၏။ အလုပ်က ပြန်ရောက်လာပြီး ရေချိုးပြီးစ အကျီကြယ်သီးတွေပင် စုံအောင်မတပ်ရသေးဘဲ ဦးဘစိုး အခန်းထဲကနေ ထွက်လာ၏။

ထိုအခါ တိမ်ဦးရှေ့မှာ မျက်နှာချင်းဆိုင်ဖြစ်ကာ ဒေါ်ကြည်ဖြူက နောက်မှာ...

"သား ဒါ ဘာလုပ်တာလဲ"

တိမ်ဦးက ဦးဘစိုးကို မျက်လွှာပင့်ကြည့်ပြီးမှ နောက်ကို ပြန်လှည့်ကာ...

"ခြံ(.....)က သော့လေ၊ မေမေတို့ပစ္စည်းပဲ ပိုင်ရှင်ကို ပြန်အပ်တာပါ"

"မင်း... ၊င်း ဒါ..."





"မေမေတို့ဖြစ်စေချင်တဲ့အတိုင်းပဲလေ၊ မေမေတို့သာ ပိုင်ရှင်ပါ၊ အိုခြံတိုက်ကို ကျွန်တော် ဘာမှ ထိကိုင်ဆုံးဖြတ်ခွင့်မရှိဘူးဆိုတာ နားလည်သွားလို့ ပြန်အပ်တာ၊ ပြီးတော့ ကျွန်တော်ကို ...တိုင် ထူထောင်ထားတဲ့ 'တိမ်ဦး' စာပေတိုက်လွှဲပြီး မေမေတို့ပိုင်ဆိုင်သမျှ ကျွန်တော် ဘာမှမလိုချင်ဘူး၊ ဘာမှမဆိုင်တော့ဘူးလို့လဲမှတ်ပါတယ်၊ ကြိုက်သလိုစီရင်လိုက်ပါ"

"ဘာတွေပြောနေတာလဲ သား၊ မင်းရဲ့မေမေကို ဘာတွေမကျေနပ်ဖြစ်နေတာလဲ၊ စိတ်ဆတ်တယ်ဆိုတာ သည်းမခံတတ်ခြင်းပဲကွ၊ သည်းခံလွန်းပြန်တော့ လူညံ့ဆိုတာလဲမှန်တယ်၊ ဒါပေမယ့် တုံ့ပြန်တတ်တာလဲ မကောင်းဘူး။ မြင့်မြတ်တဲ့ နှလုံးသားတိုင်းဟာ မျိုသိပ်နိုင်ကြတယ်"

"ဒါတွေ ကျွန်တော့်မှာပဲရှိနေခိုင်းတာလား ဖေဖေ၊ ကျွန်တော်က သာမန်လူထဲကလူပါ၊ အဲဒီလို ခန္တီပါရမီတွေမရှိဘူး၊ သည်းခံနိုင်ခြင်းကလည်း အတိုင်းအတာရှိတယ်၊ မျိုသိပ်ထားဖို့ဆိုတာလဲ ရင်ဘတ်နဲ့ ဆုံ...လောက်ပဲရတာ"

ဦးဘစိုးမျက်လုံးတွေက ဒေါ်ကြည်ဖြူထံ ရောက်သွား၏။ သူမ အလှည့်ဆိုတာ ဒေါ်ကြည်ဖြူ သိလိုက်တော့...

"မင်းက မြဖယောင်းကို မေမေ နှင်ချလိုက်တာနဲ့ပတ်သက်ပြီး ဒီလို ဆန္ဒပြလိုက်တာလား"

"လုံးဝ မဟုတ်ဘူး။ ဆန္ဒပြတယ်ဆိုတာက တောင်းဆိုတာ၊ ကျွန်တော် ...တောင်းဆိုပါဘူး၊ မေမေ့ဆီမှာ ဒီအဆောင်အယောင်တွေကို သုံးစွဲခွင့်၊ ...ပိုင်ဆိုင်ခွင့် တောင်းလို့ရရင်သဲ သူ့ကို သုံးပါ။ ကိုင်ပါလို့ ကျွန်တော် တောင်းဆိုလို့ရမှာမဟုတ်ဘူး။ ဒီမှာ မေမေ အဆင့်အတန်းကွဲပြားခြင်းက အစဉ်အဆက်ကတည်းက ရှိခဲ့ကြတာမှန်ပေမယ့် ဒီနေ့ထိ အဆင့်အတန်းနဲ့ ...ိုင်းတာဖြတ်တောက်ပြီး အချစ်ကို ကွဲစေ၊ ပေါင်းစေလို့ မနှင်းမရခဲ့ သေးတာကိုလဲ ပြန်တွက်ကြည့်ပါ။ မေမေ့ကို ကျွန်တော် မ...ပါမှီသူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"တိကျပြတ်သားတတ်တာဟာ ရက်စက်ခြင်းမှမဟုတ်တာ မေမေ၊ မေမေ အဲဒီလောက်ထိ ရက်ရက်စက်စက် ပြောထွက်ခဲ့လိမ့်မယ်လို့ မထင်ခဲ့တာ အံ့သြတာ၊ ကျွန်တော်က ကျွန်တော့်ပစ္စည်း ကျွန်တော်ပိုင်တယ်လို့ ပြောတယ်၊ အာမတွေခံ၊ ကတိတွေပေးပြီး မျက်နှာငယ် အရှက်ရခဲ့ဖူးတဲ့ မောင်နှမကို ကူညီကယ်တင်ခဲ့တယ်၊ မေမေက ငါ့နေရာ၊ ငါပိုင်တယ် ဆင်တော့ဆိုပြီး နှင်ချပစ်တယ်၊ သူတို့က သိမှာမဟုတ်ဘူး၊ စ,ရောက်လာကတည်းက ကျွန်တော်ပဲ အာမခံခေါ်ခဲ့ရတာ၊ မေမေ ရက်စက်ခဲ့လို့ ကြေမွကုန်တာက ကျွန်တော့်သိက္ခာ၊ ကျွန်တော့်မာနတွေပါ၊ ကျွန်တော့်စကား အလကားဖြစ်ကုန်ပြီ၊ သူတို့ လက်ညှိုးထိုးသမျှ ဒူးထောက်တောင်းပန်ခဲ့ရတာ ကျွန်တော်"

"ဘာဖြစ်လို့တောင်းပန်ရမှာလဲ၊ ဒါ မေမေ့ဘက်က သားတစ်ယောက်အတွက် ကာကွယ်သင့်လို့ ကာကွယ်တာ၊ စီမံသင့်တာကို စီမံတာ၊ မင်းကမှ ကောင်းတဲ့မျက်လုံးနဲ့ မကြည့်ခဲ့ဘဲ"

"မေမေ..."

တိမ်ဦးက ဒေါ်ကြည်ဖြူရှေ့မှာ ပိုဍ်နီးအောင် တိုးကပ်လာလျက်...

"မေမေ မှန်ပါတယ်လို့ မြင်ပေးလိုက်ရင် ကျွန်တော် အသည်းကွဲရမှာ"

"ဟင်..."

"သူ့ကို ကျွန်တော် ချစ်တယ်"

ဒေါ်ကြည်ဖြူ ဘာမှ ဆက်မပြောနိုင်တော့ပေ။ ဒီလိုအတိုက်အခံတွေ ပြောဆိုနေကြတုန်းမှာ ဖွင့်ပြောလိုက်တာဟာ ဒီထက်ဆိုးရွားသောအခြေအနေတစ်ရပ်ဆီသို့ ဦးတည်လိုက်တာမှန်း နားလည်လိုက်၏။

"တိမ်ဦးလေ မင်းကျတော့ ညာဘ့ကို ကျွန်တော် မယူနိုင်ဘူးလို့ မေမေ့ကို အပြတ်ကြေညာတယ်၊ မေမေ သဘောမတူနိုင်လို့ ကြေညာတာကျ





တော့ တစ်သက်စာနာသတဲ့လား၊ အမွေအားလုံးကို စွန့်လွှတ်ဖို့ထိ မင်းဆုံးဖြတ်ရဲသလား"

"မေမေ့ရှေ့မှာ ကျွန်တော် ငြင်းခဲ့တဲ့စကားမျိုး ညာဘ့ကို ကျွန်တော် မပြောခဲ့ဘူး၊ အဲဒါတော့ မေမေ သိမှာပါ၊ မေမေ ကျွန်တော့်ကို နည်းနည်းမှ မဟာခဲ့ဘဲနဲ့ ဒေါ်မိုးသဲကိုပါခေါ်ပြီး လူတစ်ယောက်ရဲ့ အားနည်းချက်ကို..."

"တော်စမ်း"

ဒေါ်ကြည်ဖြူ အချိန်မီ တားပေမယ့် ဦးဘစိုး ခုမှသိလိုက်ရသော အဖြစ်အတွက် ရှေ့တက်လာပါပြီ။

"ဖြူ မင်းက မမိုးသဲနဲ့ သွားလိုက်တာလား၊ အဲဒါ တကယ်လား"

ပြောကြတော့၊ ဘာမှလည်း ဆက်မပြောချင်တော့သည်မို့ တိမ်ဦး ဒုတိယမြောက် ကျောခိုင်းလိုက်သည်။

"သား..."

ဒေါ်ကြည်ဖြူ လှမ်းခေါ်သည်။ တိမ်ဦး လှည့်မကြည့်ဘဲ တံခါးဝရောက်မှ ခြေလှမ်းတုံ့သွားကာ...

"ကျွန်တော် သူနဲ့ လက်ထပ်ပြီးပြီ မေမေ"

"ဟင်... ဘယ်လို... ဘာပြောလိုက်တယ်"

"သူ့မှာလဲ မိဘမရှိတော့ဘူး၊ ကျွန်တော့်မိဘကလဲ ကန့်ကွက်မှာပဲဆိုတော့ နှစ်ဦးသဘောတူ လက်မှတ်ထိုးလိုက်ကြတာပါ"

"အို... မရဘူး၊ ဒီလို ထင်ရာလုပ်ခွင့် မေမေ မပြုနိုင်ဘူး"

တိမ်ဦး လှည့်မကြည့်ဘဲ အံကြိတ်သည်။ သူ တစ်သက်လုံး မိဘကို အတိုက်အခံမပြုခဲ့ဖူးပါ။ ဒီ မိဘနှစ်ပါးဟာ သူယယ်ချင်းလိုကော၊ မွေးချင်းမောင်နှမလိုကော သူ့အပေါ်မှာ လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့ကြသည်။

အလွန်ချစ်ခင်ရင်းနှီးကြသည့် မိသားစုလေးဟာ ဒီနေ့မှာ်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ခွန်းခဲ့ရပြီ။ ဒါပေမယ့် သူ မတတ်နိုင်ပါ။ ဘဝပျက် အရှက်ရခဲ့သော သူ ကိုယ်တိုင် ကတိတွေပေးခဲ့ပြီးမှ ပျက်ကွက်ခဲ့ရသော ဖယောင်းတို့မောင်နှမ အတွက် သူ ကာကွယ်ရင်းနှီးပေးနိုင်တာ ဒီတစ်နည်းပဲရှိသည်။ ပြီးတော့ ဖယောင်းကို သူ ချစ်မိနေသည်။

မိဘကိုချစ်ပေမယ့် တစ်ထောင့်ငါးရာ ကိလေသာမီးက ပိုပြီး အဟုန် ပြင်းတယ်ဆိုတာ နောက်တော့ မေမေ ခွင့်လွှတ်နားလည်လာမှာပါ။ အခန်း တံခါးဆီသို့ လက်လှမ်းလိုက်မိစဉ် မေမေ့အသံက ငိုရှိုက်သံနှင့်...

"သား..."

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မေမေ၊ နောက်ထပ် တစ်ပြားတစ်ချပ်မှ ကိုင်တွယ်သုံးစွဲခွင့်မပြုနိုင်အောင် အမွေပြတ်ဦးမယ်ဆိုရင်လဲ 'တိမ်ဦး' စာပေကို သိမ်းပိုက်နိုင်ပါတယ်"

ခြေလှမ်းတို့က နောက်ပြန်ဆုတ်ဖို့မပေါ့၊ သတင်းစာထဲမှာ ထည့်ခဲ့ပြီး သူ ပြန်လာတော့ ရင်ထဲမှာ လေးနေ၏။ ဒါတွေ ဖယောင်း ဘာမှမသိ။

♥ ♥ ♥





အခန်း (၂၄)

လေအေးစက်ကြောင့် တစိမ့်စိမ့်အေးနေတာကို ခံစားနေရ၏။ ဒါပေ ယ့် ဘယ်ဘက်ကိုလှမ်းလှမ်း စားပွဲ၊ ကုလားထိုင် သို့မဟုတ် ဆိုဖာနှင့် ရို၊ ခုတင်၊ နံရံ တစ်စုံတစ်ရာနှင့် အမြဲ ထိမိတိုက်မိ၏။ ဟိုတိုက်ကြီးထဲ ာလို အထူးမှတ်သားနေဖို့မလို၊ ခြေလှမ်းရေပြီးမှတ်စရာလည်းမရှိ။

အခန်းက အရှည်ကြီးပေမယ့် ဘေးကမကျယ်။ နေရာဟာ ကျဉ်း ကျဉ်းကျယ်ကျယ် ကိုယ့်အတွက်က ပြဿနာမရှိပါ၊ စိတ်ကျဉ်းကျပ်တယ် ဆိုတာလည်းမဖြစ်။

ဒါပေမယ့် ဒါ သူနေတဲ့အခန်းဆိုတာကို သိနေသဖြင့် တစ်နေကုန် ိတ်က မလုံခြုံ။

"ဒါက 'တိမ်ဦး'စာပေတိုက်နဲ့တွဲလျက် ကိုယ့်အခန်းလေ၊ ကိုယ် ဒီမှာပဲ နေတာ"

တိမ်ဦး ပြောပြတော့ ဒေါသတွေ အလိပ်လိုက်တက်လာ၏။ ပြီးတော့ မ်းနည်းလာသည်။ မမနန္ဒာဆီ ပို့မယ်ဆိုပြီး သူ ဒီခေါ်လာသည်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးကို ဘယ်မှာထားခဲ့မှန်းမသိဘဲ မောင်လေးအသံလည်း ပျောက်နေ၏။

"ကိုယ့်ကိုခွင့်လွှတ်ပါ ဖယောင်းရယ်၊ မင်းကို အနိုင်ကျင့်သလိုဖြစ်သွားမယ်ဆိုတာ သိတယ်၊ ဒါပေမယ့် ကိုယ် ဒီလိုမလုပ်ရင် မင်းနဲ့ကိုယ် ပြန်ဆုံကြဖို့ မရှိတော့ဘူး၊ မေမေ ကျူးလွန်လိုက်တဲ့ မတရားမှုအတွက် ကိုယ် ပေးဆပ်ပါရစေ၊ မင်းအတွက် ကိုယ် ကာကွယ်ခွင့်ပြုပါ၊ ပြီးတော့ မင်းကို ကိုယ် ဆုံးရှုံးမခံနိုင်ဘူး"

သူ တတွတ်တွတ်ပြောသည်။ နောက်တော့ တစ်နေ့ကုန် ပျောက်သွားပြီး ပြန်ရောက်လာတော့ လက်ထပ်ပြီးစီးခြင်း သတင်းစာထဲမှာ ထည့်ခဲ့ပြီတဲ့။

ဖယောင်း၏ သည်းခံနိုင်စွမ်းက အတိုင်းအတာလွန်သွား၏။

"ရှင်.. ရှင် လူကို အထင်သေးလှချည်လား၊ ရှင် လိုချင်ရင် ယူလို့ရတယ်ဆိုတာကို ပြလိုက်တာလား"

"မဟုတ်ပါဘူးဖယောင်းရယ်၊ အထင်သေးတဲ့မိန်းမတစ်ယောက်ကို ဒီလိုစကားတွေအပြောခံပြီး ကိုယ်က မရမက ယူစရာလား၊ မိဘကို အတိုက်အခံလုပ်ပြီး အမွေဖြတ်မယ်ဆို ဖြတ်ပါတော့ဆိုတဲ့သတ္တိတွေနဲ့ စွန့်စားမှလား၊ မင်းကို ချစ်လို့ပါ"

"ဟင့်အင်း မယုံဘူး၊ ကျွန်မက အကန်း၊ ဘာကိုမှလဲ မြင်ရတာမဟုတ်ဘူး၊ ယုံလဲမယုံဘူး၊ ဘာလဲ ကျွန်မက မမြင်ရ၊ မသိရတဲ့ယောကျ်ားကို အားကိုးပြီး အရှင်သနားမှ ကြင်ရမှာပါ ဘဝမျိုးနဲ့…"

"ဟာ သွားပါပြီကွာ၊ အဲဒါတွေ လုံးဝ မပါဘူး"

"ပါပါ မပါပါ"

"ဖယောင်းရယ်"

"ရှင် မကပ်နဲ့နော်"





"လုံးဝ မကပ်ရသေးဘူး"

သူ နောက်ထပ်ဆုတ်လိုက်ပြီးမှ သက်ပြင်းချသည်။ နာရီကြည့်လိုက်တော့ နေ့သယ့်နှစ်နာရီထိုးနေပြီ။ ဖယောင်းသည် အဖြူရောင်အင်္ကျီပါး လက်ပြတ်ခါးတိုလေးနှင့် ထဘီအဖြူပွင့်ကို ဝတ်ထား၏။ ဆံပင်တွေက စည်းထားပေမယ့် မျက်နှာထက်မှာ အချို့က ပြုဆင်းနေကြသည်။

ဒါပေမယ့် လှနေတာပဲဖြစ်သည်။ ဒီပုံစံလေးနှင့် ဆွဲထုတ်သွားလျှင်လည်း ဆိုးတော့မဆိုးပါ။

"ဖယောင်း"

ဖယောင်းက တစ်ဖက်လှည့်ပစ်၏။

"လရောင် ဟိုမှာစောင့်နေတယ်ကွာ၊ သွားရအောင်နော်"

"မလိုက်ဘူး၊ ရှင်နဲ့လက်ထပ်ဖို့ ကျွန်မ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး"

"ဒါပေမယ့် အခု မစဉ်းစားလို့မှမရတော့တာ"

"အဲဒီလိုဖြစ်အောင် ရှင်က သတင်းစာထဲထိ ထည့်ပစ်လိုက်တာမဟုတ်လား"

"အနိုင်ကျင့်တယ် ပြောဦးမလို့လား၊ ထပ်ပြောရင် မင်း မကြားချင်တာကိုပဲ ကိုယ် ထပ်ပြောမှာနော်၊ မင်းကို ကိုယ် ဘယ်လောက်ထိချစ်တယ်ဆိုတာ..."

"အဓိပ္ပာယ်မရှိတာတွေ"

ဖယောင်းက အော်ပစ်သည်။ တီမ်ဦး ရှေ့ပြန်တိုးပြီးသာဖြစ်သွား၏။

"ဖယောင်း မင်း အဲဒီစကားကိုတော့ ထပ်မပြောနဲ့နော်၊ အဓိပ္ပာယ်တဲ့စကားပြောပြီး မင်းရှေ့မှာ လူယုတ်မာသက်သက်ဖြစ်ပေးရအောင် ကိုယ် ငပေါ မဟုတ်ဘူး"

"ဟုတ်တယ် ရှင် မပေါပါဘူး၊ ကျွန်မက ရူးတာ၊ မယုံသင့်တဲ့လူကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်ယုံမိခဲ့လို့ ဒီထိပါလာခဲ့တာလေ"

"ဖယောင်း"

"အို... မကိုင်နဲ့"

သူ့လက်ကို ဖယောင်းက ပုတ်ထုတ်ပစ်၏။ နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်တော့ ဆိုဖာထက်မှာ ဖင်ထိုင်လျက်လေးလဲကျသွား၏။

သူ ဖျတ်ခနဲ ဆွံ့မလိုဖြစ်သွားပြီးမှ သက်ပြင်းချပြန်သည်။ သက်ပြင်း တစ်ခါချတိုင်းသာ အသက်တစ်ရက်တိုသွားနိုင်သည်ဆိုလျှင် သူ့သက် တမ်း ကုန်လောက်ပါပြီ။

"ကလေးလဲမဟုတ်ဘဲနဲ့ ဖယောင်းရယ် အားလုံး အဆင်ပြေအောင် ကိုယ် စီစဉ်ခဲ့တာပါ၊ မင်းနဲ့ လရောင် နောက်ထပ် နေရာပြောင်းရတာနဲ့ မျက်နှာငယ်စရာတွေဖြစ်ကုန်မှာ အဲဒါ ကိုယ့်ကြောင့်ပဲ၊ မင်းတို့ ပျောက် ကွယ်သွားတာနဲ့ ကိုယ့်ဘက်က ကတိတွေ၊ သိက္ခာတွေအားလုံး ပျက်စီး အရည်ပျော်ပြီး အသည်းကွဲဝေဒနာနဲ့ချုံးချုံးကျရမှာလဲ ကိုယ်ပဲ၊ ကိုယ့် ကြောင့် ကိုယ့်အတွက်ချည်းပဲမို့လို့ မေမေ့ကိုလဲ ကြေညာခဲ့ပြီးပြီ၊ မင်း ကိုယ့်ကြောင့် ဒီလို ဘယ်တော့မှ နောက်ထပ် မျက်နှာမငယ်စေရဘူး မင်း ယုံကြည်နေပါတယ်၊ မင်းနဲ့ကိုယ် ဘာမှ ဖွင့်ဟကြေညာဖို့မလိုဘဲ ယုံ ကြည်ခင်တွယ်ခဲ့ကြတာ ကိုယ် ခံစားမိတယ်၊ မငြင်းနဲ့တော့ကွာ"

"ကျွန်မ... ကျွန်မ ယောက္ခမ မကြည်ဖြူတဲ့ချွေးမတစ်ယောက်ရဲ့ဘဝ နဲ့ ဘယ်တော့မှ မရပ်တည်ဘူးလို့ ဆုံးဖြတ်ထားတာ"

"ဘယ်သူ မကြည်ဖြူတာမှ ဂရုစိုက်ဖို့မလိုတော့ဘူး။ မင်းနဲ့ကိုယ် နှစ် ယောက်တည်း နားလည်ဖို့ပဲလိုတာ"

"ရှင့်ကို ကျွန်မ မချစ်ဘူး"

"ကိုယ်က ချစ်တယ်"

ဖယောင်းမျက်နှာလေး တင်းနေ၏။ သူ ဖယောင်းကို စောင့်ကြည့်





နေရင်း နားလည်ခွင့်လွှတ်လိုခြင်းတွေပဲဖြစ်နေခဲ့သည်။ တစိမ့်စိမ့်ကြည့်ရင်း ချစ်မိနေရင်းဖြင့် သူမကို မစွန့်လွှတ်နိုင်။

"ကျွန်မ မမြင်ဖူးတဲ့ယောကျ်ားကို ဘယ်တော့မှလဲ မြင်နိုင်မှာမဟုတ် တဲ့ယောကျ်ားနဲ့..."

ဖယောင်း အသံလေး တုန်ခါလာရင်း ပြတ်တောက်သွားလေသည်။ ပြီးတော့ ခေါင်းလေးတွင်တွင်ရမ်းကာ ရှိုက်ငိုလေသည်။

"ဖယောင်း"

"ကျွန်မ..."

ဖယောင်း ရှိုက်ငိုရင်း သူ့ရှိရာကို မျက်ဝန်းလေးတွေ မွှေ့လာသည်။ ဒီရောက်လာကတည်းက ချောက်ချားခြင်း၊ တင်းမာပြတ်သားခြင်းများနှင့် ပျော့ပျောင်းမှုမရှိခဲ့သော မျက်နှာလေးက ခုတော့ မျက်ရည်တွေစိုလူး ကာ မြင်ရက်ဖွယ်မရှိ။

အားတင်းချုပ်တီးထားခဲ့သမျှသည် အရည်ပျော်ပြိုကျလျက် သူ့ရှေ့မှာ အသနားခံနေသော သမင်ပျိုမလေးနှယ်...

"ရှင်... ရှင် ကျွန်မကို ချမ်းသာပေးပါ။ ကျွန်မဘဝကို မမြင်မစမ်း အကန်းဘဝနဲ့ ကျွန်မ မပေးဆပ်ပါရစေနဲ့၊ သားသမီး မွေးလိုက်ရတာ တောင် ကိုယ့်ရင်သွေးမျက်နှာကို မြင်ခွင့်မရနိုင်ရင် ကျွန်မ... ကျွန်မ သေသွားနိုင်တယ်၊ ကျွန်မကို နားလည်ပေးပါ"

"ဖယောင်းရယ်"

သူ့ရင်ထဲမှာ တုန်ခါသွားသလိုပင်။ ဖယောင်း ထိုင်နေသည့်ဘေးက ဆိုဖာလက်တင်မှာ တင်ပါးလွှဲဝင်ထိုင်လိုက်ပြီး လက်ဖဝါးလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်မိ၏။

အေးစက်စိုထိုင်းနေသည့် လက်ဖဝါးလေးက တုန်ယင်နေ၏။ ဘာပဲဖြစ်ဖြစ် လက်ထပ်ဖို့သာ ဆုံးဖြတ်သင့်နေသည့်အဖြစ်ကို ... တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိလိုက်ရပြီမို့ အရှုံးပေးခဲ့ရပေမယ့် သူမရင်ထဲမှာ နာကျင်မှုများနှင့် ပြည့်နေရှာ၏။

"မင်း စိတ်ချပါ၊ မင်းကို ကိုယ် စောင့်ရှောက်ခွင့်လိုချင်လို့ မင်းလဲ ကိုယ့်ကို အားကိုးလို့ရအောင် ကိုယ် လက်ထပ်ထားတာ၊ မင်းကို ကိုယ်..."

သူ စကားဆုံးအောင်ပြောဖို့ အားယူသည်။ တကယ်ပါ အစက သူမဘက်ကို သူ မတွေးမိခဲ့ပေ။ တစ်ကိုယ်ကောင်းဆန်ခဲ့တာ မဟုတ်သော်လည်း ကိုယ်က ချစ်နေခဲ့သည်။

သူမကိုထွေးပွေ့ယုယမည်၊ အားပေးမည်၊ သူမ မျက်လုံးတွေကို ပြန်ပြောင်းသွားအောင် ကုသပေးရင်း အတူတွဲ၍ အရာရာကို ရင်ဆိုင်ဖို့...။

တကယ် ဘမ်းကျတော့ သူမဘက်မှာ ဤသို့ရှိနေသည်ပဲ၊ ဒါမှန်သည်။ ဖယောင်း၏ဆန္ဒမပါဘဲ မားပြတိုက်ယူခဲ့ရင် သူ့အချစ်ဟာ သွေးဆူလွယ်သောတပ်မက်ခြင်းကနေ တန်ဖိုးမဲ့ခြင်းသို့ရောက်သွားနိုင်၏။

ချစ်လို့ရင်ခုန်တာပါလို့ပြောလည်း သူမ လက်ခံနိုင်မှာမဟုတ်သေးတာကို သူ နားလည်မှုဖြစ်မည်။

"မင်းကို ကိုယ် သိပ်ချစ်တယ်၊ အဲဒါကြောင့် ယုံပါ။ မင်းရဲ့ဆန္ဒမပါဘဲ ကိုယ် ဘာကိုမှ အဓမ္မမယူဘူး"

ဖယောင်း၏ဆံနွယ်ရှည်တို့ကို ဖွဖွလေးထိကိုင်သိမ်းဖယ်ရင်း ပခုံးသားလေးတွေကို ထွေးပွေ့လိုက်မိသည်၊ ဖယောင်း မရုန်းပါ။ သူ့ရင်ခွင်ထဲမှာ နွဲ့နွဲ့လေးမှီကျလာ၏။

ချစ်ခြင်းဟူသည် ဤသို့ နူးညံ့လေ၏။

♥ ♥ ♥





## အခန်း (၂၅)

"မင်း သွားလို့မဖြစ်ဘူး ဖြူ"

"ဘာလို့မဖြစ်ရမှာလဲ၊ ဖြူက သားဆီကိုသွားမှာ"

"မဖြစ်ဘူး"

ပြောလိုက်ရုံတင်မကဘဲ ဦးဘစိုးက ပြန်လှည့်လာပြီး ဒေါ်ကြည်ဖြူရှေ့မှာ ပိတ်ရပ်လိုက်သည်။ ကိုင်ထားသည့်လက်ကိုင်အိတ်ရှည်ကြီးကို ချိုင်းကြားမှာညှပ်လိုက်ပြီး လက်တစ်ဖက်ကို ခါးထောက်သလိုမဟုတ်ဘဲ ခပ်ပျော့ပျော့တင်၏။

"ကိုယ် ကုမ္ပဏီကို ပြောင့်ပြောင့်သွားချင်တယ် ဖြူ၊ သားဆီကို မသွားပါဘူးဆိုတဲ့ကတိကို ပေးစမ်းပါ"

"ဖြူတို့သားအမိတွေ့တာ ဘာအပြစ်တွေဖြစ်သွားနိုင်လို့လဲ ကိုစိုး၊ သူတို့ကို ခွဲထုတ်ချင်လို့မဟုတ်ဘူး၊ ဒါပေမယ့်..."

"ဒါပေမယ့် ဆိုတာ မင်းရင်ထဲမှာ ရှိသေးတယ်မဟုတ်လား၊ သူချစ်နေတဲ့မိန်းကလေးကိုမှ မင်း မချစ်နိုင်ဘဲနဲ့ ဘာသွားလုပ်မှာလဲ"

"ဒါဆို ဖြူ့သားကို ဖြူက မတွေ့ရတော့ဘူးလား"

"ဟုတ်တယ် ဖြူ၊ ချောင်လွန်းရင် ကျပ်သလို ကျပ်လွန်းရင်လဲ ချောင်တယ်၊ မင်း ကျပ်ပေးလိုက်လို့ ဒီလိုထွက်ပေါက်ရှာတာတွေဖြစ်ကုန်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



သူ့တာဝန်ရှိတယ်လို့ ယူဆပြီး ... င်ရောက်ထားတဲ့ ရိုးသားမှုကို မင်း အရောင်ဆိုးပစ်လိုက်လို့ ဒီအခြေအနေတွေ ဖြစ်လာတာပဲ"

ဒေါ်ကြည်ဖြူ မခံမရပ်နိုင်နှင့်မော့ကြည့်၏။ မျက်လုံးချင်းဆုံနေပြီး ဘာမှလည်း မပြောနိုင်။

"သူချစ်တဲ့မိန်းကလေးကို မင်းက လက်မခံနိုင်ပါဘူးဆိုလို့ သူ ထွက်သွားတာ၊ ပြီးတော့ မင်း ဒီလိုသွားခဲ့ဖူးလို့လဲ ပြဿနာတွေဖြစ်ခဲ့ဖူးတယ်၊ ဒီတစ်ခါဆို မင်းရဲ့သားနဲ့ မင်း နောက်ထပ် ဆက်ရန်ရှိမှာမဟုတ်တော့ဘူး အဲဒါ သေချာတယ်၊ မင်း ဘယ်လိုအကြောင်းနဲ့ပဲသွားသွား မလိုလားခြင်းတွေက မင်းရဲ့မျက်လုံးတွေ၊ စကားတွေထဲမှာ ပါမှာ၊ အချိန်တွေ စောပါသေးတယ်ကွာ မင်း သည်းခံလိုက်ပါ၊ ကိုယ်ကတော့ ကိုယ့်ရဲ့သားလေးလို့ပဲ မြင်တာ၊ သားသမီးက မိဘကို ငါ့ကိုချစ်ရှာတာပါလားလို့နားလည်ပြီး ပီတိဖြစ်သွားကြတာမရှိသေးဘူး။ အချစ်ဆိပ်တက်နေတဲ့ ဒီလိုအချိန်မှာ မိဘကိုလဲရန်သူထင်ကြတာတွေဖြစ်ဖူးတယ်လေ၊မင်းနားလည်တယ်မဟုတ်လား"

ဒေါ်ကြည်ဖြူ မျက်နှာငုံ့ကျသွား၏။ မျက်ရည်တွေ နီတွဲပါသွားတာကို ဦးဘစိုးက လိုက်ငုံ့မကြည့်ဘဲ ကားဆီသို့ မျက်နှာလွှဲပစ်သည်။

"ကိုယ့်သားကို ကိုယ်သိပ်ချစ်တာ၊ သား ထွက်သွားတဲ့ကိစ္စမှာ မင်းမှားတာကို သိနေတော့ မင်းကို ဒေါသလဲဖြစ်မိခဲ့တယ်၊ ဒါပေမယ့် မိဘမေတ္တာကို ကိုယ် နားလည်နိုင်တယ် ဖြူ၊ မင်းသားက နားလည်ဦးမှာမဟုတ်ဘူး၊ မင်းကိုမြင်တာနဲ့ အဲဒီထုတ်ဝေရေးလုပ်ငန်းကြီးတစ်ခုလုံးက သော့တွေ မင်းကိုချပေးမှာ"

"ကိုစိုးရယ် ဖြူက..."

"မင်းက ပြန်သိမ်းဖို့သွားတာမဟုတ်ပေမယ့် သူက ဒီလိုပဲသတ်မှတ်မှာ၊ ဘာဖြစ်လို့လဲဆိုတော့ သူ့ချစ်သူကို မလိုလားတဲ့မျက်လုံးနဲ့ရောက်လာမယ့်မင်းကို သူကလဲ လိုလားစွာ ကြိုဆိုမှာမဟုတ်လို့"





"သားက ဖြူ့ကို အဲဒီလောက်ထိဖြစ်သွားသလားဟင်"

"ဖြစ်သွားနိုင်လို့ တားနေတာ၊ ကိုယ် မရောက်ပေမယ့် သားနဲ့တွေ့ဖြစ်ပါတယ်၊ အခု သူ့မိန်းမကို မျက်လုံးခွဲစိတ်ဖို့ ပါရဂူနဲ့ပြနေတယ်"

သူ့မိန်းမဆိုတဲ့အသံက ရင်ထဲကို မီးစတစ်စနှင့် အထိုးခံလိုက်ရသလိုပင်။ ဒီမိန်းကလေးကို မုန်းတီးလွန်းလို့မဟုတ်ပါ။ ဒါပေမယ့် မျက်မမြင်တစ်ယောက် ဆိုသည့် အဖြစ်ကိုတော့ ဘယ်လိုမှ လက်မခံနိုင်။ ပြီးတော့ မိဘမဲ့ အခြေမဲ့။

ခုတော့ ကြည့်ပါဦး။ ဦးဘစိုး+ဒေါ်ကြည်ဖြူတို့၏ တစ်ဦးတည်းသော သားရတနာလေးဟာ ဘာမဟုတ်တဲ့ စာပေတိုက်ဆိုသော အခန်းကျဉ်းစုတ်စုတ်လေးထဲမှာ တိတ်ဆိတ်စွာ လက်ဆပ်လိုက်ရခြင်းဖြင့် မိန်းမတစ်ယောက်နှင့် အိမ်ထောင်ကျသွားခဲ့ပြီ။

ဒီသားလေးရဲ့ တစ်သက်မှာ တစ်မင်္ဂလာဆိုသော ထိမ်းမြားခြင်းဟာ ဒီဘဝ ဒီမျှနဲ့ပဲ ပြီးခဲ့ပြီလား။ ပြန်လာကြပါတော့လို့ ခေါ် ယူပြီး တခမ်းတနား ထိမ်းမြားပေးဖို့ကျတော့ကော...၊ ဒေါ်ကြည်ဖြူ မျက်ရည်တွေဝေ့လည်ကာ ခေါင်းခါနေခဲ့မိ၏။

တကယ်တမ်းကျတော့ မိန်းမတစ်ယောက်၏တန်ဖိုးဆိုတာ တစ်ကိုယ်ရေ စာရိတ္တ စရိုက်ကောင်းမွန်နေရုံနဲ့ မပြည့်စုံသေးပါ။

သူမ၏ ဆင်းသက်ခဲ့သော နောက်ခံဘဝနှင့် အုပ်ထိန်းသူ၏ ဂုဏ်ဝင်း။

ဖယောင်းမှာ နောက်ခံဘက်ခ်ရောင်း ဘာမှမရှိ။ အုပ်ထိန်းသူမဲ့ခဲ့သော သူမ၏ဘဝကို ဘယ်လိုလက်ခံပေးရမလဲ၊ ဒါပေမယ့် သားကတော့ သူ၏ရင်ခွင်နန်းတော်မှာ ပန်းတော်ဝင်အဖြစ် ခရေပန်းနှင့် ဘိသိက်အောင်ပွဲဆင်ပါပြီ။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

သူ အလုပ်စားပွဲကထတော့ မောင်နှမနှစ်ယောက်၏အသံကို ကြားနေရသဖြင့် အခန်းရှေ့မှာ ခဏရပ်လိုက်မိသည်။

"အဲဒါတော့ တော်ပြီ၊ ဓာတ်သိမ်းခန်းကို မမ ဒီည အပြီးသတ် ပြောထားမယ်၊ မောင်လေး ကူးပေးနော်"

"မမရာ စာမေးပွဲရက်မှာတော့ ခဏနားပါရစေ၊ မမကလဲ ကိုယ့်အလုပ်ဖြစ်နေပြီဆိုရာ စာချုပ်ထားတဲ့အုပ်ရေတွေ မြန်မြန်ပြည့်ဖို့ဆိုတာလဲ မလိုတော့ဘူး၊ ကိုယ်လဲ လူကောင်းမဟုတ်ဘူး၊ မမလဲ အေးအေးဆေးဆေးနားပါ၊ ကျွန်တော်လဲ စာကျက်ပါရစေ"

"မောင်လေးရယ် မမက အစကတည်းက ဝါသနာကြီးခဲ့တာ၊ ငွေက အဓိကလား"

"မှန်ပါတယ်၊ ဒါပေမယ့် အစက စီးပွားရေးအရလဲပါတယ်လေ၊ အခုနည်းနည်းပဲလျှော့ဖို့ပြောတာ"

"ဟုတ်တယ်၊ မင်း အဲဒီလောက်လုပ်နေဖို့မှမလိုတာ"

"အစ်ကို..."





သူ အထဲဝင်သွားတော့ လရောင် ဝမ်းသာအားရ ထလိုက်သည်။ နှုတ်ဆက်စရာမလိုဘဲ လှစ်ခနဲထွက်လာခဲ့၏။ စားပွဲပေါ်မှာ ကက်ဆက်ရယ်၊ ရေးလက်စစာမူရယ်ကို တိမ်ဦးက ငုံ့ကြည့်ပြီး လရောင် ထိုင်ခဲ့သည့်နေရာမှာ ထိုင်လိုက်သည်။

စားပွဲတင်မီးအုပ်ဆောင်းမှ မီးရောင်က ဆံပင်တွေဖြန့်ချထားသည့် ဖယောင်းမျက်နှာလေးကို ရွှေရည်လောင်းပေးထားတာနှင့်တူနေသည်။

ပါးကလေးတွေကပဲ ရွှေရောင်လက်နေသလိုလို၊ နှုတ်ခမ်းလေးတွေက ပိုပြီးစိုရဲနေသလိုလို၊ နေ့နေ့ညည တစ်နေကုန်၊ တစ်ညလုံးပဲ ဒီမျက်နှာလေးကို ရှေ့မှာချထားချင်သည်။

ဒါမှမဟုတ် ရင်ခွင်ထဲမှာထွေးဖက်ထားချင်၏။ ပြီးတော့ ထိုနှုတ်ခမ်းလေးတွေ ချိုနေသလား၊ ခါးနေမလား မြည်းစမ်းကြည့်ချင်သည်။ ဒါပေမယ့်...

"ဖယောင်း"

"ဟင်"

သူ ဖယောင်းမျက်နှာလေးထက်ကနေ လရောင် ရေးသွားခဲ့သည့် ပြန့်လျက်သားစာရွက်ပေါ် ကစာလုံးတွေဆီသို့ အကြည့်တွေကို ရွှေ့သည်။

"ဖြစ်နိုင်ရင် မင်းကို စာမရေးစေချင်ဘူး"

"ဘယ်လို..."

"ဟုတ်တယ်၊ နောက်ထပ် အနိုင်ကျင့်ပြန်ပြီဆိုတဲ့ ပုဒ်မတစ်ခု အတပ်ခံရမှာစိုးလို့ ကိုယ် မျိုသိပ်နေရတာ၊ မင်း သိမှာပါ ကိုယ်တို့ လက်မှတ်ထိုးပြီးတဲ့နေ့က တိုက်ထဲမှာပဲ မိတ်ဆွေတွေကို ဖိတ်ပြီး လက်ဖက်ရည်တိုက်တော့လေ..."

စကားရပ်ပြီးကြည့်လိုက်တော့ ဖယောင်းက နားစွင့်နေတာမြင်သဖြင့် သူ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုသက်ဦးတို့ 'မိုးမြင့်မိုရ်'ဦးစောတို့ စကြတာ 'ဘိမ်ဦးက ပိုင်တယ်၊ စာရေးဆရာမကို တစ်ခါတည်း သိမ်းပိုက်ထားလိုက်တာ' ဆိုတာတွေ"

"ဘာဆိုင်လို့လဲ ကိုဦးရယ် ဒါက..."

"မဆိုင်ပေမယ့် ဒီသဘောထင်စရာဖြစ်နေတာကို ကိုယ် မလိုချင်ဘူး။ ပြီးတော့ ဝတ္ထုတစ်ပုဒ်ဖြစ်အောင် မင်း ကြိုးစားရတာ လွယ်လို့လား"

"ခက်ပါစေပေါ့ ကိုဦးရယ်၊ အစကတည်းက ဘာပိုင်ဆိုင်မှုမှမရှိခဲ့တဲ့ ဘဝမှာ ဒီ ဝါသနာလေးကိုတောင် မွေးမြူခွင့်မရဘူးဆိုရင် ဖယောင်းဘဝက ဘယ်မှာလဲ၊ သိပ်တော်တဲ့ယောကျ်ားတစ်ယောက်ရဲ့ဘေးမှာ ဖယောင်းက..."

"တော်ပြီ ရပြီ ဆောရီးကွာ အဲဒါကို မေ့သွားတယ်၊ တစ်ကိုယ်ကောင်းဆန်သလိုပြောမိတာ ကိုယ် တောင်းပန်ပါတယ်၊ ဒါပေမယ့် မင်း နည်းနည်းတော့လျှော့ပါ။ လရောင် ပြောသွားတာတွေ မှန်တယ်၊ အခု ဝါသနာတစ်ခုကို မွေးမြူတယ်လို့ပဲ သဘောထားလိုက်ဖို့ကောင်းတယ်၊ သူလဲ စာကြိုးစားရဖို့ရှိသေးဘယ်လေ"

"အဲဒါကို ဖယောင်း သိပါတယ်၊ ဒါပေမယ့်..."

"ဒါဆို ကိုယ်ပြောမယ်၊ မင်းအတွက် လရောင်နေရာမှာ ဝင်ပေးဖို့ မိန်းကလေးတစ်ယောက် ကိုယ် ထားပေးမယ်"

ဖယောင်းက လက်မခံ၊ ခေါင်းလေးရမ်းခါလျက် လေးနက်စွာ ပြောလာသည်။

"မဖြစ်ဘူး ကိုဦး၊ အနားမှာလူစိမ်းရှိရင် ကိုယ့်အကြောင်း ကြေညာသလိုပဲ၊ သိသာသိစေ မမြင်စေနဲ့တဲ့၊ မျက်လုံးမခွဲရသေးခင်မှာ သံမာဟာ ဘယ်လိုလဲဆိုတာကို စာဖတ်ပရိသတ် မသိစေချင်ဘူး"

"ဩော်... ဖယောင်းရယ် ခုလဲ ကိုယ်တို့ရဲ့စာပေအသိုင်းအဝိုင်းကတော့ သိနေကြတာပဲ၊ ဒီလူတွေက သတင်းဖြန့်ရင်တောင်မှ ကိုယ်တိုင်





ဝန်ခံချက်မထုတ်ရင် တစ်နိုင်ငံလုံးက သိမှာတဲ့လား၊ အခု နာမည်ကြီးနေကြတဲ့ တချို့စာရေးဆရာတွေဆိုရင် ဝတ္ထုတစ်ပုဒ်ဖြစ်အောင် ရေးနိုင်တာ မဟုတ်ဘဲနဲ့ သူများလက်ငှားနဲ့ ရင်ကော့နေကြတာ အများကြီးပဲ၊ တကယ်တော်ပေမယ့် စင်ပေါ်ရောက်ခွင့်မရှကြလို့ အခက်အခဲအမျိုးမျိုးနဲ့ ကိုယ့်ဂါသနာကို ခေါင်းစားခံနေကြရတဲ့ နောက်ကွယ်က ပညာရှင်တွေကျတော့ ဘယ်လောက်နစ်နာသလဲ။ မင်း ကြည့်လေ ဒီလူတွေဆိုရင် အနယ်နယ် အရပ်ရပ်က ရောက်လာတဲ့မိတ်ဆက်စာ၊ ချီးကျူးစကားတွေကို မျက်နှာပြောင်ပြောင်နဲ့ပဲ စာပြန်တယ်၊ ဖုန်းဆက်ရင် ဖြေတယ်၊ တစ်နိုင်ငံလုံးမှာရှိတဲ့ ပရိသတ်တွေက သိကြရှာတာမဟုတ်ဘူးလေ၊ ဒီကလောင်ရှင်ရဲ့စာကို သဘောကျရင် ချီးကျူးမှာပဲ၊ မိတ်ဆက်မှာပဲ၊ သူကိုယ်တိုင် ရေးတာ မရေးတာ ဘယ်လိုလုပ်သိမလဲ၊ ခုဆိုရင် တချို့ထုတ်ဝေရေးတွေ ဘယ်လိုလုပ်နေလဲ သိလား"

"ဟင့်အင်း"

"ကလောင်သစ်တင်ရမယ်ဆိုရင် တိုက်အတွက် သပ်သပ်ကလောင်တစ်ချောင်း ထားပေးရတယ်၊ ပြောရရင် ရှဲဒိုးပေါ့"

"ဟုတ်လား ကိုဦး"

"တကယ်ပြောတာ၊ စာရေးဆရာဆိုတဲ့ ကလောင်တစ်ချောင်းကို ပိုင်ဆိုင်ခွင့်ရချင်ကြတော့ ရေးပေးရတာပဲ၊ အခု မတွေ့ဘူးလား၊ တိုက်တစ်တိုက်က ကြော်ငြာပြီဆိုရင် ကလောင်နာမည်နှစ်မျိုးက ဆက်တိုက်ပဲ၊ မင်းကို ကိုယ် တင်တုန်းကတောင်မှ 'မိုးမြင့်မိုရ်'က ဦးစောကြီးက ဘာပြောတယ်မှတ်လဲ"

ဖယောင်းက ခေါင်းလေးညိတ်လိုက်ရင်း ဆက်ပြောဖို့ တိုက်တွန်းသည်။ တိမ်ဦးက ဖယောင်း၏နဖူးဆံစလေးကို လက်ဖဝါးနှင့် တစ်ချက်သပ်ပေးရင်...



www.burmeseclassic.com

www.burmeseclassic.com



"ကလောင်သစ်တင်ပေးရင် ကိုယ့်အတွက် နာမည်တစ်မျိုးနဲ့ သပ်သပ်ရအောင်ယူထားကွ၊ မင်း ငုတ်တုတ်မေ့ကျန်ခဲ့မယ် တဲ့"

"ဘာဖြစ်လို့ အဲဒီလိုပြောတာလဲ ကိုဦး၊ သူတို့လဲ စာချုပ်ထဲမှာ အပိုင်ချုပ်ထားတာပဲ၊ စာချုပ်တဲ့အတိုင်း အုပ်ရေပြည့်အောင်တော့ ရကြတာပဲဟာ"

"ဒီထက်ပိုင်ချင်လို့ပေါ့ ကလေးရယ်"

တိမ်ဦးက ဖယောင်းနဖူးလေးကို ဖျတ်ခနဲပုတ်၍ရယ်သည်။

"မင်းလိုပဲ စာရေးဖို့ပဲသိကြတဲ့ ဝါသနာရှင်တွေကတော့ စာချုပ်မယ်ဆိုလဲ စာထဲမှာ ဘယ်လိုပဲချည်ထားထား လက်မှတ်ထိုးကြတာပဲ၊ ဘယ်နှစ်အုပ် အလကားရေးပေးမှ တင်မယ်ပြောလဲ ရေးမယ်ပဲ၊ အစကတော့ ပြောတဲ့အတိုင်း ဖြစ်ချင်သလိုဖြစ်ပေးပြီး ကျေကျေနပ်နပ်ပေါ့၊ နောက်ကျမှ နာမည်လဲကြီးလာကော ပြဿနာတွေတက်ကြရော"

"အဲဒါက ကိုဦးရယ် သူတို့က ကလောင်သစ်တင်ရပြီး သူများတိုက်က ပုံပေးတော့ ပါသွားတာပဲလို့ ခေါင်းစဉ်တပ်တာပဲရှိတာ၊ တကယ်တမ်းကျတော့ သူတို့တင်ပေးခဲ့တုန်းကကော နောင်အခါမှာ ငွေညှာစာနာစရာတွေဖြစ်လာအောင် စေတနာဖြူခဲ့လို့လား၊ ငဲ့ညှာခဲ့တာရှိလား"

စာရေးဆရာမပီပီ ကိုယ့်ဘက်လှည့်လာတော့ နာတတ်လာသည်။ ခံစားချက်လေးတွေ ပွင့်လာသည့် ဖယောင်းကို တိမ်ဦးက ပြုံးကြည့်သည်။

"ကိုယ်ပေးထားတာရှိမှ ပြန်ရမှာပေါ့။ ဘယ်အရာမဆို လိုချင်ရင် တန်ရာတန်ကြေးပေးရတယ်လေ၊ အစကတည်းက ငါ့ခြံထဲကမြက်ဖုတ် ဘယ်အချိန်နုတ်နုတ်ဆိုပြီး ပစ်ထားတာ၊ ကြက်မဆိတ်အောင်၊ ဝက်မထိုးအောင် ကာကွယ်ပေးခဲ့တာကော ရှိခဲ့သလား၊ ရှင်သန်ခြင်းဆိုတာ လူမပြောနဲ့ သစ်ပင်ပန်းပင်တောင်မှ ဂရုစိုက်မှ စိုပြည်တာ၊ လူကတော့ သူကြင်မှ ကိုယ်ကြင်ပဲ ဖြစ်မှာပေါ့"





"ဖယောင်း မင်းရှေ့မှာထိုင်နေတာ မင်းယောက်ျားနော်၊ မင်းရဲ့ ထုတ်ဝေသူ မဟုတ်တော့ဘူး"

ရယ်ကျဲကျဲနှင့် သူ စတော့မှ ဖယောင်းက အားနာသလိုလေးပြုံးသည်။

"ကြုံကြိုက်တုန်းမို့ ပြောတာပါ"

"အင်း တော်သေးတာပေါ့"

"ဟုတ်တယ်လေ ကိုဦးရဲ့၊ မိအေးအော်တာပဲ လူကြားတာ၊ ကဇာန်းညှပ်နေတာကျတော့ လူမမြင်ဘူးလေ၊ ငိုတတ်တဲ့ကလေး နို့ဖိုရတယ်တဲ့"

"စကားပုံတွေ ကျန်သေးလား"

"တကယ် ပြောတတ်တဲ့လူကျတော့ သူ့စကား အောင်တာပေါ့၊ မပြောဘဲနေတော့ ဘယ်သူမှမသိဘူး၊ ထုတ်ဝေသူနဲ့ စာရေးဆရာ အဲဒီလို အခြေအနေတွေဖြစ်ကုန်ခဲ့တာ တကယ်က အစကတည်းက မညီမျှမှုတွေ ရှိခဲ့လို့မဟုတ်ဘူးလား၊ မကောင်းတာချင်းတူရင်တောင် နှစ်ဖက်စလုံးပဲ၊ သူတို့ချည်းပဲ အနစ်နာခံနေရတယ်ဆိုတာ ကြွေးကြော်နေတော့ လူကြားတာပေါ့"

"ဟုတ်ပါပြီဗျာ၊ ကဲ တော်ပါတော့ စလိုက်မိတာ မှားပြီထင်တယ်"

"ကိုဦးက အဲဒီလိုထုတ်ဝေသူမျိုးမဟုတ်လို့ ဖယောင်းက ရဲရဲဘင်းတင်း ဝေဖန်နေတာပါ၊ အဲဒါ မြောက်ပြောတာမဟုတ်ဘူး၊ ကိုဦးကို မသိခင်ကတည်းက မောင်လေးက 'တိမ်ဦး'စာပေအကြောင်းကိုပဲ ခဏခဏ ပြောနေတာ"

"ဒါပေါ့ ယောက်ဖတော်ကြမယ့်အကြောင်းရေစက်က အဲဒီကတည်းက စခဲ့တာ"

"သွားပါ"

"သွားပါ့မယ်၊ ညအိပ်ရာဝင်ခါနီး မိန်းမမျက်နှာကို တစ်ညခြား အောင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးမှ ဒါသိလို့ရတာ"

"ကိုဦးကလဲ"

ဖယောင်းမျက်နှာလေး ညိုသွားသည်။ မနေတတ်သလိုလေး ငုံ့ချပစ်ကာ ငိုက်ဆင်းသွားသည့် ဆံစတို့ကို နားရွက်နောက်လေးမှာ စုသိမ်းညှပ်ပစ်၍…

"အဲဒီလို ခဏခဏ မပြောပါနဲ့ ဖယောင်း မနေတတ်ဘူး"

"ဆောရီး၊ မင်း အဲဒီလိုဖြစ်အောင်ပြောတာမဟုတ်ပါဘူး ကိုယ့်အကြောင်းကိုယ်ပြောတာ၊ ကဲ အိပ်တော့နော်၊ ဆယ်နာရီထိုးတော့မယ်"

ဖယောင်း ခေါင်းညိတ်၍မျက်နှာလေးမော့လိုက်စဉ် နဖူးပြင်မှာ နွေးခနဲဖြစ်သွား၏။

"ချစ်တယ်"

တိုးတိုးလေးပြောသည်။ ပြီးတော့ မေးဖျားလေးကို မော့ယူလိုက်ပြီး ငြိမ်သက်နေ၏။ သူ့နှုတ်ဖျားမှ လေငွေ့နွေးက ဖယောင်း၏ပါးပြင်နုနုမှာ ညင်သာစွာ ထိခတ်ကျီစယ်နေခဲ့၏။

ရင်ထဲမှာ တဒိန်းဒိန်းခုန်နေကာ သူ နမ်းဦးတော့မည်ဟု ထင်လိုက်မိ၏။ သို့သော် မေးဖျားမှာကိုင်ထားသည့်လက်က ဖယ်ခွာသွားခဲ့ပြီ။

"ကိုယ် သွားမယ်"

သူ ကိုယ့်နားက ဖယ်ခွာသွားတာက သိသာပါသည်။ ဖယောင်း နှစ်သက်ခဲ့သော ရေမွှေးနံ့နှင့် ကိုယ်ငွေ့နွေးနွေးက အေးစက်စက် ပြောင်းလဲသွား၏။

ရင်ခုန်သံတွေကတော့ ခုန်ပေါက်နေဆဲပါ။ ဒီလိုညမျိုး ညတိုင်းဖြစ်ခဲ့လျှင်…

♥ ♥ ♥





## အခန်း (၂၇)

မနက်စောစောမှာ လရောင်က ထမင်းဟင်းတွေချက်ပြုတ်ပြီးမှ ကျောင်းသွားသည်။ စာအုပ်တိုက်နှင့် ကပ်နေတာမို့ ကိုမိုးဦးကလည်း ခဏခဏ ဒီဘက်ကူးလာတတ်၏။

အိမ်ဖော်ငှားဖို့ပြောတော့လည်း ဖယောင်းက လက်မခံပါ။ လူပိုမရှိစေချင်တာကြောင့် ဘာအတွက်ဖြစ်ဖြစ် သူမကိုယ်တိုင် ဝင်လုပ်ဖို့ချည်း ပြင်နေခဲ့၏။

နောက်တော့ အဝတ်လျှော်စက်တစ်လုံး ဝယ်ပေးလိုက်ရသည်။ ထမင်းစားတဲ့အထိ သူ ဝင်လုပ်ကူညီပေးတာကို မကြိုက်။

"ဒီလောက်ဆိုရင်ပဲ နေရာနဲ့လူနဲ့ အသားကျသွားပါပြီ၊ ဘယ်နေရာ ဘာရှိတယ်ဆိုတာသိနေပြီပဲဟာ ကိုဦး ထိုင်နေပါ။ ဖယောင်းပဲ ပြင်ဆင်ပေးပါမယ်၊ အမြင်မတော်အောင်ဖြစ်နေရင်တော့ ဝင်ပေါ့"

လို့ ပြောပေမယ့် လုပ်ကိုင်သွားတာတော့ ဟန်ချက်ညီလို့ပါ။

"လာပါကွာ ဆေးမနေပါနဲ့တော့"

"မဆေးလို့ ဘယ်သူဆေးမှာလဲ ကိုဦးရဲ့၊ အိမ်မှာ ကူဖော်လောင်ဖက်မှမရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"စားခါနီးမှဖြစ်ဖြစ် ပြန်ဆေးမယ်လေကွာ။ ထမင်းစားပြီး ခဏပဲနားရတာ
မင်းက ပန်းကန်တွေဆေးနေတော့ ကိုယ် ဘာလုပ်ရမလဲ"

"ထိုင်နေပေါ့"

"ဩော်.. အပြောကောင်းတယ်နော်၊ ခင်ဗျား မရဘူး လာဆိုလာ

ဖယောင်းလက်ကိုဆွဲ၍ အိမ်ရှေ့ ခွတ်ခေါ်သည်။ ဆိုဖာမှာ ထိုင်ခိုင်
ပြီး သူကိုယ်တိုင် ပန်းသီးတွေစိတ်ပေးသည်။

"အခွံခွာပါလားဟင်၊ ပေး ဖယောင်း ခွာပေးမယ်"

"တော်ပါကွာ မဟုတ်တာဆို သိပ်လုပ်ချင်တယ်၊ ပန်းသီးအခွံခွာတာ
လဲ ကိုယ် မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ အခွံပါတော့ ဖန်တာပေါ့"

"ဖန်တာ မဖန်တာကို ခွဲခြားခံစားမိလို့တော့မဟုတ်ဘူး။ စားဖို့အတွက်
တန်ဆာဆင်နေသလိုလုပ်တာကို မကြိုက်တာ၊ အခု မင်းကို ကိုယ် ဖားနေ
တာ သိလား၊ ကိုယ်ဆိုရင် ခုချိန့်ထိ ပန်းသီးကို ဒီတိုက်ကိုင်ပြီး ကိုက်စား
တာ၊ ဓားမကိုင်ဘူး"

ဖယောင်းက ရယ်တော့ လက်ထဲကို ပန်းသီးစိတ်လေး ထည့်ပေးရင်း
တိမ်ဦးက ပခုံးချင်းထပ်မှီ၍...

"ဘာလို့ ဖားနေတာလဲလို့ မမေးချင်ဘူးလား"

"ဟင့်အင်း"

ဒီလောက်တော့ ဖယောင်း မအပါ။ ပခုံးချင်းထပ်နေသည့် သူ့ကိုယ်
ကြီးကို တွန်းပစ်လိုက်ပြီး မျက်နှာလွှဲမိသည်။ သို့သော် တိမ်ဦးက သူ့ကိုယ်
လုံးကြီးနှင့် နောက်ထပ် ကပ်မှီပစ်လိုက်ကာ...

"ဖယောင်း"

" . . . . . "

"နည်းနည်းလောက် နမ်းခွင့်ပြုမလားဟင်"





ရင်ထဲမှာ ဒိတ်ခနဲလှုပ်ခါသွား၏။ နတ်စောင်းသံလား၊ မိုးခြိမ်းသံလား
သိ။ ညှို့သက်ညင်သာခြင်းနှင့် ကြမ်းရှလိုက်ခါခြင်းက ရောထွေး၍ ပြောင်း
ခန်နေသည်။ သူ ဤသို့ပြုမူလေ့တိုင်း ဖယောင်း သွေးပျက်ခဲ့ရသည်။
င်ခုန်တာမှန်းမသိ၊ ကြောက်နေလားမသိသော ကိုယ်က ကတုန်ကယင်
ဖြစ်လာခဲ့၏။

"ဟိတ် လည်ပင်းကျိုးတော့မယ်ကွာ ဟိုဘက်လှည့်နေလိုက်တာ၊
ိုယ့်ယောက်ျားကို ဒီလောက်တွန့်တိုရလား"

"ကိုဦးကလဲ ဖယောင်း ရှက်လို့ပါဆိုမှ"

ထွက်ပြေးမလို့ ဖျတ်ခနဲထရပ်မိ၏။ တိမ်ဦးက ဖယောင်းလက်မောင်း
လေးကို ပြန်ဖိဆွဲလိုက်၏။

"အို..."

ဖယောင်း သူ့ရင်ခွင်ထဲရောက်သွားသည်။ ဟင့်အင်းလို့ မငြင်းနိုင်
တော့အောင် သူ အနိုင်ယူသည်။ တိမ်းမူးစေသောအနမ်းများ၏ ဖြား
ယောင်းခြင်းနောက်သို့ သူမ မျောပါသွားခဲ့သည်လား၊ သူ့ကို သတိလက်
လွတ် ပြန်လည်ဖက်တွယ်ထားခဲ့မိသော ကိုယ့်အဖြစ်ကို မသိ။

အာရုံထဲမှာ စက္ကန့်ပေါင်းများစွာ အလင်းပျောက်နေခဲ့၏။

ရင်ခုန်သံတွေသာ စကားပြောတတ်မည်ဆိုလျှင်.. သူ့ကို ကျွန်မ...

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ဖုန်းသံပြည့်လာသဖြင့် ကက်ဆက်ကို လက်ချောင်းကလေးတွေနှင့် စမ်းပိတ်လိုက်၏။ ပြီးတော့ နေရာမှထ ကောက်ကိုင်လိုက်သည်။

"ဟလို"

"ကိုယ့်ချစ်သည်း"

"ဟင်"

"မ[illegible]ပါ"

"ကိုဦး

"ဟုတ်ပ၊ နံရံလေးပဲခြားနေပေမယ့် ကိုယ် လုံးဝ ထမလာနိုင်ဘူး အဲဒါကြောင့် ဆက်လိုက်တာ"

"ဘာအရေးကြီးလို့လဲဟင်"

"ကြီးတာပေါ့၊ ဖုန်းသံကြားတာနဲ့ မင်း ထလာပြီး ကိုင်ရမှာစိုးလို့ ကိုယ် တိုင်လာပြောမလို့ဟာ ဒီမှာ ဖုန်းတွေ တစ်ချိန်လုံးဝင်နေတာတွေ၊ ပြီးတော့ ညွှန်သည်တွေ ချိန်းထားတာလဲရှိလို့ ကိုယ်ရှိမှဖြစ်မှာလေ၊ ဒီမှာ ကိုယ် ပြောမလို့"

"ပြောလေ"





"သံမှာ အရမ်းအောင်မြင်နေတယ် သိလား"

"ဟုတ်တယ်"

"ပိုးစိုးပက်စက်ကို ဟုတ်နေတာ၊ နယ်အမှာတွေဝင်တာ အများကြီး ပဲ၊ ဒီမနက်လာတဲ့ မိတ်ဆက်စာတွေလဲ တစ်ပုံကြီးပဲ၊ မင်း စောင်ရေ တိုး တက်သွားမှာသေချာတယ်၊ ဖယောင်း"

"ဟင်"

"ပျော်သွားလား"

"ပျော်တာပေါ့ ကိုဦးရယ်"

ကြားရသည့်အသံလေးက တုန်ခါနေသည်။ ဖယောင်းကလည်း တကယ် မျက်ရည်ဝေ့နေတာပါ။ ဖုန်းကိုင်ရင်း ဟိုဘက် ဒီဘက် လက် ပြောင်းနေရတာနဲ့ပဲ လွှတ်ကျဖို့ နီးဝပ်နေပါပြီ။

ဟိုတုန်းကဆို မျက်စိပိတ်၊ နားပိတ်၊ စာတွေရေးနေရပေမယ့် ကိုယ့် အောင်မြင်မှုမှာ ကိုယ့်ထံမလာပေ၊ ကျောင်းတစ်ဖက်နှင့်မောင်လေးေ ျ သူ့ သိသမျှ ပြောပြသည်။

စုံစမ်းမေးမြန်းလို့ကောင်းတဲ့ကိစ္စလည်းမဟုတ်။ ညှာနဲ့ဘိမ်ဦး စေ့စပ် တာတွေ၊ ဘာတွေဖြစ်လာတော့ 'လရောင်' စာပေတိုက်ကို သွားရောမလို ဆိုသည့်အမိန့်ထွက်လာသည်က ပိုဆိုးသွား၏။

နောက်ထပ်တစ်ခါ 'စာမရေးနဲ့တော့'ဆိုသည့် အမိန့်ကြောင့် ကမ္ဘာ ပျက်ခဲ့ရပြန်သည်။ ခုတော့…

"ဖယောင်း"

"ရှင်"

"ဝမ်းသာလွန်းပြီး မျက်ရည်တွေဘာတွေ ကျမနေနဲ့ဦး၊ ဒီမှာ ရွှေချင် လို့ လက်က ယားနေပြီ"

ဖုန်းနဲ့ပါးစပ်ကပ်ပြီး သူ ခပ်ကြိတ်ကြိတ်ပြောနေတာကို သိတော့



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ဝေ့ဝေ့နှင့် ဖယောင်း ပြုံးလိုက်မိသည်။

"ပြန်လာမှ စာတွေ ကိုယ်ဖတ်ပြမယ်၊ ညှိုသည်ရောက်လာပြီကွ ဒါပဲနော်"

သူ ဖုန်းချသွားတဲ့အထိ ဖယောင်း ကိုင်ထားမိဆဲပင်။ ဝမ်းသာကြည်နူးမှုများနှင့်ထပ်တူ တိမ်ဦး၏ ယုယမြတ်နိုးတတ်လွန်းသည့် ချစ်ခြင်းများကိုလည်း ခံစားလာခဲ့မိ၏။

လက်ထပ်ခဲ့ကြပေမယ့် ဖယောင်း သဘောကျ သူ လိုက်လျောခဲ့သည်။ သူ့အိပ်ခန်းထဲမှာ ဖယောင်းကို အိပ်စေပြီး လရောင်ကို ဧည့်ခန်းထဲမှာ သိပ်သည်။ သူကတော့ ဟိုဘက်ရုံးခန်းထဲက နားခန်းထဲမှာပဲ အဆင်ပြေသလိုနေခဲ့၏။

ဖယောင်းတို့မောင်နှမအတွက် ဒီဘက်တစ်ခန်းလုံးကို ပေးထားခဲ့သလိုပင်။ ထို့ပြင် လရောင်လည်း ကျောင်းသွားကျောင်းပြန် ကားအကြို အပို့နှင့်ဖြစ်နေပြီမို့ အဆင်ပြေနေသည်။

တိမ်ဦးသည် လရောင်ကို ယောက်ဖမို့လို့ အရေးပေးတာမျိုးမဟုတ်ဘဲ ညီငယ်တစ်ယောက်လို ချစ်နေခဲ့တာကလည်း သိသာလွန်းပါသည်။

ဆိပ်ပုတ် ခေါင်းပုတ်နှင့် နှစ်ယောက်တည်း စကားပြောနေပြီမို့ တစ်ခါတလေ ကောင်မလေးတွေအကြောင်းမေးရင် ရှနောက်နေကြတာလည်း ရှိ၏။

ဖယောင်း၏ ဘဝတစ်လျှောက်လုံးမှာ မိဘတွေသေဆုံးပြီး နောက်ပိုင်း မှာ ဆွေမျိုး ဘောဘော ဒုက္ခများနှင့်သာ လုံးထွေးနေခဲ့ရသည်။ သာယာငြိမ်းချမ်းခြင်းတို့ ပြန်လည်ပေးအပ်လာခဲ့သူဟာ တိမ်ဦးလေ ဆိုသော ယောကျ်ားသာဖြစ်သည်။

ဤသူဟာ ဖယောင်းနှင့်ပတ်သက်သမျှ မကြည်ဖြူနိုင်တာ မရှိ၊ မလိုက်လျောနိုင်ဘူးဆိုပြီး ခေါင်းခါခဲ့တာလည်းမရှိ လက်ထပ်ယူထားပြီး





အလှကြည့်ကျေနပ်နေရသည့်အဖြစ်မှာတောင်မှ တစ်ခါမှ ငြိုငြင်ခဲ့တာ မရှိဖူးပေ။

ကိုယ့်ဘက်က ဝတ္တရားပျက်ကွက်နေရခြင်းကို ဖယောင်း မသိ၍ မဟုတ်ပါ။ သို့သော် ကိုယ့်ကိုချစ်သော၊ ကိုယ်ကလည်း ကြည်ဖြူနှစ်သက်နိုင်သည့် ခင်ပွန်းဟာ ဖြူသလား၊ မည်းသလားတောင်မသိရဘဲ ဘဝကို ပုံအပ်လိုက်ရမှာ ကြောက်စရာကောင်းလှသည်။

ပေးဆပ်လိုက်ရပြီးမှ တသိမ့်သိမ့်ကြည်နူးကျေနပ်နေရခြင်းကို မခံစားရဘဲ တလှိုက်လှိုက်နာကျင်ပူဆွေးနေရမှာကို ဘယ်လိုမှ မခံစားနိုင်။

ထို့ကြောင့် ဒီဘဝမှာ သာယာချမ်းမြေ့ခြင်းကို ရရှိဖို့အတွက် ဒီမျက်လုံးတွေ အလင်းရောင်မြင်နိုင်ဖို့သာ ဆုတောင်းရတော့မှာဖြစ်သည်။ သူမ၏ ထိုဆုတောင်း ပြည့်ပါမလား...။

"မမ"

"ဟင်"

သူမ နောက်လှည့်ထူးလိုက်မိလျှင် လရောင်တစ်ယောက်တည်း မဟုတ်သော စကားသံတို့ကို ကြားလိုက်ရ၏။

"လာပါ အန်ကယ်လ် ဝင်ပါ၊ မမက မျက်လုံးကွယ်နေတော့ အန်ကယ်လ့်ကို ကြိုဆိုနိုင်မှာမဟုတ်ဘူး"

"မောင်လေး ဧည့်သည် ပါလာလို့လားဟင်"

"ဟုတ်ပါတယ် မမ၊ ရှေ့နေကြီး အခု တရားသူကြီးဖြစ်နေပြီ အန်ကယ်လ် ဦးမြင့်မောင်လေ"

"ဟင်..."

ဖယောင်း အံ့သြသွား၏။ မျက်နှာလေးမှာ လေးစားသည့်အပြုံးတွေ ဖြစ်လာပြီး ခေါင်းလေး ကပျာကယာညိတ်သည်။

"သိပြီ မေမေ့မိတ်ဆွေပဲ ကြွပါရှင် ထိုင်ပါ။ မောင်လေးက စားရော



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု လုပ်ခဲ့နော်”

“ဟုတ်( ့) မမ”

ဦးမြင့်မောင်သည် ဆံပင်ရှည်ကြီးတွေ နောက်မှာစည်းချထားသည့် မြဖယောင်းဆိုသောမိန်းမလှလေးကို သေချာကြည့်၍ အားမရဘဲ မျက်မှန်ကိုပါ ပင့်ရ၏။

ဟိုတုန်းက သူမတို့အိမ်ကို ရောက်မိသည့်အခါမှာ မြင်တွေ့ခဲ့ရတာတွေကို မှတ်မိနေပါသေးသည်။

“သမီးက ဆံပင်တွေကောင်းလှချေလား၊ ဆံပင်ကောင်းတဲ့ မိန်းကလေး တော်တော်များများ အရုပ်ပုကြတယ်နော်၊ ငါ့သမီးက အရုပ်လေးလဲမြင့်သားပဲ”

“ဟုတ်တယ် ရှေ့နေကြီးရယ်၊ ဆံပင်ကို ယုယတာလေးတစ်ခုပဲ စိတ်ကျေနပ်စရာရှိတာပါ၊ စားလဲမကြိုးစားဘူး၊ မိန်းကလေးပီပီ လှဖို့ပဖို့ ဂရုစိုက်ပါလားဆိုတာလဲ မဟုတ်ဘူး၊ ဆံပင်လေးတစ်ခုပဲ အကောင်းထားပြီး ကြည့်လိုက်ရင် မျက်နှာပြောင်နဲ့လေ။ ဘာလုပ်လဲ သိလား၊ ဝတ္ထုရေးဖို့ပဲ အာရုံစိုက်နေတာလေ”

“မျက်နှာ ပြောင်လေးနဲ့ကို လှနေတာပဲ မမြမြစိုးရဲ့၊ ဒီလို ကြန်အင်လက္ခဏာမျိုးနဲ့ မြင့်မြတ်ပြည့်စုံတဲ့မိန်းကလေးမျိုးဟာ ဘယ်တော့မှ အောက်ကျနိမ့်ပါးတဲ့ဘဝထိ ထိုးဆင်းမသွားဘူး၊ ပုမနေပါနဲ့ဗျာ ကံ ဉာဏ် ဝီရိယ ဆိုတာ ပြည့်စုံစေချင်တိုင်း အတင်းထိုးသိပ်ထည့်ပေးလို့ရတာမျိုး မဟုတ်ဘူး၊ အမျိုးမျိုးပြောင်းလဲနေတဲ့လူ့ဘဝကြီးမှာ ကိုယ်တိုင် ရင်ဆိုင်ကြုံတွေ့လာရပြီဆိုမှ ကိုယ့်မှာရှိတဲ့စွမ်းရည်ခွန်အားက သူ့နေရာနဲ့သူ အလိုလို ဝင်လာတာ၊ ပစ္စုပ္ပန်ကိုကြည့်ပြီး ဒီသားသမီးက တော်မယ်၊ ဒီသားသမီးက အလကားလို့ ပြောလို့မရဘူး၊ ဆီဖြည့်ပေးထားတာချင်း တူပေမယ့် မထင်တဲ့မီးခွက်က တောက်ကျန်ခဲ့တတ်တယ်လေ၊ သာဓက





တွေရှိခဲ့တာပဲဗျာ”

သူကိုယ်တိုင် ဒီစကားတွေပြောခဲ့ဖူးသည်ကို ခုထိတော့ မမေ့သေးပေ။ ဖယောင်း သူ့ရှေ့မှာ ဖြည်းဖြည်းလေးထိုင်ချလိုက်သည်အထိ သူ့မှာ တွေးနေမိတုန်း။

ဒုက္ခတွေရောက်ကုန်ကြပြီဆိုသည့် မောင်နှမအဖြစ်ကိုတော့ ကြားနေခဲ့သည်။ ဘာတွေဖြစ်ကုန်မှန်း သူ သေချာ မသိခဲ့ပေ။

ဒေါ်မြမြစိုးနဲ့ သူက မိတ်ဆွေတွေဆိုပေမယ့် ရင်းနှီးကျွမ်းဝင်ကြသူတွေတော့မဟုတ်ပေ။ မိသားစုအတွင်းရေးကိစ္စ တချို့တလေမှာ အကူအညီတောင်းခဲ့သဖြင့် ပါဝင်ဆောင်ရွက်ပေးခဲ့ရတာတွေရှိသည်။

ဥပမာ ကြွေးမြီနှင့်ပတ်သက်သည့် အရောင်းအဝယ်၊ အပေါင်အနှံကိစ္စများ...။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၉)

"မမ"

"ဟင် ဘာလဲ"

"နောက်ဆိုရင် ညအိပ်ရာဝင်တိုင်း ခေါင်းဖြီးပေးရတဲ့အလုပ်ကို ဂျူတီ ချိန်းမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ၊ ကိုယ့်အစ်မကိုပြုစုရတာ ငြီးငွေ့လာပြီလား"

"မဟုတ်ပါဘူး မမက ယောကျ်ားရနေပြီဥစ္စာ၊ အစ်ကိုကိုလဲ ကျွန်တော် မျက်နှာပူတယ်"

"မောင်လေးရယ်"

အိပ်ရာပေါ်မှာ ခြေနှစ်ဖက်ချထိုင်လျက် မျက်နှာလေးငယ်သွားသည့် အစ်မအဖြစ်ကို ငုံ့ကြည့်ပြီး သူ စိတ်တော့မကောင်းပါ။ ထို့ပြင် တိမ်ဦးကို အနားမှာမရှိစေချင်၍ ခုချိန်ထိ သူ့ကိုပဲ ခေါင်းဖြီး ခိုင်းနေခဲ့တာကိုလည်း သူ သိသည်။ မမနဲ့အစ်ကိုတိမ်ဦး၏ အိမ်ထောင် ရေးအခြေအနေကို သူ နားလည်ပေမယ့် မမကို အစ်ကိုက ပိုင်ဆိုင်ပြီးသူပဲ ဖြစ်၏။

မောင်နှမဆိုပေမယ့်လည်း ဆိုင်သာဆိုင်သည် မပိုင်၊ သူတို့ တကယ်





ပေါင်းပေါင်း မပေါင်းပေါင်း လင်မယားကြားမှာ ဝင်ဝင်ရှုပ်နေသလိုကြီး ဖြစ်ရတာက မျက်နှာပူစရာပင်။

"မမကို ကျွန်တော် တစ်ခုလောက်ပြောချင်တယ်"

"ဟင် ပြောလေ"

ငိုင်နေသည့် ဖယောင်းမျက်နှာလေးက သူရှိသည့် ကျောဘက်ကို ငဲ့လာ၏။

"အစ်ကို သနားပါတယ်ဗျာ၊ မမကို သူ သိပ်ချစ်တာ၊ လက်ထပ်ပြီးမှ သူ့ခမျာ ခွဲအိပ်နေရတာ"

"မောင်လေး..."

ဖယောင်း ပါးပြင်လေးတွေနီမြန်းလာကာ ရှေ့ကို ပြန်လှည့်သွားပြီး ခေါင်းငုံ့ခေါ်၏။

"ဒါက မောင်ပြောရမယ့်စကားလား၊ ကလေးက ကလေးလိုနေမှာပေါ့၊ အိမ်ထောင်ရေးကိစ္စတွေကို စိတ်မဝင်စားနဲ့"

ထိုစဉ် အခန်းဝမှာပေါ်လာသူက တိမ်ဦး။ လရောင်က လှမ်းကြည့်ပြီး ပါးစပ်ပြင်လိုက်သဖြင့် တိမ်ဦးက လက်ကာပြပြီး ဝင်လာသည်။ လရောင် နားလည်သွားကာ...

"မမကကော အစ်ကို့ကို နည်းနည်းလေးမှ သံယောဇဉ်မရှိဘူးလား၊ ကျေးဇူးတင်တယ်ဆိုတဲ့စကားကို ပြောနေရုံနဲ့ မပြီးဘူးနော်၊ မမကို အစ်ကို က ကျေးဇူးရှင်ဖြစ်ရဖို့အတွက် လက်ထပ်ထားတာမဟုတ်ဘူး"

"ကြည့်စမ်း၊ မောင်လေး တော်တော့လို့ ဆိုနေတာကို..."

"ကျွန်တော်တောင်မှ အစ်ကို့ကို တအားခင်တာ၊ မမက နည်းနည်းမှ သံယောဇဉ်မဖြစ်ဘူးလား၊ အဲဒါ ပြောစမ်းပါ၊ မမ မပြောရင် ကျွန်တော် ခဏခဏ မေးမှာပဲ"

လရောင်က ဖွတ်တိုးပြောနေသဖြင့် ဖယောင်းအသံလေး ပျောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးရယ်"

ပြောချင်သည်၊ ဒါပေမယ့် ပြောရမည့်စကားတွေက လည်ချောင်းထဲမှာပဲ လုံးထွေးကျပ်ပိတ်နေ၏။

သူမကို တယုတယ ခေါင်းဖြီးပေးနေသည့် လရောင်နေရာမှာသာ ညီမ သို့မဟုတ် အစ်မ တစ်ယောက်ယောက်ဖြစ်ခဲ့လျှင်တော့ ရင်ထဲက သယ်ဇာတတွေကို လှစ်ဟပြလိုက်မိမည်သာ။

ခုတော့ မောင်ယယ်တစ်ယောက်ဖြစ်နေသည်။ ဒါပေမယ့် ဒီမောင်ကပဲ အစ်ကို၊ ဒီမောင်လေးကိုပဲ မောင်လိုတစ်မျိုး အားကိုးချစ်ကြင်ခဲ့ရသည်။ မေးလာတော့လည်း ဖြေရမှာပဲဖြစ်၏။

"မမ သူ့ကို... သူ့ကို သံယောဇဉ်ရှိတယ်၊ ဒါပေမယ့် မဖြစ်နိုင်ဘူး၊ ဒီဘဝနဲ့ သူ့ကို မမ လက်မခံနိုင်ဘူး"

ခေါင်းဖြီးပေးနေခဲ့သည့် သူ့လက်တွေ ရပ်တန့်သွားသည်။ လရောင်က ထွက်ခွာသွားပါပြီ။ သူ နေရာယူပြီး အသာလေးဝင်ထိုင်လိုက်တာကို ဖယောင်း မသိ။ နက်မှောင်ပြောင်အိနေသည့် ဆံနွယ်တွေကို တယုတယ ပွတ်သပ် ဖေးနေရင်း ကြားလိုက်ရသည့် သံယောဇဉ်စကားကြောင့် ရင်ထဲမှာ လှိုက်ခနဲဖြစ်၏။

မဖြစ်နိုင်ဘူးဆိုလိုက်ခြင်းကြောင့် ဆွေးသွားသည်။ သူ ဘယ်လိုမှ မထိန်းချုပ်လိုက်နိုင်မီ နောက်ကနေ ဖယောင်းကိုယ်လုံးလေးကို တင်းကျပ်စွာ သိုင်းဖက်ထားလိုက်၏။

"ဟင်... အို... ကိုဦး"

သတိလက်လွတ်နေမိခြင်းကနေ အသိဝင်လာသည်နှင့် သူ့ကိုယ်က ရေမွှေးနံ့ကို ရလိုက်သည်။

"ဟင့်အင်း"

အိပ်ရာထဲမှာမို့ ဖယောင်း သွေးပျက်မတတ် ချောက်ချားသွား၏။





"ကိုဦး"

"မင်းကို ကိုယ် သိပ်ချစ်တယ် ဖယောင်းရယ်"

"ဟင့်အင်း ဟင့်အင်း"

ဆံနွယ်ရှည်ရှည်တို့ကို နမ်းသည်။ သူ့မျက်နှာနှင့် မေးဖျားတို့က ဆံနွယ်တွေကို ဖယ်ရှားတိုးဝှေ့ကာ လည်တိုင်နုနုဆီမှာ နွေးထွေးစွာ ဖိကပ်နမ်းရှိုက်လာ၏။ ထို့နောက်...

"ကိုဦး အို... ဖယောင်း တောင်းပန်ပါတယ်၊ လွှတ်ပါ...လွှတ်ပါ ကိုဦးရယ်... ဟင့်အင်း"

မွေ့ရာထက်သို့ ဖယောင်း သူနဲ့အတူ ပက်လက်ကလေး ပြိုဆင်းသွားသည်။ မျက်ရည်စက်တွေက အရှုံးပေးရတော့မည့်အချိန်ထိ အလုံးအရင်းနှင့် တိုက်ခိုက်နေဆဲဖြစ်သည်။ စက္ကန့်ပေါင်းများစွာ တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပြီး တိမ်ဦးထံမှ ဒသက်ပြင်းချသံသဲ့သဲ့က သက်ပြင်းချတာနှင့်မတူဘဲ ဒေါ်ရာအပြင်းအထန်နှင့် လူမမာ၏ ညည်းသံကဲ့သို့...

"ဖယောင်းရယ် မင်း ကိုယ့်ကို အဲဒီလောက်ထိ အထင်သေးလားဟင်"

"ရှင်... ရှင်က..."

စကားပြောဖို့ကြိုးစားရင်း ရှိုက်သံဂဟသာ ဖုံးလွှမ်းသွား၏။ တိမ်ဦးသည် ခေါင်းအုံးထက်မှာ အထွေးလိုက် ပုံခဲကျနေသည့်ဆံနွယ်တွေပေါ်သို့ မျက်နှာကို ပြောင်းအပ်နမ်းရှိုက်၏။ ပြီးတော့ မဟာနမ့်ဖူးပြေပြေလေးကို တယုတယပွတ်သပ်ရင်း မျက်ရည် စိုနေသည့်ပါးပြင်လေးကို နမ်းသည်။

"ကိုယ်ပေးထားတဲ့ကတိကိုဖျက်ပြီး လူယုတ်မာတစ်ယောက်လို့ မင်းမြင်သွားအောင် ကိုယ် လုပ်ပါ့မလား"

"ဖယောင်း... ဖယောင်းကို လွှတ်ပါ"

"လွှတ်မယ် တိတ်တော့နော်၊ မင်း ထပ်ငိုနေရင် ကရုဏာစိတ်တွေ ဒီထက်များပြီး မှားကာနံလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေကိုသုတ်ပေးပြီး ဖယောင်းကိုယ်လေးကို သူ ဆွဲထူပေးလိုက်၏။ ရင်ဘတ်လေးမှာ လှိုက်ခါနေအောင်ရှိုက်နေသည့် ဖယောင်း၏ ဖရိုဖရဲပုံစံလေးကို မြတ်နိုးသွားမိကာ သူ ပွေ့ဖက်ထားလိုက်မိ၏။

ဖယောင်း တောင့်ခနဲဖြစ်သွားသော်လည်း ဖြည်းဖြည်းလေး နွဲ့ကျသွား၏။ ပြီးတော့ သူ့ရင်ခွင်ထဲမှာ ပါးလေးကပ်၍ ငြိမ်သက်နေရှာသည်။

"ပါရဂူက ခွဲစိတ်မှု အောင်မြင့်မယ်၊ မအောင်မြင်ဘူးဆိုတာ ကျိန်းသေ မပြောနိုင်ဘူးတဲ့၊ တကယ်လို့ဆိုတာမှာ မအောင်မြင်ခဲ့ရင် မင်းနဲ့ကိုယ် ဒီတိုင်းပဲ ဆက်နေသွားရမှာလား ဖယောင်း ဟင်"

" ...... "

"ဖြေလေ ဖယောင်း။ မျက်စိမမြင်တဲ့ဘဝနဲ့ ပုံမအပ်နိုင်ဘူးဆိုတဲ့ မင်းရဲ့စကားတစ်ခွန်းနဲ့ ကိုယ်က တစ်သက်လုံး စောင့်ထိန်းသွားရမယ်ဆိုရင်လဲ ဒီဒုက္ခကို ပျော်ပျော်ကြီး ဆုပ်ယူသွားမှာပါ၊ မင်း မကြည်ဖြူဘဲ ဘယ်တော့မှ မယူဘူးလို့ ဆုံးဖြတ်ထားခဲ့တဲ့ ကိုယ့်အတွက် မင်း နည်းနည်းမှ တုံ့ပြန်ဖို့ မစဉ်းစားတော့ဘူးလား။ ကိုယ့်ကို မချစ်နိုင်လို့လားဟင်"

ဖယောင်းကိုယ်လေး လူးလွန့်လာတော့ သူ လွှတ်ပေးလိုက်သည်။ ဖယောင်းသည် မမြင်ရသည့် မျက်ဝန်းလေးမှာ မျက်ရည်လက်ကျန်များနှင့် စိုလက်နေလျက် သူ့ကို မော့ကြည့်၏။ ခွင့်မပြုဘဲ ဖွတ်ခြေပစ်ခဲ့သော အနမ်းရိုင်းများကြောင့် နီရဲနေတွေးနေခဲ့သည့် နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်တုန်ယင်ကာ...

"ကိုဦးရယ်..."

နုးညံ့ပြည့်သွယ်သည့် လက်ချောင်းကလေးများသည် တိမ်ဦး၏ မျက်နှာကို တရွေ့ရွေ့ပွတ်ထိစမ်းကိုင်ရင်း...

"ရှင့်... ကို... ရှင့်ကို ဖယောင်း ချစ်တယ်"

"မင်း..."





မျက်နှာကို သေချာစမ်းသပ်ကိုင်ကြည့်နေသည့် ဖယောင်း လက်ဖဝါးလေးတွေကို ဆွဲယူလိုက်မိကာ နှုတ်ခမ်းများနှင့် ဖိကပ်နမ်းသည်။ ပါးနှစ်ဖက်မှာ ဖြန့်ကပ်ထားမိ၏။

"တကယ်လို့ဒီမျက်လုံးတွေ ပြန်မကောင်းခဲ့ရင် ဆိုတဲ့နောက်အတွက် ဖယောင်း စဉ်းစားထားတယ်၊ ဒါပေမယ့် မပြောချင်ဘူး၊ ဒီတိုင်း တစ်သက်လုံး ဒုက္ခိတဖြစ်သွားမယ်ဆိုရင် ကိုဦးကကော အမြဲကြည်ဖြူနိုင်ပါ့မလား ဆိုတဲ့ မေးခွန်းကိုလဲ မမေးရဲဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တစ်သက်စာအတွက် ကိုဦးက အာမခံတွေပေးနိုင်ရင်တောင် ဖယောင်းက ယုံနိုင်မှာမဟုတ်လို့လေ၊ အခုအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် ချစ်နေကြတယ်ဆိုတာနဲ့ပဲ ကိုဦး ကျေနပ်ပေးပါနော်"

"စကားလုံးလှလှတွေသုံးပြီး နှစ်သိမ့်နေတာလား ဖယောင်း၊ တကယ်လို့ မင်းမျက်လုံး ပြန်မကောင်းခဲ့ရင် ကိုယ့်ဆီက ထွက်ပြေးသွားမလို့များ ကြံနေတာလား"

ဖယောင်း ခေါင်းလေးခါသည်။ ပြီးတော့ သူ့လက်တွေထဲကနေ ရုန်းဖယ်သွားလျက်...

"ဖယောင်းဆိုတဲ့ မိန်းမဟာလဲ တစ်ယောက်မှာ တစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးတာပါ၊ အဲဒါ ရှင်ပါပဲ၊ ကိုယ်ချစ်တတ်တာကို သူများ တန်ဖိုးထားမကြိုက်တယ်ဆိုရင် သူများရဲ့အချစ်ကိုလဲ ရှင် လေးစားဖို့ကောင်းပါတယ် ကျေနပ်ပါတော့"

ကောင်းပါပြီလို့ မပြောဖြစ်လိုက်ပေမယ့် ခေါင်းညိတ်မိသည်။ ရင်ခွင်ထဲကနေရုန်းထွက်ကာ ဘေးကိုရွေ့ထိုင်ပစ်လိုက်သည့် သူမကိုလည်း နားလည်ပေးခဲ့ရသည်။

ထုံးစံအတိုင်း မတ်တတ်ရပ်လိုက်ပြီးမှ ပြန်ငုံ့ကာ မေးဖျားလေးကိုပင့်မော့ယူလျက် နဖူးလေးကိုနမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သွားမယ်နော်၊ အိပ်တော့ ဖွဖ်းဒ်နိုက်"

သူ ခေါင်းလေးညိတ်၍ ငြိမ်ငြိမ်သက်သက်လေးထိုင်နေတာကို အကြာကြီး ငုံ့မှုံးကြည့်နေမိပြီးမှ လှည့်ထွက်လာခဲ့သည်။

ထိုစဉ်ဝယ် လရောင် နားကျပ်ဖြုတ်လိုက်သဖြင့် အသံလေးမြည်လာသော MP 4 ဆီမှ သီချင်းသံသဲ့သဲ့လေးက သူ့ထံသို့...

(...အိပ်လို့မရဘူး... မျက်လုံးတွေ မမှိတ်သေးဘူး၊ မြင်နေတယ် ခုထိ ...မင်းရဲ့ နှုတ်ခမ်းပါးလေးပဲ... မြင်ယောင်ရင်း...)

(...လွဲလို့မရဘူး... အာရုံက ဒီစက်ကွင်းထဲ... အကြိမ်ခါတွေ မနည်းဘူး... ခုထိ... မင်းအကြောင်း စဉ်းစားကာနေတုန်း...)

(...ဒီလိုညတိုင်း... ငါနဲ့မင်း... အတူနေခွင့်ရှိရင်... အတိုင်းထက်အလွန်ပဲ...)

နောနော်၏ 'အတိုင်းထက်အလွန်' သီချင်းက ရင်ဘတ်ကြီးထဲကို ပမ်ဆောင့်ဝင်သည်။ သူထွက်လာတာကို လှည့်ကြည့်၍ ပြုံးပြနေသော လရောင်ကိုတောင် သူ ပီပြင်စွာ ပြုံးမပြနိုင်ခဲ့ပါ။

ဒီလိုညပေါင်း ဘယ်လောက်ထိ ဖြစ်နေမလဲ...။

ကျောခိုင်းလိုက်ခဲ့သော်လည်း သီချင်းက မဆုံးသေးသဖြင့် သူ့ထံသို့ မရမက လိုက်နှောင့်ယှက်နေသေးသည်။

(ခွင့်ပြုပါနော်... ငါ မင်းဆီလာခဲ့မယ်... အချိန်တွေတိုင်းပဲ... ငါ့စိတ်က ...မင်းနားရောက်ရောက်လာနေတယ်... ဒီလိုညတိုင်း... ငါနဲ့မင်း ...အတူနေခွင့်ရှိရင်... အတိုင်းထက်အလွန်ပဲ...)

ဖယောင်းရယ် ဒီသီချင်းလေးကြောင့် ကိုယ် ဆွေးရသလို မင်းလည်း ကြားပါစေ...၊

မင်း ကြားတဲ့အခါ ကိုယ့်အတွက် မင်း...

♥ ♥ ♥





## အခန်း (၃၀)

"သူက ဒေါက်တာမင်းသက်ကိုလေ"ဟု မိတ်ဆက်ပေးလိုက်လို့ ကြည့်လိုက်တော့ အသက် ဘယ်လောက်ရှိမှန်းမသိပေမယ့် မျက်မှန်နှင့် ပုံစံခပ်ရင့်ရင့်က အသက်လေးဆယ်နီးပါးတော့ ရှိနိုင်၏။

ကိုယ့်သားနှင့်စေ့စပ်ပွဲလွဲခဲ့သဖြင့် မကြာမတင်မှာ ဆရာဝန် တစ်ယောက်နှင့် စေ့စပ်ပြလိုက်နိုင်သော ဒေါ်မိုးသဲမျက်နှာက ဂုဏ်ယူဝင့်ကြွားဟန်များနှင့်ဖြစ်၏။

ဘာလဲ ဆရာဝန်ဆိုသည့် ဂုဏ်ပုဒ်လေးကို ကြွားတာလား၊ စီးလာသည့်ကားက မော်ဒယ်အောက်နေပြီဖြစ်သော မာစီးဒီးအဟောင်း၊ အဆွန်ဆုံး တန်မှ သုံးရာကျော်လေးရာပေါ့၊ နာရီ သောင်းကျော်တန်လေး တဝင်းဝင်းနှင့်။

တစ်ချက်ဖော့ကြည့်လိုက်တာနှင့် သိလိုက်ပြီးပြီမို့ ဒေါ်ကြည်ဖြူ ရင်ထဲမှာတော့ ပြုံးမိ၏။ သရော်လှောင်ပြောင်လိုတာမဟုတ်ပါ။ စိတ်မကောင်းတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးသဲတို့၏ သည်းမခံတတ်သော စိတ်ဓာတ်တွေကို သိလိုက်ရပြီးသည့်နောက်မှာ ကိုယ့်သားနဲ့လွဲခဲ့ရသည့်အဖြစ်အတွက် ယူကျုံးမရခြင်းတော့ မဖြစ်တော့ပေ။

ပြီးတော့ ဦးဇော်ကို ကို ဒေါ်မိုးသဲကိုယ်တိုင်က ဖယောင်းကို ဖျက်လိုဖျက်ဆီးပြုစေခဲ့သည့်အဖြစ်ကို သိလိုက်ရသဖြင့် ပိုလန့်သွားခဲ့၏။ ဦးဘစိုးကလည်းပြောသည်။

"လွဲသွားတာကို မင်း ကျေးဇူးတင်ဖို့ကောင်းသေးတယ် ဖြူ၊ အဲဒီမိသားစုတစ်စုလုံး တကယ်ရှုံဖို့ကောင်းတာ၊ သားပြောတာ မှန်တယ်၊ တို့တွေက သင့်ရာစီမံတာမျိုးမဟုတ်ဘဲ ကိုယ်တင်တဲ့ကြေးကို သားနဲ့ ထိုးဆပ်ချင်တာမျိုးဖြစ်သွားခဲ့တာ၊ မင်းကိစ္စက ကိုယ့်ကိစ္စပါပဲ၊ ဒါပေမယ့် ဒီလူတွေ မကောင်းလွန်းလို့ ကိုယ် တားနေတာ၊ မမိုးသဲ ပြောသမျှကို မင်းလိုက်ပြီး စာနာနားလည်ပေးမနေနဲ့တော့၊ ကိုယ့်ဘက်က ပျက်ကွက်ခဲ့လို့ ထိုက်သင့်တဲ့အတိုင်း ကိုယ် လိုက်လျောခဲ့ပြီးပြီ၊ နောက်ထပ် မရင်းနှီးနဲ့တော့ ဖြူ၊ သာမန်မိတ်ဆွေတွေလိုပဲဆက်ဆံပါ"

ခင်ပွန်းဖြစ်သူ၏စကားကို နားထောင်ခြင်းဖြင့် ဒီနေ့ ဒေါ်မိုးသဲ ဖုန်းလှမ်းဆက်လို့သာ လာခဲ့ရတာပါ။

"သမီးနဲ့စေစပ်လိုက်တဲ့ ဒေါက်တာမင်းသက်ကို ဆိုတာလေ၊ သူ ဒီနေ့အိမ်ကို ထမင်းစားလာမှာ၊ သိုက်သိုက်ဝန်းဝန်းဖြစ်ရအောင် ဖြူလေးတို့လင်မယားပါ ထမင်းစားလာခဲ့ဖို့ ဖိတ်တာ၊ စေ့စပ်ပွဲတုန်းက မဖိတ်ဖြစ်တာကို တစ်မျိုးမထင်နဲ့နော်၊ သူ့မိဘတွေက မိုးကုတ်ကလာရတာဆိုတော့ ရောက်တာနဲ့ ရက်မသတ်မှတ်လိုက်ရဘဲ ချက်ချင်းစေ့စပ်သွားတာ၊ တခြားမိတ်ဆွေတွေလဲ သိတောင်မသိလိုက်ကြပါဘူး ဖြူလေးရယ်၊ လာခဲ့ရမယ်နော်၊ တို့ရဲ့သမက်လောင်းကို အကဲခတ်ပေးပါဦး"

လာခဲ့ဆိုလို့ လာခဲ့ရသည်။ ကိုစိုးကတော့ ခေါ်မရပါ။





"မင်းက မင်းရဲ့မိတ်ဟောင်းဆွေဟောင်းမို့လို့ ကြည့်ရှုနားဆင်နိုင်မှာ၊ ကိုယ်ကတော့ အဲဒီက စကားတွေကို နားကိုမထောင်ချင်တော့တာ၊ မလိုက်ချင်ဘူးကွာ၊ ဆောရီး" တဲ့။

"ဒါနဲ့ သားတို့ဘက်က မင်္ဂလာရက်ကို ဘယ်လိုသတ်မှတ်ချင်တာတဲ့လဲ၊ သူတို့ ဆင်းလာကြမှာလား၊ ဖုန်းနဲ့ပဲ ဆွေးနွေးကြမလား"

ဒေါ်ကြည်ဖြူအတွေးတွေက ဒေါ်မိုးသဲ၏ မေးသံကြောင့် လက်ရှိအခြေအနေဆီသို့ ပြန်ရောက်လာခဲ့သည်။ မင်းသက်ကို၏ မျက်မှန်နောက်က မျက်ကြောစင်းစင်းကို ဒေါ်ကြည်ဖြူ လှမ်းကြည့်လိုက်မိသည်။

မျက်ဝန်းအိမ်ကကြီးပြီး မျက်ခွံပြင်က ကျယ်၏။ သာမန်မျက်လုံးမျိုးလို ကြည်ကြည်လဲ့လဲ့မဟုတ်ဘဲ မျက်ကြောစင်းနေသည့်ပုံအတိုင်း ရှိတာမို့ လူက သွက်လက်ထက်မြက်သည့်အသွင် မရှိတာတော့သေချာပါသည်။

ကာယဗလကြီးသည်၊ ဆင်ပြောင်ငါးစီး အားမာန်ကြီးသော်လည်း တုကို ဘယ်လိုအရိုးတပ်ရမှန်းမသိသူကဲ့သို့ ကိုယ် ကျွမ်းကျင်ရာတစ်ခုကိုပဲ စူးစိုက်တတ်ပြီး ကျန်တာ ဘာကိုမှ ထိုးထွင်းသိမြင်နိုင်စွမ်းမရှိတာမျိုး ဖြစ်၏။

ဒေါ်ကြည်ဖြူကတော့ အကဲခတ်ပါဆိုလို့ မြင်သမျှကို စိတ်ထဲကနေကြည့်ရှုဝေဖန်နေတာဖြစ်သည်။ ကဲ့ရဲ့ချင်တာမဟုတ်ပေမယ့် ကိုယ့်သားနဲ့များ ဘာဆိုင်လို့လဲ။

မိုးကုတ်ကဆိုတာကြီးကို ထည့်ထည့်ပြောပြီး ကြွားလိုက်ရတာကိုလည်း ရယ်ချင်သည်။ မိုးကုတ်ကဆိုတိုင်း အထင်ကြီးသွားတတ်ကြတာဟာ ဘယ်လိုလူတန်းစားမျိုးလဲဆိုတာလည်း ပြောပြချင်၏။

ဘယ်သူမဆို အကောင်းဆုံးပဲဖြစ်ချင်ကြတာပါ။ ဒါကြောင့် ကောင်းဖို့ကြိုးစားနေကြတဲ့ထဲမှာ ဆိုးဆိုးရွားရွားဖြစ်ကုန်ကြရတာတွေရှိသည်။

မဖြစ်ချင်ဘဲဖြစ်လာတာကို မတတ်နိုင်၊ မလိုချင်ဘဲ ရလာတာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း မယူလို့မရ၊ ဒါတွေဟာ ကံတရားပါပဲ၊ မရှိကို အရှိလုပ်ပြီးကြွားဖို့ လိုသလား။

သူတို့စကားနဲ့သူတို့ လှိုင်ဘောလယ်နေတုန်းမှာ ဒေါ်ကြည်ဖြူ တိတ်ဆိတ်စွာပဲနေလိုက်မိ၏။

"မေမေတို့က ဒီကိုလာကြမှာပါ၊ ကျွန်တော်က အဆောင်မှာနေတာဆိုတော့ အခု လက်ထပ်မယ်ဆိုမှ ခြံနဲ့တိုက်ဝယ်ဖို့ စီစဉ်ရမှာလေ၊ ငွေပြည့်တာနဲ့ လာကြမယ်လို့ ဖုန်းဆက်ထားပါတယ်၊ ဟို မင်္ဂလာစရိတ်ကလဲ ရန်ကုန်မှာ မနည်းဘူးမဟုတ်လား၊ မေမေတို့က အားလုံး ပြည့်စုံစေချင်တာပါ၊ အဲဒါကြောင့် ငွေကြေးပြည့်စုံမှပဲ စီစဉ်မယ်လို့ ကျွန်တော့်ကို ပြောထားတယ်"

"အိုကွယ်"

ဒေါ်မိုးသဲမျက်နှာကြီး မည်းခနဲဖြစ်သွားသည်။ ဒေါ်ကြည်ဖြူ မသိမသာပြုံး၍ မကြားသလိုနေပေးလိုက်သည်။ သမက်လောင်းနဲ့ ယောက္ခမ ဇာတ်တိုက်မထားခဲ့ဘူးထင်သည်။

"တိုက်တွေ ဘာလုပ်ဖို့လဲ သားရယ်၊ ဒီမှာလဲ အန့်တီ့မှာ ခြံကြီးတစ်ခြံလုံး ရှိနေတာဥစ္စာ ပေတစ်ရာပတ်လည်ကြီးရယ်၊ အန့်တီ့မှာ ဒီသမီးလေးနှစ်ယောက်ပဲ ၂တာ တစ်ယောက်တစ်ဝက် အမွေပေးမှာ၊ ပြီးတော့ ကားတစ်စီးနဲ့ စိန်တစ်ဆင်စာ လက်ဖွဲ့မယ်"

"ပေတစ်ရာပတ်လည်ဆိုတာ ဘယ်ခြံကိုပြောလိုက်တာလဲ အန့်တီမိုး"

"ဟင်..."

အသံကြောင့် ဒေါ်မိုးသဲကော ဒေါ်ကြည်ဖြူပါ ဆတ်ခနဲဖြစ်သွားသည်။ လှမ်းကြည့်လိုက်တော့ တံခါးဝမှာ မြဖယောင်း...။

"ဖယောင်း"





ဒေါ်မိုးသဲ ဆတ်ခနဲ ထရပ်၏။

"ညည်းက ဘာလာလုပ်တာလဲ"

အဖဲမှာ ထမင်းပွဲပြင်မလို့ဟု အကြောင်းပြကာ ဒေါ်ကြည်ဖြူ ရောက်ာကတည်းက အထဲဝင်သွားခဲ့သည့် သဲမြညာတို့ညီအစ်မကလည်း တင်းရတာမြန်သည်။

အပြင်မှာ 'ဖယောင်း'အသံကြားလိုက်တာနှင့် လူတွေက ရှေ့ရောက်ာပြီဖြစ်၏။ ဖယောင်းသည် ထုံးခြောက်ရောင် တီရှပ်ပွပွလေးနှင့် ဆင်တူထဘီကိုဝတ်ထား၏။ ဆံပင်တွေကို ဒီတိုင်းဖြန့်ချထားကာ အကျီနှင့်ဆင်တူ ခေါင်းစည်းကြိုးပြားကို ရှေ့ဆံပင်တွေအားလုံးသိမ်းတင်ပြီး ထိပ်ာ ပတ်ထားတာဖြစ်သည်။

မျက်မမြင်ကလေးနဲ့လည်းမတူ၊ ဘာလက်ဝတ်ရတနာမှမပါဘဲ င်းအိနွမ်းတက်နေသော သူမ၏အသွေးအရောင်ကိုက အလိုလိုနေရင်း ထင်းနေတာမျိုးဖြစ်၏။

ထို့ပြင် ရိုးရိုးထဘီလေးမို့ ထဘီ၏အနားစနှင့် ဆံနွယ်ရှည်များက ဘလွန့်လွန့် လှုပ်ခါနေပုံသည် ရုတ်တရက် ဘွားခနဲပေါ်လာပြီး ကိုယ်ထင်ပြနေသော နတ်သမီးနှင့်တူ၏။

ကိုယ့်ချွေးမကိုပဲ ပြန်ငေးနေမိကာ ဒေါ်ကြည်ဖြူ ထိုင်ရမလို၊ ထရမလိုဖြစ်နေသည်။ ဒီနေရာမှာ သူမ ရှိနေမည်ကို ဖယောင်းက သိမှာမဟုတ်ပေ။

ဒေါ်မိုးသဲတို့နှင့်ပတ်သက်သော တစ်စုံတစ်ရာအတွက် ရောက်လာခြင်းပဲဖြစ်နိုင်သည်။ ဘယ်လိုလုပ်ရမလဲ၊ သူများအတွင်းရေးပဲဆိုပြီး ရှောင်ထွက်သွားရမလား၊ ဆက်ထိုင်နေရမလား။

ကိုယ်က သူတို့ ထမင်းစားဖိတ်လို့ရောက်လာခဲ့ရတာ၊ ထိုင်နေလည်း သင့်တော်တာပဲဟု တွေးမိပြန်တော့ ရောက်လာသူက ကိုယ့်ချွေးမဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြည်ဖြူ လက်ကိုင်အိတ်ကို မ,ကိုင်လိုက်၊ ပေါင်ပေါ်ပြန်ချလိုက်နှင့် ထလည်းမထဖြစ်ဘဲ စိတ်တွေလှုပ်ရှားနေလေသည်။

ထိုစဉ်မှာ ဖယောင်း၏ဘေးသို့ လူငယ်လေးတစ်ယောက် ထပ်ရောက်လာသည်၊ လရောင်ကို ဒေါ်ကြည်ဖြူ သိသည်။ လရောင်ကလည်း ဒေါ်ကြည်ဖြူကို မြင်သွားပါသည်။

"ကန်းတဲ့လူနဲ့ တွဲပို့တဲ့လူနဲ့၊ ကဲ ပြော ဘာလာလုပ်တာလဲ"

ဒေါ်မိုးသဲက ဆိုဖာကြားထဲကနေ ဘေးထွက်ရပ်လိုက်၏။ ပြန်စမေးသည်။ ဒေါ်ကြည်ဖြူ နားထဲမှာခါးသွားခဲ့၏။

မြန်မာလူမျိုးတစ်ယောက်ဖြစ်လျက်နဲ့၊ ပြီးတော့ ကိုယ့်အရွယ်နဲ့ ဒီစကားမျိုး ရင့်ရင့်သီးသီး ပြောသင့်သလား။ ဒေါ်မိုးသဲ၏မျက်နှာကို ဒေါ်ကြည်ဖြူ အံ့သြသောမျက်ဝန်းများဖြင့် မော့ကြည့်မိသည်။

ဖယောင်းက လရောင်လက်ကို ဆုပ်ကိုင်မိသည်နှင့် ရှေ့ကိုထပ်တိုးလျှောက်လာသည်။

"ဟုတ်ပါတယ် ကျွန်မက အကန်းပါ၊ ဒါပေမယ့် မကန်းတဲ့လူတွေ မဟုတ်တာလုပ်ထားတာကို ဖော်ထုတ်နိုင်တဲ့ နားတွေ၊ လက်တွေ ရှိသေးတယ်၊ 'လူမစွမ်း နတ်မ'ဆိုတဲ့ စကားပုံကို အန်တီမိုး ကြားဖူးမှာပါ။ အခု ကျွန်မ လာတာက ခြံ(.....)ကို ပေါင်နှံထားခြင်းစာချုပ်အရ အတိုးကော အရင်းကော ပြီးတော့ စာရင်းအပြတ်ဖြတ်ပြီး အပိုင်ယူထားပြီးပြီလို့ အန်တီတို့ လိမ်ညာခဲ့တာတွေအားလုံးကို ရှင်းဖို့"

"ညည်း ဘာပြောလိုက်တယ်၊ ပြန်ပြောရဲရင် ပြောလိုက်စမ်း ဖယောင်း"

"ဘာဖြစ်လို့ မပြောရဲရမှာလဲ၊ မေမေက ခြံကို အကြွေးတွေကြောင့် တစ်ခါက်ယူပါလို့ပြောတယ်၊ အန်တီမိုးက ငွေဖြည့်ယူပြီး အကုန်လုံးပေးဖို့ ပြောလို့ ဘာမှမဖြစ်မြောက်ခဲ့ဘဲ မေမေက ဆုံးသွားတာ"

ဖယောင်းက မမြင်ပေမယ့် ဒေါ်မိုးသဲ လက်သီးဆုပ်လျက် အသက်ရှူ





ပြင်းနေတာကို အားလုံး မြင်နေကြရသည်။ ညာက သိမ့် ဆွဲထားသည့် လက်ကို ခါချပစ်ခဲ့ပြီး ရှေ့ကို တစ်လှမ်းချင်းတိုးလာသည်။

ဒီထဲမှာ ဘယ်လိုနေရမှန်းမသိကြသူတွေက ဒေါ်ကြည်ဖြူနှင့် ဒေါက်တာ မင်းသက်ကို ဖြစ်၏။ ပြဿနာမသေးဘူးဆိုတာကို သိပေမယ့် ကွေ့ရှောင်ထွက်သွားဖို့လည်းခက်နေ၏။

"တကယ်တော့ ဖယောင်းက သမီးမိုက်ပါ၊ ကျွန်မ မိုက်မဲတဲ့သမီးမို့လို့ မိဘ ဘာလုပ်သွားတယ်၊ ဘာဖြစ်ကျန်တယ်ဆိုတာကို မသိခဲ့တာ၊ အဲဒါကြောင့် လူဆိုးကို လူကောင်းထင်ပြီး ရက်၊ လများစွာ ကျေးဇူးတင်ကိုးကွယ်နေခဲ့တာ၊ ဖိနှိပ်ရက်စက်နေတာကို ခံခဲ့ရတာ။ အခု အဲဒီ စာချုပ်စာတမ်းတွေ ကျွန်မလက်ထဲရောက်နေပြီ၊ အန်တီမိုးတို့ဆီမှာလဲ ရှိနေမှာပါ။ သဘက်ခါ တရားသူကြီးဦးမြင့်မောင်နဲ့ ကျွန်မတို့ လာမယ်"

"ဦးမြင့်မောင်..."

ဒေါ်မိုးသဲ မျက်နှာပျက်သွားလျက် တီးတိုးရေရွတ်သည်။ ညာနှင့် သားအမိချင်း မျက်လုံးချင်း ဆုံသွားသည်။

"ခြံကိစ္စကိုရှင်းရင်နဲ့ ကျွန်မဆီက မတရားသိမ်းပိုက်ခဲ့တဲ့ စာမူခတွေကိုပါ အတိအကျ ပြန်ကောက်မယ်၊ ဒါဆိုရင် မေမေ ယူခဲ့တဲ့ ကြွေးတိုကြွေးစအတွက် နောက်ထပ် သိပ်ရှင်းရဖို့ မရှိတော့ဘူးထင်တယ်"

"ဪ..ညည်းက ဦးမြင့်မောင် အားကိုးနဲ့လာတာကိုး၊ ဟွန်း... ဒီမှာ မြဖယောင်း စာချုပ်စာတမ်း ဘယ်လိုပဲရှိရှိ ညည်းအမေကို ငါ ချေးငှားခဲ့တုန်းက ငှဲညာစာနာမှုတွေနဲ့ ဒီတိုင်းချပေးခဲ့တာ၊ အခု ဒီခြံကို ငါ လက်ညှိုးထိုးရောင်းခွင့်ရှိတယ်"

ဖယောင်းက မဲ့မဲ့လေးရယ်သည်။ ဒေါ်မိုးသဲရှိရာသို့ မျက်လုံးလေး ဝေ့လျက်...

"တရားဥပဒေမှာ ငဲ့ညာစာနာမှုမရှိဘူးဆိုတာ မသိလို့ ဒီလိုလုပ်ခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင်လဲ အန်တီမိုး ရင်ဘတ်ထုငိုလိုက်တော့လို့ ပြောရမှာပဲ၊ ငွေအမောက်များ!လာတော့ အတိုးပေါ်အတိုးထပ်ဆပ်ပြီး မေမေ့ကို လက်မှတ်ထိုးခိုင်းခဲ့တာတွေကော ရှိတယ်မဟုတ်လား၊ နောက်ဆုံး မေမေ့ကို ညှိမရ လို့ ဒီခြံကြီးကို ဒီငွေ ဒီမျှနဲ့ပေါင်နှံပါတယ်ဆိုတဲ့ စာချုပ်ကော..."

"ဟော့ တိတ်စမ်း၊ အကန်းက အကန်းစကားပြော"

"အန်တီမိုး လူကြီးဖြစ်ပြီးတော့ မမိုက်ရိုင်းပါနဲ့"

လရောင်က အစ်မကိုထိတော့ မခံနိုင်။ ညာက ရှေ့ကို ဆိုးဆိုးဆတ်ဆတ်လျှောက်သွား၏။

"လူပါး၀တဲ့ကောင်၊ နင်က ငါ့အမေကိုများ အော်လား ငေါက်လားနဲ့ ကလေကချေအောက်တန်းစားက ဟွန်း... နင့်အစ်မကို ကန်းလို့ကန်းတယ်ပြောတာ ဘာဖြစ်လဲ၊ ပြောရုံတင်မကဘူး ပါးချွဲရိုက်လို့ရသေးတယ်၊ နင် ငါ့အသားကိုထိပြီး ဆွဲဝံ့ရင်ဆွဲကြည့်"

ညာက ဖယောင်းရှေ့ကို ရောက်သွားကာ လက်ကို လွှဲမြှောက်ပစ်၏။ လရောင် သူ့အစ်မကိုပဲ ကမန်းကတန်းဆွဲ၍ ကာကွယ်ချိန်မရ။

"သဲမြညာ မင်း ရပ်လိုက်ပါ"

ဒေါ်ကြည်ဖြူ ဘယ်လိုမှ မနေနိုင်တော့ပေ၊ သဘောတူခဲ့သည်ဖြစ်စေ မတူဘူးဖြစ်စေ အခုက သားရဲ့ဇနီး ကိုယ့်ချွေးမ။

ဖန်တီးပြုစုရာမလိုဘဲ ဒေါသက ငယ်ထိပ်ထိ ဆောင့်တက်သွားခဲ့၏။ ဒီမိသားစုတွေ ဒီလောက်ထိ ရန်ရင်းကြမ်းတမ်းကြသလား...။

ထိုနေရာကို ဘယ်လိုရောက်သွားခဲ့မှန်းမသိဘဲ လွှဲရက်သားနှင့် ရပ်တန့်နေသည့် ညာ့လက်မောင်းကို ဆွဲလွှဲပုတ်ချပစ်လိုက်၏။

"ပြဿနာရှင်းကြတာ လက်ပါဖို့မလိုပါဘူးကွယ်၊ မင်းတို့ကို သူ ပါးစပ်ကပဲပြောတာမဟုတ်လား"

ဒီလိုဝင်ပါလာမည်ဟု မထင်ခဲ့သဖြင့် ညာတို့အားလုံး တအံ့တသြ





ဖြန်ကြည့်ကြသည်။ ဒေါ်ကြည်ဖြူက နောက်ကို ပြန်လှည့်ကြည့်ကာ...

"မမသဲကိုလဲ ကျွန်မ တောင်းပန်ပါတယ်၊ သူ့ကို ကျွန်မ အသိအမှတ်ပြုထားထား မထားထား သူက ကျွန်မသားရဲ့ဇနီး၊ ကျွန်မကိုတော့ နည်းနည်း အားနာပါ"

ဒေါ်ကြည်ဖြူသည် ရှေ့မှာရပ်ထားသည့် သားစီးနေကျကားကို လှမ်းကြည့်လိုက်၏။ ကားပေါ်မှာ ဒရိုင်ဘာ ပါလာ၏။

"ကောင်လေး မင်းအစ်မကို ပြန်ခေါ်သွား"

ဒေါ်ကြည်ဖြူ့အသံကို ကြားလိုက်ကတည်းက ကိုဦး၏မိခင် ဒီအိမ်ထဲမှာ ရောက်နေသည်ကို သိလိုက်၏။ ရှက်၍ အားငယ်သွားခြင်းကို ခံစားလိုက်ရစဉ် ဒေါ်ကြည်ဖြူက ကိုယ့်ဘက်က ကာကွယ်ပေးလိုက်ပြန်သည်။

"မဖြစ်ဘူး ဒီပြဿနာကို ကျွန်မ အပြီးရှင်းရမယ်၊ ဒီခြံကို သူတို့ ဘာမှလုပ်လို့မရဘူးဆိုတာကို ပြောခဲ့ရမယ်၊ ညာ လက်ထပ်တော့မယ်လို့ ကြားလို့ ဖြည်းဖြည်းဆေးဆေးမှ လာရှင်းဖို့ ဆုံးဖြတ်ပြီးတဲ့ကိစ္စကို ချက်ချင်းကြီးလာရှင်းရတာ ဒီခြံကို ညာ့အတွက် သုံးတော့မှာကိုသိလို့ ပြောကိုပြောရဦးမှာ"

ရင်ထဲမှာ ပြောချင်တာတွေ ဗလောင်ဆူနေခဲ့ပြီး တစ်လုံးမှလည်း ပြောမထွက်တော့ပေ။ လရောင် ခေါ်လာခဲ့တဲ့အတိုင်း ကားပေါ်ပြန်ရောက်တော့ မျက်ရည်တွေကျလာသည်။

ကိုဦးရဲ့မေမေရှေ့မှာမှ လာဖြစ်ခဲ့ရသည်။ အထင်မကြီးနိုင်သည့်သူ့ရှေ့မှာ အထင်မြင်သေးဖွယ်တွေ ထပ်ဖြစ်ခဲ့ရ၏။ ဖယောင်းဘ၀ဟာ ခုချိန်ထိ ဆိုးနေဆဲပါလား။

"လူပါး၀တဲ့ကောင်"

"ကလေကချေ အောက်တန်းစားက..."

ညာ့စကားသံတွေကို ကြားနေမိသည်။ ကိုဦးမေမေ စကားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအင်အားနဲ့ နားထောင်နေခဲ့မလဲ။

သူ့သားယူခဲ့တဲ့ချွေးမက ဒီလို ကလေကချေ အောက်တန်းစား ဆိုတာ...၊ ဖယောင်း မျက်ရည်တွေဖြိုင်ဖြိုင်ကျကာ လရောင်၏လက်မောင်းကို ဖက်၍ ငိုချလိုက်မိသည်။ ဘယ်သူမှ ဂရုမစိုက်ကတတ်တဲ့မာန်တွေ ဘယ်ဆီမှာ အရည်ပျော်ပျောက်ပျက်သွားကုန်ခဲ့သလဲ။

သူမ ကိုဦးကိုချစ်ခဲ့မိပြီ။ ကိုဦးနဲ့ပတ်သက်သမျှကိုလည်း ချစ်ချင်ပါ၏။ သို့သော် ဖြစ်ခဲ့သောအကြောင်းများက ချစ်ခြင်းနှင့် သူမအား အဝေးဆုံးသို့...

♥ ♥ ♥





## အခန်း (၃၁)

ဖုန်းခေါ်တော့ မရ၊ နောက်ထပ် ဆယ်မိနစ်လောက်ခြားပြီး ထပ်ခေါ်တော့လည်း ကိုင်မည့်သူမရှိ၊ သူ စားပွဲမှထကာ အခန်းဘက်ကို ကူးလာခဲ့သည်။

"ဟင်..."

ရှေ့မှာ သူ့ကားကော၊ ဒရိုင်ဘာကော မရှိတော့ပေ။ အခန်းက သော့ချိတ်ထား၏။ ဒါဆို ဖယောင်း ဘယ်ထွက်သွားတာလဲ။ ခေါင်းထဲမှာ ဝူထူသွားခဲ့၏။ ဒီနေ့ လရောင်လည်း ကျောင်းပိတ်သည်။ တစ်နေရာရာကို သွားတာတော့ သေချာပါသည်။

ပိုသေချာတာက အပျော်အပါး အလည်အပတ်သွားကြတာလည်း မဖြစ်နိုင်ပေ။ ဒီလိုသွားစရာရှိလျှင် ဖယောင်း သူ့ကို အသိမပေးဘဲ သွားစရာ မဟုတ်ပေ။

"သံချောင်း"

"ဗျာ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



အဝင်ဝစားပွဲကို ပြန်လျှောက်လာပြီး စက္ကူထုပ်တွေထပ်စီနေသည့် သံချောင်းကို ခေါ်မေးလိုက်မိသည်။

"ငါ အထဲမှာ ဂျာနယ်သမားတွေနဲ့ စကားပြောနေတုန်း လရောင် ဒီဘက်ကို ကူးလာသေးလား"

"ဟင်..."

"ငါ့ကိုတွေ့ချင်လို့ လာကြည့်တာ ဘာညာကွာ"

"မလာဘူး ဆရာ၊ ဒရိုင်ဘာ ဒီနားမှာလာထိုင်နေတာကို လာခေါ်ပြီး မမကို တွဲခေါ်လာတယ်၊ ကားပေါ်တက်ပြီး ထွက်သွားကြတာ"

သူ မသိစေချင်သည့်ပြဿနာတစ်ခုခုလား၊ ဘယ်လိုပြဿနာမို့လို့လဲ၊ စိတ်ပူတာတွေကော၊ စိတ်မကောင်းတာတွေကော ရင်ထဲမှာ စုပြုံများပြားလာသည်။ ထိုစဉ်...

"ဆရာ... ဆရာ"

"သံချောင်း ဆရာ့ကို သွားခေါ်ပေးစမ်းပါ"

"ဟင်..."

အထဲကနေ လှမ်းခေါ်သံကြောင့် သူ ငိုင်နေရာကနေ ဆတ်ခနဲဖြစ်သွားသည်။ ကမန်းကတန်းပြေးထွက်လာသည့် စာရေးမလေးက သူ့ကို မြင်လိုက်တော့ အယ်ခနဲဖြစ်ကာ...

"ဆရာ... ဆရာ ဖုန်း ၊ ဟို... ဆေးရုံက..."

"ဟင်..."

သူ ဖုန်းရှိရာကို ပြေးသွားမိ၏။ မျက်လုံးထဲမှာ ဖယောင်းတိုင်မှောင်နှမကို မြင်ယောင်လိုက်မိသည်။ ဒါမှမဟုတ် မေမေနဲ့ဖေဖေများ တစ်ခုခု...

"ဟလို တိမ်ဦးလေပါခင်ဗျာ"

"ဟုတ်ကဲ့ရှင် လူကြီးမင်းရဲ့ကား အက်ဆီးဒင့်ဖြစ်ပြီး ထိခိုက်ဒဏ်ရာနဲ့ လူနှစ်ဦး ဆေးရုံရောက်နေပါတယ်"





"ဗျာ ဟုတ်ကဲ့ ကျွန်တော် ခုပဲ လာခဲ့ပါ့မယ်"

သူ စာအုပ်သယ်သည့်ကားကြီးပေါ် ပြေးတက်သည်။ ဆေးရုံကို ရောက်တော့ မျက်နှာမှာ ပလာစတာနှစ်ချက်နှင့် လက်တစ်ဖက်မှာ ပတ်တီးနဲ့ကြိုးသိုင်းထားရသည့် ဒရိုင်ဘာက သူ့ကို ဆီးကြိုတောင်းပန်၏။

"ဆရာ ကျွန်တော့်အပြစ်ပါ။ ကျွန်တော်က အစ်မဖယောင်းငိုတာကို လှမ်းကြည့်မိပြီး..."

"ဟာကွာ ဖယ်စမ်းပါ"

စိတ်က အရင်လိုက်ကာ ရှင်းပြနေတာကိုလည်း နားမထောင်နိုင်တော့ပါ။ ဒရိုင်ဘာကို တွန်းဖယ်လိုက်ပြီး အရေးပေါ်သို့ တောက်လျှောက် ပြေးခဲ့မိ၏။

"လူနာရှင် ရောက်ပြီလား"

"ဟုတ်ကဲ့ ရောက်ပါပြီ ကျွန်တော်ပါ"

ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမတွေက သူ့ကိုကြည့်၍...

"မင်းက လူနာနဲ့ ဘာတော်သလဲကွယ့်"

"ကျွန်တော် သူ့ခင်ပွန်းပါခင်ဗျာ"

"အေး ဒဏ်ရာကတော့ အသက်အန္တရာယ် မထိခိုက်နိုင်ဘူး၊ ဒါပေမယ့် သွေးထွက်လွန်နေတော့ အချိန်မီ သွေးမသွင်းနိုင်ရင် ဒုက္ခရောက်နိုင်တယ်၊ သူ့သွေးက AB သွေးဆိုတော့လဲ ရှားတယ်"

"ဟင်..."

ထိုစဉ် လရောင် မျက်နှာပျက်ပျက်နှင့် သူ့ဘေးရောက်လာကာ...

"အစ်ကို ကျွန်တော်က B သွေး"

သူ ဘာလုပ်ရမှန်းမသိတော့ပေ။ သူ့သွေးကလည်း B သွေးပဲ ဖြစ်နေသည်။

"ဟုတ်ကဲ့ ခဏလေးစောင့်ပါ ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖျတ်ခနဲသတိရလိုက်ကာ လက်ကိုင်ဖုန်းကိုထုတ်လိုက်၏။

"ဟလို"

"ဖေဖေ ကျွန်တော်ပါ"

"ဟော သား ခုပဲ မင်းအမေ ပြန်ရောက်တာ၊ ဟိုအိမ်မှာ မင်းမိန်းမ..."

"ဖေဖေ ဖယောင်း ကားအက်ဆီးဒင့်ဖြစ်ပြီး အခု ဆေးရုံရောက်နေတယ်"

"ဟင် ဒါဆို ဟိုအိမ်ကအပြန်မှာဖြစ်တာလား"

ဟိုအိမ်ဆိုတာလည်း သူ တွေးမနေနိုင်။ ဖုန်းထဲမှာ မေမေ့အသံကိုလည်း ကြားနေရ၏။ ဖေဖေ့ကို ဘာတွေမေးနေသည်မသိ။

"သား မိန်းကလေး အခု ဘယ်လိုနေသလဲ"

"သွေးသွင်းရမယ် ဖေဖေ၊ အချိန်မီမသွင်းနိုင်ရင် စိုးရိမ်ရတယ်၊ သူ့သွေးက AB သွေးဖြစ်လို့ ကျွန်တော် အကူအညီတောင်းတာပါ၊ မေမေ့ကို မေးပေးပါ ဖေဖေ၊ အသက်ကယ်တဲ့အနေနဲ့ပဲဖြစ်ဖြစ်..."

"သား မင်းအမေ ကားပေါ်ရောက်နေပြီ တော်ကြာ ရောက်လာလိမ့်မယ်"

♥ ♥ ♥





## အခန်း (၃၂)

ခေါင်းမှာပတ်တီးနှင့် မေးဖျားလေးတွေပါ သိုင်းချည်ထားရသော ဖယောင်းမျက်နှာလေးက သွေးဆုတ်ဖျော့ကျနေတာတောင် လှနေဆဲပဲဖြစ်၏။

မျက်တောင်ဖျားလေးတွေ ပိတ်ယှက်လျက် သတိမရနိုင်သေးတာကို သူ ငုံ့ကြည့်နေရင်း အားမလိုအားမရဖြစ်မိသည်။

တစ်ဖက်ခုတင်ပေါ်မှာ မေမေ...

"မေမေ နေလို့ကောင်းရဲ့လားဟင်"

သူ ဒေါ်ကြည်ဖြူ့ဘေးမှာ ထိုင်၍ လက်ဖဝါးချင်း ဖွဖွလေးထပ်ကိုင်မေးသည်။ တစ်ဖက်မှာ ဖေဖေကလည်းထိုင်လျက် ပြုံးနေသည်။

"မင်းအမေ နေကောင်းပါတယ် သားရယ်၊ မပူနဲ့ ဆရာဝန်တွေက စစ်ဆေးပြီးမှ သွေးယူတာပါ"

"မေမေ နေကောင်းပါတယ်"

ဒေါ်ကြည်ဖြူသည် မာနကြီးလွန်းသည့် သား၏မျက်နှာကို ဝမ်းနည်းဝမ်းသာ ခံစားရသောမျက်ဝန်းများဖြင့် မော့ကြည့်ငေးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"သားရယ်.. သားတို့ကို မေမေ.. မေမေ နားလည်သွားပါပြီ၊ ဆေးရုံကဆင်းရင် အိမ်ကိုပြန်လာခဲ့ကြပါ၊ ဒါမှမဟုတ်ရင်လဲ သားတို့ကိုလက်ဖွဲ့ပါတယ်၊ သားရဲ့တိုက်မှာပဲ ပြန်နေပါကွယ်"

သူ မေမေ့ကို ကြည့်နေမိပေမယ့် ခေါင်းမညိတ်နိုင်ဘဲဖြစ်နေခဲ့သည်။ ဖယောင်း ဒီလိုနေချင်မှာမဟုတ်ဘူးဆိုတာ သူ သိသည်။ ဒေါ်ကြည်ဖြူက လည်း နားလည်နေ၏။

"မေမေ ကွယ်ရာကနေ မဆိုင်သလို ဘယ်လိုပဲနေနေ သားယူထားတဲ့မိန်းမဟာ မေမေ့ချွေးမပဲ၊ သား မြတ်နိုးနေမှန်းသိလျက်နဲ့ မေမေ ဥပေက္ခာမထားခဲ့နိုင်ဘူး၊ သားတို့ကို မေမေ ကြည်ဖြူပါပြီကွယ်၊ မိန်းကလေးမျက်လုံးကုဖို့အတွက်လဲ မေမေတို့ စီစဉ်ပေးမယ်၊ မိန်းမက တစ်ဖက်၊ အလုပ်ကတစ်ဖက်နဲ့ သားလဲ ပင်ပန်းလှပါပြီ"

"ဟုတ်တယ်ကွ၊ နွားကွဲတော့ ကျားဆွဲတယ်တဲ့၊ လူကို နွားနဲ့နှိုင်းရပေမယ့် ဒီစကားပုံက တကယ်ထိတာ၊ ခုပဲကြည့်လေ ဒီချွေးမကို ဒီမိန်းမ မကြည်ဖြူဘူးဆိုပြီး ကိုယ့်ရှေ့မှာ မလေးမစားစော်ကားခဲ့တာ၊ တကယ်တမ်းကျတော့ ကိုယ်လဲ လက်ပိုက်ကြည့်မနေနိုင်ဘူး"

ဦးဘစိုးက ဒေါ်ကြည်ဖြူ ရောက်ရောက်ချင်း ပြန်ပြောခဲ့တာတွေကို တိမ့်ဦးကို ပြောပြ၏။

လရောင်ပြောလို့ သူလည်း သိခဲ့ပြီးပါပြီ။ ဒါပေမယ့် အားလုံး ပြေလည်သွားကြပြီဆိုပြီး သူ ဝမ်းမသာနိုင်။ မေမေက သားကိုချစ်လို့ ချွေးမကို ချစ်ရတာပဲဖြစ်မှာပါ၊ ဒါဆိုရင် မျက်မမြင်တစ်ယောက်ရဲ့ အစစခပ်သိမ်းသောလိုအပ်ချက်တွေမှာ စိတ်ရှည်နိုင်မှာမဟုတ်ပေ။

ထို့ပြင် ကိုယ့်သားက ဒီလောက်တောင် လိုက်လျောသည်းခံနေရသလားဆိုတာတွေလည်း ပါလာနိုင်၏။ ဒါက ကိုယ့်အပေါ် ချစ်ခင်တာဖြစ်ပေမယ့် ဖယောင်းအတွက်ကျတော့ သာယာချမ်းမြေ့ဖွယ်တွေဖြစ်လာ





မို့ မရှိပေ။

အိမ်ဖော်ခေါ် ဖို့တောင်မှ ငြင်းဆန်ခဲ့သည့် ဖယောင်းကကော မေမေ့မျက်စိအောက်မှာ နေရဲပါ့မလား။ ဖြစ်ပေါ်လာသည့်အတွေးတို့က ဖယောင်း မျက်နှာငယ်မှာကိုစိုးနေခြင်းတွေပဲဖြစ်နေခဲ့၏။

သူ မျက်နှာခပ်လွှဲလွှဲနေရင်း ဖယောင်း၏မျက်နှာလေးကို လှမ်းကြည့်နေမိစဉ်...

"လူနာရှင် ဘယ်မှာလဲ"

"ခင်ဗျာ"

ဝင်လာသည့် မျက်လုံးအထူးကု ခွဲစိတ်ပါရဂူကြီး ဒေါက်တာ ဦးငြိမ်းအောင်ကို မြင်လိုက်သဖြင့် တိမ့်ဦး ပျာပျာသလဲ ထရပ်လိုက်မိ၏။

ဒေါက်တာ ကျွန်တော် ဒီမှာပါ

"ဟော အေး လူနာ သတိမရသေးဘူးလား"

ဦးငြိမ်းအောင်က သူ့ကို တစ်ချက်ပဲလှမ်းကြည့်ကာ ဖယောင်း၏ ခုတင်ဘေးကို လျှောက်သွား၏။ သူနာပြုဆရာမလေး ကမ်းပေးသည့် ကော့စ်ကို ဖတ်ကြည့်ပြီး ပြန်ပေး၍...

"တစ်ခါမှ သတိမရသေးဘူးလား"

တိမ့်ဦးက ဘေးမှာသွားရပ်ပြီး ခေါင်းညိတ်လိုက်သည်။ ထိုစဉ် ဆရာဝန်ကြီးနှစ်ယောက်လည်း ထပ်ရောက်လာကြ၏။ ဘေးမှာ ဦးဘစိုးလည်း ရှိနေလေသည်။

ဦးငြိမ်းအောင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဖယောင်းကို ကြည့်၍...

"ကံဆိုး ကံကောင်း နှစ်ခုမှာ တစ်ခုခုတော့ ဖြစ်လာမယ်ထင်တယ်ကွ"

ပြောပြီး တိမ့်ဦးပခုံးကို ဆုပ်ကိုင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးက ဒီလိုအက်ဆီးဒင့်ကြောင့်ပဲ ကွယ်ခဲ့တာဆိုတော့ အခု ဒီအခြေအနေ ထပ်ကြုံလာတာဟာ မျက်လုံးတွေ ပြန်ကောင်းသွားဖို့ ကံကြမ္မာ မျက်နှာသာပေးလာတာလဲ ဖြစ်နိုင်တယ်"

ဝမ်းသာဖွယ်စကားကိုပြောပြီးမှ လေသံက ပြန်လည်၍ အားနည်း ဖျော့ကျသွားကာ...

"ဒီလိုမဟုတ်ဘဲ ဘာမှမထူးခြားဘူးဆိုရင်တော့ တို့ သတ်မှတ်ထားတဲ့ မျက်လုံးခွဲစိတ်ဖို့ရက်ကို အကန့်အသတ်မရှိ ထပ်ဆုတ်ပစ်ရလိမ့်မယ်"

တိမ်ဦးမျက်နှာ မှိုင်းသွားသည်။ အားလုံး၏အကြည့်တွေက သတိမရ သေးသည့် ဖယောင်းမျက်နှာလေးထက်မှာသာ...

ကံကြမ္မာကို ဘယ်သူ သိနိုင်မှာလဲ...

♥ ♥ ♥





## အခန်း (၃၃)

ဖယောင်း၏ မျက်ဝန်းကလေးတွေက ဘေးဘီ ပတ်လည် အားလုံး ကို ဝေ့သွားသည်။ ဘယ်သူ့ဆီ ဘယ်မျက်နှာထက်မှာမှ စူးစိုက်ရပ်တန့် ခြင်းမရှိဘဲ ပက်လက်ကလေးကနေ မျက်တောင်ဖျားလေးတွေ ပြန်၍ စင်းကျသွားခဲ့၏။

ဒေါ်ကြည်ဖြူနှင့်ဦးဘစိုး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့် လိုက်မိကြသည်။

"မောင်လေး... မောင်လေးကောဟင်"

"ဗျာ မမ ကျွန်တော်ရှိတယ်"

လရောင် အနားကပ်သွားပြီး ဖယောင်းလက်ဖဝါးလေးကို ဆုပ်ကိုင် လိုက်သည်။

"မင်း ဘာမှမဖြစ်ဘူးနော်၊ ဘယ်မှာ ဒဏ်ရာရသွားသေးလဲ"

"ဘာဒဏ်ရာမှမရဘူး မမ၊ မမခေါင်းမှာ ဒဏ်ရာရလို့ ဆေးရုံတင် လိုက်ရတာ၊ ဒရိုင်ဘာလဲ ကြီးကြီးကျယ်ကျယ် ဘာမှမဖြစ်ဘူး"

"ကိုဦးကောဟင် သူ မလာဘူးလား၊ မမကို စိတ်ဆိုးနေမှာ"

"ကိုယ် ရှိနေတယ် ဖယောင်း၊ စိတ်ဆိုးစရာမှမဟုတ်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ တိမ်ဦးက ဝင်ထိုင်၍ နဖူးဆံစလေးတွေကို သပ်တင်ပေးလိုက်၏၊ ပတ်တီးဖြူဖြူနှင့် ဆံပင်ရှည်တွေ လုံးထွေးပုံကျနေသည်ကို ကြည့်ကာ သူ စိတ်မကောင်းနိုင်။

မျှော်လင့်ချက်လေးများနှင့် စောင့်ကြည့်နေကြသူတွေလည်း တဖြုတ်ဖြုတ် ပျောက်ကွယ်သွားကြသည်။ ဒေါ်ကြည်ဖြူ နောက်လှည့် ထွက်သွားရင်း ခေါင်းတယမ်းယမ်းရှိကာ..

"သားကို သနားလိုက်တာ ကိုစိုးရယ်"

လင်မယားနှစ်ယောက် အပြင်ဘော်ရစ်ဒါမှာ အတူရပ်လိုက်မိကြသည်။ ဦးဘစိုးက အထဲကို တစ်ချက်လှမ်းကြည့်၍..

"ဘယ်တတ်နိုင်မလဲကွာ၊ မိန်းကလေးလဲ သနားစရာပါ။ ဒါပေမယ့် ဒါ ခွဲစိတ်ရသေးတာမှမဟုတ်တာ၊ မျှော်လင့်ချက်ရှိနိုင်မလားလို့ တို့တွေက ထင်ခဲ့ကြတာပဲမဟုတ်လား၊ မအောင်မြင်သေးတော့လဲ ခွဲစိတ်ဖို့ ကြိုးစားရုံပေါ့"

"ကိုစိုးသားပုံစံကို အကဲခတ်မိရဲ့လား"

"ဘာလဲ"

"သူ့မိန်းမကို ဖြူတို့နဲ့ ထားချင်ပုံမပေါ်ဘူး၊ ဒါမှမဟုတ် ကောင်မလေးက မနေချင်ဘူးလို့ ပြောထားမှုလို့ပဲလား"

"ဒါလဲ ကလေးတွေကို မင်း အထင်မလွဲပါနဲ့ကွာ၊ ဆင်းရဲတဲ့လူလဲ မာနကြီးတတ်တာပဲ၊ ပြီးတော့ သားက သူ့မိန်းမ မျက်နှာငယ်မလားလို့တွေးမိတာ မဆန်းဘူး။ မင်းက သဘောမတူပါဘူးလို့ ခါးခါးသီးသီး ပြောခဲ့ပြီးမှ အခု ပြန်ခေါ်တော့ မချစ်သော်လဲ အောင့်ကာနမ်းဆိုတာမျိုး..."

"ကိုစိုးရယ် ကိုယ့်မိဘအကြောင်းကို မသိစရာလား၊ ဖြူတို့ရဲ့ သဘောစိတ်တွေက ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ဖိနှိပ်စိုးမိုးမယ့်ပုံတွေ ရှိနေလို့လား"





ဦးဘစိုးက ခေါင်းခါလိုက်ပြီး ဘေးကတိုင်ကို လှမ်းကိုင်ထားလိုက်၏။

"ဒါနဲ့ မဆိုင်ဘူးကွ၊ သူ့ဘဝမှာ သူစိမ်းဖက်လာပြီဆိုတဲ့အသိစိတ်က စကားပြောနေတာ၊ ဆိုးတာတစ်ခုက ဒီမိန်းကလေးနဲ့ သဘောမတူနိုင်ခဲ့တဲ့ တို့ဘက်က အပြစ်ပဲ"

ဒေါ်ကြည်ဖြူ လက်ခံသွားသည်လား၊ ပြန်လည်ချေပစရာ စကားစရှာနေတာလားမသိ၊ ဘာမှမပြောဘဲ ငြိမ်သက်သွားခဲ့၏။

"မင်းက မမိုးသဲတို့ဘက်မှာ အလေးသာနေခဲ့တော့ ကိုယ် ဘာမှ မပြောဘဲနေခဲ့တာ၊ တကယ်တော့ ဖယောင်းတို့မောင်နှမလဲ နိမ့်ကျတဲ့မျိုးရိုးထဲကမှမဟုတ်တာကွာ၊ သူတို့လို အခြေအနေမျိုးတော့ တန်းတူရှိခဲ့ကြတာပဲ။ အခု ပြဿနာတွေပေါ် လာတော့ ကြည့်ပါဦး မင်းရဲ့ မမသဲဆိုတာက သူများပစ္စည်းကို မတရားလိုချင်နေတာ၊ တကယ်တမ်း ပြဿနာ ဖြေရှင်းလိုက်တာနဲ့ ဒီခြံကြီးက သူ့ပိုင်ရှင်လက်ထဲ ပြန်ရောက်မှာ၊ ဘယ်မှာလဲ သူတို့ပိုင်ဆိုင်တာ၊ ပွဲရုံလုပ်ငန်းလေး ကချိုကချောက်နဲ့ ဟိုမိန်းမလေးရဲ့ မာနကလဲ သေးသေးကွေးကွေးမဟုတ်ဘူး၊ သားနဲ့ သူတို့အုပ်စု ကွဲသွားတာကိုပဲ ကျေးဇူးတောင်တင်ရဦးမှာ"

"ကိုစိုးရယ် ဖြူ သိပါပြီ၊ အဲဒီအကြောင်းတွေကို မပြောပါနဲ့တော့၊ ကိုယ့်ရဲ့ လူမှုရေးကိစ္စထဲကို သားလေးအလှည့်ကျမှ ဖြေရှင်းနိုင်ပြီဆိုပြီး ဖြူ ရတ်တရက် အမှန်ကို မမြင်ခဲ့တာပါ။ ဒါကို သားလေးနားလည်စေချင်တယ်၊ ဖြူတို့မိသားစုဟာ အစကတည်းက ငွေကြေးဂုဏ်နေကိုချည်းပဲ ရှေးတန်းတင်ခဲ့ကြတာမှမဟုတ်တာ၊ တကယ်တွေးကြည့်တော့ ဒီ မြဖယောင်း ဆိုတဲ့ မိန်းကလေးက မျက်စိမမြင်ဘူးလေ၊ သားအတွက် ပွဲတက်မယား ဖြစ်မလာနိုင်ဘူးဆိုတာပဲ တစ်ယူသန်တွေးနေခဲ့တဲ့အမြင်ကြောင့်ပါ"

"ဒါကတော့ ဒီဒုက္ခပြဿနာကို သူက ကျေကျေနပ်နပ် လက်ခံနေတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုး။ ပွဲတက်မယားဆိုတာကလဲ တွေးကြည့်ရင် ပကာသနတစ်ခုပါပဲ ဖြူရယ်၊ အိမ်ထောင်ရေး တကယ်အဆင်မပြေဖြစ်လာကြပြီဆိုမှ ပွဲတက်မယားနဲ့ တခမ်းတနားကြီးယှဉ်တွဲနေရပြီး ဘာမှ အဓိပ္ပာယ်မရှိတာက ပေါ်လွင်လာတာ ဘာစ်ခုကိုလိုချင်ရင် တစ်ခုကို စတေးရတာပဲ၊ နှစ်ခုစလုံးမရနိုင်တော့ဘူးဆိုရင်တော့ တို့တွေ ဒီလိုပဲ ဖြေရှင်းနိုင်ရမယ်လေ မဟုတ်ဘူးလား၊ ဖယောင်းရဲ့ မျက်လုံးကလဲ ပြန်မကောင်းနိုင်တော့တာမှမဟုတ်ဘဲ၊ တို့သား ဒီလောက် ကံမဆိုးနိုင်ပါဘူး"

ဒေါ်ကြည်ဖြူက ခေါင်းညိတ်သည်။ အထဲကို သူမနေရာကနေ လှမ်းမမြင်နိုင်ဘဲနှင့် လည်ပင်လေးရှည်ကြည့်ကာ..

"သားကို အိမ်မှာလာနေကြဖို့ ကိုစိုးပဲ ပြောပါ၊ ဖြူ့သဘောကိုလဲ နားလည်အောင်ရှင်းပြပေးပါ"

"အေးပါ ကိုယ်ပြောပါ့မယ်"

"သားက ဖြူ့ကို အထင်လွဲနေမှာ"

"ဒီလိုလဲမဟုတ်နိုင်ပါဘူးကွာ၊ သူ့မိန်းမကို သနားနေတာဖြစ်မှာပါ၊ မမှန်ဘူးဆိုတာကို မှားတယ်လို့ မသတ်မှတ်နိုင်သလိုပေါ့၊ ကိုယ် ပြောပါ့မယ်"

ဦးဘစိုးက ဇနီးဖြစ်သူ၏လက်မောင်းကို ခပ်ဖွဖွလှမ်းပုတ်ပြီး နှစ်သိမ့်သည်။ ဒီလိုပဲ မလိုချင်လျှင်ရ၊ လိုချင်လျှင်မရတတ်သည့် သဘာဝအတိုင်း..

❤ ❤ ❤





## အခန်း (၃၄)

"ဘာတွေလုပ်နေပြန်ပြီလဲ ဖယောင်းရာ စားကြီးကိုင်လို့ သွေးထွက်သံယိုတွေဖြစ်ကုန်တော့မှာပဲ ပေး ကိုယ့်ကို"

"ဟာ ရပါတယ် သွားပါ"

သူ လက်လှမ်းလိုက်တော့ ဖယောင်းက လက်ကိုရှောင်ပစ်သည်။ လက်လှမ်းလျက်နှင့် သူ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ဖယောင်းက ပြုံးနေရင်း သံပရာသီးလှီးထားသည့် စဉ်းတီတုံးပေါ်ကို လက်ကလေးတစ်ဖက်နှင့် ပြန်စမ်းကိုင်၍..

"ကိုဦးကို သဘာဝသံပရာရည်စစ်စစ်လေး ဖျော်တိုက်ချင်လို့၊ ကိုဦး ဒီနေ့ ရုံးပိတ်တာ ဆောတယ်နော်၊ ငါးနာရီတောင်မထိုးသေးဘူး"

"ဟင်... ငါးနာရီမထိုးသေးတာ ဖယောင်း ဘယ်လိုလုပ်သိလဲ"

"အဲ... ဟို... ဪ... ကိုဦးကလဲ ဖယောင်းကို မမြင်ရဘူးပြီး အထင်သေးလိုက်တာ၊ ပတ်ဝန်းကျင်ရဲ့ လှုပ်ရှားမှု အပြောင်းအလဲတွေကို နားနဲ့သတ်မှတ်ပြီး သိနေတာပေါ့၊ ခါတိုင်းဆို အလုပ်သမားတွေ ရုံးဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားကြတဲ့အသံတွေကြားရပြီး နာရီဝက်လောက်ကြာမှ ကိုဦး ဒီဘက်ကို ကူးလာတတ်တာဥစ္စာ”

ငါးနာရီထိုးရန် ဆယ့်ငါးမိနစ်လိုနေသေးသော နာရီကြီးဆီ မော့ကြည့်ရင်း အီလည်လည်နဲ့ပဲ ခေါင်းညိတ်လိုက်ရသည်။

“မမရေ…”

“ဟော မောင်လေး ပြန်လာပြီ”

ဖယောင်းက လှည့်ပင်းလေးရှည်ကြည့်၍ပြောသည်။ တိမ်ဦးက နောက်ကိုလှည့်မကြည့်ဘဲ ဖယောင်းမျက်ဝန်းလေးတွေထဲကိုပဲ စိုက်ကြည့်နေ၏။

“မမ ကျွန်တော်… ဟာ အစ်ကို ရှိလား၊ အတော်ပဲ အစ်ကို…”

ခေါ် လိုက်တော့မှ သူ နောက်ကိုလှည့်ကြည့်ပြီး မေးဆတ်ထူးသည်။

“ကျွန်တော် သူငယ်ချင်းတွေနဲ့ စာသွားကျက်မလို့ ကိုးနာရီကျော်ရင် မမျှော်နဲ့တော့နော်၊ မမကို စောင့်ပေးလိုက်ပါဦး”

“ဘာ မောင်လေး”

ဖယောင်းက ခေါင်းကို လက်နောက်ပြန်ချမလိုလုပ်ပြီးမှ ပြန်လှည့်ကြည့်ပြီး စဉ်းတီတုံးပေါ် မှာချသည်။

“ည ပြန်မအိပ်တော့ဘူး ဟုတ်လား”

“ညဉ့်နက်သွားရင် ပြန်မလာတော့ဘူး မမရာ၊ ဘာဖြစ်လို့လဲ ကျွန်တော် ပျော်ပါးလည်ပတ်ဖို့ မဟုတ်ပါဘူး တကယ်စာကြည့်မှာ”

“အို… စာကြည့်တာလဲ ဒီလိုနေစရာလား၊ မင်း ဘယ်တုန်းက ညအိမ် သွားလာခဲ့ဖူးလို့လဲ”

သူ့အစ်ကိုကြည့်ပြီး လရောင်က ရှုံ့မဲ့ခေါင်းကုတ်၏။ ပြီးတော့ တိမ်ဦး ဒီတိုင်းရပ်ကြည့်နေတာကို အကူအညီတောင်းသလို လှည့်၍ မျက်နှာမဲ့ပြကာ…





“ဘယ်တုန်းကမှ ညအိပ်မသွားတာက မမကို စောင့်ရှောက်နေရလို့လေ၊ မမကို ကျွန်တော်ကလွဲပြီး စောင့်ရှောက်မယ့်သူမှမရှိတာ၊ အခု မမမှာ…”

“တော်ပြီ တော်ပြီ ကိုးနာရီမကျော်ခင် ပြန်ရမယ် ဒါပဲ”

“ဟာ မလုပ်ပါနဲ့ မမရာ”

လရောင်က လွယ်အိတ်ကိုဖြုတ်ကာ ညည်းညည်းညူညူနှင့် အခန်းထဲ ဝင်သွားသည်။ ပြီးတော့ လွယ်အိတ်နဲ့ပဲပြန်ထွက်လာ၏။ စာအုပ် ဝင်လဲတာဖြစ်မှာပါ။ တိမ်ဦး လက်ပိုက်လျက် ထိုင်လည်းမထိုင်ဖြစ်ဘဲ တိတ်ဆိတ်စွာ ရပ်ကြည့်နေလိုက်၏။

လရောင်သည် သူ့ကို မျက်စိတစ်ဖက်မှိတ်ပြပြီး သူ့အစ်မကို မေးဆတ်ပြကာ…

“သွားမယ် ဟိုရောက်မှပဲ ရေချိုးပြီး ညစာစားမယ်”

“ဟင် ဘာ…”

ဖယောင်းက လရောင်၏အသံကြားသည့်ဘက်ကို နားစွင့်လှည့်ကာ…

“ညစာပါ ဟိုမှာစားမယ်၊ ခုပဲသွားမှာ ဟုတ်လား”

“ဟုတ်တယ်၊ ဟိုမှာ မောင်မောင်ခရဲ့အမေက လေးယောက်စာ ချက်ပြုတ်ထားမှာ၊ အဲဒီအိမ်မှာ သားအမိနှစ်ယောက်ပဲရှိတာ မမရဲ့၊ ပြီးတော့ သူတို့က သစ်ခွတိုင်တွေရောင်းတာလေ၊ ခြံကြီးတစ်ခြံလုံး အကျယ်ကြီးပဲ၊ ခြံထဲမှာ ပန်းအုပ်ဆောင်းနဲ့ အဆောင်ကလေးရှိတယ်၊ အဲဒီမှာ ညဘက် စာကြည့်ပြီး ဦးနှောက်ဆေးချင်ရင် ဂစ်တာထတီး သီချင်းဆို အရမ်းအေးချမ်းတာ”

“သြော်… သြော်… ကျောင်းလစ်ပြီး အဲဒီမှာ ဘယ်နှစ်ခါလောက် သွားနေပြီးပြီလဲ၊ ရှေ့ကဖုံး နောက်ကပေါ် ပါလား မောင်လေး”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာ မမကလဲ ကျောင်းမှာ နေ့တစ်ဝက်အတန်းချိန်တွေ ဖြုတ်လိုက်တဲ့အခါ လိုက်သွားတာပါ အတန်းလစ်စရာလား၊ သွားပြီနော်၊ နောက်နေ့ညတွေလဲ ဟိုမှာ အိပ်ဖြစ်ဦးမှာ"

"မောင်လေး"

"စာမေးပွဲကကပ်နေပြီ မမကလဲ မမအတွက် အမြဲတမ်း စာနာပေးခဲ့ရတဲ့ ကိုယ့်ရဲ့မောင်လေးကို နည်းနည်းတော့ အလှည့်ပေးဦးမှာပေါ့"

ပြောရင်း ပြေးထွက်သွားသဖြင့် ဖယောင်း ပါးစပ်ပြင်ရင်း ကျန်နေခဲ့လေသည်။

"ဘာဖြစ်လို့လဲ၊ ကိုယ်နဲ့ နှစ်ယောက်တည်း မနေရဲလို့လား"

"ကိုဦးကလဲ ခနဲ့ပြန်ပြီ"

"မဟုတ်ဘူးလေ မင်း ဖြစ်နေပုံက လရောင်ထွက်သွားတာနဲ့ အားကိုးမဲ့ပြီး ကျန်ခဲ့သလိုဖြစ်နေတာ"

"ကိုဦးက ထင်နေတာကိုး"

ဖယောင်း နှုတ်ခမ်းလေးစူသလိုဖြစ်ကာ သံပရာသီးလှီးသည့်ဘက်ကို ပြန်လှည့်၏။ ဓားကို ပြန်ကိုင်သည့်လက်ကလေးဆီ သူ ဖျတ်ခနဲ လှမ်းကြည့်သည်။ ဖယောင်းကတော့ မကြည့်ပါ။

"မောင်လေးကို ညအိပ်ညနေ ဒီလိုသွားတာကို စိတ်မချလို့ ပြောနေတာ၊ ကိုဦးနဲ့ ဘာလို့မနေရဲရမှာလဲ၊ ဟိုဘက်မှာ ကိုဦးက သပ်သပ်နေတဲ့ဟာ"

"တွန်းပို့မနေပါနဲ့ ဒီညတော့ ကိုယ် ဒီမှာပဲအိပ်မှာ"

"ဟင်..."

"လရောင်က မှာသွားလို့လေ"

"အို... ရပါတယ်၊ ဟိုဘက်မှာအိပ်နေလဲ ကပ်နေတာပဲဟာ၊ ဖယောင်း... ဖယောင်း မကြောက်ပါဘူး"





"မကြောက်လဲ စိတ်မချဘူး၊ ကိုယ် ဒီမှာပဲအိပ်မှဖြစ်မယ်"

ပြောပြီး မျက်တောင်လေးတွေ တဖျပ်ဖျပ်ခတ်၍ အကြံအိုက်သလိုဖြစ်သွားသည့် ဖယောင်းမျက်နှာတစောင်းလေးကို စိုက်ကြည့်နေလိုက်သည်။

ဖယောင်းက သံပရာသီးကို နောက်တစ်လုံးယူ၍ အလယ်ကနေ ခြမ်းချလိုက်ရင်း ဒီဘက်ပြန်လှည့်ကာ...

"ကိုဦး ထမင်းစားတော့မလားဟင်"

"မဟုတ်ဘူး ရေချိုးမလို့"

"ဟင်..."

ဖယောင်းကိုယ်လေး မတ်ခနဲဖြစ်သွားသည်။ ခါတိုင်းဆို ဟိုဘက်မှာ ရေချိုးပြီး ထမင်းစားဖို့ ဒီဘက်ကူးလာပြီဆို သူ့ရဲ့ကိုယ်သင်းနံ့က မွှေးလို့ပင်။

"ကိုဦး ရေမချိုးခဲ့ရသေးဘူးပေါ့"

"ဟုတ်တယ်၊ ဒီနေ့ မင်းကိုပဲ ဘာဖြစ်လို့ သတိရနေမှန်းမသိဘူး၊ အလုပ်ကသိမ်းတာနဲ့ ချက်ချင်းကူးလာခဲ့တာ၊ ဘာလဲ မချိုးရဘူးလား"

"မ...မဟုတ်ပါဘူး၊ ဟို ခါတိုင်းတော့ ကိုဦးက ချိုးပြီးမှ လာတာလေ၊ ဒါဆို သံပရာရည်သောက်ပြီးမှချိုးနော်၊ ပြီးမှသောက်ရင် ထမင်းနဲ့နီးနေမှာစိုးလို့"

"နေပါစေ ဆိုမှကွာ၊ လက်ကို ဓားထိလိမ့်မယ်"

"ရပါတယ် ဖယောင်း လုပ်နိုင်တယ်"

သူ ဖယောင်းကို စူးစိုက်ကြည့်ရင်း စိတ်ထဲမှာ တစ်စုံတစ်ရာကို ခံစားနေမိ၏။ ဒီနေ့ကျမှ ဖယောင်းက ပန်းနုရောင်လေးနှင့် ပိုလှနေသည်။ ခါတိုင်းကို ခါတိုင်းလိုပဲ နောက်မှာ လက်ကိုင်ပဝါအဖြူလေးနဲ့ စည်းထားတာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကလည်း ဘာမှထူးခြားပြင်ဆင်ထားတာမရှိ ဒါပေမယ့် ပိုလှနေတာကော့ သေချာ၏။

ဖယောင်းက သကြားပုလင်းလေးကိုဖွင့်နေရင်း သူ ငြိမ်သက်နေသည့် ဘက်ကို လှည့်လာ၏။

"ကိုဦး ထိုင်လေ၊ ဝင်လာကတည်းက မတ်တတ်ကြီး"

"မင်းနားမှာ နေချင်လို့"

ပါးပြင်ပေါ်သနှစ်ဖက် နီသွား၏။ မျက်နှာလေး ပြန်လွှဲပစ်တာကို ကြည့်ကာ သူ မချင့်မရဲနှင့် ဖယောင်းလက်မောင်းလေးတစ်ဖက်ကို ဖျတ်ခနဲ ဆွဲယူလိုက်၏။

"အား"

"ခွမ်း"

ကိုင်ထားသည့် သကြားပုလင်းကော၊ သံပရာရည်ဖန်ခွက်လေးကော တိုက်ခတ်မိပြီး လွတ်ကျကွဲသွားလေသည်။

"ကိုဦး ဘာလုပ်တာလဲ ကွဲကုန်ပြီ"

"ဘာကွဲကွဲကွာ"

"အမေ့..."

တိမ်ဦးက ဖန်ကွဲစတွေနားကနေ ဖယောင်းတစ်ကိုယ်လုံးကို ဆွေ့ခနဲ ပွေ့ယူလိုက်၏။ ပြီးတော့ ဒီဘက် စားပွဲခုံပေါ်မှာ ထိုင်လျက်လေးချပေး လိုက်ကာ...

"ဘာမှမသောက်ချင်ဘူး အဲဒီလို ငြိမ်ငြိမ်လေးထိုင်နေပေးရင် ရပြီ"

စားပွဲပေါ်မှာတင်ထားတာမို့ ဖယောင်းက သူ့မျက်နှာထက်မှာ နည်း နည်းလေးမြင့်နေ၏။

ခါးလေးကနေ သိမ်းဖက်ပစ်လိုက်သဖြင့် ဖယောင်း၏ ရွှေလည်တိုင် ဝင်းဝင်းလေးက သူ့မျက်နှာရှေ့မှာ။





"ကိုဦး"

"ဟင်"

"လွှတ်ပါ။ အဲလိုကြီး ဖယောင်း မနေတတ်ဘူး"

အကျီလွှတ်နေသည့် ရင်ဘတ်နုနုတွင် သူ့နှုတ်ခမ်းက လေငွေ့ငွေ့တို့ ထိခတ်နေသည်မှာ ဖယောင်းတစ်ကိုယ်လုံးမှာ ပုရွက်ဆိတ်တွေ အုံဖျက် ပြီး ပြေးလွှားသွားနေကြတာနှင့် တူနေ၏။

တိမ်ဦးက မလွှတ်ဘဲ သူ့လက်နှစ်ဖက်ကို ဖယောင်း၏ခါးလေး နောက်မှာ ထပ်ဆုပ်ထားလိုက်၏။

"ဘယ်လိုဖြစ်ပြီး တွန့်လိမ်နေတာလဲ၊ ကိုယ့်ကို မယုံဘူးလား"

"ကိုဦးကလဲ မဆိုင်ဘဲနဲ့"

"ဘာမဆိုင်တာလဲ၊ မင်းကို ကိုယ်က ဘာတွေ ကျူးလွန်နေလို့လဲ၊ နမ်းတာလေးတောင် မကြည်ဖြူချင်ဘူးလား"

"ဖယောင်း ရှက်တယ်"

"ရှက်ရင် မျက်လုံးမှိတ်ထားလို့ ကိုယ်ကပြောမှာ၊ မြင်ရဘူးဆိုပေမယ့် အဲဒီမျက်လုံးလေးတွေ ဝင်းလက်နေတာကိုက ရှက်တတ်နေတာ၊ အဲဒီ တော့ မှိတ်ထားလိုက်"

"အို... ဟင့်အင်း"

လည်တိုင်လေးဆီမှာ နွေးခနဲဖြစ်သွားတော့ ဖယောင်း အကြောက် အကန်ရုန်း၏။

"ကိုဦးရယ် ဒီလို နှစ်ယောက်တည်းရှိနေတဲ့ ညအခါမှာ ဒီထက် လက်ပွန်းတတီး ရှိနေကြရင် မှားကုန်ကြမှာပေါ့။ အဲဒါကြောင့်ပါ နော် လွှတ်ပါ"

"မှားသွားရင်ကော ဘာဖြစ်လဲ၊ မင်းနဲ့ကိုယ်က လူမသိအောင် ခိုးပြီး ချိန်းတွေနေကြတဲ့ ရည်းစားတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဖယောင်း ကတိတောင်းထားတယ်လေ၊ ဒီလိုဘဝနဲ့တော့..."

"အဲဒါ ကိုယ် သည်းခံခဲ့တာပဲ၊ အခု မင်းလုပ်လို့ ခေါင်းမှာ ဒဏ်ရာရတယ်၊ မျက်လုံးခွဲစိတ်ရဖို့ အချိန်လဲ ထပ်ဆုတ်သွားခဲ့တယ်၊ ကဲ ပြော ဘယ်လောက်ထိ ထပ်စောင့်ရမှာလဲ"

နှောက်ထပ် ပါးပြင်လေးကို ဖျတ်ခနဲ နမ်းလိုက်သဖြင့် ဖယောင်း လန့်သွားကာ...

"ဖယောင်း တမင်တကာလုပ်နေတာမှမဟုတ်ဘာ၊ ဟင့်အင်း တောင်းပန်ပါတယ် ကိုဦး ပေးထားတဲ့ကတိကိုတည်ပါ"

"မတည်ချင်တော့ဘူး"

"ကိုဦး အို..."

တမ်းတလွမ်းမောသော အနမ်းတို့က ဘယ်လိုရှောင်ဖယ်တိမ်းနေလို့မှ မလွတ်နိုင်။ ဖယောင်း တစ်ကိုယ်လုံး ထိုင်နေတာနှင့်မတူဘဲ တစ်စုံတစ်ခုပေါ်ကနေ ခြေလွတ်လက်လွတ် ပြုတ်ကျသွားနေသလို ထိတ်လန့်ချောက်ချားကာ ကူကယ်ရာကို တွယ်မိလိုက်တော့ သူ့ကိုပဲ ပြန်ဖက်ထားမိသလိုကြီးဖြစ်နေ၏။

"ချစ်လားဟင်"

"ဟင့်အင်း ဟင့်အင်း"

တစ်ကိုယ်လုံးက နတ်ပူးသလို တုန်ယင်နေသည်။ ငိုတာလည်း မဟုတ်ဘဲ မျက်ရည်တွေက ဘယ်လိုဆင်းကျလာမှန်းမသိ။ တိမ်ဦးက အတင်းအကျပ်ဖက်ထားတာကို ဖြေလွှတ်ရင်း မျက်နှာလေးကိုကြည့်သည်။

"ကိုယ် တမင်ပြောတာပါ ဖယောင်းရယ်၊ မင်းကို ဒီထက်ပိုမယ်လို့ စိတ်ကူးထဲမှာ လုံးဝ မရှိဘူး၊ ဘာလို့ ဒီလောက်ကြောက်နေတာလဲ"





ဖယောင်းက မျက်ရည်ကို လက်ခုံလေးနှင့်သုတ်သည်။ ချစ်ဖို့လည်းကောင်းသည်၊ မြတ်နိုးစရာလေးဖြစ်သွားသည်မို့ မျက်ရည်သုတ်လိုက်သည့် လက်ဖဝါးလေးကို ဆွဲယူပြီး ဖျစ်ညှစ်လိုက်မိသည်။

ထိုလက်ကိုလည်း ဖယောင်းက အလန့်တကြားရုန်း၏။

"ဒီထက်ပိုတယ်ဆိုတာ ဘာကိုပြောတာလဲ၊ ဖယောင်းကို အဲဒီလိုကြီးနမ်းတာ ဖယောင်း ရှက်တယ်"

ပြောပြီး ဖယောင်းက နှုတ်ခမ်းလေးကို ဖိပိတ်ပစ်သည်။ လက်ခုံလေးနဲ့ကပ်တွယ်ထားပြီးမှ...

"ကိုဦးက ကိုဦး အဲဒီလို..."

"ဒါကတော့ မင်း သက်သက်တွန့်တိုတာ၊ ကိုယ် မြတ်နိုးလို့ ပွေ့ဖက်ထားတဲ့မိန်းမကို နဖူးလေးပဲနမ်းပါ့မယ်၊ ပါးလေးပဲနမ်းပါ့မယ်လို့ ကတိတွေထပ်ပေးရဦးမှာလား"

"ဒါကတော့..."

"မရဘူး၊ နမ်းတာကိုမှ တဏှာရူးလို့ပြောချင်ရင်လဲ ဟုတ်တယ် အဲဒီလိုကောင်ပဲ၊ မင်း တကယ်ရက်စက်တယ်"

"ကိုဦး"

"မင်း ကိုယ့်ကိုချစ်တယ်ဆိုတာ တကယ်ဟုတ်ရဲ့လား"

"ကိုဦးရယ်"

"မကျူးလွန်ပါနဲ့၊ မစော်ကားပါနဲ့ဆိုတာ ကိုယ် လက်ခံတယ်၊ မင်းဘက်က ခံစားချက်ကိုလဲ ကိုယ် စာနာပေးလို့ရတယ်၊ ချစ်လို့နမ်းတာ အပြစ်လား၊ ကိုယ့်မိန်းမကို ဘယ်လိုနမ်းနမ်း ကိုယ့်မှာ အပြစ်ရှိနေလား"

တိမ်ဦး ဒေါသဖြစ်နေတာကို ငေးငေးလေးကြည့်နေပြီးမှ ဖယောင်း ရှိုက်ငိုလေသည်။ ထိုအခါ ဒေါသတွေကို သက်ပြင်းနဲ့မှုတ်ထုတ်ပစ်ပြီး ချော့ရသူက သူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းနဲ့ သူ့ကြားမှာ စည်းခြားနေတာဟာ ဒီမျက်လုံးပြဿနာပဲလား။ ကြာတော့လည်း ဒါကြောင့်မဟုတ်ဘူးဆိုသည့်အဖြေက ထွက်လာ၏။ အိမ်ထောင်ပြုလိုက်ရခြင်း၏ တကယ့်သဘာဝအဖြစ်ကိုပဲ ဖယောင်းက ကြောက်ရွံ့နေတာနှင့်တူနေသည်။

ဖျတ်ခနဲ နွေးခနဲ နမ်းလိုက်မိရင် ရှက်သွားတတ်တာလေးပဲရှိသည်။ အတင်းပွေ့ပိုက်နမ်းလိုက်မိလျှင် သူမ ငိုပါပြီ။

မင်း သိပ်ချစ်စရာကောင်းနေတာကို ဂရုမစိုက်မိအောင် ကိုယ် ဘယ်လိုနေရမလဲ၊ ဒါမှမဟုတ် မင်း တကယ် မချစ်တတ်သေးတာလား။

သင်ပေးရဦးမှာလား ဖယောင်းရယ်...





## အခန်း (၃၅)

ဆရာဝန်ကြီးအခန်းထဲကနေ အတူတူထွက်လာခဲ့ရင်း မျက်နှာညိုနေသည့်တိမ်ဦးကို လရောင်က မသိမသာ အကဲခတ်သည်။ မမကို မျက်လုံးခွဲစိတ်ဖို့ကိစ္စအတွက် ခွဲစိတ်ပါရဂူနှင့် လာပြခြင်းဖြစ်၏။

မောင်နှမနှစ်យောက်ကို ကားပေါ် တင်ပေးခဲ့ပြီးမှ ပြန်ဝင်သွားသဖြင့် လရောင်က သိချင်လို့ ထပ်လိုက်သွားတာဖြစ်သည်။

'ခွဲစိတ်ဖို့မသင့်သေးဘူး'လို့ ပါရဂူက ပြောလိုက်သဖြင့် တိမ်ဦး မျက်နှာမကောင်း။

"လရောင်"

"ဗျာ"

ကားကိုလှမ်းမြင်ရလောက်သည့်နေရာကျမှ ခြေလှမ်းတုံ့ပစ်လိုက်သဖြင့် အတွေးလွန်နေသည့် လရောင် ဆတ်ခနဲဖြစ်သွား၏။

တိမ်ဦးက စင်္ကြံလမ်းကလေးကန်ရံမှာ ပခုံးစောင်းနှင့်ခပ်နွဲ့နွဲ့ မှီလိုက်ပြီး ဘောင်းဘီခါးစပ်မှာ လက်မနှင့် တစ်ဖက်ချိတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ပါရဂူကြီးက တစ်မျိုးပဲလို့ မင်း မထင်ဘူးလား"

"အစ်ကိုက ဘာကိုပြောတာလဲ"

တိမ်ဦးက တစ်ခုခုကို လေးနက်စွာ စဉ်းစားရင်း...

"ကားအက်ဆီဒင့်ဖြစ်လို့ မျက်လုံးကွယ်ခဲ့တယ်ဆိုပေမယ့် ဖယောင်းရဲ့မျက်လုံးတွေက အပြင်စမ်းသပ်ချက်အရ ဘယ်လိုမှ အပြစ်အနာအဆာ မရှိဘူးလို့ ပြောတယ်၊ အခု ခေါင်းကဒဏ်ရာလဲ ပျောက်နေရက်နဲ့ ခွဲစိတ်ဖို့ရက်ကို သတ်မှတ်မပေးနိုင်ဘူးလေ"

"သူပြေ သလို အာရုံကြောထိခိုက်မှုတွေ ဆက်ဖြစ်မှာစိုးလို့ဆိုတာ သဘာဝကျပါတယ် အစ်ကို၊ အစ်ကိုက ဘယ်လိုထင်လို့လဲ"

"သူ တစ်ခုခုကိုများ ပြောရခက်နေသလားလို့၊ အဲဒါကြောင့် ကိုယ် တစ်ခေါက်ပြန်ဝင်သွားပြီးမေးတာ၊ သူ လူနာကိုင်တဲ့တာဆိုရင် ကိုယ် တစ်ယောက်တည်း ပြန်ဝင်သွားတာကို ဆွေးနွေးလို့ရတာပဲ၊ ဒါပေမယ့် မပြောဘူး"

တိမ်ဦး မျက်နှာမကောင်းတာကို လရောင် သဘောပေါက်သွား၏။

"အစ်ကိုက မမမျက်လုံးတွေ ပြန်မကောင်းနိုင်တော့တာကို ပါရဂူကြီးက ပြောရခက်နေတယ်ထင်လို့လား"

"အဲဒီလိုမထင်ရဲဘူး၊ ဒါပေမယ့်..."

"တွေးပူနေတာမဟုတ်လား"

တိမ်ဦး ဘာမှမပြောနိုင်။ ပါရဂူကြီး၏မျက်နှာပေါ် ကစာကို သူ ဖတ်မိသလောက်ဆိုလျှင် ဖြစ်နိုင်ချေက ဒါပဲရှိတော့သည်။

"မဟုတ်နိုင်ပါဘူး အစ်ကိုရာ၊ ဆရာဝန်ဆိုတာ လူနာကိုမသိစေချင်တာ ရှိရင်ရှိမယ်၊ လူနာရှင်နဲ့တော့ အဆိုးအကောင်း ဆွေးနွေးပြောပြရမှာပဲမဟုတ်ဘူးလား၊ လူနာအကြောင်း သူသိနေတာကို မျိုသိပ်ထားတော့ ဘာထူးမှာမို့လို့လဲ"





"ဒါက ဒါပေမယ့် သူကိုယ်တိုင် မသေချာသေးတာကို ကြိတ်ပြီး အဖြေရှာချင်ရှာမှာပေါ့၊ ဖယောင်းကို ကိုယ် သနားတယ်"

လရောင် ငိုင်သွားမိသည်။ မမကတော့ ခုတစ်လောကျမှ ပို၍ပင် ရွှင်မြူးတက်ကြွနေပါသေးသည်။ တိမ်ဦးကျတော့ အလုပ်တစ်ဖက်နှင့် မမအတွက်လည်း မနားရ။

သူတို့ အိမ်ပြန်ရောက်လာကြတော့ ဒေါ်ကြည်ဖြူတို့ကားနှင့် ရှေ့ဆင့်နောက်ဆင့်ပဲဖြစ်သည်။ ဒေါ်ကြည်ဖြူက ကားပေါ် ကဆင်းလိုက်ကာမှ တိမ်ဦးတို့ကားနောက်မှာ ထိုးရပ်သွားတာကို မြင်လိုက်ပြီး...

"သြော်... ကြည့်စမ်း သားတို့က အပြင်ထွက်သွားကြတာကိုး၊ မေမေတို့ ဒီထက်စောပြီးရောက်လာရင် လှည့်ပြန်ရမယ်ထင်တယ်"

ပြောရင်းလျှောက်လာပြီး တိမ်ဦးကိုယ်တိုင် တံခါးဖွင့်၍ လက်ဆွဲခေါ်ထုတ်လိုက်သည့် ဖယောင်းကို ခြေဆုံးခေါင်းဆုံးကြည့်သည်။

ဗေဒါရောင် ရင်စေ့လက်ရှည် အင်္ကျီခါးတိုက လည်ပင်းဆီကပ်နေကာ ထဘီရိုးရိုးပဲ ဝတ်ထားတာပေမယ့် ဖယောင်းကိုယ်လုံးလေးက တင်းပြည့်ကြော့ရှင်းနေ၏။

တကူးတက လှအောင်မဟုတ်ဘဲ ဆံပင်တွေကို နောက်မှာ အော်တိုမစ်တစ်ကလစ်နှင့် ဒီတိုင်းညှပ်ချထားတာလေးက ယဉ်သည်။

ထူခဲရှည်လျားသည့်ဆံပင်တွေက လှုပ်ရှားလိုက်တိုင်း ပေါင်လယ်လောက်မှာ လွှဲနွဲ့နေ၏။ ဒီမိန်းကလေးကို 'ဒါ မြဖယောင်း'ပဲဟု စပြီး မြင်လိုက်တုန်းကလည်း သူမ ငေးခဲ့ဖူးသည်။

နောက်ထပ်တွေ့တော့လည်း မျက်လုံးတွေမမြင်မရဘဲ ရဲရင့်ပြတ်သားနေတာတွေကို အံ့သြရင်း ငေးနေမိခဲ့တာ ဒီပုံစံလေးကိုပဲဖြစ်၏။ တကယ့်တော်ဝင်သည့်အလှမျိုးပါ။

ခုလည်း မျက်လုံးတွေလွှဲဖို့မေ့နေလေသည်။ ဦးဘစိုးကတော့ သား

www.burmeseclassic.com



ဖြစ်သူနှင့် မိန်းကလေးကို ငေးကြည့်ပြီး နှုတ်ခမ်းတို့မှာ ပြုံးယောင်သမ်းနေခဲ့၏။

"မေမေနဲ့ဖေဖေ ရောက်နေတယ်ဆို ဖုန်းဆက်လိုက်ရင် ဘယ်မှာရောက်နေနေ ကျွန်တော် ချက်ချင်းပြန်လာမှာပေါ့၊ လာ ဖေဖေ"

ဓနီးသည်ကို ကားပေါ်ကနေဆွဲခေါ်ရင်း ဒီဘက်လှည့်လာပြီးမှ စကားပြောနိုင်သည့်သားကို ဒေါ်ကြည်ဖြူက ပြုံးပြသည်။ အိမ်ပေါ်ကို အတူတူတက်ခဲ့ကြတော့ ဒေါ်ကြည်ဖြူက တစ်ခန်းလုံးကို ငေးကြည့်၏။ ပြီးမှ ထိုင်ချလိုက်၍...

"သားတို့ ဆေးရုံက ပြန်လာတာမဟုတ်လား"

"ဟုတ်ကဲ့ မေမေ၊ မျက်လုံးခွဲဖို့ကိစ္စအတွက် သွားတာ"

"သိတယ်၊ အဲဒါကိုပဲ ပြောချင်လို့"

"အန်တီ ခဏလေးနော်၊ ဖယောင်း အဝတ်အစားလဲပြီးရင် စားစရာလုပ်ခဲ့မယ်"

အားလုံး ထိုင်ကြတော့ ဖယောင်းက မထိုင်ဘဲ ခွင့်တောင်း၏။

"မဟုတ်တာ သမီးရယ်၊ အကျီတွေသွားလဲသွား။ လွှတ်လွှတ်လပ်လပ်နေ ဘာမှလဲမလုပ်နဲ့ ခဏနေပြီး မေမေတို့ ပြန်မှာ"

မေမေဆိုတော့ ရင်ထဲမှာနွေးသွား၏။

ဟိုတစ်ချိန်က တိုက်ကြီးပေါ်မှာ 'သားနောင်ရေးအတွက် အိမ်ပေါ်က ဆင်းပေးပါ' ဟု ပြောခဲ့သော ကိုဦးမေမေဆိုတာ ယုံနိုင်စရာပင်မရှိပေ။

လေသံကလည်း ညာလို့င်းပြောသည့် ပလီတီတာသံတွေမဟုတ်တာကို သိပါသည်။ ဒါပေမယ့် ဖယောင်း ကိုယ့်အဖြစ်ကို မယုံနိုင်ပါ။

"ဖယောင်းရယ် မင်းကို မေမေ တကယ်လက်ခံခဲ့တာပါ။ သူ့သွေးကိုတောင် မင်းအတွက် ပေးခဲ့တာ"

ဆေးရုံမှာတုန်းက ကိုဦးလည်း ပြောခဲ့သည်။ ယုံပေမယ့် သွေးပေးခဲ့





တာက သားဖြစ်တဲ့သူ မျှာယာခတ်နေတာကို မကြည့်ရက်လို့ မဖြစ်နိုင်ဘူးလား။

ဖယောင်း ထိုမျှအထိ ကံကောင်းနိုင်မည်မထင်ပါ။ အခု ကိုယ့်ရှေ့ထိ ရောက်လာတဲ့ အကြင်နာစကားတွေကိုလည်း ခံစားမိနေလျက်နှင့် မယုံရဲပေ။

"မမ အဝတ်အစား သွားလဲလေ၊ ကျွန်တော် လက်ဖက်ရည်နဲ့မုန့်လုပ်ပေးမယ်နော် လာ"

လရောင်က အလိုက်သိသည်။ ဖယောင်းကို တွဲခေါ်သွားပြီး သူလည်း မီးဖိုခန်းထဲဝင်၏။ ဦးဘစိုးက လရောင်ကိုကြည့်၍...

"ဒီသူငယ်လေးလဲ တော်ရှာသားပဲ၊ သူ့အစ်မကိုလဲ စောင့်ရှောက်တယ်၊ ပညာလဲ ကြိုးစားတယ်"

ဟုပြောကာ ခေါင်းညိတ်နေသည်။

"သားကို ဖေဖေတို့ အဲဒါပြောချင်တာ၊ မိန်းကလေးကို မျက်လုံးခွဲစိဖို့ မင်းအမေကလဲ ဟိုဘက်မှာ ပါရဂူတွေနဲ့ ပြောဆိုထားပြီးပြီ၊ ပြောပုံအရဆိုရင် အခြေအနေက အများကြီးကွာနိုင်တယ်ကွ၊ ဘာဖြစ်လို့လဲဆိုတော့ ဟင်းချက်တာချင်းအတူတူတောင်မှ လက်ရာချင်းကွာတယ်မဟုတ်လား၊ သားတို့ ဖေဖေတို့ဆီကို ပြောင်းခဲ့ကြ၊ ဆေးကုဖို့အတွက် မင်းက လုံးပန်းဖို့မလိုတော့ဘူးပေါ့"

"ဟုတ်ကဲ့ပါ"

'ဘယ်နေ့ပြောင်းလာကြမလဲ' ဟု မေးတာကိုတော့ သူ သေချာမဖြေခဲ့ဘဲ ဖယောင်း ပြန်ထွက်မလာတာကိုပဲ သတိထားမိနေသည်။

မေမေတို့ကတော့ အကြိမ်ကြိမ်အခါခါ ခေါ်နေပါပြီ၊ ဖယောင်း လိုက်ချင်ပါ့မလား။ ဒီမှာ ဖယောင်းတို့နေရတာ မပြည့်စုံပေမယ့် ဟိုမှာထက်လျှင် မောင်နှမနှစ်ယောက် အနေကျွံ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က စိတ်ချချင်လို့ စီစဉ်သည့်ထားဦး ဖယောင်း စိတ်ဆင်းရဲနေလျှင် သူလည်း ချမ်းသာနိုင်မှာမဟုတ်။ မေမေတို့ ပြန်သွားတော့ သူ ဖယောင်းအခန်းထဲကို ဝင်ခဲ့၏။

ဖယောင်းသည် မှန်တင်ခုံရှေ့မှာ ငုတ်တုတ်လေးထိုင်နေလျက် မှန်ထဲမှာ သူ့အရိပ်ပေါ်လာတော့ မျက်ဝန်းလေးတွေက သူ့မျက်နှာဆီသို့ ပင့်တက်ကြည့်၏။

မှန်ထဲမှာ အကြည့်ချင်းဆုံလိုက်မိတာ ဖျတ်ခနဲပဲဖြစ်ကာ မျက်ဝန်းတို့က ဘေးရှောင်သွား၏။ အမှတ်တမဲ့ဝင်လိုက်မိသည့် တိမ်ဦး၏ခြေလှမ်းတို့က တစ်လှမ်းချင်းနှေးကျသွားသည်။ မှန်ထဲမှာ ဟိုဒီရွှေ့လျားကာ နားစွင့်နေပုံရသည့် မျက်ဝန်းအစုံအား စူးစိုက်ကြည့်ရင်း ရှေ့တိုးလာခဲ့၏။

သူမ၏နောက်မှာ ရပ်လိုက်ကာမှ...

"ကိုဦးလားဟင်"

သူ မဖြေပါ။ နှုတ်ခမ်းတင်းတင်းစေ့၍ နောက်ထပ်ပင့်တက်လာမည့် မျက်ဝန်းတို့၏အကြည့်ကို စောင့်နေလိုက်သည်။

ဖယောင်းက နားစွင့်နေရင်း မှန်တင်ခုံရှေ့ကနေ မတ်တတ်ရပ်လိုက်၏။ ခါတိုင်းဆို သူ အခန်းထဲဝင်လာတာနှင့် မျက်နှာလေး ဖျတ်ခနဲ လှည့်လာတတ်သည်။ တစ်ဆက်တည်းမှာပဲ 'ကိုဦးလားဟင်'ဆိုသည့် မေးခွန်းလေး ကပ်ပါလာတတ်တာ။

"ကိုယ် တိတ်တိတ်လေးဝင်လာတာတောင် မင်း သိနေတယ်နော်"

လို့ သူ မေးခဲ့ဖူး၏။

"သိတာပေါ့။ ကိုဦးရဲ့ကိုယ်နံ့ကို ဖယောင်းက စွဲနေတဲ့ဟာ၊ မျက်လုံးမမြင်တော့ အကြားအာရုံက ပိုကောင်းတယ်၊ အနံ့အသက်တစ်ခုခုကို အာရုံခံရတာ ပိုလွယ်တယ်၊ ကိုဦးနဲ့ဖယောင်း မရင်းနှီးခင်ကတည်းက ကိုဦး သုံးတဲ့ရေမွှေးနံ့ကို ဖယောင်းက သိနေတာ"





"မကြိုက်ဘူးလား"

"ကြိုက်တယ်"

"လှကိုကျော့"

"သွား"

ဖယောင်းထံမှ ချစ်ခြင်းကို မရရှိသေးမီကတည်းက သူ ဘယ်မှာရောက်နေနေ အနားမှာရှိနေတာနှင့် သိသည်ဟု ပြောခဲ့ဖူးသူ။

ခုတော့ နောက်မှာရပ်နေတာတောင် သူမက မသေချာသလိုလို...၊

"ကိုဦး"

မတ်တတ်ရပ်လိုက်ပြီးမှ မသက်သာသလိုလေးခေါ်ကာ ဒီဘက်ကို လှည့်၏။ သို့သော် သူ ဖယောင်း၏ကိုယ်လေးကို နောက်ကနေ သိမ်းကျုံးဖက်ထားလိုက်မိလျက်...

"ဟုတ်တယ် ကိုယ်ပါ"

"ကိုဦး"

"မင်း... မင်း မျက်လုံးတွေမြင်နေရတယ်လို့ ကိုယ် ထင်တယ်၊ မင်း ကိုယ့်ကို သက်သက်များ ညာနေတာလား ဖယောင်းရယ်"

"ပြောရက်လိုက်တာ ကိုဦးရယ်၊ ကိုဦး အဲဒီလိုထင်နေတယ် ဟုတ်လား"

"ဟုတ်တယ် တကယ်ထင်နေတာ၊ မင်း မြင်နေရတယ်မဟုတ်လားဟင်"

"မဟုတ်တာတွေစွပ်စွဲပြီး ပြဿနာရှာနေတာလား ကိုဦး၊ ဖယ်ပေးပါ"

ဖယောင်း အတင်းဖြုတ်ချနေတာကို သူ မလွှတ်ဘဲ တင်းသထက်တင်းအောင်ဖက်သည်။ မျက်ဝန်းတို့ကို ဖိမှိတ်ထားလိုက်ကာ ပါးချင်းပွတ်ကပ်တိုက်၍နမ်း၏။ ပြီးတော့ ကုပ်သားလေးကိုနမ်းရင်း...

"မင်း ကိုယ့်ကို ဒီလိုသာ ရင်နာအောင်လုပ်ရက်ခဲ့ရင် မင်းကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်သွင်မှာမဟုတ်ဘူး"

ဖယောင်း မျက်နှာပျက်သွား၏။

ရှန်းဖယ်နေခဲ့သည့်လက်တို့က သူ ဖက်ထားသည့်လက်ပေါ်မှာ ထပ်ဆုပ်ထားလျက်နှင့် ရပ်တန့်ငြိမ်သက်သွားခဲ့သည်။ အရိုင်းဆန်ဆန်အနမ်းရိုင်းများနှင့် တိမ်ဦးကတော့ မကြည့်ပါ။

ကြေကွဲသုံ့စဉ်များကို ရှုတ်ဆိုရင်း စွပ်စွဲနေသည်က ဖယောင်း မျက်လုံးမြင်နေပြီပဲ...

♥ ♥ ♥





## အခန်း (၃၆)

ညဘက်ဆို ပြန်မအိပ်ခဲ့တာ ငါးရက်ရှိပြီမို့ လရောင်ကို ဖယောင်း ဆူမနေတော့ပါ။ စာမေးပွဲ မပြီးမချင်းတော့ ဒီလိုပဲနေပါရစေဟု ခွင့်တောင်းထားသောကြောင့်လည်း ခွင့်ပြုလိုက်တာမဟုတ်ဘဲ မတားခဲ့တော့တာဖြစ်သည်။

"ကိုဦး"

"ဟင် ဖယောင်း ဘာဖြစ်လို့လဲ"

"ကိုဦး ဘာဖြစ်လို့ မလာသေးတာလဲဟင် မောင်လေးတောင် ထွက်သွားပြီ"

ဖုန်းဆက်မေးရသည်အထိ တိမ်ဦးက ပေါ်မလာတာပါ။ ခါတိုင်းဆို ဒီအချိန်ထိ ဘယ်တော့မှမနေဘဲ ခုတော့ မိုးချုပ်လို့ ခုနစ်နာရီတောင်ခွဲနေပြီဖြစ်၏။

"ဖယောင်း"

"ဟင်"

"ကိုယ် တိုက်ထဲမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ကိုယ် ညနေကတည်းကထွက်လာခဲ့တာ အချိန်မီပြန်ရောက်မယ် ထင်လို့လေ၊ အခု ပြန်လာနေပြီ နောက် ဆယ်မိနစ်လောက်ပဲ၊ ဆောရီးကွာ မင်း ကြောက်နေလားဟင်"

"မကြောက်ပါဘူး၊ ရေခဲသေတ္တာလဲ မီးမလာဘူး၊ ပြီးတော့ ဒီအချိန်ထိ ကိုဦး မနေဘူးတော့ ဟိုတွေး ဒီတွေးနဲ့..."

"ဘာတွေတွေးနေတာလဲ၊ ကိုယ်မလာတာကို ခုမှ ဖုန်းဆက်တာလား"

"ဟင့်အင်း နှစ်ခါရှိပြီ၊ ကိုဦးလဲ ဖုန်းပိတ်ထားတယ်မဟုတ်လား"

"ဟုတ်တယ်၊ နာရေးသတင်း သွားမေးတာလေ၊ တခြားဖုန်းတွေ ဝင်လာမှာစိုးလို့ပါ၊ အဲဒါလဲ တောင်းပန်တယ်ကွာ၊ လာနေပြီ အခု သိလား"

ဖုန်းချလိုက်ပြီးတော့ တကယ်ပဲ ဆယ်မိနစ်လောက်အကြာမှာ ကိုဦး ရောက်လာခဲ့၏။ ဖယောင်းက တံခါးဝနားမှာ ရပ်စောင့်နေတာမို့ တိမ်ဦး က ပခုံးလေးကိုဖက်လိုက်ကာ...

"ဆောရီး ကိုယ် မိုးချုပ်လိမ့်မယ်လို့မထင်ဘူး၊ ထမင်း စားပြီးပြီလား"

"မစားရသေးဘူး၊ မောင်လေးကိုကျတော့ ကျွေးလိုက်တယ်လေ၊ ဖယောင်းက ကိုဦးနဲ့ အတူတူစားမလို့ စောင့်နေတာ"

နှစ်ယောက်အတူတူ အထဲဝင်လာကြရင်း တိမ်ဦးက ကားသော့ကို ရှီးကေ့စ်ပေါ် လှမ်းတင်လိုက်ပြီး...

"ကိုယ် ရေချိုးလိုက်ဦးမယ်"

"ဟင်..."

ဖယောင်း အသံလေးကြောင့် သူက ဖျတ်ခနဲလှည့်ကြည့်ကာ...

"မဖြစ်ဘူးလား"

"မဟုတ်ဘူး ကိုဦးရဲ့၊ ကိုဦးရဲ့ ပုဆိုးအကျီတွေ ဖယောင်း မီးပူမတိုက်





ရသေးဘူး"

"ဟင် မင်းကို ဒါတွေလုပ်ထားလိုက်လို့ ဘယ်သူခိုင်းလို့လဲ၊ နေဦး အခုနောက်ပိုင်းမှာ မင်းပဲ ထမင်းဟင်းတွေချက်တာဆို"

ဖယောင်း မျက်နှာလေးငုံ့လိုက်ပြီး ခေါင်းညိတ်သည်။ ဖားလျားဖြန့်ချထားသည့်ဆံပင်တွေက ပခုံးစွန်းကျော်လွန်ကာ မျက်နှာလေးကို ပုံးညှပ်ကွယ်ပစ်လိုက်သလိုဖြစ်သွား၏။

"ဟုတ်လား ဖယောင်း၊ ဘာဖြစ်လို့လုပ်နေတာလဲ မင်းက လူကောင်း မှမဟုတ်တာ၊ လရောင် ချက်ပြုတ်နေတာဆိုရို့ ကြည့်နေတာက သူ့ကို ခိုင်းချင်လို့လဲမဟုတ်ဘူး၊ ဒီလို သူ ဝင်ချက်နေတော့ မောင်နှမနှစ်ယောက် ပိုပြီး အဖော်ရမယ်လို့ တွက်မိလို့၊ ယောကျ်ားလေးဆိုတာ အလုပ်မရှိရင် လူငယ်ပီပီ အပြင်မှာ အချိန်များလာမှာ၊ ကိုယ် အဲဒါတွေကြောင့် မင်းတို့ မောင်နှမ ဘယ်လိုနေနေ သဘောကျထားခဲ့တာပါ၊ မင်း ဘာမှဝင်မလုပ်ပါနဲ့"

ဖယောင်း မျက်နှာလေးမော့လာသည်။ မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တွေ လဲ့နေပေမယ့် နှုတ်ခမ်းသားလေးတွေ ပြုံးနေခဲ့၏။

"ကိုဦး ဂရုစိုက်တာကို ဖယောင်း ကျေးဇူးတင်ပါတယ်"

"ကွတ်"

တိမ်ဦး မျက်နှာရှုံ့မဲ့သွားသည်။ သူ ချစ်နေသမျှ ပြန်ရလိုက်တာ ဒါပဲ လား။

"အဲဒီကျေးဇူးတွေနဲ့ ကိုယ် ဘာလုပ်ရမှာလဲ"

"ဖယောင်းပြောတာကိုလဲ နားထောင်ပါဦး၊ ဖယောင်းတို့မောင်နှမ ကို ကိုဦးကပဲ တောက်လျှောက် ကြည့်ရှုစောင့်ရှောက်ခဲ့တာ"

"မင်းကို ကိုယ် လက်ထပ်ထားတာလေ၊ မင်းက ကိုယ့်မိန်းမမို့လို့ စောင့်ရှောက်တာ သိပ်ထူးဆန်းနေသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဖယောင်းဆီက ကိုဦး ဘာမှ မရခဲ့ဘာ"

"အဲဒါကိုတော့ မင်း သိနေသားပဲ ဖယောင်း"

သူ ဖယောင်း ပခုံးလေးနှစ်ဖက်ကို ရှေ့ကိုဆွဲယူလိုက်၏။ ပုလဲရောင် ဘလောက်အင်္ကျီပါးပါးလေးနှင့် မီးရောင်အောက်မှာ ပါးပြင်လေးနှစ်ဖက်က ဝင်းနှစ်ဖြူနုနေသည်။

အသားရောင်ထက်ပို၍ရင့်နေသည့်နှုတ်ခမ်းလေးတွေကို စိုက်ကြည့်ပြီး သူ မျက်ဝန်းတို့ကို တိမ်းဖယ်လိုက်ရသည်။

"ကိုယ်ကတော့ မင်းဘက်က ဝတ္တရားမကျေရတာကို မင်း စိတ်မကောင်းဖြစ်နေတယ်လို့မထင်ဘူး"

ခဏရပ်၍ ဖယောင်းမျက်ဝန်းလေးတွေကို ပြန်စိုက်ကြည့်သည်။

"ဘယ်လိုထင်သလဲဟင် ပြောလေ ကိုဦး"

"မပြောတော့ဘူး၊ မင်းရင်ထဲက တစ်စုံတစ်ရာကို ကိုယ် သိနေတယ်၊ ဘာဖြစ်နိုင်သလဲဆိုတာတော့ မင်းကိုယ်မင်း သိမှာပေါ့"

"ဖယောင်း မျက်လုံးမြင်နေရတယ်လို့ ကိုဦး ထင်လို့လား၊ အဲဒါကို ကိုဦး မကျေနပ်ဖြစ်နေတာလား"

တိမ်ဦး၏ ဟုတ်တယ်၊ မဟုတ်ဘူး ဘာမှ ဝေခွဲမရ၊ ဝန်မခံခဲ့သော မျက်ဝန်းတို့က ဖယောင်းကို အကြာကြီးကြည့်နေသည်။ ပြီးမှ ခေါင်းခါ၍...

"ကိုယ် ယေဘုယျကတည်းက သူများကိုဝေဖန်တာ ဝါသနာမပါဘူး၊ ပြောရရင် သူများကို စိတ်မဝင်စားတတ်တာဘဲ၊ ကိုယ်ဖြစ်ချင်တာကို ဖြစ်ခွင့်ရဖို့ကြိုးစားတယ်၊ မျှော်သိပ်တယ်၊ လူတစ်ယောက်အတွက် အရေးကြီးဆုံးဟာ မိမိစိတ်ကို အေးချမ်းစေနိုင်ဖို့ပဲ၊ ကိုယ့်အတွက်ကို ဘာမှမဖြစ်ဘဲ သူများကို ကူချင်တွဲချင်နေတာ အပိုပဲလေ၊ ပုထုဇဉ်လူသားတစ်ယောက်ရဲ့ ပါရမီရင့်သန်မှုဟာ စာနာတတ်ဖို့ပဲလို့ မြင်တယ်၊ ကိုယ်ကျိုးစွန့်ပြီး





ကူညီတဲ့အထိတော့ ကိုယ် မမြင့်မြတ်ဘူးထင်တယ်၊ ဒါပေမယ့် လူလူချင်းအပေါ်မှာ တတ်နိုင်သမျှ ကိုယ် ကူညီတယ်၊ စာနာပေးတယ်၊ ကိုယ့်ရှေ့မှာ လက်လှမ်းမီသမျှ ဘာမဆို ဖြေရှင်းခဲ့တာတွေရှိတယ်၊ ဒီထဲမှာ ကိုယ်က စပြီး သူများကို စိတ်ဝင်စားတာ လှေလာတာ မင်းတို့မောင်နှမ ပထမဆုံးပဲ။ စပ်စု ဝေဖန် သုံးသပ်ခြင်းတွေအားလုံးပဲ ကိုယ် လုပ်ခဲ့တယ်"

တိမ်ဦးလက်တွေက ဖယောင်းပခုံးလေးတွေပေါ်ကနေ ဖြည်းလေးစွာ လျှောကျသွား၏။

"ဒါပေမယ့် အားလုံးထဲမှာ မင်းရဲ့ရင်ထဲက သယံဇာတတွေကိုတော့ ကိုယ် မဝေဖန်ချင်ဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ်က ကြည်ဖြူနေမှာပါ။ အစကတည်းက ကိုယ်က စချစ်ခဲ့ရတာလေ"

"ဖယောင်းက..."

"ကိုယ် ရေချိုးလိုက်ဦးမယ်"

တိမ်ဦးမျက်နှာက ဖယောင်း၏မျက်ဝန်းလေးတွေမှာပဲ စူးနစ်နေသည်။ စေ့ပိတ်နေသည့် နှုတ်ခမ်းလွှာလေးကိုကြည့်ပြီး တစ်ဖက်လှည့်ထွက်သွားခဲ့၏။

မပြောနဲ့တော့ ဖယောင်း။ မင်းပြောမှာတွေမှာ ကိုယ်ကြားချင်တဲ့စကား မပါနိုင်ဘူးဆိုတာ ကိုယ် ကြိုသိနေတယ်... ရှင်ပြီ။

သူ ကျောခိုင်းလိုက်ပြီးမှ ခပ်စောင်းစောင်းပြန်လှည့်၍...

"မေမေတို့ဆီမှာ ပြောင်းနေကြဖို့ကော ကိုယ်ပြောထားတာ မင်းစဉ်းစားပြီးပြီလား"

"အဲဒါ..."

"ကိုယ်ကလဲ နိုလုံ့စေချင်လွန်းလို့တော့မဟုတ်ပါဘူး။ ဒါပေမယ့် မိဘက ခဏခဏခေါ်နေတာလေ၊ အိမ်ထိတောင် လာခေါ်နေတော့ မကောင်းတော့ဘူးထင်လို့ပါ။ ဘာပဲဖြစ်ဖြစ် သွားနေလိုက်ပြီးမှ မင်း အဆင်မပြေ



www.burmeseclassic.com

www.burmeseclassic.com



ရင်...”

“အဆင်မပြေစရာတော့မရှိပါဘူး၊ ဒါပေမယ့် ဟိုမှာဆိုရင် တိုက်ကြီးထဲမှာ ကျင့်သားမရတာနဲ့ တော်တော်နဲ့ နေလို့ထိုင်လို့ရမှာမဟုတ်ဘူး၊ ကိုယ်က မကူညီနိုင်ဘဲနဲ့ ထပ်ပြီး ဒုက္ခပေးမိသလိုဖြစ်မှာစိုးတာ၊ မျက်လုံးခွဲပြီးတဲ့အထိတော့ စောင့်ပါဦး ကိုဦးရယ် နော်”

တိမ်ဦးက ဘာသာမဲ့သော ဆွေးမြည့်ခြင်းများဖြင့် ပြုံးလိုက်သည်။ ဖယောင်း၏ ဒဏ္ဍာရီဆန်သော အလှအပများကို ဝေ့ဝဲကြည့်လိုက်ပြီး ကျောခိုင်းထွက်ခဲ့သည်။

ရေချိုးခန်းထဲဝင်လာခဲ့သည့်အချိန်တွင် သူ့လှုပ်ရှားမှုက သွက်လက်နေ၏။ နောက်ဆုံး ကိုယ်မှာ မွေးပွတာဘက်ပတ်ထားလိုက်ပြီး ငြိမ်သက်စွာရပ်၍ နားစွင့်နေခဲ့၏။

သိပ်မကြာလိုက်ပါ။

“ကိုဦး... ကိုဦး ရေချိုးခန်းထဲတန်းဝင်သွားတာမဟုတ်လား၊ ရေလဲပုဆိုး ပါရဲ့လားဟင်”

“အဲဒါ မေ့သွားတယ်ကွာ၊ မင်း ယူလာခဲ့ပါ”

ဖယောင်းက တိမ်ဦး၏ ပုဆိုးတစ်ထည်ကိုယူကာ ရေချိုးခန်းရှေ့မှာရပ်၍ တံခါးခေါက်လိုက်၏။ ထိုစဉ် တံခါးက ဖျတ်ခနဲပွင့်သွား၏။ ဖယောင်း၏ မျက်ဝန်းတွေ ဝိုင်းစက်ပြူးကျယ်သွားကာ...

“အား...”

မျက်လုံးတွေကို ဖျတ်ခနဲမှိတ်ပစ်လိုက်ကာ ချာခနဲ ကျောခိုင်းပစ်လိုက်၏။ ရှက်လွန်းသဖြင့် အသားတွေ ဆတ်ဆတ်တုန်လျက် ရတ်တရက်မှောင်အတိကျသွားသလိုပင်။

ထိုနေရာမှ ပြေးထွက်သွားလိုက်ဖို့ သတိရပြီး ခြေလှမ်းပြင်လိုက်သည်နှင့် သူမ၏လက်မောင်းကို ဆတ်ခနဲဆောင့်ဆွဲခြင်း ခံလိုက်ရ၏။





တစ်ကိုယ်လုံးသည် ရေချိုးခန်းထဲသို့ ယိမ်းထိုးပါသွားခဲ့ပြီး တံခါးပိတ်လိုက်သံက ကြမ်းသည်။

“ဘာဖြစ်သွားတာလဲ ဖယောင်း၊ ကိုယ် ရေမှမချိုးရသေးတာ ပိုးစိုးပက်စက် ဘာဖြစ်နေလို့လဲ”

“ကိုဦး... ကိုဦး... ဟို... ဖယောင်း...”

“ဘာလဲ ဘာမှမမြင်ပါဘူးလို့ ညာဦးမလို့လား၊ မင်း ညာနေတာကို ကိုယ် မဖော်ချင်ပါဘူး၊ ဒါပေမယ့် ဒီရင်ဘတ်ထဲမှာ မီးတွေလောင်နေလို့”

တိမ်ဦးက ဖယောင်းကိုယ်လေးကို ဆောင့်လွှတ်လိုက်ပြီး နဖူးပေါ်ဖရိုဖရဲပြို့ဆင်းလာသည့်ဆံပင်တွေကို လက်နဲ့ ဆတ်ခနဲပစ်သည်။

ပြီးတော့ ခါးထောက်၏။

“တောက်”

“ကိုဦး”

“မလိုတော့ဘူး မင်း ဘာမှမပြောနဲ့တော့”

ဒေါသထန်နေသည့် လှုပ်ရှားမှုတွေက လေတိုက်သွားသလိုမြန်နေသည်။ ကိုယ်ပေါ်မှာ အားလုံး ပြန်လည်ဝတ်ဆင်ပြီးသည်နှင့် သူ့ရှေ့ကိုလှမ်းလိုက်တော့ ဖယောင်းက တံခါးကို ကျောနဲ့ကပ်၍ ကာထားလျက်...

“ဖယောင်း ရှင်းပြပါရစေ၊ တကယ်တော့ ဖယောင်း ညာခဲ့တာက လေ...”

“မင်း ကိုယ့်ကို လက်မခံနိုင်လို့ဘဲလေ ဒါ မင်း ရှင်းဖို့မလိုတော့ဘူး၊ မင်းရဲ့အမြင်မှာ ကိုယ်က မိန်းမတစ်ယောက်နားကို ကပ်ခွင့်ရဖို့ မောကြီးပန်းကြီးကြိုးစားနေတဲ့ တဏှာရူးတစ်ယောက်”

“မဟုတ်ဘူး”

“ရှက်တတ်ရင် လဲသေလိုက်လို့ရတယ်၊ မင်းအပေါ်မှာ ကိုယ်ချစ်ခဲ့သနားခဲ့ရတဲ့ ကရုဏာတွေ၊ ခွဲနေရတာကို စိတ်မချဖြစ်ခဲ့တာတွေ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို မင်း တစ်လျှောက်လုံး စေတနာလို့ မြင်ခဲ့တာမှမဟုတ်ဘဲ”

“အဲဒါ ကိုဦး အထင်လွဲနေတာပါ”

“ဘာ… ဘာပြောတယ် ဖယောင်း၊ မင်းက ကိုယ့်ကို အထင်လွဲနေတယ်လို့ ပြောသေးတယ်”

ထိန်းချုပ်နေရသည့်စိတ်တို့က ရုန်းကြွလာကြသည်။ ပခုံးနှစ်ဖက်ကို ဆောင့်ခါပြီး လှပည့်ရှိသောမျက်ဝန်းအစုံကို စိုက်ကြည့်မိတိုင်း ရင်ထဲက ဖျစ်ဖျစ်မြည်နေသည်။

ပြုံးကျဖျက်စီးလုလု မြည်သံပေးနေတာဟာ အချစ် ကရုဏာ စေတနာများနှင့် အုံဖွဲ့တည်ဆောက်ခဲ့သော အနာဂတ်ဗိမာန်ကြီးလား။

“မင်း… မင်း ခုနကပဲ မျက်လုံးခွဲစိတ်ပြီးတဲ့အထိ စောင့်ပါဆိုတဲ့စကား ပြောနေတုန်း မင်းမျက်လုံးမြင်နေပြီမဟုတ်လားလို့ မေးခဲ့တာကိုလဲ မင်းပဲ ခေါင်းခါခဲ့တာ မင်း ညာရက်တယ်၊ မင်း ရက်စက်လွန်းတယ် ဖယောင်း။ အဲဒီရက်စက်မှုထဲမှာ ငါ့ဂုဏ်သိက္ခာ၊ ငါ့ရဲ့မာန၊ ငါ့မိဘအသိုင်းအဝိုင်းတွေအားလုံး အစုလိုက် အပြုံလိုက် မှောပါကုန်တာ၊ အထုပ်အထည်နဲ့ အလိမ်ခံလိုက်ရတာ”

သူပြောသမျှ ခေါင်းခါရင်းနှင့်ပဲ ဖယောင်း ရှိုက်ငိုသည်။ ဘာစကားတစ်ခွန်းမှ မပြောနိုင်တော့ဘဲ လက်ကာလိုက်၊ လက်လှမ်းလိုက်နှင့်…။

တိမ်ဦးက ထိုလက်တို့ကို ပုတ်ထုတ်ပစ်၏။ ခါးထောက်၍ စေ့စေ့ကြည့်ပြောသည်။

“မင်းရဲ့စာမူခတွေအားလုံး ငါ ဘဏ်မှာထည့်ပေးထားတယ်၊ ဟိုအပတ်တုန်းက ဘဏ်ထဲမှာ ငွေ ဘယ်လောက်ရှိနေပြီလဲလို့ မင်းမေးတာကိုလဲ ငါ သဘောပေါက်ပြီ”

“ကိုဦးပြောနေတာတွေ မဟုတ်ဘူးနော်၊ ဖယောင်း…”

“မင်းပါးစပ်ကိုပိတ်ပြီး ရှေ့ကဖယ်လိုက် ဖယောင်း၊ ဒါတွေအားလုံးကို





ကိုယ့်အပြစ်နဲ့ကိုယ်လို့ပဲ သတ်မှတ်ပြီး ငါ မေ့ပစ်လိုက်မယ်၊ တကယ်လဲ မှန်ပါတယ်၊ ဒီနေ့ထိ မင်းဘက်က ဘာတစ်ခုမှ လိုလိုချင်ချင်မရှိဘဲ ကိုယ်ကပဲ ဖွတ်ပေး၊ ဖွတ်ခေါ်ခဲ့တာကိုး”

“ကိုဦးရယ် အဲဒီစကားတွေနဲ့ ဖယောင်းကို မနှိပ်စက်ပါနဲ့၊ ကိုဦးကို ဖယောင်း တကယ်ချစ်ခဲ့တာ၊ ခုလို ကိုဦးအပေါ်မှာ…”

သူ ခေါင်းခါပစ်လိုက်တော့ ဖယောင်း နှုတ်ခမ်းလေးကိုက်၍ ရှိုက်လေသည်။

“မယုံဘူး၊ အဲဒါတွေ ဘာမှလဲ မလိုတော့ဘူး၊ ဟောဒီ ‘တိမ်ဦးစာပေ’ တစ်ခုလုံးကို မင်းနာမည်နဲ့ ကိုယ် လွှဲထားပြီးပြီ”

“ဟင်…”

“အဲဒါ မင်းရဲ့ မျက်လုံးတွေမြင်နေရသလားလို့ ကိုယ် သံသယဝင်ခဲ့တဲ့နေ့က စပြီး စီစဉ်ခဲ့တာ၊ ပါရဂူကြီးကိုယ်တိုင် သူ့ရဲ့ပညာပေါ်မှာ ပြန်ပြီး သုံးသပ်မရနိုင်အောင် စိတ်ရှုပ်ထွေးနေခဲ့တာတွေ၊ မင်း ပြောင်းလဲနေတာတွေအားလုံးဟာ တကယ်တော့ မပိရိဘူး ဖယောင်း၊ ဆက်စပ်ကြည့်လိုက်တော့ အသိသာကြီး။ ရင်နာခြင်းဆိုတာ စေတနာစော်ကားခံရတဲ့သူတွေမှ ခံစားတတ်တာထင်တယ်၊ ဒါမှမဟုတ်ရင် ချစ်တဲ့သူက ရက်စက်သွားခြင်းခံရတဲ့သူတွေအတွက်လား။ ကိုယ်ကတော့ အဲဒီဒဏ်ရာကိုပဲ ဆုပ်ကိုင်သွားမှာ၊ ဘာဖြစ်လို့လဲဆိုတော့…”

သူ ဖယောင်းလက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင်၍ တံခါးရှေ့ကနေ ဆွဲဖယ်လိုက်သည်။

“မင်းကို မလွမ်းတတ်အောင်လို့”

“ကျွမ်း”

“ကိုဦး”

ဖယောင်း တံခါးကို ဆွဲဖွင့်ပြီး အတင်းပြေးဝင်လိုက်သည်။ တိမ်ဦးသည်



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကျဲများနှင့် ကားပေါ်ရောက်သွားသည်အထိ တစ်ချက်မှ ပြန်မကြည့်ခဲ့ဘဲ...

"မင်းက ကိုယ့်ဇနီးပဲ ဖယောင်း စာပေလုပ်ငန်းကိုကော၊ ဒီနေရာကိုပါ မင်း စိတ်သန့်သန့်နဲ့ လက်ခံပေးပါ၊ ကိုယ်ပေးသမျှကို ဒါလေးတစ်ခုပဲ မင်း လက်ခံပေးမယ်ဆိုရင် ကျေးဇူးတင်တယ်"

ကားက ပြိုင်ကားတစ်စီးလို ရှောခနဲပြေးထွက်သွားလေသည်။

ဖယောင်း၏မျက်ရည်တွေသည် လက်ညှိုးထိုးမှဲ့ရှဲ့ မည့်သူမရှိတော့လေမှ ပို၍အားကောင်းလာကြသည်။

ပြောပါ ကို၊ ဖယောင်း မှားပါတယ်၊ ဒီထက်ကို ပြောသွားသင့်ပါတယ်၊ ဒါပေမယ့် ကို့ကို ဖယောင်း မချစ်လို့မဟုတ်ဘူး...

♥ ♥ ♥





## အခန်း (၃၇)

"အစ်ကို ကျွန်တော် လရောင်ပါ"

"လရောင်"

"ဟုတ်ကဲ့ အစ်ကို ကျွန်တော် တောင်းပန်ချင်ပါတယ်၊ ဖုန်းမချပစ်လိုက်နဲ့နော်၊ အခု မမက..."

"ဆောရီး"

သူ ဖုန်းကို စူးခနဲတစ်ချက်ကြည့်ပြီး ပိတ်ထားလိုက်၏။ ဦးဘစိုး မနေနိုင်တော့ဘဲ နေရာမှထလာကာ...

"သား မင်း အဲဒီလို မလုပ်သင့်ဘူးလေ"

"လုပ်သင့်လို့လုပ်လိုက်တာတွေကော ဘာများ အဆင်ပြေခဲ့လို့လဲ ဖေဖေ"

ပြော၍ သူ ဆိုဖာမှာထိုင်နေသည့် မိခင်ဖြစ်သူကိုပါ လှမ်းကြည့်ကာ...

"လုပ်ခဲ့တုန်းက ကျွန်တော့်စိတ်ကြိုက် ကိုယ်တိုင်ဖန်တီးခဲ့တာပါ၊ ခုလဲ ဆိုးဆိုးကောင်းကောင်း ကျွန်တော်ပဲခံပါ့မယ်၊ ဖေဖေနဲ့မေမေ ဒီကိစ္စအတွက် ဘာမှ ခေါင်းထဲမထည့်ကြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကို ဘောင်းဘီအိတ်ထဲထည့်၍ သူ လှည့်ထွက်လိုက်၏။

"သား..."

ဒေါ်ကြည်ဖြူက လှမ်းခေါ်ပြီး နေရာမှ ထရပ်၏။

"မင်းပြောတာမှန်တယ် မေမေကိုယ်တိုင်လဲ သဘောတူခဲ့တာမဟုတ်ဘူး၊ သားကသာ တကယ်ပြတ်သားလို့ပြောနေတာဆိုရင် ဘာမှ ထပ်တိုက်တွန်းနေမှာမဟုတ်ဘူး။ သားက ကိုယ့်ကိုယ်ကိုညာနေတာ၊ နှိပ်စက်နေတာ၊ အိမ်ပြန်ရောက်လာပြီး ညလုံးပေါက် အိပ်ပျော်သွားတဲ့ည ဘယ်နှစ်ညရှိလဲ၊ မင်း ဘာတွေဖြစ်နေသလဲ မေမေတို့က မသိဘူးလို့ မင်း ထင်နေသလား သား"

"ဒါကတော့ ကျွန်တော် သူ့ကို မေ့လွယ်ပျောက်လွယ်လောက်အောင် ပေါ့ပေါ့လေးချစ်ခဲ့တာမှမဟုတ်တာ မေမေ"

တိမ်ဦးက ဒေါ်ကြည်ဖြူဘက် ပြန်လှည့်၏။

"ဆူးစူး၍ ဘာတောင်မှ အဆိပ်တက်ရင် နောက်နေ့ထိ နာနေခဲ့သေးတာ၊ ကျွန်တော် ဒီလောက်တော့ ရှိမှာပေါ့"

"အမယ်လေး သားက ဒီဝေဒနာကို ဆူးစူးတာနဲ့ ဥပမာပြုတယ်ဟုတ်လား၊ သေစေနိုင်တဲ့အဆိပ်သင့်မြားစိုက်သွားရင်တောင်မှ နာကျင်တာပဲ မင်း ခံမြော၊ လောင်ကျွမ်းပျောက်ကျသွားလောက်အောင် ပူမှာမဟုတ်ဘူး။ လောကမှာ သေတာထက်ဆိုးတဲ့ ဝေဒနာတွေ အများကြီးရှိသေးတယ် နားလည်ရဲ့လား၊ တစ်ဖက်က တောင်းပန်နေပြီပဲ၊ ရှင်းပြမယ်ဆိုတာလဲ မင်း နားထောင်သင့်တာပဲ၊ ဒီမိန်းကလေးသာ သားနဲ့အထိုက်တန်ဆုံး၊ ကျက်သရေရှိတယ်၊ တင့်တယ်တယ်၊ ဘယ်မိန်းကလေးတွေထဲမှာပဲ ရောနှောနေနေ ထင်းနေအောင်လှတဲ့ တော်ဝင်မိန်းမမျိုး။ မေမေ အဲဒီလို နားလည်လာခဲ့တဲ့အချိန်ကျတော့ သားက ဒီလိုဖြစ်လာတယ်၊ မျက်လုံး မမြင်ခဲ့စဉ်က အမျိုးမျိုး နားလည်သည်းခံလာပြီး ခုကျမှ ခါးခါးသီးသီး





ဖြစ်နေရတာ မေမေတို့ ဘယ်လိုနားလည်ရမှာလဲ"

"ဟုတ်တယ် သား၊ ဖေါ့သားပြောသလို သူက မင်းကို စေတနာစော်ကားတယ်၊ လက်မခံနိုင်လို့ ညာခဲ့တယ်ဆိုရင်တောင်မှ မင်း အခု လွတ်လပ်ခွင့်ပေးပြီး ထွက်လာခဲ့ပြီပဲ သူ ထွက်သွားရုံပဲမဟုတ်ဘူးလား၊ တစ်ယူမသန်စမ်းပါနဲ့ သားရယ်၊ မျက်လုံးဖွင့်ပြီးအိပ်ဖို့လဲ မကြိုးစားနဲ့ မင်းရဲ့ မြင်လွှာ ဖွင့်ခြင်း ပိတ်ခြင်းဟာ နှလုံးသားနဲ့မဆိုင်ဘူးနော်၊ အဲဒါ သတိထား။ စားခြင်း၊ အိပ်ခြင်း၊ သွားလာနေထိုင်ခြင်းအားလုံးမှာ မင်းရဲ့နှလုံးသားက ရပ်လိုက် ခုန်လိုက်နဲ့ စည်းချက်ညီပေးနေမှာလဲမဟုတ်ဘူး၊ အမြဲတမ်း လည်ပတ်လှုပ်ခုန်နေတဲ့ နှလုံးသွေးတစ်စက်ကျတိုင်း မင်းကို ချစ်ခိုင်း လှမ်းနိုင်းနေမှာ"

တိမ်ဦး လက်သီးကို ကျစ်နေအောင်ဆုပ်သည်။ ချစ်နေပေမယ့် မလှမ်းချင်၊ လှမ်းနေခဲ့ရင်တောင်မှ နာတာတွေနဲ့ မေ့ပျောက်ချင်၏။

သို့သော်...

ဘယ်နေရာမှာ နာနေခဲ့လို့လဲ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

အလွမ်းတွေကို ပန်းတွေလို စမ်းရေထဲမှာမျှောလို့မရပေမယ့် ငိုကြွေးခဲ့ရသည့်ညတွေထဲမှာ မျက်ရည်တွေနဲ့မျှောချပစ်ခဲ့သည်။ ရှိပါစေတော့လို့ တွေးနေရင်းနဲ့ မျက်ရည်က စိမ့်သည်။ အံကြိတ်ထားရင်းနှင့် နှုတ်ခမ်းသားတွေ ဟုန်ပေါင်နေတာကို ထိန်းလို့မရ။

အဝါရောင်ပါတိတ်ဝတ်စုံကိုဝတ်ပြီး လက်ကိုင်အိတ်ကို အရောင်ရွေးဖို့လည်း စိတ်မပါတော့ပါ။ လက်မှာသည်းမချိုတ်၊ ကြိုးကနေမကိုင်ဘဲ အိတ်ကို ဖြစ်သလိုကိုင်၍ အခန်းထဲကထွက်ခဲ့သည်။

ဒီလောက်ဆိုလျှင် မျက်ရည်က မခန်းသေးပေမယ့် ရင်ဘတ်ထဲမှာ ကျွမ်းနေပါပြီ၊ ရှင်နဲ့ဖယောင်း ကျေလောက်ပြီပေါ့ ကိုဦးရယ်...။

မတွေ့ချင်လို့ ပုန်းနေပေမယ့် ကိုယ်ကတော့ သွားဖို့လိုနေသည်။ မုန်းလို့တော့မဟုတ်ပါ။ မလွမ်းရဲတော့၍ဖြစ်သည်။ ဒီနေ့ပဲ ကိုဦး၏ ဥပေက္ခာအမုန်းတွေမှာ နောက်ဆုံးထွက်သက်အထိတော့ မခံစားပါရစေနဲ့တော့လို့ နှုတ်ထွက်ခွင့်တောင်းဖို့ ဆုံးဖြတ်ခဲ့သည်။

အပြင်မှာ လရောင်က ကျောပေး၍ ငုတ်တုတ်လေးထိုင်စောင့်နေ၏။





သို့သော် သူ့ရင်ခွင်ထဲကနေ သီချင်းသံလေးလွင့်ပျံ့လာတော့ ဖယောင်းခြေလှမ်းတွေ နေရာမှာတင် တုံ့ခနဲဖြစ်သွားခဲ့လေသည်။

..... (မဆုံနိုင်တဲ့အကြောင်းလေး ရှိခဲ့ကြတော့... တစ်နေ့နေ့ အသင့်ဖြစ်အောင် ပြင်ဆင်ပါ့မယ်...

..... အကြင်နာစာတ်လမ်းလေး အလွမ်းပြောင်းရေးကို လေးနည်းနည်းအေးအောင်... အချိန်ပေးပါဦးကွယ်...

..... ကျန်နေခဲ့မှာတွေးရုံနဲ့ ဆွေးတတ်ခဲ့... ဘာထည့်ဘာကို အခုရင်ဆိုင်ဖို့ခက်တယ်...

.... ရေပြင်လေးလား... ငြိမ်သက်ခဲ့တဲ့ဘဝ... တို့ဆွတ်လို့မရအောင် ... ဆွဲညှို့ထားတယ်....

..... ကျန်နေခဲ့မှာတွေးရုံနဲ့ ကြေကွဲတတ်တော့လဲ တထည့်ဘဝမှာ တို့လေ ဘယ်လိုစိမ်းရမလဲ...

.....(မလွမ်းရဲသေးဘူးမောင်ရယ်... ခဏနဲ့မထားခဲ့ပါနဲ့... အနွေးဓိုပ်လေးမှာ အိပ်နေချင်သေးတယ်... တို့အသည်းလေးနုနုနယ်နယ်... ထိခိုင်ကွဲအက်လွယ်တယ်.... လွမ်းရုံလေးနဲ့ နှမ်းမယ်ထင်ပါရဲ့....)

ကိုယ်ကို တောင့်မခံထားနိုင်တော့ဘဲ တံခါးပေါင်မှာ ခေါင်းလေးနဲ့ ကပ်မှီလိုက်ရသည်။ မျက်ရည်စက်တို့က အသံတိတ်မဟုတ်ဘဲ ဒူဇီဆောင့်ခါထုနက်နေကြသလိုရှိလျက် ရှိုက်သံက ရှက်ကြောက်ရွံ့စွာအသီခဲ့ပေ။

"မမ"

ရှိုက်သံကြောင့် လရောင် ဖျတ်ခနဲ လှည့်ကြည့်သည်။ သီချင်းသံလေးတိခနဲတိတ်ကျသွားလေသည်။

"မမ"

သူ့ စိတ်မကောင်းစွာခေါ်ရင်း အသံတင်၍ဖွင့်ထားသည့် MP4 ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ရောက်ချင်ရာရောက် လှမ်းပစ်ချကာ ထရပ်လိုက်၏။ ခေါ်လိုက်တော့မှ ဖယောင်း ခေါင်းလေးခါရင်း တအားရှိုက်ငိုသည်။ ရက်စက်လိုက်တာလို့ပြောချင်ပေမယ့် မပြောရဲပါ။ သူက ကိုယ့်ကို ရက်စက်သူဟု ဦးစွာကင်ပွန်းတပ်သွားခဲ့ပြီဖြစ်သည်။

"မမကလဲမျှာ ဒါနဲ့တောင် အစ်ကိုဆီသွားပြီး ပြောလိုက်မယ်၊ ဖြတ်တော့မယ်လို့ လုပ်နေသေးတယ်၊ တစ်ယောက်နဲ့တစ်ယောက် ပြတ်သားကြတာလဲမဟုတ်ဘဲနဲ့ အစ်ကိုက မမကို အထင်လွဲနေလို့ပါ။ ကျွန်တော် အစ်ကို့ကို ရှင်းပြခွင့်ရအောင် ကြိုးစားမယ်၊ မမ ခဏတော့ ..."

"မလိုဘူး"

တသံတုန်လေးနှင့် တားဆီးကာ ဖယောင်း ကိုယ်ကို မတ်မတ်ပြင်ရပ်၍ မျက်ရည်သုတ်သည်။ အလွမ်းနှင့် နာကျင်မှုတွေ ရောထွေးသုတ်လိမ်းနေကြဆဲမှာ ဘယ်လိုမှ မထင်မှတ်စွာ ရောက်လာကြသည်က ဒေါ်မိုးသဲတို့သားအမိဖြစ်၏။

သူမတို့ ်ပြီးသည်နှင့် အဝှားကားက ပြန်ထွက်သွား၏။ ရှေ့ကနေဘက်လာသည့် ဒေါ်မိုးသဲက ဆိုဖာမှာရပ်လိုက်ပြီး ဖယောင်းတို့မောင်နှမကို လှမ်းကြည့်၏။ သိမ့်က ရှေ့ကို ကျော်တက်မလာပေ။

"ဖယောင်း"

မျက်ဝန်းချင်းဆုံလိုက်စဉ်တွင် ဖယောင်း၏မျက်ဝန်းများမှ အေးစက်ခြင်းကို နားလည်သွားသလိုမျိုး ဒေါ်မိုးသဲ မသိမသာမျက်နှာလွှဲသွားသည်။

ပြီးတော့ ခွင့်မပြုဘဲ သူမဘာသာ ဝင်ထိုင်သည်။ ချိတ်ထားသည့် လက်ကိုင်အိတ်ကို ပေါင်ပေါ် တင်လိုက်ပြီးမှ ...

"အပြင်သွားကြမလို့ထင်တယ်၊ ငါတို့ကလဲ ကိစ္စ အရေးကြီးလို့ပါ၊ ခဏတော့ထိုင်ကြပါဦး"

စကားသံက ခယယမျိုးတော့မဟုတ်ပေ၊ ဒါပေမယ့် မျက်ဝန်းတွေ





ကတော့ ဖယောင်း၏ခြေအစုံအရှေ့မှာ ကျောခင်းပေးနေတာထက် ပို၍နွမ်းယဲ့ဖျော့ကျနေခဲ့သည်။

ဖယောင်းရင်ထဲမှာ ခုနက လှိုက်ဟာပူဆွေးခြင်းတွေအစား နာကြည်းခါးသီးခြင်းတွေ ဝင်ရောက်လာကာ ရှေ့ကို လက်သီးဆုပ်လေးနှင့် တစ်လှမ်းချင်းတိုးသည်။

"ထိုင်တာ ထတာက ပြဿနာမရှိပါဘူး၊ အခု ဘာကိစ္စလဲ"

"ခြံကိစ္စကို ..."

"အဲဒီကိစ္စကို တရားသူကြီး ဦးမြင့်မောင်ကိုယ်တိုင် စီမံပေးနေပြီးပြီ၊ အန်တီမိုးတို့နဲ့ ဘာဆိုင်တော့လို့လဲ"

"ဟုတ်တယ်၊ ခြံကို ပြန်ထားရမှာပါ၊ အားလုံးက ရှင်းနေပါပြီ၊ ဒါပေမယ့် ..."

"ဒီမှာ အန်တီမိုး ..."

"ခဏနေပါဦး၊ အန်တီမိုးပြောတာကို ပြီးအောင်တော့ နားထောင်ပေးပါကွယ်၊ တို့တွေလဲ မဖြစ်လွန်းလို့ လာခဲ့ကြတာပါ၊ သားသမီးချင်းပြိုင်ပြီး ကိုယ့်သမီးတွေကို နိုင်စေချင်လို့ ငါ လောဘတွေတက်ပြီး မှားခဲ့ပါတယ်၊ အဲဒါတွေကို ညည်း ..."

"ကျွန်မ ဘယ်တော့မှမေ့မှာမဟုတ်ဘူး"

ဖယောင်းက ရှေ့မဆက်ချင်၊ ဒေါ်မိုးသဲက ပျာပျာသလဲ လက်ကာ၍ မျက်စိမျက်နှာပျက်လျက် ...

"ခဏလေးနားထောင်ပါဦးကွယ်၊ သိမ့်က ညည်းနဲ့ညီအစ်မတော်ပါတယ်၊ အခု ငါတို့တွေ ဇော်ကို့ကြောင့် ဒုက္ခတွေဖြစ်နေကြတယ်၊ အခြေပျက်ခဲ့ဖူးတဲ့ဘဝတူချင်းယှဉ်ပြီး ညည်း ကိုယ်ချင်းစာပေးနိုင်မယ်လို့ မျှော်လင့်ခဲ့ပြီး လာခဲ့တာပါ"

"ဩော်... ဩော်"



www.burmeseclassic.com

www.burmeseclassic.com



"ဇော်ကိုက ငါတို့ခြံနဲ့တိုက်ကြီးကို လက်လွှဲနဲ့ရောင်းသွားပြီ၊ အစ ကတည်းက ဂရုံကို နိုးပေါင်ထားတာကို တို့ မသိခဲ့တာပါ၊ အခု သူ ငွေတွေနဲ့ မကောင်းမှုတွေထဲမှာနစ်နေတော့မှ ငါတို့သိရတာ၊ ဘာမှလုပ်လို့မရတော့ဘူးလေ၊ သူလဲ အခု မှုဆယ်ဘက်မှာ ဖယောင်းကို ကြံစည်မှုနဲ့ သူ့ မကောင်းမှုတွေ ပေါင်းပြီး အချုပ်ခံနေရပါပြီကွယ်"

"ပြောပါ အဲဒီကိစ္စတွေအရ ကျွန်မရဲ့ခြံနဲ့ ဘယ်လိုပတ်သက်နေနိုင်သလဲ"

ဖယောင်း နားကြည်းနေသည့်ခံစားချက်တွေက မျက်ဝန်းတွေမှာ ပေါ်နေသည်။ ဒေါ်မိုးသဲဘေးကနေ သိမ့်က အကဲခတ်ရင်း အံကြိတ်၏။ အခြေအနေမကောင်းနိုင်ဘူးဆိုတာ သိပေမယ့် လာကတည်းကိုက ခြေသလုံးဖက်ပြီးတော့ပဲ တောင်းပန်ရ တောင်းပန်ရ၊ သူစိမ်းတွေရှေ့ မျက်နှာငယ် အရှက်ရမှာထက်စာရင် တော်သေးတယ်ဟု သဘောပိုက်ခဲ့ကြတာမို့ ...

"လိုရင်းကိုပဲပြောလိုက်တော့ မေမေ၊ ဆွေးနွေးကြည့်လို့မှ နိုးဆိုရင် ဘာမှ ဆက်ပြောနေဖို့မလိုတော့ဘူး"

စိတ်ကို အစွမ်းကုန် ထိန်းဆင်းချထားပေမယ့် တစ်သက်လုံး အထင်မကြီး ဂရုမစိုက်ဘဲနေခဲ့သူတွေရှေ့မှာ ရှက်၍ သိမ်ငယ်ရခြင်းကို ကြာရှည် မခံစားချင်တော့ပေ။ အားလုံးကိုဝေ့ကြည့်ပြီး လရောင် က လက်ပိုက်၍ မဲ့လိုက်၏။

"ဒီလိုပါ၊ ဒေါက်တာမင်းသက်ကိုနဲ့ သမီးကြီးရဲ့ မင်္ဂလာကိစ္စအတွက် အခက်အခဲ တော်တော်ကိုဖြစ်နေလို့ အန်တီမိုး လာခဲ့တာ၊ ဇော်ကို့ဆီက အပေါင်ခံပြီးဝယ်ထားတဲ့သူကလဲ သူစိမ်းမဟုတ်တော့ ဘာပဲဖြစ်ဖြစ် ခြံ အရောင်းအဝယ်ကိစ္စကို အန်တီမိုးတို့ ဒီတိုင်း လက်လျှော့လိုက်ရမှာ သေချာနေပြီလေ၊ ညည်းတို့ရဲ့ခြံကို သမီးညာညာရဲ့ မင်္ဂလာကိစ္စပြီးသွား





တဲ့အထိ ဘာဖြစ်ဖြစ် အသုံးပြုခွင့်ပြုဖို့ ..."

"ဘယ်ရမလဲ"

လရောင် ရှူးရှူးရှဲရှဲ ပင်ပြောလိုက်ပြီးမှ ဖယောင်း က လှည့်ကြည့်လိုက်သဖြင့် ပါးစပ်ပိတ်သွား၏။ ဒေါ်မိုးသဲသည် ဖယောင်း က ဘာမှ မပြောသေးတာမို့ အားတက်သွားကာ ...

"တရားသူကြီးနဲ့ ရှေ့နေရှေ့ရပ်နဲ့ သမီးတို့ရဲ့ခြံက သမီးလက်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ပြန်ရောက်နေပါပြီ၊ နောက် ဖယားရှုပ်စရာလဲ ဘာမှမရှိတော့ဘူး၊ မရှုပ်ပါဘူးလို့လဲ အန်တီမိုး အာမခံပါတယ်ကွယ်။ အခုဟာက အားလုံး ဘဝပျက်ကြရမယ့်အရေးမို့လို့ပါ။ ဒေါက်တာမင်းသက်ကိုနဲ့ ညာညာ လက်ထက်ပြီးမှ အခြေမှုကြရမယ်ဆိုရင်တောင် တစ်ပူတော့အေး နိုင်မယ်မဟုတ်လား၊ ညီအစ်မဆိုတဲ့ ငဲ့ညှာမှုလေး နည်းနည်းထားပြီး ခြံကို အချိန်ကာလတစ်ခုခု သတ်မှတ်ပြီး ခဏလောက်ငှားပါလို့ အန်တီမိုး တောင်းပန်ပါတယ်"

ဖယောင်း က မေးဖျား‹ လေးပါသွားအောင် မျက်နှာပင့်၍ ပြုံးသည်။ ဒေါ်မိုးသဲတို့နှစ်ယောက်ရှေ့မှာ ဆိုဖာကို ခါးစောင်းတင်၍ နွဲ့နွဲ့ကလေးရပ်လိုက်ကာ ...

"စိတ်တော့မကောင်းပါဘူး အန်တီမိုး၊ မိုးသဲ ဆိုရင် အပြင်မှာ မိုးသဲနေတာတောင် ကျွန်မ မမြင်ချင်ဘူး"

"သိတယ်၊ ဒီလိုဖြစ်နေတာ ညည်းမှာ အပြစ်မရှိပါဘူး၊ ဒါပေမယ့် ရန်သူတောင်မှ လက်နက်ချင် ကျေအေးရပါတယ် ဖယောင်းရယ်၊ ငါတို့တွေက ဆွေမျိုးတွေပါ"

"ဟွန်း... ယောက်ျားဘက်က ဘယ်နှစ်ဝမ်းကွဲဆွေမျိုးစပ်ပြီး လာ ကပ်နေမှန်းမသိဘူးဆိုတဲ့စကား အန်တီ ပြောခဲ့တုန်းက ..."

"ဖယောင်း ငါတို့က နင့်ဘက်က ကလုံ့စားချေသံတွေ တစ်ခွန်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ကျူလာနိုင်အောင် အပြောခံဖို့ရောက်လာကြတာမဟုတ်ဘူး။ မှားလို့ မှားတဲ့ဘက်ကနေ ဝန်ခံတာ၊ တောင်းပန်တာ၊ နှင့်ဘက်က …"

"လုံးဝ မကျေနိုင်ဘူး။ ရှင်းရှင်းပြတ်ပြတ်သိချင်ရင် အဲဒါပဲ၊ ပြန်တော့"

"ဖယောင်း"

ဒေါ်မိုးသဲက မျက်နှာကြီးတင်းသွားသော်လည်း မဆိုတရဲ အံကြိတ်သျက် နေရာမှ မထပေ။

"တော်ပြီ မေမေ၊ ပြန်မယ်"

သိမ့်က ဆတ်ဆတ်ခါ ထရပ်သည်။ ဒေါ်မိုးသဲက မထ။

"သိမ့် ပြောတာတွေကို ညည်း ခေါင်းထဲမထည့်ပါနဲ့၊ ညည်းကို တောင်းပန်ဖို့ ငါကိုယ်တိုင်လာတာ၊ ငါ့မျက်နှာကိုပဲကြည့်ပါ၊ ဒီတစ်ခုကို တော့ နောက်ဆုံးအနေနဲ့ လိုက်လျောပေးပါလို့ ငါ တောင်းပန်ပါတယ်။ ဒီခြံကို ငါ့ခြံအနေနဲ့ အဲဒီထဲမှာ မင်္ဂလာပွဲလုပ်ပေးဖို့ပါ။ ငါတို့ခြံကိုဝယ်တဲ့သူက သုံးရက်ထက်ပိုပြီး နေခွင့်မရှိတော့ဘူးလို့ နိုးတစ်ပေးထားလို့ ညည်းရဲ့ခြံကို ခဏလေးပဲ အသုံးပြုခွင့်တောင်းတာပါအေ။ အခု ငါတို့အားလုံးရဲ့ဘဝက ညည်းဘဝနဲ့ဆို မိုးနဲ့မြေလို ကွာသွားပါပြီ၊ ကံကြမ္မာရဲ့ လှည့်ကွက်ကိုလဲ ငါ နားလည်ပြီ၊ ခွင့်လွှတ်ပေးပါ၊ ညာညာရဲ့ မင်္ဂလာပွဲလေးကိုတော့ ဖြစ်မြောက်ဖို့ ကူညီပါနော်"

"မဖြစ်နိုင်ဘူး"

"ဟင် …"

"ဟုတ်တယ်၊ တောင်းပန်လိုက်ရင် ကျေဖို့ မကျေဖို့က အတိုင်းအတာ ရှိတယ် အန်တီမိုး။ ဓာတ်လမ်းတစ်ခုလုံးမှာ နိုင့်ထက်စီးနင်း ပြုချင်သလို ပြုခဲ့ကြပြီးမှ ဓာတ်သိမ်းတော့ မှားပါပြီဆိုတာတွေလေ၊ ရုပ်ရှင်မင်းသမီးက တော့ ပရိသတ်မျက်လုံးထဲမှာ မဟာကရုဏာရှင်ကြီးလိုမျက်နှာနဲ့ ကျေနပ် ခွင့်လွှတ်ပေးလိမ့်မယ်၊ ကျွန်မက မင်းသမီးမဟုတ်ဘူး။ အန်တီမိုးလဲ ဒါ့ကိုက်





တာ နိုင်းလို့ သရုပ်ဆောင်တာမဟုတ်ပါဘူး။ အဲဒီတော့ ကိုယ်ဖြစ်ကိုယ်ခံပဲ ကောင်းပါတယ်၊ ကျွန်မမှာ ကရုဏာမေတ္တာစိတ် မရှိတော့ဘူး"

နှစ်ယောက်စလုံး ထရပ်လိုက်ကြတာကို စိုက်ခနဲကြည့်လိုက်ပြီးမှ ဖယောင်း လက်ဖိုက်လိုက်သည်။ ပြီးမှ ခပ်စောင်းစောင်းလှည့်ရပ်လိုက်ပြီး မျက်နှာလွှဲသည်။ ဒီလူတွေနှင့်ပတ်သက်ပြီး ရင်ထဲမှာ အချစ်ကော အမုန်းကော ခံစားချက်တွေ ဘာမှကို ရှိမနေတော့ပေ။ ထို့ကြောင့် သနားဖို့ ညာတာဖို့ဆိုတာ ထည့်စဉ်းစားဖို့မလိုသည့်ကိစ္စပါ။

ခံစားချက်တွေ တစ်ဖက်သို့ယိမ်းသွားပြီးထင်ကာ လရောင် က ဖယောင်းနားကို မရဲတရဲ ကပ်လာ၏။

"မမ ဝတ္ထုဓာတ်သိမ်းခန်း ဆက်ရေးရမယ်လေ"

တစ်နည်းအားဖြင့် အထဲပြန်ဝင်ဖို့ လမ်းကြောင်းပြောင်းပေးကြည့်လိုက်တာဖြစ်၏။

ဒါပေမယ့် ဖယောင်း က ခေါင်းခါ၍ …

"ငါ သွားမယ်"

"မမ …"

လှမ်းဆွဲမိတော့မတတ် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ လရောင် ဘာမှ လည်းမလုပ်ဖြစ်။

ဖယောင်း ကတော့ ဒေါ်မိုးသဲတို့နှင့် မရှေးမနှောင်းလေးမှာပဲ ဆင်းထွက်ပျောက်ကွယ်သွားပြီဖြစ်၏။ ဆုတောင်းဖို့ပဲ ရှိတော့သည်။

အစ်ကိုတိမ်ဦးလေ နားလည်သဘောပေါက်နေနိုင်ပြီး ဖြစ်ပါစေ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၉)

"သားရှိဘယ် သမီး၊ အဲဒီကဝင်သွားလိုက် သွား၊ ပန်းအိုးချထားတဲ့အခန်းပဲ"

သူ့လက်က အခန်းတံခါးဘုကို ကိုင်လိုက်ပြီးမှ ပြန်ပြုတ်ကျသွား၏။ ဖေဖေ့စကားသံကြောင့် သူ့စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားပြီး နားစွင့်လိုက်မိသည်။ အပြင်မှာ ခဏတိတ်ကျသွားပြီးမှ သူ့အခန်းရှေ့မှာ တစ်စုံတစ်ယောက် ရောက်လာသောလှုပ်ရှားသံကို သတိထားလိုက်မိ၏။

"ကိုဦး"

"ဟင်"

ထူးသံကတော့ မထွက်ခဲ့ပါ။ ရင်ထဲမှာ ဟင်ခနဲဖြစ်သွားခဲ့သည်။ တွေးလိုက်မိပေမယ့် မထင်ခဲ့။ ဖယောင်း၏အသံလေးက တစ်လုံးချင်း ဆက်လက်ထွက်ပေါ်လာကာ တော်တော်ကြိုးစားထိန်းချုပ်နေမှန်းလည်း သိသာ၏။

"ကိုဦးကို ပြောပါ ကျေးပါလို့ ဖယောင်းက မတောင်းဆိုပါဘူး၊ တကယ်





လဲ ဖယောင်းမှာ အပြစ်ရှိခဲ့ပါတယ်၊ ဒါပေမယ့် ကိုဦးရယ် မင်းဘက်က ကြည့်တော့ လက်ဝါးဆိုတာလို ဖယောင်းဘက်က မျှိသိပ်ကြံစည်ခဲ့တာ တမင်တကာ ဘာမှမရှိဘူးဆိုတာတော့ ထပ်ပြောပါရစေ၊ မုက်လုံး ခွဲစိတ်ရမယ်၊ ခွဲစိတ်မှုအောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာ မသေချာဘူး အဲဒီလို အားငယ်စိတ်တွေနဲ့ နေခဲ့စဉ်ကာလတွေမှာ ကိုဦးကလဲ ဖယောင်းရဲ့ အလိုကိုလိုက်ခဲ့တယ်၊ စိတ်ဟာ မျက်မမြင်ဘဝနဲ့ ငါ ဆိုတဲ့ ခံကြကွဲခြင်း ကလွှဲပြီး ဘာမှမရှိခဲ့တော့ အဲဒီအချိန်ထိ အားလုံးက အမှန်တွေပါ"

ဖယောင်းစကားသံတွေမှာ ရှိုက်သံတွေ ရောထွေးပါလာသည်။ တစ်ခါတစ်ခါမှာ တိတ်ကျသွားသေးသည်။ ပြန်ပေါ်လာတော့ အက်ရှတုန်ခါလျက်...

"မမှန်ခဲ့တာက ဆေးရုံမှာ သတိရရခြင်း မျက်လုံးတွေ ပြန်မြင်နေခဲ့ရတဲ့နောက်ကျမှ..."

အခန်းထဲကနေ တိမ်ဦး အံကြိတ်သည်။ ဘယ်သူမှမမြင်မှန်းသိလျက်နှင့် မျက်နှာကို ဆတ်ခနဲလှည့်ပစ်လိုက်မိ၏။

"ဖယောင်းကို ခွင့်လွှတ်ပါ၊ ဖယောင်း အိမ်ထောင်သည်ဆိုတဲ့ဘဝကို မထင်မှတ်ဘဲ ရောက်ရတော့မယ့်အဖြစ်ကို လက်မခံနိုင်ဘူး၊ အဲဒါ.. အဲဒါ ကိုဦးကို စော်ကားလိုတဲ့စိတ် မဟုတ်ဘူး၊ အထင်သေးတာလဲမဟုတ်ပါဘူး၊ ဖယောင်းဘက်က ဘာမှ အဆင်သင့်ဖြစ်မထားတဲ့အချိန်မှာ ရုက်ကြောက်ပြီး ညာပြောလိုက်မိတာ၊ အဲဒီ အညာကနေ တောက်လျှောက်ဖုံးဖိနေမိတာပါ၊ အဲဒါ တကယ်ဆိုတာကိုတော့ ယုံစေချင်ပါတယ်"

ဆက်မပြောဘဲရပ်သွားသည်။ သူ့ထံမှ တစ်စုံတစ်ရာ ပြောဆိုလာမှုကို စောင့်လိုက်တာမှန်း သိသည်။ ဒါပေမယ့် သူ နှုတ်ခမ်းတွေ တင်းတင်းစေ့နေခဲ့လေသည်။

"ဖယောင်း ပြောချင်တာ ဒါပါပဲ ကိုဦး၊ ခုလို နောက်ကလိုက်ပြီး ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ပြတာက ဖယောင်း ဘာကိုမှမျှော်လင့်လို့မဟုတ်ဘူး၊ ကိုဦးကို စော်ကားခဲ့သလိုဖြစ်သွားခဲ့ပေမယ့် မဟုတ်ဘူးဆိုတာ သိစေချင်လို့ပါ၊ ယုံတာမယုံတာကတော့ ကံတရားပေါ့၊ နောက်တစ်ခုက ကိုဦး ရက်ရက်ရောရော ပေးပစ်ခဲ့တဲ့ စာပေတိုက်နဲ့ ပုံနှိပ်တိုက်တွေ အားလုံး၊ ပြီးတော့ ဘဏ်စာရင်းရယ်၊ အဲဒါတွေ ဖယောင်း လာပေးတာ၊ ဘဏ်စာရင်းထဲကငွေတွေက ဖယောင်းရဲ့ စာမူခတွေဆိုပေမယ့် ကိုဦး ရင်းနှီးခဲ့ရတဲ့ကျေးဇူးတွေက ပိုပါတယ်၊ အဲဒါကြောင့် ဖယောင်း မလိုချင်တော့ဘူး၊ နောက်ထပ်ပြီး ကိုဦးသိထားပေးပါ၊ အဲဒါက ကိုယ် မှန်တယ်ထင်ရင် ဂရုမစိုက်တတ်တဲ့အကျင့် ကိုဦးလိုပဲ ဖယောင်းမှာရှိတယ်တယ်ဆိုတာ..."

စကားသံက ဒီမှာတင်ပြတ်တောက်သွားသည်။ နောက်ထပ် အကြာကြီး တိတ်ကျသွားတော့မှ သူမ အခန်းတံခါးရှေ့မှာ မရှိတော့ဘူးဆိုတာကို သူ သိလိုက်ရ၏။

ဒုတိယအကြိမ် လက်က တံခါးလက်ကိုင်ဘုဆီ ရောက်သွားပြန်သည်။

"ပြဿ႑ာဆိုတာ လူတိုင်းမှာရှိတာပဲကွယ်၊ အိမ်ထောင်ရေးမှာ ဒီထက် အများကြီးပိုတာပေါ့၊ ဒီတော့ သမီး စဉ်းစားမှဖြစ်မယ်"

"ဟုတ်ကဲ့ ဖယောင်း စဉ်းစားပြီးပါပြီ၊ ဒီနေ့ထိဆို လေးရက်တိတိ စဉ်းစားခဲ့တာပါ"

ဖယောင်းက ခုချိန်ထိ ကိုင်ထားဆဲရှိသည့် စာရွက်စာတမ်းများနှင့် ဖိုင်ကို စားပွဲပေါ်မှာ တရိုတသေ ချထားလိုက်သည်။

ဦးဘဂုံးနှင့်ဒေါ်ကြည်ဖြူတို့၏မျက်လုံးတွေက ဖိုင်ဆီသို့ ပြိုင်တူရောက်သွားကြသည်။ ပြီးတော့ ဖယောင်းက ဦးဘစိုးတို့ကို မျက်နှာချင်းဆိုင်လျက် စားပွဲ၏တစ်ဖက်မှာ ကျုံ့ကျုံ့လေးထိုင်သည်။ နောက်မှာ စည်းချထားသည်ဆံပင်ရှည်တွေက ကြမ်းပြင်ထက်မှာ ထောက်ညွှတ်လျက်





စံကားဝါရောင်လေးနှင့် ဖယောင်း၏တစ်ကိုယ်လုံးက ဝင်းစက်စက်လေး ရှိနေ၏။

ငုံ့မိုးကြည့်နေကြသည့် မျက်ဝန်းနှစ်စုံကို ဖယောင်း ပြန်မော့ကြည့်၏။ ဒီမျက်ဝန်းများမှာ ခွဲခြားနိမ့်ချခြင်းတို့ ရှိမနေကြတာကို သူမ သိသည်။ ဒီ အိမ်ထောင်ရေး ပျက်စီးသွားမှာစိုးသည့် စေတနာတွေဖြစ်နေကြမှန်းလည်း နားလည်သည်။

ဒါပေမယ့် ဖယောင်း လိုချင်သည့် နားလည်ခြင်း၊ ငြိမ်းချမ်းခြင်း အားလုံးဟာ ထိုသူတို့ထံမှမဟုတ်။

"ဒီပစ္စည်းတွေကို ဖယောင်း ပြန်အပ်ပါတယ်"

ဖယောင်း မျက်တောင်တစ်ချက်ခတ်၍ မျက်လွှာချသည်။ ပြီးမှ ဆက်၍...

"အစကတည်းက ဘယ်လိုမှ ရှေ့တိုးနောက်ဆုတ်လို့မဖြစ်တော့တဲ့ အခြေအနေကြောင့် သူ့စိမ်းယောကျ်ားတစ်ယောက်ဆီက အကူအညီကို ယူခဲ့ရတာပါ"

"သူ့စိမ်းလို့တော့ မပြောနိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သားက ညည်းရဲ့ ထုတ်ဝေသူပဲ၊ နောက်ပြီး လက်ထပ်ခဲ့ကြတယ်၊ လင်နဲ့မယားမှာ မဆိုင်တာ ဘာမှမရှိဘူး"

ဦးဘစိုးက ထိန်းထိန်းသိမ်းသိမ်း ဝင်ပြောသည်။ ဒေါ်ကြည်ဖြူကတော့ မျက်မှောင်ကြုတ်လျက်နှင့် ဖိုင်ကိုပဲ အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေ၏။

ပထမတစ်ခွန်း ဝင်ပြောလိုက်ပြီးမှ ဖယောင်း လက်ခံမှာမဟုတ်တော့တာကို နားလည်လိုက်သဖြင့် စိတ်ပျက်စွာ နှုတ်ဆိတ်နေခဲ့ခြင်းလည်း ဖြစ်နိုင်၏။

"ဒီတော့ အနက်ကယ်ပြောချင်တာက ပြဿနာဖြစ်ကြတာကို ထား လိုက်၊ ဘယ်ဘက်က ပြန်လျှော့လျှော့ ရှုပ်နေရင် ရှင်းလို့ရပါတယ်၊ ဒီကြား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မပြေလည်တဲ့ဒဏ်ကို နှစ်ယောက်စလုံး တောင့်ခံနိုင်ဖို့တော့ လိုတယ်”

“ဖယောင်း...”

“ညည်း မစဉ်းစားလို့မရဘူး၊ ဒီပစ္စည်းတွေ ဆိုတာလဲ...”

“အန်ကယ်တို့ ပိုင်ပါတယ်၊ အန်ကယ်တို့ပိုင်တဲ့ ပစ္စည်းတွေပါ၊ သူနဲ့ ဖယောင်း တကယ်တော့...”

ဖယောင်း တုံ့ဆိုင်းဆိုင်းဖြစ်သွားသဖြင့် လင်မယားနှစ်ယောက်စလုံးက စူးစိုက်နေကြ၏။

တစ်အောင့်ကြာမှ မျက်တောင်ဖျားတို့ ဖျတ်ခနဲ ပင့်တက်လာလျက် အကြည့်ချင်းဆုံကာ...

“လက်ထပ်ခဲ့ကြတာပဲရှိတာပါ၊ သူနဲ့ဖယောင်းက ဘာမှမဆိုင်ခဲ့ပါဘူး”

“ဘာ...”

“မင်း ဘ. ၁ပြောတယ်”

နှစ်ယောက်မှာ အလှုပ်ရှားဆုံးက ဒေါ်ကြည်ဖြူဖြစ်၏။ နေရာမှ ဆတ်ခနဲထရပ်လိုက်ကာ ဖယောင်းကို တအံ့တသြ ငုံ့ကြည့်သည်။

ထို့နောက် ဒေါ်သတို့ တရိပ်ရိပ်တက်လာသည့်မျက်ဝန်းတို့က စူးရှလာကာ...

“အံ့သြတယ်၊ တကယ်အံ့သြတယ် ဖယောင်း၊ မင်းက အဲဒီလို မိန်းကလေးလား”

မေး၍ ဆိုဖာကြားထဲကထွက်လာပြီး ဖယောင်းရှေ့ ခပ်လှမ်းလှမ်းမှာ ရပ်သည်။

“အစက ငါတို့ကြားဖူးနားဝ အဖြစ်မျိုးတွေလို သားနဲ့မင်းနဲ့ လက်ထပ်တော့ မင်းကို လုံးဝအထင်သေးခဲ့တာ၊ မှိုခိုချင်တယ်၊ ရယူချင်တယ်၊ ဒါ့ အပြင် ဘာမှမရှိဘူးလို့လေ၊ ဒါပေမယ့် အခု မင်းက ဟုတ်မှမဟုတ်ဘဲ”





ဖယောင်း နှုတ်ခမ်းလေးကို ဖိပိတ်ထားလျက် ခေါင်းငုံ့နေခဲ့သည်။

“မဟုတ်တာက အံ့သြစရာပါပဲ၊ ဒါပေမယ့် အထင်ကြီးစရာတော့မရှိဘူး၊ မင်း ဘယ်လောက်ပဲမာနတွေကြီးကြီး မိန်းမဟာ မိန်းမဘာဝရဲ့ ဂုဏ်သိက္ခာထက် ဘာကိုမှ ရှေ့တန်းတင်ဆုံးဖြတ်လို့မရဘူး၊ ဒီလိုဆုံးဖြတ်တာ မင်းရဲ့မာနတွေက မင်းကို မှန်နေနိုင်တယ်၊ ဒါပေမယ့် မင်းမှားတယ်”

ဖယောင်းက မော့မကြည့်ဘဲ ခေါင်းလေးညိတ်၏။ ပြီးတော့ နေရာမှ ဖြည်းဖြည်းထရပ်ကာ...

“မှားတယ်ဆိုရင်လဲ အဲဒီအမှားကို ရှုပါစေတော့လို့ ဖယောင်း ထားနိုင်ပါတယ်၊ စိတ်ကူးယဉ်ဆန်ခဲ့တဲ့ အိမ်ထောင်ရေးမို့လို့ စိတ်ကူးနဲ့ပဲ ပျက်သွားတာလဲ သဘာဝတော့ကျတယ်လေ”

“မင်းသွားလို့မဖြစ်ဘူး ဖယောင်း၊ စိတ်ကူးဟာ နေရာတိုင်းမှာ မချိုနိုင်ဘူး၊ အထူးသဖြင့် အိမ်ထောင်ရေးနဲ့ စိတ်ကူးက တခြားစီပဲ၊ ငါတို့အားလုံးက သားနဲ့မင်းကို တားဆီးခဲ့ဖူးပေမယ့် မင်းကို ငါ့ရဲ့သွေး ပေးဟဲ့အထိ ငါ နားလည်ပေးခဲ့တာ”

“ဟုတ်ပါတယ် အဲဒါ မှန်ပါတယ် အန်တီ၊ အဲဒီအတွက်လဲ ဖယောင်း ကန်တော့ပါတယ်”

“တော်ပါကွယ်၊ မင်းက အသက်သခင်ကျေးဇူးရှင်ဆိုပြီး ကန်တော့တာမဟုတ်ပါဘူး၊ မင်း သိလား တစ်ခါတလေ ရယ်သံက ငိုသံနဲ့တူနေတယ်ဆိုတာ၊ မင်း ကန်တော့တာကို ငါ ပီတိမဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သားနဲ့မင်းကို တင့်တင့်တယ်တယ် စီစဉ်ပေးတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီဆိုကတည်းက တို့တွေစိတ်ထဲမှာ သားသမီးချွေးမ၊ မြေးသားတွေနဲ့ သိပ်ကိုသာယာခဲ့တာ၊ မိဘက သားသမီးအပေါ်မှာ မျှော်လင့်တာ အဲဒါပဲ ဖယောင်း၊ မင်းက ငါတို့ရဲ့အနာဂတ်ကို ပျက်စီးစေတာပဲ”

“အဲဒီလိုတော့ဖြစ်သွားရင် ဖယောင်း ထပ်တောင်းပန်ပါတယ် တကယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ သူသာ ဖယောင်းတို့မောင်နှမအတွက် ဒီစာချုပ် ဒီပစ္စည်းတွေ ချပေးပြီး ပျော်ပျော်ကြီးနေခဲ့ကြတော့လို့ ပြောမသွားခဲ့ရင် သူ့ကို နောက်ထပ် အတိုင်းအတာတစ်ခုခုအထိ ဖယောင်း သည်းခံမျှော်လင့်နေမိမှာ"

"သူက မင်းတို့ကို အဲဒီအချိန်ထိ ငဲ့ညှာခဲ့တာ ဒါ မင်းသိရမှာပေါ့"

ဖယောင်း မျက်ဝန်းလေးတွေ လက်ခနဲဖြစ်၏။

"ဖယောင်းဟာ ပေးတိုင်းယူတတ်တဲ့သူမဟုတ်ဘူးဆိုတာလဲ သူသိပါတယ်၊ ဘယ်လောက်စွမ်းအားကြီးတဲ့သတ္တဝါဖြစ်ဖြစ် သူ့ကိုယ်မှာ အားနည်းချက် တစ်နေရာတော့ရှိတတ်တယ်၊ သူလဲ သူ့ဘက်က သည်းမခံနိုင်တဲ့အချက်မျိုးရှိသလို ဖယောင်းမှာလဲ ရှိတယ်၊ ဒါက သူနဲ့ ဖယောင်းရဲ့ သိမ်းခြားခံစားချက်တွေမို့လို့ အန်တီတို့ကို ရှိုင်းပျစော်ကားသလို ဖြစ်ခဲ့ရင် တောင်းပန်ပါတယ်"

ပြောနေရင်း မျက်ရည်မိုးတွေ ရွာလေသည်။ စကားလုံးတွေက မောက်မာချင် သလိုနှင့် မခံချင်ဖွယ်ဖြစ်သော်လည်း မျက်ရည်တွေပြည့်နေသည့်မျက်ဝန်းလက်လက်ကလေးတွေကို စိုက်ကြည့်မိတော့ စိတ်ဆိုးဖို့ကို မေ့သွားခဲ့ကြသည်။

နောက်ထပ် အပြစ်တင်ဖို့စကားတွေ ပျောက်ဆုံးကုန်၏။

"ဖယောင်းကို သွားခွင့်ပြုပါ"

ခေါင်းလေးငုံ့၍ခွင့်တောင်း၏။ ပြီးတော့ ခွင့်မပြုဘဲနှင့် လှည့်ထွက်သွားလေသည်။

ဦးဘစိုး၏မျက်နှာက အတွင်းဘက်သို့ ချာခနဲလှည့်လျက်...

"သား မင်း ကြားတယ်မဟုတ်လား၊ သူ ဘာတွေပြောသွားတာလဲ၊ မင်းက ဖေဖေတို့ထက် ပိုနားလည်မှာပါ၊ ဘာတွေဖြစ်ကုန်ကြတာလဲ"

ဦးဘစိုး၏စကားသံ တိတ်ကျသွားသည့်နောက်တွင် တိမ်ဦး နီမြန်းမြန်းမျက်နှာနှင့် အပြင်ထွက်လာ၏။ ကော်ဖီရောင်ဘောင်းဘီရှည်၊ ပန်းနုရောင်ရှပ်လက်ရှည်နှင့် ပါးပြင်နှစ်ဖက်က အကျီရောင်ထက်ပင် ပိုရင့်နေသေးသည်။



BURMESE CLASSIC .com



ထူထဲသည့်မျက်ခုံးတန်းနှစ်ဖက်က နှာတံထိပ်နားမှာ ဆက်နေသည်ဟု ထင်ရလောက်အောင် တွန့်ကုတ်ကျနေ၏။

"ဘာလဲ မင်းတို့က လင်မယားတော်တမ်း ကစားကြတာလား"

ဦးဘစိုး မေးတော့ တိမ်ဦးမျက်နှာ ပို၍ပျက်သွားခဲ့သည်။

"အဲဒီလိုမေးရင် ရိုင်းတယ်ဖြစ်ဦးမယ်၊ မင်းတို့ ဘာတွေစိတ်ကူးယဉ်ပြီး ဒီလိုနေကြတာလဲ"

သူ့ကိုချစ်ခဲ့တာ၊ သူ့မျက်နှာလေး ညိုသွားမှာစိုးလို့ အလိုလိုက်ထားခဲ့တာ။

ရင်ထဲမှာ အဖြေစကားတွေ လှုံ့ထွက်နေလျက် တဆစ်ဆစ်နာကျင်ခဲ့၏။ ထိုနာကျင်မှုဟာ ရင်တွင်း မည်သည့်အရပ်မျက်နှာမှာနေသည်တော့ မသိ။

ဖယောင်း၏ရိုက်သံလေးကိုကြားလိုက်ရသည့်ခဏလေးမှာ လက်သီးဆုပ်ထားလို့မရ၊ မျက်လုံးမှိတ်ခေါင်းခါပစ်တော့လည်း အလကားပဲ ဖြစ်သည်။

'မင်း မငိုပါနဲ့ တိတ်ပါတော့'လို့ သူပဲ အရှုံးပေးပြီး ပြေးပွေ့ထားလိုက်ချင်၏။ ဖယောင်းရယ် အဲဒါကြောင့် မင်းနဲ့ ကိုယ် ဝေးဝေးနေခဲ့တာ။

"အိမ်ထောင်တစ်ခုဟာ ထူထောင်ပြီးတာနဲ့ ပျက်ဖို့လား သား၊ ငါ ယောကျ်ားပဲဆိုတဲ့ မာနမျိုး ထားနေတာလား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် မင်း လျှော့ရမယ်။ ဘယ်သူမှားမှား၊ ဘယ်ဘက်က လွန်လွန် သူက မလျှော့ဘူးဆိုရင် မင်းကပဲ လျှော့လိုက်ပါ၊ ငွေကြေးပစ္စည်းဆိုတာကို မုန်းတီးတဲ့ ဆင်းရဲသားတွေရှိတယ်၊ အဲဒါ ဖေဖေ နားလည်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ အပိုတွေပြောသွားတာမဟုတ်ဘူးဆိုတာ မင်းလဲ ယုံလိုက်ပါ"

"ကဲ..."

ခေါ်ကြည်ဖြူက သားအဖနှစ်ယောက်ပြောနေသည့်စကားဝိုင်းကို ဖြတ်တောက်ပစ်ကာ...

"မင်း အခု ဘယ်လိုဆုံးဖြတ်မှာလဲ၊ အဲဒါတစ်ခုပဲ ပြော"

တိမ်ဦး တင်းခနဲအံကြိတ်သည်။

"သူကတော့ သွားပြီ၊ ဘယ်ကိုသွားမယ် ထင်သလဲ။ မင်းကကော သူ ဘယ်သွားသွား နေပါစေတော့ဆိုတဲ့စိတ် ထားနိုင်ပြီလား၊ ယောကျ်ား ပဲ ...းရယ် ဒီလောကထဲတွေဝေနေတာ အထင်ကြီးစရာမဟုတ်ဘူး"

"ကျွန်တော် ..."

တိမ်ဦး မျက်နှာမော့လာသည်။ ဦးဘရိုးနှင့်ခေါ်ကြည်ဖြူတို့က ဘာမှ မပြောတော့ဘဲ သူ့ကို စိုက်ကြည့်နေကြ၏။

ခြေလှမ်းတွေက ပေါ်တီကိုအောက်ကို လွှားခနဲကျော်ဆင်း၏။ အိမ်ကနေ ခြံဝထိ သူ ခဏလေးနဲ့ရောက်လာတာပါ၊ ဒါပေမယ့် ရှေ့ထွက်လိုက်တော့ လမ်းကလေး၏ ဟိုဘက် ဒီဘက်မှာ ဖယောင်းကို မမြင်တော့ပါ။

"ဖယောင်း ..."

ဘာမှမမြင်ဘဲ သူ တစ်ချက်လှမ်းအော်လိုက်မိ၏။ ညနေခင်းရဲ့ လေပြည်ဟာ လိမ္မော်ရောင်ဆည်းဆာနှင့် လှချင်တိုင်းလှနေသည်။

ပို၍လှဖို့က ချစ်တဲ့သူကိုတွေ့မှဖြစ်မှာပါ။ ဖယောင်း ပြန်မည့်ဘက်ကို သူ ရှေးရှု၍ ပြေးထွက်ခဲ့မိသည်။ ပြောင်ရှင်းနေသည့် ကျောက်လမ်းကလေး၏မြင်ကွင်းက သူ့ကို လှောင်ပြောင်နေသလိုပင်။

မဟုတ်ဘူး၊ ဖယောင်း ပျောက်ကွယ်သွားတဲ့အထိ မရောက်နိုင်သေးဘူး။ နဖူးကဆံပင်တွေ တဖျတ်ဖျတ်လွင့်ခါနေသည်အထိ တိမ်ဦး တအား ပြေးလိုက်ခဲ့သည်။





တစ်နေရာအရောက်မှာ သူ့ခြေလှမ်းတွေ တုံ့ခနဲရပ်သွား၏။ ပြေးနေသည့်အရှိန်ကြောင့် ကိုယ်ခန္ဓာက ရှေ့ကို ကုန်းကွင်းကိုက်ဆင်းသွားသေးသည်။ ကိုယ်ကို မတ်မတ်ခိုင်ခိုင် ပြန်ရပ်နိုင်သည်အထိ မျက်လုံးကမနေဘဲ စောစောက မျက်လုံးထောင့်မှာမြင်လိုက်ရသည့် အရိပ်ကလေးထံသို့ သမင်လည်ပြန် လှည့်ကြည့်မိ၏။

"ဖယောင်း"

ခေါ် တော့ခေါ် လိုက်တာပါပဲ၊ မောဟိုက်နေသည့်ရင်ဘတ်ကြီးက ထိုနာမည်ကို အပြင်ထွက်ခွင့်မပေးခဲ့ဘဲ ဝါးမျိုဖျောက်ဖျက်ပစ်လိုက်သောကြောင့် ခေါ် သံက မထွက်နိုင်။

ဖယောင်းသည် ခြံတိုင်တစ်ခု၏ရှေ့က အုတ်ပေါင်ဘောင်းလေးမှာ ပုဆစ်တုပ်လေးထိုင်လျက် ဖိနပ်ပြတ်လေးတစ်ဖက်ကို ပြန်စီးလို့ရအောင် ဘယ်လိုကြိုးစားနေသည်မသိ။

"ဖယောင်း"

"ကိုဦး"

ဖယောင်းမျက်နှာလေး မော့ပေမယ့် ဆံပင်ရှည်အဖျားတို့က မြေပြင်ထက်မှာ ခွေခေါက်ကျနေပုံက နမြောဖွယ်ပင်။

သွားလာရင်း ဖိနပ်ပြတ်သွားသဖြင့် လမ်းဘေးမှာကပ်ပြီး ပြုပြင်ဖို့ ကြိုးစားနေတာဖြစ်၏။ တိမ်ဦး လိုက်လာမည်ဟု မထင်ခဲ့သောကြောင့် ရုတ်တရက် မျက်နှာလွှဲပစ်ရမလား နှုတ်ဆက်ရမလားမသိဘဲ ငေးကြည့်နေမိသည်။

"ဖယောင်းရယ် မင်း..."

သူ ဖယောင်းဆီ ပြေးသွားမိသည်။ မြေပြင်မှာ ခွေကျနေသည့်ဆံပင် အဖျားတွေကို အရင် ငုံ့ကောက်ကာ ထိုလက်ဖြင့် လက်မောင်းလေးကိုပါ ထပ်ဆုပ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းကိုယ်လေး သူ့ရှေ့မှာ ကြွတက်ပါလာသည်အထိ မယူ့ လိုက်ပြီး မျက်နှာလေးကို စေ့စေ့ကြည့်မိသည်။

“ပြောသွားလိုက်တာ ရစရာမရှိဘူး။ မင်းကို ကိုယ် ပေးခဲ့တဲ့အချစ်တွေကော၊ ပစ္စည်းဥစ္စာတွေကော အားလုံးမှာ မင်းပြောသလို တစ်ခုမှမပါဘူး ဖယောင်း။ အချစ်မှာ မြတ်နိုးသိပ်သည်းမှုတွေပါတယ်၊ ပစ္စည်းဥစ္စာမှာ ကရုဏာစိတ်ပဲ”

“တော်ပါတော့ တော်ပါတော့ ကိုဦးရယ်၊ ဖယောင်း ခံစားရလွန်းလို့ လူကြီးတွေရှေ့မှာ မပြောသင့်တာတွေလဲ ပြောခဲ့ပြီးပါပြီ ဘယ်လိုမှလဲ..”

“ဘာမှမဖြစ်ဘူး။ မေမေတို့ကိုယ်တိုင် မင်းကို ကိုယ်က အလျှော့ပေးစေချင်ကြတာ၊ ထားလိုက်ပါတော့ ကိုယ်တို့ ဘယ်သူပဲမှားမှား အဲဒါတွေကို မဖြစ်ခဲ့ဘူးလို့ဘဲ ထားလိုက်ရအောင်၊ ဖြစ်တယ်မဟုတ်လားဟင်၊ ကိုယ့်ကို ကျေနပ်မှာ်မဟုတ်လား”

ဖယောင်း သူ့လက်တွေကို ဖယ်ချသည်။ မျက်ရည်စတွေကို မျက်တောင်တဖျပ်ဖျပ်ခတ်၍ထိန်းရင်းနှင့်ပဲ ထပ်၍ထပ်၍ကျလာနေကြသည်။

“ကိုယ်...ကိုယ်ပဲမှားတယ်လို့ ထားလိုက်ပါတော့၊ ကိုယ်တို့ ဘာမှ မဖြစ်ခဲ့ဘူးလေ နော်၊ မော့ပါဦးကွာ”

“ဟင့်အင်း။ ဖယောင်း ဒီတစ်ခါ ခံစားခဲ့ရတာ သေလုမြောပါးပဲ သိလား။ နောက်ထပ် မခံစားရဲတော့ဘူး၊ ဒုက္ခတွေ ထပ်မပေးပါနဲ့ ကိုဦးရယ်”

“မင်းလိုပဲပေါ့ ဘယ်သူက ပျော်ရွှင်နေမှာလဲ၊ တိတ်ပါတော့ကွာ”

မျက်ရည်တွေကိုသုတ်ပေးရင်း နဖူးပြင်လေးကိုငုံနမ်းတော့ ဖယောင်းက မျက်နှာလေးတိမ်းပစ်လိုက်ကာ...

“အခု အန်ကယ်တို့က တိုက်တွန်းလိုက်လို့ ထွက်လိုက်လာတာလား”

“အဲဒါ မေးစရာလား။ မင်းကို လက်ထပ်ခဲ့တုန်းက ကိုယ့်ကို သူများ





တိုက်တွန်းခဲ့လို့လား ကဲ ပြော”

ဖယောင်းက သူ့ကိုမကြည့်ဘဲ နှုတ်ခမ်းလေးတစ်ဖက်ကို ဖိကိုက်ထား၏။

“မင်းအသံလေးကိုကြားလိုက်ကတည်းက ရင်ဘတ်ထဲမှာ ဘာမှမရှိတော့တာ၊ မင်းအတွက် နေရာတွေချည်းပဲဖြစ်ပြီး ရေသောက်ရင်တောင် လမ်းကြောင်းရှိမှာမဟုတ်တော့ဘူး”

ဖယောင်း နှုတ်ခမ်းလေးတွေ စေ့ပိတ်နေဆဲပေမယ့် မျက်ဝန်းလေးတွေမှာ ရွှန်းစိုလာသည်။

မျက်လုံးချင်းဆုံပြီး သူ စိုက်ကြည့်တော့ မျက်လွှာချပစ်လိုက်တာလေးက အရှက်သည်းနေသည့်ပုံလေးမို့ မြတ်နိုးသွားမိ၏။

“မင်း တော်တော်လှလာတယ် သိလား။ မျက်လုံးတွေက ခုမှ ပိုလှတာ၊ ပြီးတော့ ပါးလေးတွေ၊ နှုတ်ခမ်းလေးတွေကော”

“ကိုဦး”

သူ့မျက်နှာ ရှေ့ဆက်မတိုးနိုင်တော့ဘဲ တုံ့ခနဲဖြစ်သွား၏။

“ဘာလဲ”

မျက်လုံးတွေက ဘေးဘီကိုဝေ့ကြည့်လိုက်ပြီးသားဖြစ်သွားခဲ့သည်။ ဖယောင်းက ပြုံးတော့ပြုံးသည်၊ သူမြင်မှာလည်းစိုးကာ မျက်နှာကိုငုံ့ပစ်၏။

မျက်လုံးတို့က ဖိနပ်ပြတ်လေးဆီရောက်တော့ သတိရသွားကာ...

“ဘာလုပ်တာလဲကွ”

ဖိနပ်ကောက်မလို့ ငုံ့လိုက်သည့် ဖယောင်းကို တိမ်ဦးက ဆတ်ခနဲ ဆွဲလှည့်၏။

“ဘာလုပ်မှာလဲ အဲဒီဖိနပ်...”

“စီးလို့ရအောင်လုပ်ကြည့်မှာပေါ့၊ ဒီမှာ စီးစရာမှမရှိတာ”

“ကိုယ့်မှာကော ရှိလို့လား ကြည့်...”



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ ဘောင်းဘီအနားစကို အသာမ၍ ခြေထောက်နှစ်ဖက်ကို ဘယ်ကော ညာကော ရှေ့တိုးပြသည်။

"ဟင် ဖိနပ်မပါဘူး"

ဖယောင်း အံ့သြသွားသည်။ မျက်ဝန်းလေးတွေကိုကြည့်ကာ တိမ်ဦးက ရယ်သည်။ မေးဖျားသွယ်သွယ်လေးကို ဖျစ်ကိုင်ပြီးမှ အသည်းယားသလိုဆွဲခါပစ်လိုက်၏။

"ဟုတ်တယ်၊ မိန်းမပျောက်သွားမှာစိုးလို့ ပြေးလိုက်ခဲ့တာလေ၊ ခါးထဲမှာ ပုဆိုးသာဆိုရင် ပါလာမှာတောင်မဟုတ်ဘူး"

"အယ် ကြည့်စမ်း"

"တကယ်ပြောတာ၊ ရုက်ဖို့ ကြောက်ဖို့တွေ အကုန်မေ့ပြီး ချစ်တာတစ်ခုပဲသိတဲ့ကောင် တွေ့လား..."

သူ့မျက်နှာသူ မေးထိုးပြတော့ ဖယောင်းက မျက်စောင်းလေးနှင့် ရယ်သည်။

"ဖယ် အဲဒါကိုချွတ်လိုက်"

သူ့ခြေဖျားနှင့်ခြေထောက်ကို လာတို့သဖြင့် ကျန်သည့်ဖိနပ်ကိုပါ ဖယောင်း ချွတ်ပစ်လိုက်ရသည်။ တိမ်ဦးက ခုံမြင့်ဖိနပ်အသားရောင်လေးကို ခြေထောက်နှင့်တွန်းကန်၍ မလှမ်းမကမ်းက ခြုံထဲရောက်အောင် ပို့ပစ်လိုက်၏။

"ကောင်းတယ် ဒါမှ အမိပွာယ်တွေဖြစ်ကုန်တာ"

"ဘာအဓိပ္ပာယ်လဲဟင်"

"မင်းနဲ့ကိုယ် ခြေဗလာ လက်ဗလာချည်းပဲ ဘဝကို စကြမယ်လေ"

နှစ်ယောက်၏ခြေထောက်တွေကို သူ ငုံ့ကြည့်သလို ဖယောင်းလည်း ငုံ့ကြည့်မိပြီး ပြုံးတူ ရယ်လိုက်မိကြသည်။

ပြေပြစ်ချောမွေ့ခြင်းမရှိသည့် လမ်းပေါ်မှာ ဖြူဖွေးနီမြန်းနေသော





ခြေဗလာနှစ်စုံက ရဲရင့်ခြင်းနှင့်တူညီစွာ လှမ်းခဲ့ကြ၏။

တိမ်ဦးက ရယ်နေသည့် ဖယောင်း၏ မျက်နှာတစ်ခြမ်းလေးကို ငဲ့ကြည့်ရင်း စူးစိုက်ငေးကာ ခါးလေးကိုလှမ်းဖက်သည်။

"ကိုဦးကလဲ လမ်းပေါ်မှာ"

"ဘယ်သူမှမရှိဘူး"

နောက်ထပ် လှမ်းဖက်ပြန်သည်။

"အို... ရှိလာမှဆိုရင် မြင်သွားပြီပေါ့၊ ဟိုဘက်တိုး"

ဖယောင်းက သူ့လက်မောင်းကို ဘေးတိုက်ကနေ တွန်းပစ်လိုက်၏။ တိမ်ဦး ယိုင်ထွက်သွားပေမယ့် ဖယောင်း၏လက်ဖျားလေးကို ဖျတ်ခနဲဖမ်းကိုင်လိုက်သဖြင့် နှစ်ယောက်စလုံး ယိမ်းထိုးသွားကြလေသည်။

"ဟာကွာ ကိုဦး"

"ကိုယ် မညံ့ဘူး တွေ့လား"

"မသိဘူး သွား"

တိမ်ဦးက ဖယောင်းကိုယ်လေး ယိမ်းယိုင်ပါလာတော့ ပခုံးလေးကနေ ဆွဲဖက်ထားလိုက်ပြီး...

"ဖယောင်း"

"......"

"မထူးဘူးလား"

"......"

"ဖယောင်း အချစ်"

"အား..."

ပခုံးကို တင်းခနဲဆွဲဖျစ်သည်။ နားထင်ဘက်ကနေ ခေါင်းချင်းတိုက်ချလိုက်တော့ ဖယောင်းမျက်နှာလေး ရှုံ့မဲ့သွားလေသည်။

"ကိုဦး ရှင် တော်တော်ညစ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ နောက်ထပ် ညစ်ဖို့တွေ ရှိသေးလို့ စပြီးညစ်ကြည့်တာ"

"သေလိုက်ပေါ့"

"မေမေပြောတာ မကြားဘူးလား၊ သားတွေသမီးတွေ မွေးပေးရဦးမှာ သေလို့မဖြစ်ဘူး"

"ကြည့်ပါလား"

"ကြည့်မယ်"

တိမ်ဦးက ဖယောင်းပခုံးလေးနှစ်ဖက်ကို ဖျတ်ခနဲဖမ်းဆုပ်၍ မျက်နှာချင်းဆိုင်လှည့်ပစ်လိုက်သည်။

လက်ခနဲ့ဖြစ်သွားသည့် အလန့်တကြား မျက်ဝန်းလေးတွေကို သူငုံ့မိုးကြည့်ကာ...

"ကိုယ့်ကိုချစ်လား"

"ဘယ်လိုထင်လို့လဲ"

"ချစ်ပေမယ့် ရှက်ပြီး ညာနေတာလို့ထင်တယ်"

ဖယောင်းက ရယ်ချင်တာကို ထိန်းနေသည့်မျက်နှာလေးနှင့် ငုံ့ပစ်လိုက်၏။

"သိရင်ပြီးတာပဲ၊ ရှက်တတ်မှန်းသိရင် အနိုင်မကျင့်နဲ့ပေါ့"

"ကျင့်ရမယ်၊ အခု အနိုင်ကျင့်ဖို့ ပါမစ်ရပြီ"

ဖယောင်းက မော့ကြည့်လာကာ...

"ဘယ်သူပေးလို့လဲ"

"မင်း..."

သူက လှစ်ခနဲနေအောင်မြန်သည်။ လမ်းပေါ်မှာ လူသူကင်းရှင်းနေပေမယ့် ဆံစတို့ကို ချော့မြှူငေ့ယမ်း၍ ဆော့ကစားနေကြသည့် လေပြည်လေညင်းက‌ ဘာ့ မြင်လိမ့်မည်။

တသုန်သုန်တိုးဝေ့နေရင်းကနေ ရုတ်ခနဲငြိမ်ကျသွား၏။

ရွှေသမင်စာပေ



သူ ကဲနေတာကို လက်တခါခါနှင့် လှည့်မကြည့်စတမ်း ကျောခိုင်းထွက်ခွာသွားခဲ့သည်ထင်၏။ ဒီနေရာမှာ ငြိမ်သက်သွားခဲ့ပေမယ့် ဟိုးရှေ့သစ်ပင်ကိုင်းဖျားလေးတွေ နွဲ့ခနဲ၊ သုတ်ခနဲ လှုပ်ရှားယိမ်းနွဲ့သွားကြ၏။

တသိမ့်သိမ့်လှိုက်ဖိုနေသည့် ရင်ခွင်နှစ်လွှာဟာ ကျေနပ်နှစ်သက်မြတ်နိုးလှစွာဖြင့်...

# လရောင်ကျူးရင့်

www.burmeseclassic.com